ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၁)

**၂ ကော ၁**

၂ ကော ၆း၁၁

*"ငါတို့နှုတ်သည် သင်တို့အားဖွင့်လျက် ရှိ၏။ စိတ်နှလုံးသည်လည်း ကျယ်ဝန်း၏"*

## သင်းအုပ်စိတ်နှလုံး

ကောရိန္သုသြဝါဒစာဒုတိယစောင်သည် ကောရိန္သုမြို့ရှိခရစ်ယာန်တို့ထံ ပေါလုရေးသားပေးပို့သော စာစောင်လေးစောင်ထဲတွင် နောက်ဆုံးစာစောင်ဖြစ်ပါသည်။

**ပထမအကြိမ်သွားရောက်လည်ပတ်ခြင်း။** ကောရိန္သုအသင်းတော်သည် ရှင်ပေါလု၏ဒုတိယသာသနာခရီးစဉ်၌ တည်ထောင်ခြင်းဖြစ်ပါသည် (တမန် ၁၈)။

ပထမစာစောင်။ ဤပထမစာစောင်သည် အပြစ်ကျူးလွန်သောအသင်းသူ အသင်းသားတို့ကို စီရင်ဆုံးမခြင်းငှါ နိုးဆော်တိုက်တွန်းလျက် ရေးသားခဲ့ခြင်းဖြစ်၏ (၁ ကော ၅း၉-၁၃)။ သို့သော်လည်း ဤစာစောင်ကို သမ္မာကျမ်းစာထဲ၌ ထည့်ဝင်ရေတွက်ခြင်းမခံခဲ့ပါ။

ဒုတိယစာစောင်။ ဝမ်းနည်းစရာကောင်းသည်မှာ ကောရိန္သုခရစ်ယာန်တို့သည် အပြစ်နှင့်ဇာတိပကတိအလိုလိုက်ခြင်းကို စီရင်ဆုံးမခြင်းမပြုဘဲ ပေါ့လျော့ခဲ့ကြ၏။ ထို့ပြင်၊ ကောရိန္သုအသင်းတော်၌ ပြဿနာရှိကြောင်းကို ခလောဧအိမ်သား (၁ ကော ၁း၁၁) နှင့်အာပေါလု (၁ ကော ၁၆း၁၂) ထံ၌ ရှင်ပေါလုသတင်းရခဲ့ပါသည်။ ထို့ကြောင့် ဤပြဿနာကိုဖြေရှင်းဖော်ပြ၍ ပေါလုကကောရိန္သုသြဝါဒစာပထမစောင်ကို ရေးသားပေးပို့ခဲ့၏။

ဒုတိယအကြိမ်သွားရောက်လည်ပတ်ခြင်း။ ထို့နောက် ပေါလုသည် ထိုပြဿနာကိုဘဲ ဖြေရှင်းခြင်းငှါ သွားရောက်ခဲ့သော်လည်း၊ ကောင်းမွန်စွာမကြိုဆိုကြဘဲ ငြင်းပယ်ခဲ့ကြ၏။ ထို့ကြောင့် ထိုခရီးကို ဝမ်းနည်းခြင်းခရီးစဉ် (၂ ကော ၂း၁)ဟု ဖော်ပြခဲ့ပါသည်။

တတိယစာစောင်။ ကောရိန္သုခရစ်ယာန်တို့၏ ကောင်းမွန်စွာဆက်ဆံခြင်းမခံခဲ့ရသော်လည်း၊ ပေါလုသည် မျက်ရည်ကျလျက်ဝမ်းနည်းခြင်းစာရေးသားပြီး ပေးပို့ဆုံးမခဲ့ပါသည် (၂ ကော ၄၊ ၇း၈)။ ဤစာစောင်က များစွာသောလူတို့ကို နောင်တရစေခဲ့ပါသည် (၂ ကော ၇း၈-၁၂)။

စတုတ္ထမြောက်စာစောင်။ ဤသည်ကား ကောရိန္သုသြဝါဒစာဒုတိယစောင်ပင်ဖြစ်ပါသည်။ မိမိအား ကောင်းမွန်စွာမဆက်ဆံခဲ့ကြသော်လည်း ကောရိန္သုခရစ်ယာန်တို့အပေါ် ထားရှိသော မိမိ၏ချစ်ခြင်းမေတ္တာနှင့် ဂရုစိုက်ခြင်းစိတ်သဘောသည် တည်မြဲရှိကြောင်း ပေါလုရေးသားအသိပေးခြင်းဖြစ်ပါ သည်။ ထို့ပြင် ရန်သူတို့ကမိမိ၏တမန်တော်ဖြစ်ခြင်းကို တိုက်ခိုက်ဆန့်ကျင်ကြသောကြောင့် ပေါလုပြန်လည်ချေပဖြေရှင်းခြင်းလည်း ပါ၏။ ထို့ပြင် ယေရုရှလင်မြို့ရှိ သန့်ရှင်းသူတို့၏ အခက်အခဲအတွက် အလှူငွေကောက်ခံလျက် တတိယအကြိမ်အလည်အပတ်လာမည်အကြောင်း ကြိုတင်သတင်းပေးပို့ခြင်းလည်း ဖြစ်ပါသည်။

ဤသြဝါဒစာက သင်းအုပ်ဆရာ၏ စိတ်နှလုံးကိုဖော်ပြလျက်ရှိ၏။ ရှင်ပေါလုကဲ့သို့ အစေခံစိတ်နှလုံးသင်၌ လိုပါသလား။ ဤသြဝါဒစာကို နှိမ့်ချခြင်းသဘောနှင့် လေ့လာပြီး၊ ကောင်းကြီးခံစားပါလော့။

**ဆင်ခြင်ရန်** - အစေခံစိတ်နှလုံးရှိခြင်းဆိုသည်မှာ အဘယ်နည်း။

**ဆုတောင်းချက်** - အို အဘဘုရား၊ အစေခံစိတ်နှလုံးကို အကျွန်ုပ်အားပေးသနားတော်မူပါ။

ကြာသပတေး၊ ဇန်နဝါရီ (၂)

**၂ ကော ၁း၁-၂**
ဂလာတိ ၁း၁

*“. . . ဘုရားသခင်၏အခွင့်နှင့်ဇင်း၊ တမန်တော်ဖြစ်သော. . . ”*

# ဘုရားသခင်ခန့်အပ်တော်မူခြင်း

“တမန်တော်” (၂ ကော ၁း၁) ဟူသောစကားလုံးသည် သံတမန်အဖြစ် စေလွှတ်ခြင်းခံရသောသူတစ်စုံတစ်ယောက်ကို ရည်ညွှန်းခြင်းဖြစ်ပါသည် (နှိုင်း တမန် ၁၄း၁၄)။ သို့သော်လည်း၊ သမ္မာကျမ်းစာထဲတွင် ဤတမန်တော်ဟူသောစကားလုံးသည် ယေရှုခရစ်တော်က အထူးရွေးကောက်တော်မူ၍ စေလွှတ်တော်မူသောသူတို့ကို ရည်ညွှန်းခဲ့ပါသည် (လုကာ ၆း၁၃)။ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဟောပြောခြင်းနှင့် ရေးသားခြင်းအမှုအတွက် သခင်ယေရှုရွေးကောက်တော်မူခြင်းဖြစ်၏။ ဘုရားသခင်၏ အိမ်တော်မိသားစုဝင်တို့သည် အဓိကအုတ်မြစ်ဖြစ်သော ခရစ်တော်အကြောင်း ရေးသားသော၊ ပရောဖက်တို့နှင့်တမန်တော်တို့၏ ရေးသားချက်အုတ်မြစ်၌ တည်လျက်ရှိပါသည် (ဧဖက် ၂း၂၀)။

ကောရိန္တုအသင်းတော်၌ ပေါလုနှင့် ပြန်လည်သင့်မြတ်လိုသောသူများစွာရှိကြသော်လည်း၊ အချို့သည် ဆက်လက်ဆန့်ကျင်လျက်ရှိ၏။ သူတို့သည် “အကြီးဆုံးသောတမန်တော်များ” (၂ ကော ၁၁း၅) ဟု မိမိကိုယ်ကို ဆိုကြပြီး၊ ပေါလု၏တမန်တော်ဖြစ်ခြင်းကိုအထင်သေး ရှုတ်ချကြပါသည်။

ပေါလုသည် ဘုရားသခင်အပ်ထားတော်မူသော အမှုတော်ကို ထိုသူတို့ဆန့်ကျင်ကဲ့ရဲ့ခဲ့ကြသောကြောင့် မိမိ၏တမန်တော်ဖြစ်ခြင်းကို ကာကွယ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ ဤဩဝါဒစာအစ၌ပေါလုက မိမိ၏တမန်တော်ဖြစ်ခြင်းသည် မိမိကိုယ်ကိုခန့်အပ်ခြင်းမဟုတ်၊ လူတို့၏ခန့်အပ်ခြင်းမဟုတ်၊ ဘုရားသခင်၏အလိုတော်ကြောင့်သာ ဖြစ်ကြောင်း သေချာဖော်ပြခဲ့ပါသည် (နှိုင်း ဂလာတိ ၁း၁)။ ထိုသို့ပေါလုအား ဘုရားသခင်ခန့်အပ်တော်မူခြင်းအကြောင်းကို တမန်တော် ၉ ထဲ၌ ဖော်ပြခဲ့ပါသည်။ ယေရှုခရစ်တော်ကိုယ်တိုင်က ပေါလုသည် တပါးအမျိုးသားများ၊ ရှင်ဘုရင်များနှင့် ဣသရေလလူတို့ထံ မိမိ၏နာမတော်ကို သက်သေခံမည့် “ငါရွေးကောက်သောတန်ဆာ” ဟုကြေငြာခဲ့၏ (တမန် ၉း၁၅)။ တဖက်၌၊ “အကြီးဆုံးသောတမန်တော်” တို့သည် မှားယွင်းသောတမန်တော်များ ဖြစ်ကြ၏။ မိမိကိုယ်ကို ခန့်အပ်ခဲ့ကြခြင်းဖြစ်၏။ ပေါလုကဲ့သို့မဟုတ်၊ သူတို့သည် ဘုရားသခင်ထံမှ မဟုတ်ကြဘဲ၊ အလင်း၏တမန်ယောင်ဆောင် (၂ ကော ၁၁း၁၄) တမန်၏အသုံးခံတမန်များ ဖြစ်ကြ ပါသည်။

ထိနည်းတူ၊ ဘုရားသခင်သည် ကောရိန္တုခရစ်ယာန်တို့အား “သန့်ရှင်းသူ” (၂ ကော ၁း၁) ဟု ခေါ်ခဲ့ပါသည်။ ဤကမ္ဘာလောက၌ ဘုရားသခင်နှင့်ဆိုင်သော သန့်ရှင်းသောအသက်တာဖြင့် နေထိုင်သက်သေခံကြခြင်းငှါ ဘုရားသခင်ခန့်အပ်တော်မူခြင်းဖြစ်ပါသည်။ ထိုတာဝန်ဝတ္တရားကို သူတို့ကျေပွန်စွာ ထမ်းဆောင်ကြရပါမည်။ သို့သော်လည်း၊ ကောရိန္တုအသင်းတော်သည် ဝိညာဉ်ပကတိအရာ၌မဟုတ်ဘဲ၊ ဇာတိပကတိအရာ၌ ကျော်ကြားစလူသိများခဲ့၏ (၁ ကော ၃း၁-၃)။ သူတို့နောင်တရဖို့လိုပါသည်။

ချစ်သောစာဖတ်သူ၊ သင်ကောမည်သို့ ရှိသနည်း။ ဘုရားသခင်ခန့်အပ်တော်မူသောအမှု၌ သင်ကြိုးစားအမှုတော်ဆောင်နေပါသလား။

**ဆင်ခြင်ရန်** - ယောဟန် ၄း၃၄ ကိုဖတ်ပါ။ သင့်အဖို့ ဘုရားသခင်ပေးအပ်ထားသော တာဝန်ကား အဘယ်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အလိုတော်ထဲ၌ ကျင်လည်မည်အကြောင်း မစတော်မူပါ။

# သက်သာခြင်းအပေါင်း၏အရှင်(၁)

ခရစ်ယာန်တို့သည် အပြစ်နှင့်ပြည့်နှက်နေသော ခရစ်တော်ကိုမုန်းတီးလျက်ရှိသော ဤကမ္ဘာလောက၌ အသက်ရှင်နေထိုင်ကြရ၏။ ထို့ကြောင့် ဤလောကီလူတို့သည် ခရစ်ယာန်တို့ကို ညှင်းပန်းနှိပ်စက်၍ ခရစ်တော်အတွက်သူတို့၏သက်သေခံခြင်းကို ကဲ့ရဲ့ရှုတ်ချကြပါလိမ့်မည်။ ထိုသို့သောအချိန်တွင် ကျွန်တော်တို့သည်အားငယ်ခြင်းရှိနိုင်ပါသည်။ ထိုသို့သော စိတ်အားငယ်ခြင်း ကြုံရသောအခါ ကျွန်ုပ်တို့၏စိတ်သက်သာရာသည် အဘယ်အရာဖြစ်မည်နည်း။ ပေါလုသည်လည်း ခရစ်တော်နှင့် သတင်းကောင်းအတွက် ကြီးစွာသောဆင်းရဲဒုက္ခကို ကြုံတွေ့ခဲ့ရပါသည်။ ထိုအချက်ကို ၂ ကော ၁၁း၂၃-၂၈ထဲတွင် ကျွန်တော်တို့တွေ့ရပါ၏။ ထိုအခက်အခဲကို ပေါလုမည်သို့ ရင်ဆိုင်တုန့်ပြန်ခဲ့ပါသနည်း။ သူသည်မိမိကိုယ်ကို အားငယ်သနားခြင်းအမှု၌ မကျင်လည်၊ ဤလောကအရာတို့၌ စိတ်သက်သာခြင်းကို မရှာဖွေခဲ့ပါ။ ထို့ပြင် မိမိ၏ဇာတိအလိုနောက်သို့လည်း မလိုက်ခဲ့ပါ။ ထိုသို့ အားငယ်စိတ်ပျက်ခြင်းအမှု၌ ဤဘဝ၏စိတ်သက်သာရာ အရင်းအမြစ်ဖြစ်တော်မူသော သက်သာခြင်းအပေါင်း၏အရှင် ဘုရားသခင်ထံတိုးဝင်ခဲ့ပါသည်။

၂ ကော ၁း၃-၇ထဲတွင် တစ်ဆူတည်းသောဘုရားမှပုဂ္ဂိုလ်နှစ်ပါးတို့သည် သန့်ရှင်းသောသူတို့ကို နှစ်သိမ့်လျက်ရှိကြောင်း ကျွန်တော်တို့တွေ့ရပါသည်။ ပထမပုဂ္ဂိုလ်မှကား ကောင်းကင်ဘုံ၌ရှိတော်မူသော အဘဘုရား၊ "သနားခြင်းကရုဏာ၏အဘ" (အငယ် ၃)ဖြစ်တော်မူ၏။ သနားခြင်းကရုဏာဆိုသည်မှာ ကျွန်ုပ်တို့၏အပြစ်အတိုင်း မစီရင်ခြင်းဖြစ်ပါသည် (ဆာလံ ၁၀၃း၁၀)။ ဤစကားလုံးကို အများကိန်းဖြင့် ရေးသားဖော်ပြခြင်းသည် ကျွန်ုပ်တို့အား ထာဝရအပြစ်ဒဏ်ကျခံစေခြင်း အမှုမှ လွတ်ပေးတော်မူသော ဘုရားသခင်၏ကရုဏာတော် ကြွယ်ဝပြည့်စုံခြင်းကို ပေါ်လွင်စေလျက် ရှိ၏။ ဒုတိယပုဂ္ဂိုလ်သည် ကျွန်ုပ်တို့ကိုယ်စား အသေခံတော်မူသော၊ ကြားဝင်ပြန်ဖြေပေးတော်မူသော၊ ကျွန်ုပ်တို့၏ရှေ့နေခရစ်တော်ပင် ဖြစ်ပါသည်။ ကရာနီတောင်ကုန်း၏ကားတိုင်၌ ပြီးစီးဆောင်ရွက်တော်မူသောအမှုက ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို သေချာစေခဲ့ပါသည်။ သူသည် ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်အကြီးဖြစ်တော်မူသောကြောင့် ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခဝေဒနာတို့ကို နားလည်သဘောပေါက်လျက် ကိုယ်ချင်းစာပေးတော်မူ၏(ဟေဗြဲ ၄း၁၅-၁၆)။

ယနေ့ကျမ်းပိုဒ်၏အဓိကအချက်ကို Heidelberg အမေးအဖြေမေးခွန်း (၁) ထဲတွင် ဤသို့ ဖော်ပြခဲ့ပါသည် - "ရှင်ခြင်း၊ သေခြင်း၌ သင်၏တစ်ခုတည်းသော သက်သာရာကားအဘယ်နည်း၊ ရှင်ခြင်း၊ သေခြင်းအမှု၌ အကျွန်ုပ်၏ခန္ဓာကိုယ်နှင့်စိတ်ဝိညာဉ်သည် အကျွန်ုပ်ပိုင်သည်မဟုတ်၊ သစ္စာရှိတော်မူသောယေရှုခရစ်တော်အပိုင်ဖြစ်ပါ၏။ အကျွန်ုပ်၏အပြစ်အားလုံးအတွက် အသွေးသွန်းလျက် စာတန်၏တန်ခိုးအပေါင်းမှ ကျွန်ုပ်ကိုကယ်နုတ်တော်မူခဲ့ပါသည်။ ထို့ပြင် ကောင်းကင်ဘုံရှိအဘဘုရား၏ အခွင့်မရှိလျှင် အကျွန်ုပ်၏ဆံချည်တစ်မျှင်မျှ မကျမီအကြောင်း ကွယ်ကာတော်မူ၏။ အရာခပ်သိမ်းတို့သည် အကျွန်ုပ်၏ကယ်တင်ခြင်းအတွက် အထောက်အကူပြုခဲ့ကြပြီး ကိုယ်တော်၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ထာဝရအသက် စိတ်ချမှုကိုရရှိစေပြီး ကိုယ်တော်အဖို့ အသက်ရှင်ခြင်းငှါ အလိုဆန္ဒရှိစေပြီး အသင့်ဖြစ်စေတော်မူ၏"။ ဤအချက်ကို ဆင်ခြင်ပါလော့။

**ဆင်ခြင်ရန်** - ခမည်းတော်ဘုရား၊ ခရစ်တော်နှင့်နှုတ်ကပတ်တော်တို့သည် အားငယ်သော အချိန်၌အကျွန်ုပ်၏တစ်ခုတည်းသော စိတ်နှစ်သိမ့်စရာဖြစ်ပါ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ကျေးဇူးတော်ပလ္လင်တော်သို့ ရဲရင့်စွာ တိုးဝင်ချဉ်းကပ်ခွင့်ရှိသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

# သက်သာခြင်းအပေါင်း၏အရှင် (၂)

ဘုရားသခင်၏သက်သာစေတော်မူခြင်းသည် ကျွန်ုပ်တို့ကြုံတွေ့ရသော အမျိုးမျိုးစစ်ကြောခြင်းအမှု၌ သည်းခံခြင်းကိုဖြစ်စေပြီး၊ ခရစ်တော်၌ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ကြီးထွားရင့်ကျက်စေပါသည်။ ယာကုပ်က ဤသို့ခွန်အားပေးခဲ့ပါသည် - “ငါ့ညီအစ်ကိုတို့၊ သင်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သည်းခံခြင်းကို သည်းခံခြင်းကိုပွါးစေတတ်သည်ဟု သိမှတ်လျက်၊ အထူးထူးအပြားပြားစုံစမ်းနှောင့်ရှက်ခြင်းနှင့်တွေ့ကြုံသောအခါ၊ ဝမ်းမြောက်စရာအကြောင်းသက်သက်ဖြစ်သည်ဟု မှတ်ကြလော့။ သင်တို့သည် အလျှင်းမချို့တဲ့ဘဲစေ့စပ်စုံလင်မည်အကြောင်း၊ သည်းခံခြင်းစိတ်သည် အကုန်အစင်ပြုပြင်ပါစေ” (ယာကုပ် ၁း၂-၄)။

သို့သော်လည်း ဤနှိမ့်သိမ့်သက်သာစေခြင်းသည် အကျွန်ုပ်တို့အကျိုးအတွက်သာလျှင်မဟုတ်ဘဲ အခြားသန့်ရှင်းသူတို့အဖို့လည်းဖြစ်၏။ အပိုဒ်ငယ် ၄ ထဲတွင် ကျွန်ုပ်တို့တွေ့ကြုံရသောအခက်အခဲထဲ၌ခံရသော နှိမ့်သိမ့်မှုကြောင့် သူတစ်ပါးကို ကျွန်တော်တို့ပြန်၍အားပေးနှိမ့်သိမ့်နိုင်ခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ စစ်ကြောခြင်းခံရစဉ် ကျွန်တော်တို့သည် ဘုရားသခင်၏နှိမ့်သိမ့်မှုကိုကြုံတွေ့ခံစားခဲ့ရသောကြောင့် အလားတူစစ်ကြောခြင်းခံရသော အခြားသန့်ရှင်းသူတို့ကို ကျွန်တော်တို့သည် ကိုယ်ချင်းစာစိတ်ရှိ၍ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဆုတောင်းခြင်းအားဖြင့် နှိမ့်သိမ့်ခြင်းပြုနိုင်ကြ၏။

အပိုဒ်ငယ် ၅ မှ ၇ ထဲတွင် ပေါလုက ညှင်းပန်းနှိပ်စက်ခြင်း၊ အကျဉ်းချခံရခြင်းနှင့် အခြားအခက်အခဲကြုံတွေ့စဉ် မိမိသည်းခံခြင်းအကြောင်းက သူတစ်ပါးအားယုံကြည်ခြင်းအမှု၌ ရဲရင့်ခြင်းရှိစေကြောင်း ဖော်ပြခဲ့၏။ ထိုနည်းတူ အသင်းတော်ဆုတောင်းခြင်းအစီအစဉ်၌ ယုံကြည်သူတို့က မိမိတို့အခက်အခဲကြုံတွေ့စဉ် မည်သို့ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ခွန်အားရ၍ ရဲရင့်ခြင်းရှိကြကြောင်း သက်သေခံကြသောအခါ ထိုသက်သေခံချက်က သူတစ်ပါးအတွက် နှိမ့်သိမ့်ခြင်းနှင့် ခွန်အားကိုဖြစ်စေတတ်၏။ ခရစ်ယာန်လူငယ်တို့သည် ရွယ်တူလူငယ်တို့နှင့် ဤလောကီအရာတို့၏ သွေးဆောင်ခြင်းနောက်သို့မလိုက်ဘဲ နေကြသောအခါ အခြားလူငယ်တို့ကိုလည်း ထိုသို့ပြုခြင်းငှါ နှိုးဆော်ခြင်းခံရကြ၏။ ဘုရားသခင်နှိမ့်သိမ့်ခြင်းခံရသောသူတို့သည် သူတစ်ပါးအတွက်နှိမ့်သိမ့်သောသူဖြစ်လာကြ၏။

ကျွန်ုပ်တို့ခံရသော စစ်ကြောခြင်းအမှု၌ရည်ရွယ်ချက်ရှိကြောင်းသိလျက် နှိမ့်သိမ့်ခြင်းခံရကြပါစို့။ ကြုံတွေ့ရသောအခက်အခဲဒုက္ခတို့သည် ဘဝသင်ခန်းစာများဖြစ်ကြ၏။ သူတစ်ပါးကိုသည်းခံခြင်းရှိလျက် အခက်အခဲကြုံတွေ့စဉ် နှိမ့်သိမ့်ခြင်းပြုရန် ကျွန်ုပ်တို့အားဘုရားသခင်အသုံးပြုတော်မူလိမ့်မည်။ ဘုရားသခင်၏လက်ထဲ၌ အလွန်အသုံးဝင်သောတန်ဆာပလာ ကျွန်တော်တို့ဖြစ်လာနိုင်ပါသည်။ သုံးပါးတစ်ဆူထာဝရဘုရား၏ နှိမ့်သိမ့်ခြင်းရှိလျက် ခရစ်တော်အတွက် သစ္စာရှိသောသက်သေဖြစ်ကြပါစို့။

“အဘယ်သို့နည်းဟူမူကား၊ ခရစ်တော်ကြောင့် ငါတို့ခံရသောဆင်းရဲခြင်းသည် အလွန်များပြားသည်နည်းတူ၊ ခရစ်တော်၏ကျေးဇူးအားဖြင့် ငါတို့ခံရသောသက်သာခြင်းသည် အလွန်များပြား၏”(၂ ကော ၁း၅)။

**ဆင်ခြင်ရန်** - မိမိသားသမီးတို့အတွက် ဘုရားသခင်၏ပြုစုစောင့်ရှောက်တော်မူခြင်းသည် အကောင်းဆုံးဖြစ်၏။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်သည် သူတစ်ပါးအတွက် နှိမ့်သိမ့်စရာကောင်းကြီးမင်္ဂလာဖြစ်မည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဇန်နဝါရီ (၅)

**၂ ကော ၁း၈-၁၁**

ဆာလံ ၃

*“. . . နောက်၌လည်း ကယ်လွှတ်တော်မူလတ္တံ့ဟု ငါတို့သည် ယုံကြည်မျှော်လင့်ခြင်းရှိ၏”*

## ကယ်လွှတ်တော်မူခြင်းဂတိတော်

ပြင်းထန်သောအခက်အခဲဒုက္ခကြုံရပြီး လွတ်လမ်းမရှိဟုထင်ရသော အချိန်ရှိနိုင်ပါသည်။ ထိုသို့သောအချိန်ကို ပေါလုနှင့်တိမောသေက အာရှ၌သတင်းကောင်းဟောပြောစဉ် ကြုံတွေ့ခဲ့ကြ၏။ ထိုအခက်အခဲသည် အလွန်ပြင်းထန်သောကြောင့် သူတို့သည်သေဒဏ်ချမှတ်ခံရသော သူကဲ့သို့ ထင်မှတ်လျက် အလွန်အားငယ်ခဲ့ကြ၏။

ထိုသို့မျှော်လင့်ခြင်းတစ်စုံတစ်ရာကင်းမဲ့သောအချိန်၌ ပေါလုသည်ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့၏။ ဘုရားသခင်သည် သေသောသူကိုရှင်ပြန်ထမြောက်စေနိုင်သော တန်ခိုးရှိသည်မဟုတ်လော။ ထို့ကြောင့် ပေါလုသည် ထိုအခက်အခဲဒုက္ခထဲမှ ဘုရားသခင်ကယ်နှုတ်တော်မူနိုင်ကြောင်း သေချာယုံကြည်ခဲ့ပါသည်။

အပိုဒ်ငယ် ၁၀ ထဲတွင် ပေါလုနှင့်တိမောသေသည် ထိုအန္တရာယ်မှ ကယ်တင်ခြင်းခံခဲ့ရကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ပေါလုသည်ရှေ့အနာဂတ်၌လည်း ဘုရားသခင်၏မစတော်မူခြင်းနှင့် ကယ်နှုတ်တော်မူခြင်းကို ယုံကြည်မျှော်လင့်ခြင်းရှိခဲ့ပါသည်။ ထိုကယ်လွှတ်တော်မူခြင်းကို ဤသို့အပိုဒ်ငယ် ၁၀ ထဲတွင် ဖော်ပြခဲ့၏ - “ထိုဘုရားသခင်သည် . . . ကယ်လွှတ်တော်မူပြီ၊ ယခု၌လည်း ကယ်လွှတ်တော်မူသေး၏။ နောက်၌လည်း ကယ်လွှတ်တော်မူလတ္တံ့”။ ဘုရားသခင်သည် အတိတ်၌မစတော်မူခဲ့ပြီး၊ ယခုလည်း မစတော်မူသေး၏။ အနာဂတ်၌လည်း ဆက်လက်မစတော်မူလိမ့်မည်။

ဤသဘောတရားကို ဒါဝိဒ်ကဆာလံ ၃ ထဲတွင်ဖော်ပြထားပါသည်။ သူသည်ခက်ခဲသောအခြေအနေ၌ရှိနေသော်လည်း (ဆာလံ ၃း၁-၂)၊ အတိတ်၌ဘုရားသခင်၏မစတော်မူခြင်းကို အောက်မေ့ပြီး ယခု၌လည်း မစတော်မူမည်ဟု ယုံကြည်ခဲ့၏ (အငယ် ၄-၇)။ ဒါဝိဒ်သည် တည်ကြည်သောယုံကြည်ခြင်းဖြင့် ထိုသို့ကယ်နှုတ်တော်မူခြင်းမခံရသေးသော်လည်း ဘုရားသခင်က ကယ်လွှတ်တော်မူခဲ့ပြီဟု ကြွေးကြော်နိုင်ခဲ့၏ (ဆာလံ ၃း၇ ကို ကြည့်ပါ)။

ကျွန်တော်တို့သည်လည်း ပေါလုနှင့်ဒါဝိဒ်နည်းတူ ဤလောကခရီး၌ ဘုရားသခင်၏ကယ်နှုတ်တော်မူခြင်းခံရမည်အကြောင်း ယုံကြည်စိတ်ချခြင်းရှိကြပါစို့။ လူဆိုးတို့သည် ကျွန်ုပ်တို့၏အသက်ကို နှုတ်ယူခဲ့သည်ရှိသော် ကျွန်ုပ်တို့၏ကယ်တင်ခြင်းစိတ်ချရသည်ဖြစ်သောကြောင့် ခရစ်တော်နှင့်အတူ ထာဝရနေကြရမည်ဖြစ်၏။ “ထာဝရအသက်ကိုလည်း ငါပေး၏။ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့လက်မှမနှုတ်မယူရာ။ ထိုသိုးတို့ကို ငါ၌အပ်ပေးတော်မူသောငါ့ခမည်းတော်သည် ခပ်သိမ်းသောသူတို့ထက် ကြီးမြတ်တော်မူသည်ဖြစ်၍၊ အဘယ်သူမျှထိုသိုးတို့ကို ငါ့ခမည်းတော်၏လက်မှမနှုတ်မယူနိုင်ရာ”(ယောဟန် ၁၀း၂၈-၂၉)။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ကယ်နှုတ်တော်မူခဲ့ပြီ၊ ကယ်နှုတ်တော်မူသေး၏၊ ဆက်လက်ကယ်နှုတ်တော်မူလတ္တံ့။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏ကယ်နှုတ်တော်မူခြင်းကို အစဉ်ယုံကြည်ကိုးစားမည်အကြောင်း အကျွန်ုပ်အား သင်ပေးတော်မူပါ။

**၂ ကော ၁း၈-၁၁**
ဖေက် ၆း၁၈-၂၀

*"သင်တို့သည်ကူညီ၍ငါတို့အဘို့ ဆုတောင်းလျှင် . . . "*

## အချင်းချင်းဆုတောင်းပေးကြလော့

အပိုဒ်ငယ် ၁၁ ထဲတွင် ပေါလုကမိမိလွတ်မြောက်ခြင်းအတွက် ဆုတောင်းပေးခဲ့ကြသော ကောရိန္သုခရစ်ယာန်တို့ကို ကျေးဇူးတင်စကားဆိုခဲ့ပြီး၊ ခရစ်တော်အတွက် မိမိအမှုတော်ဆောင်ခြင်းအဖို့လည်း ဆက်လက်ဆုတောင်းပေးကြခြင်းငှါ တိုက်တွန်းခဲ့ပါသည်။

သန့်ရှင်းသူတို့အား မိမိအတွက်ဆုတောင်းပေးခြင်းငှါ တောင်းလျှောက်ခြင်းသည် ပေါလုပြုလေ့ရှိသောအမှုပင်ဖြစ်ပါသည် (နှိုင်း ၊ ဧဖက် ၆း၁၈-၂၀၊ ရောမ ၁၅း၃၀-၃၂၊ ကောလောသဲ ၄း၂-၃)။ လူကိုမဟုတ်ဘဲ ဘုရားသခင်ကိုသာ ပေါလုယုံကြည်ကိုးစားခြင်းရှိသည်ဆိုလျှင် အဘယ့်ကြောင့် သန့်ရှင်းသူတို့ကို မိမိအတွက်ဆုတောင်းကြခြင်းငှါ တောင်းလျှောက်ပါသနည်းဟု မေးစရာရှိ၏။

အဖြေမှာ ဘုရားသခင်သည် မိမိ၏အလိုတော်ကို ပြည့်စုံစေခြင်းငှါ အဘယ်လူသားကိုမျှ မလိုအပ်ပါ။ အဘယ်လူသား၏ဆုတောင်းချက်ကိုမျှလည်း လိုအပ်တော်မမူ။ သို့သော်လည်း ဤကမ္ဘာလောက၌ မိမိ၏အလိုတော်ဆောင်ရွက်ခြင်းအမှု၌ သန့်ရှင်းသူတို့၏ဆုတောင်းခြင်းကို အသုံးပြုခြင်းငှါ ဘုရားသခင်နှစ်သက်တော်မူ၏။ ထို့ကြောင့် သမ္မာကျမ်းစာက - "သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသောပဋ္ဌနာသည် အလွန်တန်ခိုးကြီးပါ၏" (ယာကုပ် ၅း၁၆) ဟုဖော်ပြထားပါသည်။

အချင်းချင်းဆုတောင်းပေးခြင်းအမှုသည် ဘုရားသခင်ပေးအပ်တော်မူသော ကျွန်ုပ်တို့၏ ဝတ္တရားနှင့်အခွင့်ထူးဖြစ်ပါသည်။ သမ္မာတရား၌အခြေခံလျက် ခရစ်တော်၏နာမတော်ဖြင့် အဘဘုရားထံ ကျွန်တော်တို့ဆုတောင်း၍ ဘုရားသခင်နားညောင်းတော်မူပြီး အဖြေပေးသောအခါ ကျွန်တော်တို့သည် ကျေးဇူးတော်ချီးမွမ်းခြင်း၊ ဝမ်းမြောက်ပျော်ရွှင်ခြင်းနှင့်ပြည့်လျှက် ရှိကြ၏။ ထို့ပြင် ဆုတောင်းခြင်းဖြင့် ဘုရားသခင်၏နှိမ့်သိမ့်မှုကို ကျွန်တော်တို့ခံစားရရှိတတ်ကြ၏။

ဤကျမ်းပိုဒ်က ဆုတောင်းခြင်းအစည်းအဝေး၏အရေးပါမှုကို သေချာဖော်ပြလျှက်ရှိပါသည်။ ဆုတောင်းခြင်းမပြုသောအသင်းတော်သည် အသက်မပါသောအသင်းတော်ဖြစ်ပါသည်။ တစ်ဖက်တွင် ဆုတောင်းသောအသင်းတော်သည် ဘုရားသခင်ထံမှ ကျေးဇူးတော်နှင့်နှိမ့်သိမ့်မှုကို ခံရမည်ဖြစ်ပါသည်။ Spurgeon က - "ဆုတောင်းခြင်းမပြုဘဲ သင်အလိုရှိလျှင် ကြိုးစားလုပ်ဆောင်၍ရပါတယ်၊ ဒါပေမယ့် ကျွန်ုပ်ခံယူချက်ကတော့ သင်ဆုမတောင်းလျှင် ဘုရားသခင်၏ဝိညာဉ်တော်၏တန်ခိုးသည် သင့်ဆီမှထွက်သွား၍ သင်၏တရားဟောခြင်းသည် အကျိုးနည်းပါလိမ့်မည်။ သတင်းကောင်းဟောပြောခြင်း၌ ကယ်တင်ခြင်းသို့ပို့ဆောင်သော ဘုရားသခင်၏တန်ခိုးပါရှိဖို့ဆိုလျှင် ဘုရားသခင်သည် မိမိလူတို့၏ဆုတောင်းခြင်းပါဖို့အလိုရှိတော်မူ၏ - ဤသည်ကား ပေါလုခေတ်မှစ ယနေ့တိုင် မပြောင်းလဲသောအချက်ဖြစ်ပါသည်။ ယေရှုခရစ်တော်သည် မနေ့၊ ယနေ့၊ နောင်ကာလမပြောင်းသော ဘုရားဖြစ်တော်မူ၏" ဟုဆိုခဲ့ပါသည်။

အသင်းတော်၏ဆုတောင်းခြင်းအစည်းအဝေး၌ သင်အမြဲတမ်းပါဝင်ပါသလား။

**ဆင်ခြင်ရန်** - "အသင်းတော်၌ဘုရားသခင်ရှိတော်မူခြင်းငှါ ထိုအသင်းတော်သည် ဆုတောင်းရပါမည်" (Spurgeon)။

**ဆုတောင်းချက်** - အကျွန်ုပ်၏ခိုလှုံရာကျောက် ကိုယ်တော်ထံ ခိုလှုံတိုးဝင်ပါ၏။

အင်္ဂါ၊ ဇန်နဝါရီ (၇)

**၂ ကော ၁း၁၂-၁၄**

၁ သက် ၂း၁-၈

*"... လျစ်လျူသောစိတ်နှင့်၎င်း၊ ဘုရားသခင်အလိုတော်ရှိသောကြည်ဖြူခြင်းနှင့်၎င်း ..."*

# သန့်ရှင်းစင်ကြယ်သောစိတ်

"ဘုရားသခင်အမှုပြုတော်မူသောအခါ၊ စာတန်သည်လည်း အမှုပြုတော်မူ၏"ဟူ၍ တရုတ်အသင်းတော်၌ စကားပုံတစ်ခုရှိ၏။ တမန်တော်ပေါလုအမှု၌လည်း ထိုသို့ဖြစ်ပါသည်။ ကောရိန္တုလူတို့ထံ ဘုရားသခင်အတွက်ကောင်းသောအမှုပြုခဲ့သော်လည်း၊ အချို့သောသူတို့သည် ပေါလု၏အကျင့်စိတ်သဘောဖြူစင်မှုကို တိုက်ခိုက်ဆန့်ကျင်ခဲ့ကြ၏။ ဤအချို့သောမှားယွင်းသောဆရာတို့ သည် ပေါလုအားလှည့်စားသောသူဟု စွပ်စွဲကြ၏။ ကောရိန္တုမြို့သို့ အလည်အပတ်သွားရန် မိမိ၏အစီအစဉ်ပြောင်းလဲခြင်းကို သူတို့က ပေါလုအားယုံကြည်စိတ်ချ၍ မရသောသူဟုဆိုကြ၏။ ဤသည်ကား မှားယွင်းသောစွပ်စွဲမှုဖြစ်ပါသည်။

ဤအချက်နှင့်ပတ်သက်၍ ပေါလုကအခြေခံတရားဖြစ်သော ဘုရားသခင်၏အမှုတော်၌ မည်သို့ကျင့်ကြံနေထိုင်ခဲ့ကြောင်းကို ဖော်ပြခဲ့ပါသည်။ သူကဘုရားသခင်ရှေ့၌ မိမိ၏စိတ်သဘောစင်ကြယ်ခြင်းရှိကြောင်း ဖော်ထုတ်ခဲ့ပါသည်။ သူသည် "ဘုရားသခင်၏ကျေးဇူးတော်ကိုအမှီပြု၍ လျစ်လျူသောစိတ်နှင့်၎င်း၊ ... ကြည်ဖြူခြင်းနှင့်၎င်း" (၂ ကော ၁း၁၂) အစဉ်နေထိုင်ကျင့်ကြံခဲ့ပါသည်။ လျစ်လျူသောစိတ်ဆိုသည်မှာ ပေါလု၏ခရစ်တော်အတွက်ဟူသော ရည်ရွယ်ချက်နှင့်ကြိုးစားအားထုတ်မှုကိုဆိုလို၏။ တဖက်တွင်၊ ကြည်ဖြူခြင်းသည် ဘုရားသခင်ရှေ့၌ပေါလု၏စိတ်သဘောဖြူစင်မှုကို ဖော်ပြခြင်းဖြစ်ပါသည်။ ပေါလုသည် သခင်ယေရှု၏နေ့ရက်၌ စီရင်ခြင်းခံရသောအခါ၌လည်း အရှက်ရစရာရှိမည်မဟုတ်ဟု မိမိကိုယ်ကို ယုံကြည်ခြင်းရှိ၏ (၁ ကော ၁း၁၄)။ပေါလုသည် ဘုရားသခင်အသိအမှတ်ပြုတော်မူသော အမှုတော်ဆောင်အမှန်ပင်ဖြစ်ပါသည်။

မိမိ၏စိတ်သဘောဖြူစင်မှု သက်သေတစ်ခုမှုကား၊ ပေါလုသည် အမှုတော်ဆောင်သောအခါ ဘယ်သောအခါမျှ "လောကီပညာကိုအမှီမပြု" ခဲ့ပါ (၂ ကော ၁း၁၂)။ သူသည် လောကီအတွေးအခေါ်အားဖြင့်၎င်း၊ မိမိ၏ဇာတိအလိုဖြည့်ဆည်းခြင်းငှါ၎င်း အမှုတော်မဆောင်၊ အမှုတော်ဆောင်သောအခါ ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း ကျင့်ကြံဆောင်ရွက်ခဲ့ပါသည်။ သူ၏အသက်တာသည် သန့်ရှင်းခြင်းအသက်တာ ခရစ်တော်နည်းတူ ကျင့်ကြံသောအသက်တာဖြစ်ပါ သည်။ သူသည် လူရှေ့၊ ဘုရားရှေ့၌အပြစ်တင်ခွင့်နှင့်လွတ်ကင်းသောသူဖြစ်၏။

ကျွန်ုတော်တို့သည်လည်း ဘုရားသခင်၏အမှုတော်ဆောင်ရွက်သောအခါ စိတ်နှလုံးဖြူစင်သန့်ရှင်းခြင်းဖြင့် ဆောင်ရွက်ကြရပါမည်။ "သခင်ဘုရားရှေ့တော်၌မက လူတို့ရှေ့၌တင့်တယ်လျောက်ပတ်သောအကျင့်ကို ကြံစည်ကြ၏" (၂ ကော ၈း၂၁)။ ဘုရားသခင်ရှေ့၌ တာဝန်ကျေပွန်သောပေါလုကဲ့ သို့ ဖြစ်မည်အကြောင်း ကြိုးစားအားထုတ်ကြပါစို့။ မှားယွင်းသောစွပ်စွဲသူများကဲ့သို့ မဖြစ်ပါစေနှင့်။ သူတို့သည် ပေါလုကိုဆန့်ကျင်ခဲ့ကြသော်လည်း၊ အမှန်မှာ သူတို့သည် မိမိဇာတိပကတိအလိုဖြည့် ဆည်းခြင်းငှါ ဟန်ဆောင်အမှုတော်ဆောင်သော သူများ ဖြစ်ကြ၏။ ဘုရားသခင်ရှေ့မှောက်၌ သန့်ရှင်း စင်ကြယ်သောစိတ်ဖြင့် အမှုတော်ဆောင်ပါ လော့။

**ဆင်ခြင်ရန်** - သင့်အဖို့ စင်ကြယ်သောစိတ်သဘောသည် မည်မျှအရေးကြီးပါသနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ စင်ကြယ်သောလက်နှင့်၎င်း၊ ဖြူစင်သောစိတ်နှလုံးနှင့်၎င်း၊ ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်ပါမည်။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၈)
**၂ ကော ၁း၁၅-၂၂**
၁ ကော ၁၆း၅

*"... ငါတို့ပေးလိုက်သောစကားသည် ဟုတ်မှန်၏ဟူ၍၎င်း၊ မဟုတ်မမှန်ဟူ၍၎င်း မဆိုလို"*

## မှားယွင်းသောစွပ်စွဲချက်များ

ပေါလုက အစ၌ဧဖက်မြို့မှ ရေကြောင်းခရီးဖြင့် ကောရိန္သုမြို့သို့ သွားရန်၎င်း၊ ထိုမှမာကေဒေါနိပြည်သို့ ဆက်သွားရန် စီစဉ်ခဲ့ကြောင်းဝန်ခံခဲ့ပါသည် (၁ ကော ၁၆း၅)။ သို့သော်လည်း၊ ဤစာစောင်ကိုရေးသားသောအချိန်၌ သူသည်ကောရိန္သုမြို့ကိုကျော်၍ မာကေဒေါနိပြည်သို့ရောက်ခဲ့လေပြီ။ ထို့ကြောင့် ပေါလုကိုဆန့်ကျင်သောသူတို့က "လျှပ်ပေါ်သောစိတ်" ရှိသောသူဟုစွပ်စွဲခဲ့ကြ၏ (အငယ် ၁၇)။ ဤအချက်ကိုပေါလုကပြင်းထန်စွာငြင်းပယ်ခဲ့ပါသည်။ ပေါလုသည် လူ့ဇာတိစိတ်သဘောအားဖြင့် ဘုရားသခင်၏အမှုတော်ဆောင်ရွက်သည်မဟုတ်။

ထိုသို့မိမိကိုယ်ကို ကာကွယ်ပြောဆိုခြင်း၌ ပေါလုသည်ဘုရားသခင်၏သစ္စာရှိ ယုံကြည်စိတ်ချမှုကို ဖော်ပြခဲ့၏။ ဘုရားသခင်သည် မိမိ၏စကား၌အစဉ်မှန်ကန်သောသူဖြစ်တော်မူ၏။ ကတိတော်ကို အစဉ်ပြည့်စုံစေတော်မူသောသူဖြစ်၏။ ဤဘုရားပင်လျှင် ပေါလုကိုသတင်းကောင်းဟောပြောခြင်းငှါ စေခိုင်းခန့်ထားတော်မူသောဖြစ်သတည်း။ ထို့ကြောင့် ဆန့်ကျင်သောသူတို့က ပေါလုအားစိတ်ပြောင်းတတ်သောသူ၊ ယုံကြည်စိတ်ချ၍မရသောသူဟု စွပ်စွဲသောအခါ မိမိကိုခန့်အပ်တော်မူသောဘုရားသခင်အား စွပ်စွဲရာရောက်၏။ သူတို့ ကြားနာသောသတင်းကောင်းကတိတော်တို့သည် ယုံကြည်စိတ်ချ၍မရသောကတိတော်များလော့။ ထိုသို့လုံးဝမဟုတ်ပါ။

ထို့ပြင် တမန်တော်၏သတင်းကောင်းနှင့်အမှုတော်ဆောင်ခြင်း၏ စစ်မှန်မှုကို ထိုတရား၏အကျိုးသက်ရောက်မှုအားဖြင့် သေချာစေ၏ (အငယ် ၂၁-၂၂)။ ကောရိန္သုခရစ်ယာန်တို့က တမန်တော်၏ အမှုတော်ဆောင်ခြင်းအားဖြင့် ဘုရားသခင်၏အလိုတော်ကြောင့် ခရစ်တော်၌ မိမိတို့မည်သို့တည်ဆောက်ခြင်းရှိကြသည်ကို သိမြင်ခဲ့ကြပါသည်။ ကယ်တင်ခြင်းအဖို့ စရန်အဖြစ် ယုံကြည်သူတို့၌ကျိန်းဝပ်ခြင်းငှါ ဘုရားသခင်ပေးတော်မူသောသန့်ရှင်းသောဝိညာဉ်တော် ပြုတော်မူသောအမှုကိုလည်း သူတို့တွေ့ကြုံခံစားခဲ့ကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တံဆိပ်ခတ်ခြင်းက ကောရိန္သုခရစ်ယာန်တို့သည် ဘုရားသခင်ပိုင်တော်မူသောသူများဖြစ်ကြောင်း အမှတ်အသားဖြစ်ပါ၏။ ဤသို့သော ဝိညာဉ်ဆုကျေးဇူးတို့ကိုခံရကြသည်ဖြစ်လျှင် အဘယ်ကြောင့် ပေါလု၏အမှုတော်ဆောင်ခြင်း စိတ်သဘောထားနှင့်မှန်ကန်မှုကို သံသယဝင်ကြပါသနည်း။

ပေါလု၏အစီအစဉ်ပြောင်းလဲခြင်းသည် မကောင်းသောရည်ရွယ်ချက်ကြောင့် ပြောင်းခြင်းမဟုတ်ဘဲ အခြေအနေပြောင်းလဲခြင်းကြောင့်ဖြစ်၏။ လူ့သဘောမဟုတ်ဘဲ ဘုရားသခင်၏လမ်းညွှန်ချက်ကြောင့်ဖြစ်ပါသည်။ လူသည်အစီအစဉ်ဆွဲသော်လည်း ဘုရားသခင်ကကန့်ကွက်တတ်ပါ၏။ ကောရိန္သုခရစ်ယာန်တို့သည် ဤအမှု၌ပေါလုကို စောလျင်စွာစီရင်သုံးသပ်ခဲ့ကြသောကြောင့် မှားယွင်းသောဆုံးဖြတ်ချက်ချမှတ်ခဲ့ကြ၏။ ထို့ကြောင့် အရာရာတိုင်း၌လျှင်မြန်စွာဆုံးဖြတ်ချက် မချဘဲ သမ္မာကျမ်းစာအားဖြင့် သေချာစွာလေ့လာပြီးမှ ဆုံးဖြတ်ပါလေ့။ မိမိညီအစ်ကို စွပ်စွဲသောသူမဖြစ်လိုလျှင် သင်သတိထားပါလော့။

**ဆင်ခြင်ရန်** - မုသာ၏အဘ စာတန်ကဲ့သို့မှားယွင်းသောစွပ်စွဲသူမဖြစ်ပါနှင့်။
**ဆုတောင်းချက်** - အဘဘုရား၊ ဆန့်ကျင်သောသူတို့အား သမ္မာတရားအတိုင်း ပြန်လည်ချေပနိုင်ခြင်းငှါ မစတော်မူပါ။

## သင်းအုပ်၏ညှိုးငယ်ပူပန်သောစိတ်

ပေါလုသည် မိမိ၏ခရီးစဉ်ကို မိမိဘက်မှလှည့်စားမှုနှင့်ဂတိမတည်မှုကြောင့် ပြောင်းလဲခဲ့ခြင်းမဟုတ်ပါ။ ချစ်ခြင်းမေတ္တာစိတ်သဘောဖြင့် ထိုသို့ပြုခြင်းသာလျှင်ဖြစ်၏။ မိမိစိတ်နှလုံးထဲ၌ ကောရိန္သုခရစ်ယာန်တို့သည် နေရာယူခဲ့ကြပါသည်။ ပေါလုသည် ကောရိန္သုခရစ်ယာန်တို့၌ရှိသော ပြဿနာကိုဖြေရှင်းဆုံးမခြင်းငှါ အလည်သွားခဲ့ပြီးဖြစ်ပါသည် (၁ ကော ကိုကြည့်ပါ)။ သို့သော်လည်း ကောရိန္သုခရစ်ယာန်တို့က ငြင်းပယ်ခဲ့သောကြောင့် ထိုလည်ပတ်မှုသည်ရင်နာစရာကောင်းသော သွားရောက်လည်ပတ်ခြင်းဖြစ်ခဲ့ပြီး (၂ ကော ၂း၁) ပေါလုသည် စိတ်ညှိုးငယ်ခြင်းရှိခဲ့၏။ ထို့ကြောင့် ပေါလုက "မျက်ရည်ကျလျက်" (၂ ကော ၂း၄) ပြင်းထန်သောစာကိုရေးသားပေးပို့ခဲ့ပါသည်။

သို့သော်လည်း၊ ပေါလုက ကောရိန္သုခရစ်ယာန်တို့အား ထိုသို့ဝမ်းနည်းစေခြင်းအမှု၌ မိမိဝမ်းမြောက်ခြင်းမရှိကြောင်းကို သိစေလိုခဲ့၏။ မိမိကိုယ်ကို ကောရိန္သုလူတို့ဝမ်းမြောက်စွာနေကြသည်ကို မြင်လိုသော၊ ခရစ်တော်အမှု၌ သူတို့နှင့်အတူတကွ အမှုတော်ဆောင်သောသူဟု ဖော်ပြခဲ့ပါသည် (၂ ကော ၁း၂၄)။ သို့သော်လည်း၊ ဝမ်းမြောက်ခြင်းသည် ထိုအသင်းတော်၌နေရာယူခဲ့သောပြဿနာ ဖြေရှင်းပြီးမှသာ ပြည့်စုံမည်ဖြစ်ပါသည်။ ထို့ကြောင့်၊ အသင်းတော်ကောင်းကျိုးအတွက်ပေါလုက အမှုတော်ဆောင်၍ ဆုံးမဖို့လိုခြင်းဖြစ်၏။

ပေါလုသည် ဤပြဿနာကိုချစ်ခြင်းမေတ္တာအားဖြင့် ဆုံးမခြင်းဖြင့် ဖြေရှင်းနိုင်မည်ဟု ယုံကြည်ခြင်းရှိပြီး၊ ထိုအခါ အားလုံး၌ဝမ်းမြောက်ခြင်းရှိလိမ့်မည်ဟု ယုံကြည်ခဲ့၏(၂ ကော ၂း၄)။ လက်ရှိအချိန်တွင်၊ ကောရိန္သုခရစ်ယာန်တို့အား ပို၍ဝမ်းမနည်းစေမည်အကြောင်းသွားရောက်လည်ပတ်ခြင်းမပြုဘဲ မာကေဒေါနိပြည်သို့ တိုက်ရိုက်သွားခဲ့ခြင်းဖြစ်ပါသည်။ ကောရိန္သုခရစ်ယာန် အပေါင်းဝမ်းမြောက်ခြင်းရှိခြင်းငှါ အရာခပ်သိမ်းဖြေရှင်းလျက်အဆင်ပြေမည့်အရေးကို ပေါလုလိုလားတောင့်တခဲ့ပါသည်။ လူထုပရိသတ်အချို့ထံမှ ကောင်းမွန်စွာဆက်ဆံခြင်းမခံရသော်လည်း ပေါလု၌ ဤသို့သော စိတ်သဘောထားရှိခဲ့၏။

ဤသို့သော ပေါလု၏သင်းအုပ်စိတ်နှလုံးမျိုးကို ရှေမွေလ၏အသက်တာ၌လည်း တွေ့ရပါသည်။ သူသည်ဘုရားသခင်၏လူတို့ထံ၌ သစ္စာရှိစွာနှစ်ပေါင်းများစွာ အမှုတော်ဆောင်ခဲ့သော်လည်း၊ သူတို့သည် အခြားလူမျိုးများကဲ့သို့ ရှင်ဘုရင်ရှိခြင်းငှါ တောင်းဆိုခဲ့ကြ၏။ ဤငြင်းပယ်မှု၌ ရှေမွေလက မည်သို့တုန့်ပြန်ခဲ့ပါသနည်း။ "ငါမူကား သင်တို့အဘို့ ဆုမတောင်းဘဲနေသဖြင့်၊ ထာဝရဘုရားကို ပြစ်မှားခြင်းအမှုသည် ငါနှင့်ဝေးပါစေသော။ ကောင်းမွန်ဖြောင့်မတ်သောလမ်းကိုလည်း သင်တို့အား ငါပြသဦးမည်" (၁ ရာ ၁၂း၂၃)။ ဤသည်ကား သင်းအုပ်၏ချစ်ခြင်းမေတ္တာပင်ဖြစ်၏။

သင်သည် ချစ်ခြင်းမေတ္တာအားဖြင့် သူတစ်ပါး၏ဝိညာဉ်ကောင်းကျိုးအတွက် ကြိုးစားခြင်းပြုနေစဉ် နားလည်မှုလွဲခြင်းနှင့်ငြင်းပယ်ခြင်းကို ကြုံတွေ့နိုင်ပါ၏။ သုတ္တံ ၂၇း၆ ကိုဖတ်ပါ။ သူတစ်ပါးကို ချစ်ခြင်းငှါ သင်အသင့်ရှိပါသလား။

**ဆင်ခြင်ရန်** - လူတို့၏ ဝိညာဉ်အတွက်ငိုကြွေးခြင်းဆိုသည်မှာ အဘယ်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏လူတို့အပေါ် သနားခြင်းဂရုဏာရှိတော်မူပါ။

**၂ ကော ၂း၅-၁၁**
၁ ကော ၅

*“အများသောသူတို့စီရင်သောဒဏ်သည် ထိုသူ၏အပြစ်နှင့်တန်ပြီ”*

# စီရင်ခြင်း၌ သနားကြင်နာခြင်း

၁ ကော ၅ထဲတွင်၊ မိမိမိထွေးနှင့်အိပ်သောသူကို ပြစ်ဒဏ်မစီရင်ဘဲ နေကြသောကြောင့် ကောရိန္သုခရစ်ယာန်တို့ကို ပေါလုကပြစ်တင်ဆုံးမခဲ့ပါသည်။ မတရားသောမေထုန်အမှု၌ နာမည်ကျော်ကြားခဲ့သော ကောရိန္သုမြို့၌ပင် ထိုအမှုသည် ရှက်စရာအလွန်ကောင်းသောအမှုဖြစ်၍ - “မတရားသောမေထုန်သာမညမဟုတ်. . . သာသနာပလူတို့တွင်ပင် မထားရသောမေထုန်” (၁ ကော ၅း၁)ဟု ဖော်ပြခဲ့၏။ ခရစ်တော်၏နာမအရှက်ရစေခြင်းပေတည်း။

သို့သော်လည်း ကောရိန္သုခရစ်ယာန်တို့သည် ဝိညာဉ်ရေးရာ၌ နိုးကြားမှုမရှိသောကြောင့် ထိုပြဿနာကိုမဖြေရှင်းဘဲ နေကြ၏။ ကောရိန္သုအသင်းတော်ထံ ပေါလုဒုတိယအကြိမ်သွားရောက်လည်ပတ်စဉ် ထိုအပြစ်ပြုသောသူကို စီရင်ဆုံးမခြင်းငှါ ပေါလု၏လမ်းညွှန်မှုကို ငြင်းပယ်ခဲ့ကြ၏။ ထိုသို့ အသင်းတော်၏သန့်ရှင်းခြင်းအမှုကို အလေးမထားဘဲ၊ အပြစ်ကိုမစီရင်ဖုံးအုပ်ထားသောကြောင့် ပေါလုကပြင်းထန်သောစာစောင်ကို ရေးသားခဲ့ခြင်းဖြစ်၏။ ဝမ်းမြောက်စရာကောင်းသည်မှာ၊ ထိုစာကို ဖတ်ပြသောအခါ ကောရိန္သုခရစ်ယာန်တို့သည် သူတို့၏မှားယွင်းမှုကို နားလည်ကြပြီး၊ အပြစ်ကျူးလွန်သောသူကို ဆုံးမစီရင်ကြ၏။ ထိုသူသည်လည်းအမှန်နောင်တရ၍၊ တမန်တော်ပေါလုဆန့်ကျင်ခြင်းကို မပြုတော့ပါ။

သို့သော်လည်း၊ ယခုအခါ ကောရိန္သုခရစ်ယာန်တို့သည် တစ်ဖက်စွန်းရောက်ခဲ့ကြပြန်၏။ ထိုသူသည် အမှန်တကယ် နောင်တရသော်လည်း သူတို့ကဆက်လက်ညှင်းဆဲခဲ့ကြ၏။ အသင်းတော်၏ ပြစ်ဒဏ်စီရင်ဆုံးမခြင်းရည်ရွယ်ချက်ဖြစ်သော၊ (၁) အသင်းတော်သန့်ရှင်းခြင်းကို ကွယ်ကာခြင်းနှင့် (၂) အပြစ်ကျူးလွန်သောသူကို ပြန်လည်ပြုပြင်လျက် ခရစ်တော်၌မှန်ကန်သော မိဿဟာယဖွဲ့ခြင်းကိုပြန်၍ပြုခြင်း၊ ဟူသောအရာကို နားမလည်ခဲ့ကြပါ။ အလွန်အကျွံပြစ်ဒဏ်ပေးခြင်းကိုပြုလျှင် စာတန်ကအခွင့်အရေးယူနိုင်ပြီး၊ အသင်းတော်၌သင်းကွဲခြင်းဖြစ်ပေါ်နိုင်၏ (အငယ် ၁၁)။ ထို့ကြောင့် ပြုရမည့်အရာဟူမူကား၊ ထိုသူသည် အမှန်နောင်တရသောကြောင့်၊ ခရစ်တော်က ခွင့်လွှတ်သကဲ့သို့ ခွင့်လွှတ်ခြင်းပြသလျက်၊ အသင်းတော်၏မိဿဟာယဖွဲ့ခြင်း၌ ပြန်လည်လက်ခံဖို့ရန်ဖြစ်ပါသည်။ စီရင်ခြင်း၌ သနားကြင်နာခြင်းရှိရပါမည်။

မိမိလူတို့ကို ဘုရားသခင်ဆုံးမခြင်းအမှုသည် နာကျင်ခြင်းရှိသော်လည်း၊ အတော်အတန်ဆုံးမတော်မူတတ်၏ (ဟေရှာ ၂၇း၁-၉)။ မပေါ့လွန်း၊ မပြင်းထန်လွန်း၊ အတော်အသင့်ပြုတော်မူတတ်၏။ ထို့ကြောင့် အသင်းတော်၌ဖြစ်စေ၊ မိသားစု၌ဖြစ်စေ ပြစ်ဒဏ်စီရင်ဆုံးမခြင်းပြုသောအခါ ဤသဘောတရားကို အသုံးပြုကြရပါမည်။ အပြစ်စီရင်ဆုံးမခြင်းသည် ဖျက်ဆီးခြင်းမဟုတ်၊ ပြုပြင်ခြင်းသာလျှင် ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကောင်းသောတရားသူကြီးသည် ငိုကြွေးသောတရားသူကြီးဖြစ်၏။
**ဆုတောင်းချက်** - ဂရုဏာတော်ရှင်အဘ၊ သူတပါးအပေါ် ဂရုဏာသနားကြင်နာခြင်းမည်သို့ ထားရမည်ကို သင်ပေးတော်မူပါ။

စနေ၊ ဇန်နဝါရီ (၁၁)
**၂ ကော ၂း၅-၁၁**
ယေရှာ ၁၅း၅၊ ၁၆း၉-၁၁

*"အများသောသူတို့စီရင်သောဒဏ်သည်
ထိုသူ၏အပြစ်နှင့်တန်ပြီ"*

# SCHADENFREUDE?

"Schadenfreude" ဟူသောစကားလုံးသည် သူတစ်ပါးဆင်းရဲဒုက္ခခံခြင်း၌ ဝမ်းမြောက်ဝမ်းသာရှိသောသူကို ဖော်ပြခြင်း၌ အသုံးပြုတတ်ကြ၏။ ဤဝမ်းသာခြင်းသည်မုသာနှင့်၎င်း၊ ဟန်ဆောင်မှုနှင့်၎င်း ရောနှောတတ်ပါသည်။

အထူးသဖြင့် ကျွန်ုပ်တို့ကိုဆန့်ကျင်သောသူတို့အပေါ်၌ မကောင်းမှုကျရောက်သောအခါ ထိုသို့သောဝမ်းမြောက်ခြင်းအလွယ်တကူရောက်ရှိလာတတ်၏။ တမန်တော်ပေါလုသည်လည်း မိမိကိုဆန့်ကျင်သောသူအပြစ်စီရင်ခြင်းခံရခြင်း၌ ထိုသို့သော ဝမ်းမြောက်ခြင်းရှိနိုင်ပါသည်။ သို့သော်လည်း၊ တမန်တော်ပေါလုသည် ထိုသို့ဝမ်းမြောက်ခြင်းမရှိပါ။ ကောရိန္သုခရစ်ယာန်တို့အား ဘုရားသခင်သည် ထိုသူကိုခွင့်လွှတ်တော်မူသည်အတိုင်း ခွင့်လွှတ်ကြရန်တောင်းဆိုခဲ့၏ "အကြင်သူ၏အပြစ်ကို သင်တို့သည်လွှတ်၏။ ထိုသူ၏အပြစ်ကိုငါသည်လည်း လွှတ်၏။ အကြောင်းမူကား ငါသည်တစုံတယောက်သောသူ၏အပြစ်ကို လွှတ်ဖူးလျှင် သင်တို့ကိုထောက်၍ ခရစ်တော်၏အခွင့်နှင့် လွှတ်ဖူး၏" (၂ ကော ၂း၁၀)။

တမန်တော်ပေါလုသည် ဘုရားသခင်၏စိတ်သဘောကို ပြသလျက်ရှိ၏။ သန့်ရှင်းသောဘုရား၊ စစ်မှန်သောဘုရားဖြစ်သကဲ့သို့ ဖြောင့်မတ်ခြင်းနှင့်တရားသဖြင့် စီရင်ခြင်းကိုဘုရားသခင်နှစ်သက်တော်မူ၏ (ဆာလံ ၃၃း၅၊ ၃၅း၂၈)။ သို့သော်လည်း၊ လူဆိုးတို့ပျက်စီးခြင်းအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်။ "မတရားသောသူသည် မိမိအကျင့်တို့ကိုရှောင်၍ အသက်မရှင်၊ အသေခံခြင်းအမှု၌ ငါသည်အနည်းငယ်သော ပျော်မွေ့ခြင်းရှိသလော" (ယေဇကျေ ၁၈း၂၃)။ သူသည် Nero (သို့) Hitler ကဲ့သို့မဟုတ်ပါ။

ထိုနည်းတူ၊ ခရစ်ယာန်တို့သည် မိမိတို့၏ရန်သူများပျက်စီးခြင်းအမှု၌ ဝမ်းမြောက်ခြင်းမရှိရပါ။ ရန်သူတို့၏တိုက်ခိုက်ခြင်းအမှုမှ ဘုရားသခင်ကယ်လွှတ်တော်မူလျှင်၊ ထိုဘုရားသခင်ကယ်လွှတ်တော်မူခြင်းအမှု၌ ကျွန်တော်တို့ဝမ်းမြောက်ကြရပါမည်။ သို့သော်လည်း၊ ထိုသို့ဒဏ်ခတ်ခြင်းခံရသောသူတို့အပေါ်၌လည်း ဝမ်းမြောက်ခြင်းမဟုတ်ဘဲ၊ ဝမ်းနည်းခြင်းရှိရပါမည်။ လူတို့၏ပျက်စီးခြင်းမဟုတ်ဘဲ၊ ကယ်တင်ခံရခြင်းကို ကျွန်တော်တို့ပို၍ မြင်တွေ့လိုခြင်းရှိရပါမည်။

အသင်းတော်အနေဖြင့် ဤနောက်ဆုံးကာလတွင် အသင်းတော်များလမ်းလွဲလျက် ရှိသည်ကိုမြင်ရသောအခါ ကျွန်တော်တို့ဝမ်းနည်းခြင်းရှိကြရပါမည်။ ဝမ်းမြောက်ခြင်းမဟုတ်ဘဲ ထိုသို့ဝိညာဉ်အရေး၌ လမ်းမှားခြင်းအမှုအတွက် ငိုကြွေးမြည်တမ်းသင့်ပါသည်။ အမှားကို သတိပေးခြင်းပြုသောအခါ ထိုသို့လမ်းမှားသောသူတို့သည် လမ်းဟောင်းကိုစွန့်၍ သမ္မာတရားဖက်တွယ်ကြခြင်းငှါ မျှော်လင့်ခြင်းဖြင့် ပြောကြရပါမည်။ အိုဘုရားသခင်၊ များစွာသောလူတို့သည် အလင်းကိုမြင်နိုင်ကြပါစေသော။

**ဆင်ခြင်ရန်** - ခရစ်ယာန်တစ်ဦးသည် Schadenfreude ကိုအားမပေးသင့်ပါ။
**ဆုတောင်းချက်** - အဘဘုရား၊ သနားကြင်နာခြင်းစိတ်နှလုံးကို အကျွန်ုပ်အားပေးတော်မူပါ။

တနင်္ဂနွေ၊ ဇန်နဝါရီ (၁၂)

**၂ ကော ၂း၁၂-၁၃**

ယာကုပ် ၄း၁၃-၁၇

*“. . . သခင်ဘုရားသည် ငါ့အားတံခါးကို ဖွင့်တော်မူသောအခါ. . .”*

# D.V.

သင်းအုပ်ဆရာရေးသားသောစာအချို့၏ နောက်ကြောဖက်၌ “D.V.” ဟူသော စလုံးသစ်မြင်ဖူးပါလိမ့်မည်။ အဓိပ္ပာယ်ကိုသင်သိပါသလား။ ဤစလုံးသည် လာတင်စကားလုံးဖြစ်သော “Deo Volente” ၏အတိုကောက်ဖြစ်ပြီး “ဘုရားသခင်အလိုတော်ရှိရင်” ဟု အဓိပ္ပာယ်ရပါသည် (Merriam-Webster)။ ဆိုလိုသည်မှာ အရာရာတိုင်း၌ဘုရားသခင်၏အကြံအစည်နှင့်အလိုတော်သို့ ဆက်ကပ်ခြင်းစိတ်သဘောဖြစ်ပါသည်။ ဘုရားသခင်၏လမ်းညွှန်မှုလိုက်လျှောက်ခြင်းငှါ မိမိ၏အစီအစဉ်ပြောင်းလဲဖို့လိုလျှင်လည်း ထိုသို့ပြုလိုသောစိတ်ထားဖြစ်ပါသည်။

ယနေ့ကျမ်းပိုဒ်၌ ပေါလုကကနဦးစီစဉ်ထားသည့်အတိုင်းမဟုတ်ဘဲ ကောရိန္တုမြို့ကို မဖြတ်ဘဲ ဇဖက်မြို့သို့ တိုက်ရိုက်သွားရခြင်းအကြောင်းကို အချက်နှစ်ချက်ဖြင့် ဆက်လက်ရှင်းပြခဲ့ပါသည်။ ပထမအချက်၊ တရောမြို့၌တရားဟောခြင်းငှါ ဘုရားသခင်တံခါးဖွင့်ပေးတော်မူခဲ့၏။ ဤအမှုသည် ဘုရားသခင်၏လမ်းညွှန်ချက်ဖြစ်သောကြောင့် သူသွားရောက်ဟောပြောရမည်ဖြစ်၏။ တရားဟောဆရာတို့သည် နှုတ်ကပတ်တော်ဟောပြောခြင်းငှါ ဖိတ်ခေါ်ခြင်းခံရလျှင် ထိုအမှုကိုဆောင်ရွက်ကြရပါမည်။

ဒုတိယအချက်၊ ပေါလုက မိမိ၏ “ပြင်းထန်သောစာစောင်” ကို တိတုအားကောရိန္တုမြို့သို့ သွားရောက်ပို့စေခဲ့၏။ တရောမြို့မှာနေစဉ် ကောရိန္တုအသင်းတော်အခြေအနေကို တိတုပြန်လာ၍ ပြောပြခြင်းငှါ အလွန်စောင့်မျှော်ခဲ့ပါသည်။ သို့သော်လည်း တိတုပြန်လာချိန်နောက်ကျခဲ့၏။ ထို့ကြောင့် ပေါလုသည်လမ်း၌ တိတုကိုတွေ့လိုတွေ့ငှါ မျှော်လင့်ချက်ဖြင့် မာကေဒေါနိပြည်သို့ ဆက်သွားခဲ့၏။ ဤအရာအားလုံးသည် ဘုရားသခင်၏အလိုတော်အတိုင်း ခရီးစဉ်ပြောင်းလဲခြင်းဖြစ် ၍ ပေါလုကထိုသို့ပြုခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်တို့သည်လည်း မိမိစိတ်နှလုံးထဲ၌ မိမိ၏ဆန္ဒနှင့်အစီအစဉ်ရှိကြပါလိမ့်မည်။ အလုပ်အကိုင်ပြောင်းလိုခြင်း၊ ခရီးသွားရန်အစီအစဉ်၊ ကဏ္ဍတစ်ခုခု၌အမှုတော်ဆောင်ရန် အစီအစဉ် စသဖြင့် ရှိနိုင်ပါသည်။ သို့သော်လည်း ဘုရားသခင်၏အစီအစဉ်သည် ထိုသို့မဟုတ်၊ အခြားတစ်ခု ဖြစ်နိုင်ပါ၏။ ထိုဘုရားသခင်၏လမ်းသည် သာ၍ကောင်း၏။ ဘုရားသခင်၏အစီအစဉ်သည် သာ၍ကောင်း၏ (ဟေရှာ ၅၅း၉)။ အစီအစဉ်ရေးဆွဲခြင်းသည် လူ့တာဝန်ဖြစ်သော်လည်း ထိုအစီအစဉ်ကို ဘုရားသခင်ပြောင်းလဲနိုင်ကြောင်းကို ကျွန်တော်တို့သတိပြု၍အသင့်ဖြစ်နေရပါမည်။ မိမိ၏ အစီအစဉ်မဖြစ်ဖြစ်အောင် ဆောင်ရွက်ခြင်းအမှုသည် ဘုရားသခင်ရှေ့၌မိုက်မဲမှုဖြစ်ပါ၏။ အကြောင်းမှာ ကျွန်တော်တို့ထက် ဘုရားသခင်ကပို၍ကောင်းသောအရာသိတော်မူ၏။ “ထာဝရဘုရားသည် အလိုတော်ရှိ၍ငါတို့သည်လည်း အသက်ရှင်လျှင် ဤသို့ပြုကြကုန်အံ့၊ ထိုသို့ပြုကြကုန်အံ့ဟု သင်တို့ဆိုသင့်ရာဖြစ်၏” (ယာကုပ် ၄း၁၅)။ လူ့ခွန်အားကို မဟုတ်ဘဲ ဘုရားသခင်ကိုသာ ယုံကြည်ကိုးစားခြင်း ရှိကြပါစို့။

**ဆင်ခြင်ရန်** - လူသည် အစီအစဉ်ဆွဲတတ်သော်လည်း ဘုရားသခင်က ငြင်းပယ်တတ်၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အလိုတော်သို့လုံးဝဆက်ကပ်ခြင်းရှိမည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ ဇန်နဝါရီ (၁၃)
**၂ ကော ၂း၁၄-၁၇**
မသဲ ၂၅း၃၁-၄၆

*"ငါတို့သည် ခရစ်တော်နှင့်အတူ အောင်ပွဲကို အစဉ်ခံစေခြင်းငှါ . . . ပြုတော်မူသောဘုရားသခင်"*

# အောင်မြင်သောအမှုတော်

"အောင်ပွဲခံ" (၂ကော ၂း၁၄) ဟူသောစကားသည် ရောမစစ်သားများစစ်ပွဲမှ ဗိုလ်ချုပ်နှင့် အတူအောင်နိုင်ခြင်းနှင့် ပြန်လာ၍အောင်ပွဲခံချီတက်ခြင်းပုံရိပ်ကို ထင်ဟပ်စေပါသည်။ ဤကျမ်းပိုဒ်မှ ဗိုလ်ချုပ်သည် ခရစ်တော်ဖြစ်ပြီး ပေါလုနှင့်သူ၏အဖွဲ့သားများ သာသနာပြုခြင်း၌ အောင်နိုင်ခြင်း အလို့ငှါ ဦးဆောင်သောသူဖြစ်တော်မူ၏။ ထိုအမှုတော်မြတ်၌ ခရစ်တော်ဦးဆောင်နေသရွေ့ ကျဆုံးခြင်းရှိမည်မဟုတ်ပါ။

ဤအောင်ပွဲခံချီတက်ပွဲတွင် လမ်းတစ်လျှောက်ပန်းကုံးစွပ်ခြင်းအစဉ်ပါလျက် ရှိပြီး အမွှေးနံ့သာမီးရှို့ခြင်းလည်း ပါဝင်တတ်ပါသည်။ ဤသို့ဖြင့် အဝေးမှနေသောသူတို့ပင်လျှင် ထိုအမွှေးနံ့ကို ခံစားရှူရှိုက်မိကြပါ၏။

ပေါလုနှင့်သူ၏အပေါင်းအဖော်တို့၏ သတင်းကောင်းဟောပြောခြင်းသည် ဤအမွှေးနံ့သာကဲ့သို့ဖြစ်ပါသည်။ သူတို့သွားရောက်သောနေရာတိုင်း၌ ဤသတင်းကောင်း၏ရနံ့ အစဉ်ပါတတ်၏။ "ထိုသို့နှင့်အညီ ကျမ်းစာလာသည်ကား ငြိမ်သက်ခြင်း၏ဝမ်းမြောက်စရာသတင်း ကောင်းကျိုးချမ်းသာ၏ဝမ်းမြောက်စရာသတင်းကို ကြားပြောသောသူ၏ ခြေတို့သည် အလွန်တင့်တယ်စွတကားဟုလာသတည်း" (ရောမ ၁၀း၁၅)။

သို့သော်လည်း၊ "အောင်ပွဲ" ရနံ့ကို လူတိုင်းနှင့်ကိုက်ညီအဆင်ပြေခြင်းမရှိပါ။ အောင်ပွဲခံသောသူတို့အဖို့ ထိုရနံ့သည် မွှေးကြိုင်သော်လည်း၊ စစ်ရှုံးသောသူတို့အဖို့ ထိုရနံ့သည် "သေခြင်းမြင်ကွင်း" ကိုထင်ဟပ်စေပါသည်။ ထိုနည်းတူ၊ သတင်းဟောပြောခြင်း၌ တုန့်ပြန်မှုနှစ်မျိုးအစဉ်ရှိတတ်ပါသည်။ ကယ်တင်ခြင်းခံရသောသူတို့သည် ယုံကြည်ခြင်းဖြင့် သတင်းကောင်းကိုလက်ခံယုံကြည်သော သူဖြစ်ကြပြီး၊ သူတို့အဖို့ သတင်းကောင်းရနံ့သည် မွှေးကြိုင်လှပါ၏။ သို့သော်လည်း၊ သတင်းကောင်းငြင်းပယ်သောသူတို့သည် ပျက်စီးခြင်းသို့ရောက်ကြပါလိမ့်မည်။ ထိုသူတို့အဖို့၊ သတင်းကောင်းသည် သေခြင်းအနံ့ဆိုးကဲ့သို့ဖြစ်ပါ၏။ အဘယ်အဖွဲ့၌ သင်ပါဝင်ပါသနည်း။ မှန်ကန်သောအဖွဲ့၌ သင်ရှိနေဖို့လိုပါသည်။

ထို့ကြောင့် တရားဟောခြင်းအမှုတော်၏အောင်မြင်မှုကို ဘုရားသခင်၏နှုတ်ကပတ်တော်၌ မည်မျှသစ္စာရှိခြင်းရှိသနည်းဟူသော အချက်အားဖြင့် တိုင်းတာ၍ရပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖျက်ဆီးသော၊ မှားယွင်းသောအမှုတော်ဆောင်များစွာရှိကြ၏။ သူတို့သည် ကိုယ်ကျိုးအမြတ်အတွက် အမှုတော်ဆောင်သောသူဖြစ်ကြပါသည်။ သူတို့၏ဝမ်းဗိုက်အတွက် တရားဟောသောသူများဖြစ်ကြပါသည်။ "ပိုက်ဆံရမှတရားဟောကြ၏၊ ပိုက်ဆံမရလျှင်တရားမဟောကြ ပါ"။ ခရစ်တော်၏အမှုတော်မြတ်၌ စစ်မှန်သော၊ ရိုးသားဖြူစင်သော တမန်တော်ပေါလုသည် ထိုသို့မဟုတ်ပါ။ ခရစ်တော်၏အမှုတော်မြတ်၌ အောင်ပွဲခံမည်အကြောင်း ပေါလုနည်းတူ အမှုတော်ဆောင်ရပါမည်။

**ဆင်ခြင်ရန်** - အသင်းတော်၏အမှုတော်အောင်မြင်မှုကို ကျွန်တော်တို့မည်သို့တိုင်းတာသတ်မှတ်ကြပါသနည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ယေရှုခရစ်တော်၌အောင်ပွဲခံမည်အကြောင်း မစတော်မူပါ။

**၂ ကော ၂း၁၇**

၁ ပေ ၂း၂

*"ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို မှောက်လှန်သောသူများတို့နှင့် ငါတို့သည်မတူ"*

## အဘယ်အစားအစာကျွန်ုပ်တော်တို့စားပါသနည်း(၁)

မိဘတို့သည် မိမိတို့သားသမီးတို့အား ကျွေးသောအစာကိုသတိပြုကြပါသည်။ ကလေးကျန်းမာသန်စွမ်းစွာ ကြီးထွားခြင်းငှါ သန့်ရှင်းသောအာဟာရပြည့်ဝသော အစားအစာကိုတိုက်ကျွေးတတ်ကြ၏။ အဘယ်မိဘကမျှ မိမိသားသမီးကို တမင်တကာ အဆိပ်ကျွေးမည်မဟုတ်ပါ။ ထိုနည်းတူ ကျွန်တော်တို့စားသုံးသောအစားအစာ သန့်ရှင်းခြင်းရှိမရှိကို သတိပြုကြရပါမည်။ မသန့်ရှင်းသော အစားအစာစားမိလျှင် ဗိုက်နာခြင်းဖြစ်တတ်၏။ ပြင်းထန်ခဲ့လျှင် အော့အန်ခြင်းအဆက်မပြတ်ဖြစ်၍ ဝမ်းသွားကာ အသက်ဆုံးရှုံးသည့်အထိ ဖြစ်နိုင်ပါသည်။

ခရစ်ယာန်သည် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် အသက်ရှင်၏ (တရား ၈း၃၊ မသဲ ၄း၄)။ ကျွန်တော်တို့အသက်ဝိညာဉ်အတွက် အစာဖြစ်ပါသည်။ ထို့ကြောင့် သမ္မာကျမ်းစာက ကျွန်တော်တို့ကြီးထွားခြင်းရှိမည်အကြောင်း "နို့စစ်ဖြစ်သော နှုတ်ကပတ်တော်ကို" နှစ်သက်ခြင်းရှိရမည်ဟု (၁ ပေ ၂း၂) ဖော်ပြခဲ့ပါသည်။ နို့စစ်ဟုဆိုရာတွင် သန့်ရှင်းသော၊ အရောအနှောကင်းရှင်းခြင်းကို ဆိုလို၏။ ဝိညာဉ်ရေးရာ၌ ကြီးထွားခြင်းရှိမည်အကြောင်း ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော်တို့စားသုံးကြရပါမည်။ ထိုသို့မပြုလျှင် ဝိညာဉ်အဖို့အန္တရာယ်ရှိပါ၏။ ဤအမှုကို လျစ်လျူရှု၍မရပါ။

Carl McIntire က ဤအမှု၏အရေးကြီးပုံကို ဤသို့ဖော်ပြခဲ့ပါသည်။ "ကျွန်ုပ်တို့ခန္ဓာကိုယ်အတွက်စားသုံးသောအစားအစာသည် သန့်ရှင်းသော၊ အဆိပ်အတောက်ကင်းသော အစာဖြစ်ရမည်အကြောင်း အတွေ့အကြုံအရ ကျွန်တော်တို့သိထားပါသည်။ ထိုနည်းတူ ဘုရားသခင်၏နှုတ်ကပတ်တော်က ကျွန်ုပ်တို့၏စိတ်ဝိညာဉ်အဖို့ အစားအစာသည်လည်း သန့်ရှင်းသော၊ အဆိပ်အတောက်ကင်းသောအစာဖြစ်ရမည်ဟု ဖော်ပြထားပါသည်။ ခန္ဓာကိုယ်အတွက် စားသုံးသောအစာသည် အဆိပ်ရှိလျှင် လူကိုသေစေတတ်၏။ ဝိညာဉ်အစာသည်လည်း အဆိပ်ရှိခဲ့လျှင် စိတ်ဝိညာဉ်ပျက်စီးတတ်၏"။ ထို့ကြောင့် ကျွန်ုပ်တို့၏အစားအစာသည် သန့်ရှင်းခြင်းရှိရမည်အကြောင်း အထူးလိုအပ်ပါသည်။

၂ ကော ၂း၁၇ထဲတွင် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို မှောက်လှန်ဖျက်ဆီးသောသူအများရှိကြောင်း ဖော်ပြခဲ့၏။ "အနည်းငယ်" မဟုတ်၊ "အချို့" မဟုတ်၊ များစွာသောလူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုမှားယွင်းစွာ၊ ကောက်ကျစ်စဉ်းလဲစွာကိုင်တွယ်ခဲ့ကြ၏။ သမ္မာကျမ်းစာကို မိမိတို့၏မှားယွင်းသောအကျင့်၊ အတွေးအခေါ်နှင့်ကိုက်ညီခြင်းရှိစေရန် စိတ်ကြိုက်သွေဖယ်စေကြပြီး မိမိတို့ကိုယ်ကျိုးစီးပွားအတွက် နှုတ်ကပတ်တော်ကို ကွေ့ပတ်လှည့်စားပြောဆိုဟောတတ်ကြပါသည်။ လူတို့၏အသက်တာပျက်စီးခြင်းရှိသည် မရှိသည်ကို ဂရုမစိုက်ဘဲကြိုက်သလိုဟောပြောကြ၏။ မိမိတို့၏ဇာတိပကတိဆန္ဒဖြည့်ဆည်းခြင်းငှါ သမ္မာတရားကို မှောက်လှန်ခဲ့ကြ၏။ ထိုသို့သောလူတို့ကိုသတိပြုပါ။ "ညီအစ်ကိုတို့ သင်တို့ခံရပြီးသော ဆုံးမဩဝါဒနှင့်ဆန့်ကျင်ဘက်ဖြစ်သော သင်းခွဲခြင်း၊ မှားယွင်းခြင်းအကြောင်းကို ပြုတတ်သောသူတို့ကို မှတ်၍ရှောင်ကြလော့ဟု ငါသတိပေး၏" (ရောမ ၁၆း၁၇)။

**ဆင်ခြင်ရန်** - မှားယွင်းသောတရားဟောဆရာ၏ လက္ခဏာများက အဘယ်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ဝိညာဉ်ရေးရာအမှု၌ အဆိုးအကောင်းခွဲခြားတတ်သော အသိဉာဏ်အလင်းရှိမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၁၅)

**၂ ကော ၂း၁၇**

သုတ္တံ ၁၉း၂၇

*"ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို မှောက်လှန်သောသူများတို့နှင့် ငါတို့သည်မတူ"*

---

## အဘယ်အစားအစာကျွန်တော်တို့စားပါသနည်း(၂)

ပေါလုနှင့်သူ၏အပေါင်းအဖော်တို့သည် ခရစ်တော်၏အစေခံကျွန်အဖြစ် ခေါ်ခြင်းခံရပြီး ထိုအမှု၌သစ္စာရှိခဲ့ကြ၏။ ပထမအချက်အနေဖြင့် သူတို့သည်စိတ်သဘောထားဖြူစင်စွာအမှုတော်ဆောင်ကြ၏။ ထိုအချက်၏သက်သေမှုကား ဘုရားသခင်၏နှုတ်ကပတ်တော်ကို မည်သို့ကိုင်တွယ်ကြသနည်းဟူသောအချက်ဖြစ်ပါသည်။ သူတို့သည် သစ္စာရှိစွာနှုတ်ကပတ်တရားတော်ကို ဟောပြောခဲ့ကြ၏။ သမ္မာတရားဟောပြောခြင်း၌ ဘုရားသခင်စေလွှတ်တော်မူကြောင်းကို သူတို့သိကြသဖြင့် ထိုအမှု၌သစ္စာရှိစွာဆက်ကပ်ခဲ့ကြ၏။ ထို့ကြောင့် လူအချို့က လက်မခံသည့်တိုင် ဘုရားသခင်၏နှုတ်ကပတ်တော်အလုံးစုံကိုဟောပြောခဲ့ကြ၏။ ထို့ပြင် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း နေထိုင်ကျင့်ကြံခဲ့ကြပါသည်။ ဤအရာတို့သည် နှုတ်ကပတ်တော်ဟောပြောခြင်း၌ ဘုရားသခင်ခေါ်တော်မူခြင်းခံရသော သူတို့၏လက္ခဏာဖြစ်ပါသည်။

မှားယွင်းသောတရားဟောဆရာများသည် ယခုမှပေါ်ထွက်လာခြင်းမဟုတ်ပါ။ ဣသရေလသည် ကမ္ဘာအနှံ့ပျံ့နှံ့ခြင်းမရှိမီကတည်းကပင် သမိုင်းတစ်လျှောက် မှားယွင်းသောပရောဖက်တို့၏ အဆိပ်သင့်ခြင်းကို ခံခဲ့ရပါသည်။ ကျော်ကြားလိုသောကြောင့်ဖြင့်၊ ငွေကြေးအကျိုးအမြတ်ရလို၍သော်၎င်း၊ ပရောဖက်တို့သည် မှားယွင်းသောကျန်းမာခြင်း၊ ကြွယ်ဝခြင်းသတင်းစကားကို လူတို့ထံ ဟောပြောကြ၏။ လူတို့၏အပြစ်ကို ဖော်ထုတ်ဆုံးမခြင်းမပြုလိုကြ။ ဘုရားသခင်၏အပြစ်စီရင်ခြင်းအကြောင်း သတိမပေးဘဲနေကြ၏။ ထိုပရောဖက်တို့အကြောင်းကို ဘုရားသခင်က "ငါမစေလွှတ်ဘဲ ထိုပရောဖက်တို့သည် ပြေးကြပြီ။ ငါမမှာထားဘဲ သူတို့သည် ကိုယ်အလိုအလျောက်ဟောပြောကြပြီ" (ယေရမိ ၂၃း၂၁)။

ဝမ်းနည်းစရာကောင်းသည်မှာ ဣသရေလလူတို့သည် ထိုသို့သောပရောဖက်တို့ကို မငြင်းပယ်ဘဲလက်ခံခဲ့ကြ၏။ ယေရမိ ၅း၃၁ ထဲတွင် "ပရောဖက်တို့သည် မဟုတ်မမှန်ဟောပြောကြ၏။ ယဇ်ပုရောဟိတ်တို့သည် ဝန်ခံ၍အစိုးရကြ၏။ ထိုသို့သောအမှုကိုငါ၏လူတို့သည် နှစ်သက်ကြ၏။ ထိုအမှုဆုံးသောအခါ သင်တို့သည်အဘယ်သို့ပြုကြလိမ့်မည်နည်း" ဟုဖော်ပြထားပါသည်။ သူတို့သည် အဆိပ်ရောနှော နေသောအစာကိုနှစ်သက်ခဲ့ကြ၏။

ထိုနည်းတူ၊ ကောရိန္သုမြို့ရှိအသင်းတော်သည် မှားယွင်းသောတရားဟောဆရာတို့နှင့် ပေါလု၏တရားဟောချက်မတူညီမှုကို သိရှိမှတ်သားနားလည်ခဲ့သင့်ပါသည်။ သို့သော်လည်း သူတို့သည် မှားယွင်းသောတရားဟောဆရာတို့၏ ခေါ်ဆောင်ရာသို့လိုက်သွားခဲ့ကြ၏။ ထိုသို့မဖြစ်သင့်ပါ။ လက်တွေ့လိုက်လျှောက်ခြင်းအတွက် ကျွန်တော်တို့သည်ခန္ဓာကိုယ်အစားအစာအတွက် အထူးသတိထားကြသည်ဖြစ်လျှင် ဝိညာဉ်အစားအစာအတွက်ပို၍ သတိထားကြရပါမည်။ မှားယွင်းသောသတင်းမဟုတ်ဘဲ သမ္မာတရားကိုသာလက်ခံစားသုံးမည်အကြောင်း ကျွန်တော်တို့စိတ်နှလုံးကိုသတိပြုကြရပါမည်။ ကျွန်တော်တို့စားသုံးသောအစားအစာသည် အထူးအရေးကြီးလှပါ၏။ ထို့ကြောင့် သတိပြုကြပါစို့။

**ဆင်ခြင်ရန်** - သုတ္တံ ၁၉း၂၇ ကိုဖတ်ပါ။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏စင်ကြယ်သောနှုတ်ကပတ်တော်သည် အစဉ်ဟောပြောခြင်းရှိပါစေသော။

ကြာသပတေး၊ ဇန်နဝါရီ (၁၆)

**၂ ကော ၃း၁-၃**

၁ ကော ၄း၄-၅

*“ငါတို့သည်တဖန် ကိုယ့်ကိုကိုယ် ချီးမွမ်းကြသလော”*

## အကျိုးရှိသောချီးမွမ်းခြင်း

လူတစ်ဦးသည် ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာတင်သောအခါ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ထောက်ခံစာနှင့်တကွ တင်သွင်းရပါသည်။ ထိုနည်းတူရာထူးတိုးရန် လျာထားခြင်းခံရသောသူသည်လည်း ထိုသို့သောထောက်ခံစာလိုအပ်ပါသည်။ ဤထောက်ခံစာထဲတွင် ထိုပုဂ္ဂိုလ်၏အကျင့်စာရိတ္တကောင်းမွန်ခြင်း ပညာသင်ထောက်ပံ့ကြေး(သို့) ရာထူးတိုးရန် သင့်လျော်ကြောင်း ချီးမွမ်းရေးခြင်းပါရပါမည်။

ခရစ်သက္ကရာဇ်ပထမရာစုနှစ်တွင် ခရီးသွားသောခရစ်ယာန်တို့အား ထိုသို့သောထောက်ခံစာပေးအပ်ခြင်းခံခဲ့ကြ၏။ သို့မှသာ အသင်းတော်ကထိုသူသည် ရိုးသားပြီးလက်ခံသင့်သောသူဟုသိ၍လက်ခံခဲ့ကြ၏။ ပေါလု၌ထိုသို့သောထောက်ခံစာမရှိခဲ့ဟု ထင်ရပါသည်။ ထို့ကြောင့် ဆန့်ကျင်သောသူတို့က သူ၏ဂုဏ်သိက္ခာနှင့်ပတ်သက်၍ မေးခွန်းထုတ်ခဲ့ကြခြင်းဖြစ်၏။ ထို့ပြင် (မှားယွင်းသော) ထောက်ခံစာများ ထိုသူတို့၌ရှိခဲ့မည်ဟု ထင်ရပါသည်။ ထို့ကြောင့်ပေါလုသည် သူတို့နှင့်နှိုင်းယှဉ်သောအခါ ဘာမျှမဟုတ်ဖြစ်ခဲ့ရ၏။

ပေါလုက တုံ့ပြန်၍မိမိ၌ထိုသို့သောထောက်ခံစာ၊ ချီးမွမ်းစာမလိုကြောင်း ဆိုခဲ့၏။ ကောရိန္သုလူတို့သည်ပို၍သိသင့်ပါသည်။ ကောရိန္သုအသင်းတော်ကို တည်ထောင်ခြင်းငှါ ဘုရားသခင်က ပေါလုကိုအသုံးပြုခဲ့၏(တမန် ၁၈)။ ထို့ကြောင့် ကောရိန္သုလူတို့ထံ ပေါလုသည်မိမိကိုယ်ကို ထပ်၍မိတ်ဆက်အသိပေးစရာလိုသေးသလော။ အစကတည်းက ပေါလုသည် မည်ကဲ့သို့ပြုမူကျင့်ကြံ၍ နေထိုင်ကြောင်းကို သူတို့သိမြင်ခဲ့ရပြီးဖြစ်ပါသည်။

ထို့ပြင် ကောရိန္သုလူတို့သည် ပေါလု၏စစ်မှန်သောအမှုတော်ဆောင်ခြင်း၏ သက်သေများဖြစ်ကြပါသည်။ ပေါလုဟောပြောသောခရစ်တော်၏သတင်းကောင်းအားဖြင့် သူတို့၏အသက်တာ၊ ပြောင်းလဲခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့သတင်းကောင်းတန်ခိုးတော်၏ ပြောင်းလဲစေခြင်းခံရသောသူတို့၏အသက်တာသည် ကျောက်ပေါ်၌ထွင်းထားသောစာ(သို့) မှင်ဖြင့်ရေးထားသောစာထက် တန်ဖိုးကြီးလှပါ၏။ ကောရိန္သုခရစ်ယာန်တို့သည် “မှင်နှင့်ရေးထားသောစာမဟုတ်၊ အသက်ရှင်တော်မူသောဘုရားသခင်၏ဝိညာဉ်တော်နှင့်ရေး၍၎င်း၊ . . . ခရစ်တော်၏စာထင်ရှားစွာဖြစ်ကြ၏” (၂ ကော ၃း၃)။ ဤစာသည် စာရွက်ပေါ်၌ရေးသားထားသောချီးမွမ်းထောက်ခံစာထက် အဆပေါင်းများစွာသာ၏။

တစ်ဖက်တွင် ခရစ်ယာန်လောက၌လည်း ဓမ္မပညာဘွဲ့များစွာရလျက်ပင် ဝိညာဉ်ရေးရာ၌၎င်း၊ ဘုရားသခင်ကြောက်ရွံ့ခြင်းအမှု၌၎င်း စစ်မှန်ခြင်းမရှိသောသူများစွာ ရှိနိုင်ပါသည်။ ထိုသို့သောလူမဖြစ်ရပါ။ ထို့ကြောင့်ဘုရားသခင်၏ ထောက်ခံချီးမွမ်းခြင်းသာလျှင် အဓိကကျပါ၏။ ၁ ကော ၄း၄-၅ ကိုဖတ်ပါ။

**ဆင်ခြင်ရန်** - စစ်မှန်သောဝိညာဉ်အသက်တာလော၊ အကျိုးမရှိသောဘွဲ့လက်မှတ်လော။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ချီးမွမ်းစကားကို အကျွန်ုပ်ကြားလို့လှပါ၏။

**၂ ကော ၃း၄-၆**

ယောဟန် ၁၅း၁-၅

*"ဘုရားသခင်ကိုအမှီပြု၍ သာတတ်နိုင်သည်"*

## အကျွန်ုပ်တို့၏တတ်နိုင်မှုသည် ဘုရားသခင်ကြောင့်သာလျှင်ဖြစ်၏

ရှင်ပေါလုကိုဆန့်ကျင်သောသူတို့သည် မိမိတို့၏ဂုဏ်ကိုဖော်ထုတ်တတ်သော၊ ဝါကြွားသောသူများဖြစ်ကြ၏။ သူတို့သည်မိမိတို့၏အစွမ်းနှင့် ဥာဏ်ရည်ကိုကိုးစားကြ၏။ ခရစ်တော်ထံမဟုတ်ဘဲ မိမိတို့ထံ နောက်လိုက်တို့အားဆွဲခေါ်တတ်ကြပါသည် (တမန် ၂၀း၃၀)။

တစ်ဖက်တွင်ပေါလုသည် လူ့ခွန်အားမဟုတ်ဘဲ မိမိ၏ကယ်တင်ရှင်ကိုသာ ယုံကြည်ကိုးစားခြင်းရှိ၏။ အမှုတော်မြတ်၌အောင်မြင်ခြင်းရရှိသောအခါ ဘုရားသခင်အား လျှင်မြန်စွာချီးမွမ်းတတ်၏။ ဤအောင်မြင်မှုသည် မိမိ၏ဥာဏ်စွမ်းကြောင့်မဟုတ်၊ ဘုရားသခင်ကြောင့်သာလျှင် ဖြစ်ကြောင်းကို ကောရိန္ထုခရစ်ယာန်တို့အား သိစေလို၏။ ကယ်တင်ခြင်းသည်ဘုရားသခင်အပိုင်ဖြစ်တော်မူ၏ (ယောန ၂း၉)။ ပေါလုက သတင်းကောင်းကိုဟောပြော၏။ သို့သော်လည်း ကောရိန္ထုလူတို့၏အသက်တာ၌ ကယ်တင်ခြင်းကိုမူ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘုရားသခင်ပြုတော်မူခြင်းဖြစ်ပါသည်။ "ငါသည် စိုက်ပျိုးသောသူဖြစ်၏။ အာပေါလုသည်ရေလောင်းသောသူဖြစ်၏။ အပင်ကိုကြီးပွားစေသောသူကား ဘုရားသခင်ပေတည်း"( ၁ ကော ၃း၆)။

သို့သော်လည်း အမှုတော်ဆောင်ခြင်း၌ ပေါလုသည် များစွာသောအခက်အခဲဒုက္ခကိုကြုံတွေ့ခဲ့ပါသည်။ တစ်ခါတစ်ရံ ညှင်းပန်းနှိပ်စက်ခြင်းနှင့် စိတ်အားငယ်ခြင်းတို့လည်း ကြုံရတတ်၏ (၂ ကော ၁း၈)။ ထိုသို့သောအခက်အခဲကြားတွင် ပေါလုဆက်လက်ရှင်သန်နိုင်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် မစတော်မူခြင်းကြောင့်ဖြစ်ပါသည်။

အောင်မြင်ခြင်းရသောအခါ ဘုရားသခင်ကိုမေ့လျော့၍ မိမိ၏အစွမ်းဖြင့်ရသည်ထင်ပြီး ကိုယ့်အားကိုကိုး၍ရှေ့ဆက်သွားဖို့ရန် အတွေးခေါင်းထဲ၌ရောက်လာတတ်၏။ ဝါကြွားခြင်း၏လှည့်စားမှုကြောင့် ဘဝသည်အဆင်ပြေသည်ဟု ထင်ရပြီးအရာရာတိုင်း၌ ဘုရားသခင်ကိုမေ့ပြီး၊ အချည်းနှီးအမှုပြုတတ်ကြ၏။ လူ့ရှေ့၌ ဘယ်လောက်ပင်ကောင်းမွန်လှပစေကာမူ ခရစ်တော်အားဖြင့်မပြုသောအမှုတိုင်းသည် ဘုရားသခင်လက်ခံတော်မူသောအမှုမဟုတ်ပါ။

မိမိ၏စွမ်းအားကို ကိုးစားသောသူသည် ဘဝ၏ကြမ်းတမ်းမှုနှင့်မိမိ၏စွမ်းဆောင်နိုင်မှုနည်းပါးခြင်းကိုသိမြင်ကြပါလိမ့်မည်။ အချို့သောသူသည် ကြောက်ရွံ့ခြင်းကြောင့် လောကီနိယာမနှင့် အတွေးအခေါ်တို့ကို အသုံးပြုတတ်ကြ၏။ အချို့သည် ဘုရားသခင်ထံ မစခြင်းတောင်းလျှောက်မှုမပြုဘဲ မိမိကိုယ်ကိုအားငယ်စိတ်နှင့် စိတ်ပျက်လျှက်နေကြ၏။ ခရစ်တော်ထံတိုးဝင်မှသာလျှင် ထိုခရစ်တော်၌ လုံလောက်သောအင်အားကို တွေ့ရှိကြရမည်ဖြစ်ပါသည်။ ခရစ်တော်မပါလျှင် အဘယ်အမှုကိုမျှ ကျွန်တော်တို့မတတ်နိုင်ပါ (ယောဟန် ၁၅း၅)။

**ဆင်ခြင်ရန်** - သင့်ဘဝ၌အဘယ်အရာကို သင်ကိုးစားပါသနည်း။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်၏ခိုလှုံကိုးစားရာကျောက်သည် ခရစ်တော်သာလျှင်ဖြစ်ပါ၏။

စနေ၊ ဇန်နဝါရီ (၁၈)

**၂ ကော ၃း၄-၆**

ရောမ ၂း၂၈-၂၉

*"ကျမ်းဟောင်းတရားသည် အသက်ကိုသတ်တတ်၏၊ ဝိညာဉ်တော်တရားမူကား ရှင်စေတတ်၏"*

## ဝိညာဉ်တော်လော၊ ကျမ်းဟောင်းတရားလော

ပေါလုသည် မိမိကိုဆန့်ကျင်သောသူတို့ကဲ့သို့မဟုတ်ဘဲ ဘုရားသခင်ကိုလုံးဝကိုးစားခဲ့ပါသည်။ မိမိအားအမှုတော်ဆောင်ရွက်နိုင်ခြင်းငှါ ခွန်အားပေးသောသူသည် ဘုရားသခင်ဖြစ်ကြောင်း သိခဲ့၏။ ပေါလုသည်ခရစ်တော်ကို ချစ်သောစိတ်နှလုံးဖြူစင်ခြင်းဖြင့် ဘုရားသခင်နှင့်နှုတ်ကပတ်တော်ကို နာခံလိုက်လျှောက်ပြီး ဝိညာဉ်တော်၌ကျင်လည်ခဲ့ပါသည်။ သူသည် ဓမ္မသစ်၏စစ်မှန်သော အမှုတော်ဆောင်ဖြစ်သကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်၏ အစွမ်းတန်ခိုးအားဖြင့် အမှုတော်ဆောင်သည်ဖြစ်သောကြောင့် ထိုအမှုတော်သည် တန်ခိုးနှင့်ပြည့်စုံလျက်ရှိ၏။

တစ်ဖက်တွင် မှားယွင်းစွာစွပ်စွဲသောသူတို့သည် ဘုရားတရားကိုင်းရှိုင်းချင် ယောင်ဆောင်ကြ၏။ အပြင်ပန်းအနေဖြင့် သူတို့သည် "သန့်ရှင်းသော" သူကဲ့သို့ပေါ်လွင်ကြသော်လည်း အတွင်း၌ ဘုရားကိုချစ်ခြင်းမေတ္တာမရှိ။ ဝိညာဉ်ရေးရာအချက်နှင့်ကင်းလွတ်ကြပါသည်။ သူတို့၏ "အမှုတော်" သည် ဖာရိရှဲတို့ကဲ့သို့ဖြစ်၍ အပြင်မှာတရားလိုက်လျှောက်သယောင်ရှိပြီး အတွင်း၌ဝံပုလွေကဲ့သို့ဖြစ်ကြ၏။ သူတို့သည် ခရစ်တော်ကိုနှုတ်အားဖြင့် ချဉ်းကပ်၍ချီးမွမ်းကြသော်လည်း သူတို့၏စိတ်နှလုံးသည် ခရစ်တော်နှင့်ဝေးလျက်ရှိပါသည် (မသဲ ၁၅း၈)။ ထို့ကြောင့် သူတို့၏အမှုတော်သည် အသက်မရှိသောအမှုဖြစ်ပါသည်။ ထို့ကြောင့် ပေါလုက "ပဋိညာဉ်တရားသစ်၏ ဆရာဖြစ်နိုင်သောအစွမ်းသတ္တိကိုဘုရားသခင်သည် ငါတို့အားပေးတော်မူ၏။ ထိုသို့ဆိုသော် ကျမ်းဟောင်းတရားကိုမဆိုလို။ ဝိညာဉ်တော်တရားကိုဆိုလို၏။ ကျမ်းဟောင်းတရားသည် အသက်ကိုသတ်တတ်၏။ ဝိညာဉ်တော်တရားမူကားရှင်စေတတ်၏" (၂ ကော ၃း၆) ဟုဆိုခြင်းဖြစ်ပါသည်။

"သို့သော်လည်းသန့်ရှင်းသောဝိညာဉ်တော်သည် လူ၏စိတ်နှလုံးကိုလွှမ်းမိုးသောအခါ ပညတ်တရားလိုက်လျှောက်ခြင်းရှိ၍ စစ်မှန်သောစိတ်သဘောထားမြင်တွေ့ရတတ်၏ (ရောမ ၂း၂၇-၂၉ ကိုဖတ်ပါ)။ ကျမ်းဟောင်းတရားမဟုတ်ဘဲ ဝိညာဉ်တော်ကသာလျှင်လူ့စိတ်နှလုံးကို ပြောင်းလဲစေတော်မူ၏။ အပြင်ပန်းပညတ်တရားလိုက်လျှောက်ခြင်း(ကျမ်းဟောင်းတရား) နှင့် ဝိညာဉ်တော်အားဖြင့် ပညတ်တရားကိုအမှန်လိုက်လျှောက်ခြင်းဟူ၍ခွဲခြားကြရပါမည်။ ထိုသို့အမှန်လိုက်လျှောက်ခြင်း၌ အသက်ရှင်ခြင်းရှိ၏" (Kistemaker)။

စိုးရိမ်စရာကောင်းသည်မှာ ဘုရားကျောင်းမှန်မှန်သွားခြင်းနှင့် ဘာသာရေးဝတ္တရားကျေပွန်ခြင်းတို့က သူတို့ဝိညာဉ်အတွက်တော်လုပါပြီဟု ထင်သောသူများရှိနိုင်ပါသည်။ ထိုသို့သောသူတို့ သည် ခရစ်တော်ကို ယုံကြည်ကိုးစားခြင်းမရှိဖြစ်နိုင်ပါသည်။ ထိုသို့သောသူတို့သည် သတင်းကောင်းကြားနာခြင်းအားဖြင့် နှုတ်ကပတ်တရားနှင့်ဝိညာဉ်တော်ဖြင့် အမှန်ဒုတိယမွေးခြင်းခံကြပါစေသော်။

ကျွန်ုပ်တို့၏အသက်တာသည် ဘာသာတရားဟန်ဆောင်မှုသက်သက်မဟုတ်၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရား၌ စစ်မှန်ဖြူစင်သော သစ္စာရှိသောအသက်တာဖြစ်ကြပါစေသော။

**ဆင်ခြင်ရန်** - ဘာသာတရားကိုင်းရှိုင်းချင် ယောင်ဆောင်မှုသည် အဘယ့်ကြောင့်ဘုရားသခင် စက်ဆုပ်ရွံ့ရှာသောအရာဖြစ်သနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ သန့်ရှင်းသောဝိညာဉ်တော်၌အမှန်ကျင်လည်သောသူဖြစ်မည် အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဇန်နဝါရီ (၁၉)

**၂ ကော ၃း၇-၁၈**

ယောဟန် ၁း၁၇

*"ဖြောင့်မတ်စေတတ်သောတရားသည် ဘုန်းအာနုဘော်နှင့်သာ၍ ကြွယ်ဝပြည့်စုံလိမ့်မည်"*

## ဘုန်းအာနုဘော်နှင့်ကြွယ်ဝသောသတင်းကောင်းအမှုတော်မြတ်

၂ ကော ၃း၇-၈ သည် ထွက် ၃၄း၂၉-၃၅၌တွေ့ရသောအကြောင်းကို ပြန်၍ညွှန်ပြခြင်းဖြစ်ပါသည်။ မောရှေသည်ဒုတိယအကြိမ် ထွင်းထားသောကျောက်ပြားနှစ်ပြားပေါ်၌ရေးသားထားသောပညတ်တော်ဆယ်ပါးကို ကိုင်လျက်သိနာတောင်ပေါ်မှဆင်းလာခဲ့၏။ ထိုသို့ဆင်းလာစဉ် သူ၏မျက်နှာသည်လင်းလက်ခြင်းရှိ၍ လူတို့သည်သူ၏မျက်နှာကို စေ့စေ့မကြည့်နိုင်ခဲ့ကြပါ။

ထိုသို့လူတို့ရှေ့၌ ဘုန်းတော်ထင်ရှားခြင်းရှိသော်လည်း၊ ပညတ်တရားပြုသောအမှုကို "သေခြင်း၏တရား" (၂ ကော ၃း၇)ဟု ဖော်ပြခဲ့ပါသည်။ အဘယ့်ကြောင့်နည်း။ ပညတ်တရားမကောင်းသောကြောင့်မဟုတ်၊ ပေါလုကပညတ်တရားသည် သန့်ရှင်း၏၊ မှန်ကန်၏၊ ကောင်း၏ဟုဖော်ပြခဲ့ပါသည် (ရောမ ၇း၁၂)။ ထို့ပြင် ပညတ်တော်ဆယ်ပါးကို ဘုရားသခင်ကိုယ်တိုင်ရေးသားထားခြင်းဖြစ်၏။ ထို့ကြောင့် ပညတ်တရားပြုသောအမှုသည် ဘုန်းကြီးသောအမှုဖြစ်ပါသည်။

ပြဿနာသည် ပညတ်တရား၌မဟုတ်၊ လူ၌သာဖြစ်ပါသည်။ ပညတ်တော်သည် လူ၏အဖြစ်မှန်ကိုဖော်ထုတ်၍ အပြစ်ကိုစီရင်ချက်ခ်ခြားကဲ့သို့ ရှုတ်ချခဲ့ပါသည် (ရောမ ၃း၁၉-၂၀)။ အပြစ်၏အခကားသေခြင်းပေတည်း (ရောမ ၆း၂၃)။ "သို့ဖြစ်လျှင် ကောင်းမြတ်သောအရာသည် ငါ၌သေခြင်းအကြောင်းဖြစ်သလော၊ မဖြစ်နိုင်ရာ။ အပြစ်တရားသည် မိမိသဘောကိုထင်ရှားစေခြင်းငှါ ကောင်းမြတ်သောအရာအားဖြင့် ငါ၌သေခြင်းကိုပြု၍သေခြင်းအကြောင်းဖြစ်၏။ ထိုသို့ဖြစ်သောကြောင့် အပြစ်တရားသည် ပညတ်တော်အားဖြင့် အလွန်အပြစ်နှင့်ပြည့်စုံခြင်းရှိသတည်း" (ရောမ ၇း၁၃)။ ထို့ကြောင့် ပညတ်တော်ပြုသောအမှု သည် လူတို့အတွက် သေခြင်းတရားဖြစ်သတည်း။

သို့ဆိုလျှင် အဘယ့်ကြောင့် ဓမ္မသစ်တရားပြုသောအမှုသည် ပို၍ကြီးမြတ်ခြင်းရှိပါသနည်း။ အကြောင်းမှာ လူတို့သည်သတင်းကောင်းအားဖြင့် ထာဝရအသက်ရကြမည်ဖြစ်သောကြောင့်တည်း။ ဘုရားသခင်၏တစ်ပါးတည်းသောသားတော် ခရစ်တော်သည် လူသားများ၊ ဘုရားသခင်၏သားများဖြစ်ကြမည့်အကြောင်း ဤလောကသို့လူ့ဇာတိခံ ကြွလာခဲ့ပါသည်။ သူသည် ကျွန်ုပ်တို့အပြစ်များအတွက် ကိုယ်စားခံပေးတော်မူပြီး ဖျန်ဖြေခြင်းအမှုကိုဆောင်ရွက်တော်မူ၏။ "အကြောင်းမူကား၊ ပညတ်တရားတော်ကို မောရှေလက်တွင်ပေးတော်မူ၏။ ကျေးဇူးတရားနှင့်သစ္စာတရားမူကား ယေရှုခရစ်အားဖြင့်ဖြစ်သတည်း" (ယောဟန် ၁း၁၇)။

ယခုအခါ သတင်းကောင်းအမှုတော်မြတ်၌ ကျွန်တော်တို့ပါဝင်ခွင့်ရခြင်း၏ မြတ်သောအခွင့်ထူးကိုသိလျှက် ခရစ်တော်အတွက်ကြိုးစား၍သက်သေခံကြပါစို့။

**ဆင်ခြင်ရန်** - သတင်းကောင်းဟောပြောခြင်းအမှုတော်ကို ယနေ့ကျွန်တော်တို့ ကြိုးစားဆောင်ရွက်ကြရပါမည်။

**ဆုတောင်းချက်** - အဖဘုရား၊ ခရစ်တော်၏သတင်းကောင်းကိုဟောပြောခြင်းငှါ ရဲရင့်ခြင်းအကျွန်ုပ်အားပေးတော်မူပါ။

tagged below

အင်္ဂါ၊ ဇန်နဝါရီ (၂၁)

**၂ ကော ၃း၁၇-၁၈**

ဂလာတိ ၅း၁၃-၁၇

*"သခင်ဘုရား၏ဝိညာဉ်တော်တရားသည် လွတ်ခြင်းချမ်းသာကိုပေးတတ်၏"*

# ဝိညာဉ်တော်၌လွတ်မြောက်ခြင်း

၂ ကော ၃း၁၇ ကိုလူလွတ်မြောက်ခြင်းဟုမြင်သော ရှေ့နေများရှိခဲ့ကြ၏။ သို့သော်လည်း ဤကျမ်းပိုဒ်သည် ထိုလွတ်မြောက်ခြင်းထက်ပို၏။ ဝိညာဉ်နှင့်ဆိုင်သောလွတ်မြောက်ခြင်းသည် ခန္ဓာကိုယ်တစ်ခုတည်းမဟုတ်၊ အသက်ဝိညာဉ်လည်းပါ၏။

သို့ဆိုလျှင် သန့်ရှင်းသောဝိညာဉ်တော်၌တည်သော ကျွန်ုပ်တို့၏လွတ်မြောက်ခြင်းသည် မည်သို့သောလွတ်မြောက်ခြင်းနည်း။ ရှေ့ကျမ်းပိုဒ်၌ပေါလုက သမ္မာတရားကိုနားမလည်ခြင်း၌ လူ့စိတ်နှလုံးကိုဖုံးအုပ်သော အဖုံးအအုပ်အကြောင်းကို ဖော်ပြထားပါသည်။ ထို့ကြောင့်၊ အငယ် ၁၇ ၌တွေ့ရသောလွတ်မြောက်ခြင်းသည် ခရစ်တော်အားချဉ်းကပ်ခြင်း၊ ဝိညာဉ်တော်အားဖြင့် ထိုအဖုံးအကာဖယ်ရှားခြင်းအကြောင်းတည်း။ ထိုအခါ အပြစ်၏ချုပ်နှောင်မှုမှ လွတ်မြောက်ခြင်းရှိ၏။ လူသည် ခရစ်တော်ထံမချဉ်းကပ်မီ၊ သူသည်အပြစ်၌သေသောသူဖြစ်ပါသည် (ဧဖက် ၂း၁၊ ကောလောသဲ ၂း၁၃)။ အပြစ်ကိုသာပြုလျက်ရှိ၏။ သို့သော်လည်း ဝိညာဉ်တော်၏အသစ်တဖန် မွေးဖွားစေခြင်းခံရသောအခါ၊ သူသည် အပြစ်ပြုခြင်း၌လူသေဖြစ်လာခဲ့၏ (ရောမ ၆း၂၊ ၁၁၊ ၁၈)။ အပြစ်၏ကျွန်မဟုတ်တော့ဘဲ၊ ဖြောင့်မတ်ခြင်း၏အစေခံကျွန်ဖြစ်လာခဲ့ပါသည်။

သို့သော်လည်း၊ အပြစ်မှလွတ်မြောက်ခြင်းကို အပြစ်လွတ်လပ်စွာပြုခွင့်ရခြင်းမဟုတ် ကြောင်း သိထားကြရပါမည်။ ဝမ်းနည်းစရာကောင်းသည်မှာ အပြစ်အားလုံးခရစ်တော်၌ ခွင့်လွတ်ခြင်း ခံရပြီဖြစ်သောကြောင့် လူသည်မိမိကြိုက်သလို နေနိုင်၏ဟုသင်ပေးသောသူများ ရှိကြပါသည်။ ဤသည်ကား ကျေးဇူးတော်ကိုမှားယွင်းစွာ သဘောပေါက်ခြင်းနှင့် အလွဲသုံးစားလုပ်ခြင်းပင်ဖြစ်၏။ ထိုသွန်သင်ချက်ကို ပေါလုကဤသို့ ရှုတ်ချခဲ့ပါသည် - "ညီအစ်ကိုတို့ သင်တို့သည် လွတ်ခြင်းအခွင့်ကို ရသောသူဖြစ်ကြ၏။ သို့သော်လည်း ဇာတိပကတိအား အခွင့်ကိုပေး၍ ထိုလွတ် ခြင်းကိုမသုံးကြနှင့်။ အချင်းချင်းချစ်၍အမှုချင်းကို ဆောင်ရွက်ကြလော့။ အကြောင်းမူကား ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသောပညတ်တပါးကို ကျင့်လျှင် ပညတ်တရားရှိသမျှကိုအကြွင်းမဲ့ကျင့်ရာရောက်၏" (ဂလာတိ ၅း၁၃-၁၄၊ ရောမ ၆း၁၈-၂၃ ကိုလည်းကြည့်ပါ)။ တမန်တော်ပေတရုကလည်း - " ငါတို့သည် အပြစ်နှင့်ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌အသက်ရှင်" (၁ ပေ ၂း၂၄) ကြ၏ဟုဆိုခဲ့ပါသည်။ ထို့ကြောင့် ဝိညာဉ်တော်၌ တည်သောခရစ်ယာန်တို့၏လွတ်မြောက်ခြင်းသည် ဘုရားသခင်ရှေ့တော်၌ မှန်ကန် သောအကျင့်၊ ဘုရားသခင်စိတ်တော်နှင့်နှစ်သက်သော အကျင့်ကိုကျင့်ရမည့် လွတ်လပ်ခြင်းဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့်၊ ဝိညာဉ်တော်၌တည်သော လွတ်မြောက်ခြင်း၌အပြစ်ဒဏ်ပေးခြင်းမှ လွတ်မြောက်ခြင်းပါဝင်ကြောင်း ဆင်ခြင်ကြည့်ပါလော့။ ကျမ်းစာက အပြစ်၏အခကား သေခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည် (ရောမ ၆း၂၃)။ သို့သော်လည်း၊ ခရစ်တော်ယေရှု၌ ကျွန်တော်တို့သည် ထာဝရသေခြင်းမဟုတ်ဘဲ၊ ထာဝရအသက်ရှင်ခြင်းဆုကျေးဇူးကို ရရှိခဲ့ကြပြီ။ "အိုသေမင်း၊ သင်၏လက်နက်သည်၊ အဘယ်မှာရှိသနည်း။ အိုမရဏာနိုင်ငံ၊ သင်၏အောင်ခြင်းသည် အဘယ်မှာရှိသနည်း" (၁ ကော ၁၅း၅၅)။ ဝိညာဉ်တော်၌ တည်သောကျွန်ုပ်တို့၏လွတ်မြောက်ခြင်းသည် ကြီးမြတ်တော်မူသောလွတ်မြောက်ခြင်း ပေတည်း။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ခရစ်ယာန်လွတ်မြောက်ခြင်းကို ဘုရားသခင်နှစ်သက်တော်မူသော အမှုပြုခြင်း၌မည်သို့အကောင်းဆုံးအသုံးပြုပါမည်နည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ဝိညာဉ်တော်၌တည်သောအကျွန်ုပ်၏လွတ်မြောက်ခြင်းအတွက် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

**၂ ကော ၄း၁-၆**

၁ တိ ၁း၁၂-၁၃

*“. . . ကရုဏာကျေးဇူးတော်ကိုခံရသည်နှင့်အညီ အားလျော့စိတ်ပျက်ခြင်းနှင့် ကင်းလွတ်ကြ၏”*

## စိတ်ပျက်အားလျော့ခြင်းမရှိပါနှင့်

ဘုရားသခင်မစတော်မူခြင်းဆိုသည်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော်တို့နာခံ၍ဘဝ၌ ဘုရားသခင်၏လမ်းညွှန်မှုအတိုင်း လိုက်လျှောက်သောအခါ ဘုရားသခင်သည်မစတော်မူ၍ ကောင်းသောအောင်မြင်မှုပေးတော်မူ၏။ သို့သော်လည်း ဘုရားသခင်စေခိုင်းတော်မူသောအမှုတော်ဆောင်ရွက်ခြင်း၌ အခက်အခဲဒုက္ခမရှိဟုမဆိုလိုပါ။ ပေါလု၏အသက်တာ၌ ဤအမှုသည် ထင်ရှားလှပါသည်။ ဘုရားသခင်၏အမှုတော်ကို သစ္စာရှိစွာကြိုးစားဆောင်ရွက်စဉ် သူသည်ကြီးစွာသောအခက်အခဲနှင့် ဆန့်ကျင်မှုကိုကြုံတွေ့ခဲ့ပါသည်။

တမန် ၁၆ ထဲတွင် ဘုရားသခင်ပေးသော ရူပါရုံအားဖြင့် ပေါလုနှင့်သိလတို့သည် မာကေဒေါနိပြည်သို့ကြိုးစားသွားခဲ့ကြ၏။ တရောမြို့မှ ဖိလိပ္ပိမြို့တိုင်အောင် ဘုရားသခင်ကလမ်းခရီးဖြောင့်ဖြူးစေခဲ့ပါသည် (တမန် ၁၆း၁၁-၁၂)။ ဖိလိပ္ပိမြို့တွင် သတင်းကောင်းဟောပြောခြင်းအားဖြင့် ဘုရားသခင်စိတ်နှလုံးဖွင့်ပေးတော်မူခြင်းခံရ၍ ကယ်တင်ခြင်းခံရသော လုဒိနှင့်ဆုံတွေ့ခဲ့ကြပါသည်။ သို့သော်လည်း မိမိသခင်တို့က ငွေကြေးရှာဖွေခြင်း၌အသုံးပြုသော မိန်းကလေးတစ်ဦးထံမှ အနာဂတ်အကြောင်းကိုဟောသောဝိညာဉ် မောင်းထုတ်ခဲ့ကြသောကြောင့် ပေါလုနှင့်သိလသည် ထောင်ထဲသို့ရောက်ခဲ့ကြ၏။ သို့သော်လည်း ပေါလုနှင့်သိလသည် စိတ်ပျက်အားလျော့ခြင်းမရှိဘဲ ထောင်ထဲ၌ဘုရားသခင်ကိုချီးမွမ်းလျက် သီချင်းဆိုခဲ့ကြ၏။ နောက်ဆုံးတွင်ဘုရားသခင်က အခွင့်ကောင်းပြင်ဆင်ပေးပြီး ပေါလုသည်ထောင်မှူးထံ သတင်းကောင်းဟောပြောသဖြင့် သူသည်ဝမ်းမြောက်စရာကောင်းစွာ ကယ်တင်ခြင်းခံရခဲ့၏။

ပေါလုက အမှုတော်ဆောင်ခြင်း၌ အခက်အခဲကြုံတွေ့ရသော်လည်း မိမိစိတ်ပျက်အားလျော့ခြင်းမရှိခြင်းအကြောင်းကို ရှင်းပြခဲ့ပါသည်။ ယနေ့ကျမ်းပိုဒ်အစ၌ တွေ့ရသော “ထို့ကြောင့်” ဟူသော စကားလုံးသည် ၂ ကော ၃း၆-၁၈ ကိုပြန်၍ညွှန်ပြခြင်းဖြစ်ပါသည်။ ထိုအချက် ဟူမူကား ပဋိညာဉ်သစ်တရား၏ဘုန်းတော်မြတ်ပင်ဖြစ်ပါ၏။ သတင်းကောင်းဟောပြောသောသူ ဖြစ်သော ပေါလုသည် ဤအမှုတော်ကိုကရုဏာကြွယ်ဝတော်မူသော ဘုရားသခင်ထံမှရရှိခြင်းဖြစ်ပါ သည် (၁ တိ ၁း၁၂-၁၃ ကိုကြည့်ပါ)။သူသည် အသင်းတော်ကိုညှင်းပန်းနှိပ်စက်ခဲ့သော အပြစ်သားတစ်ဦးဖြစ်ခဲ့ပါသည်။ သို့သော်လည်း ဘုရားသခင်က မိမိ၏ကရုဏာတော်အားဖြင့် ကယ်တင်ခဲ့ပြီး ဤအမှုတော်မြတ်၌ တာဝန်ပေးခဲ့ခြင်းဖြစ်၏။ မိမိ၏အမှုတော်ကိုဆောင်ရွက်စေခြင်းငှါ ကရုဏာတော်နှင့်ကောင်းမြတ်တော်မူခြင်းအားဖြင့် ဘုရားသခင်ခန့်ထားတော်မူသည်ဖြစ်သောကြောင့် ထိုတာဝန်ကိုပြီးစီးဆောင်ရွက်နိုင်ခြင်းငှါ ဘုရားသခင်က ခွန်အားပေးတော်မူမည်ဟု ပေါလုယုံကြည်ခြင်းရှိ၏။ ဤသည်ကားအခက်အခဲကြုံတွေ့သောအခါ၌ ပေါလုအတွက်ခွန်အားနှင့် ယုံကြည်မှုကိုဖြစ်စေသောအရာဖြစ်ပါသည်။

ကျွန်တော်တို့သည်လည်း ဘုရားသခင်ကယ်တင်တော်မူခြင်းခံရသောသူဖြစ်ကြပြီး ခရစ်တော်အတွက် သက်သေအဖြစ် ခေါ်ခြင်းခံသောသူဖြစ်ကြပါသည်။ အဘယ်အမှုတော်၌ ဘုရားသခင်က သင့်ကိုခေါ်တော်မူသနည်း။ ထိုသို့အမှုတော်ဆောင်စဉ် စိတ်ပျက်အားလျော့ခြင်းမရှိကြ ပါနှင့်။

**ဆင်ခြင်ရန်** - ၁ ရာ ၃၀း၆ ကိုဖတ်ပါ။ ထိုအချက်မှသင်ဘာသင်ယူရပါသနည်း။

**ဆုတောင်းချက်** - အဖဘုရား၊ မှန်တိုင်းထန်စဉ် ကိုယ်တော်သည်အကျွန်ုပ်၏ခွန်အားဖြစ်တော်မူ၏။

ကြာသပတေး၊ ဇန်နဝါရီ (၂၃)

**၂ ကော ၄း၂**
၁ သက် ၂း၃-၅

*“. . . လူအပေါင်းတို့၏စိတ်ထင်အတိုင်း ချီးမွမ်းဖွယ်သောအကျင့်ဓလေ့ကို ကျင့်ကြ၏”*

## ပွင့်လင်းမြင်သာသောအမှုတော်

၂ ကော ၄း၂ က ပေါလု၏အမှုတော်ဆောင်ခြင်းသည် မှားယွင်းသောအရာတို့၏အမှုတော်ဆောင်ခြင်းနှင့်ဆန့်ကျင်လျက်ရှိကြောင်း ဖော်ပြလျက်ရှိ၏။ ပေါလုကိုဆန့်ကျင်သောသူတို့၏ အမှုတော်သည် မုသာနှင့်ဝှင်း၊ လှည့်စားခြင်းနှင့်ဝှင်း ပြုကြပြီး ပေါလုမူကား ပွင့်လင်းမြင်သာမှုရှိ အမှုတော်ကိုဆောင်ရွက်ခဲ့၏။

ပွင့်လင်းမြင်သာမှုရှိခြင်းအချက်နှစ်ချက်တွေ့ရပါသည်။ ပထမအချက်မှာ ပေါလုပြုသောအမှုတော်သည် စစ်မှန်သောသန့်ရှင်းခြင်းဖြင့်ပြုခြင်းဖြစ်ပါသည်။ “စိတ်ကွယ်ရာအရပ်၌ပြုသောရှက်ဖွယ်သောအမှုများ” (၂ ကော ၄း၂) ဆိုသည်မှာ လူနောက်ကွယ်၌ပြုသောအပြစ်ကိုဆိုလို၏။ အပြစ်သည် အရှက်ကိုဖြစ်စေတတ်၏။ သို့သော်လည်း လူတို့သည်ဘာသာတရားနောက်ကွယ်၌ ပုန်းဖို့ကြိုးစားတတ်ကြပြီး အပြစ်ကိုကျူးလွန်တတ်ကြ၏။ ဤသို့သောလူတို့သည် အတွင်း၌ဝံပုလွေကဲ့သို့ဖြစ်လျက် သိုးသရေခြုံသောဘာသာရေးဆရာများ ဖြစ်ကြ၏ (မသဲ ၇း၁၅)။

ပေါလုသည် ဖာရိရှဲဖြစ်ခဲ့စဉ် ထိုအသက်တာနှင့်အသက်ရှင်ခဲ့ဖူး၏။ သို့သော်လည်း ဒမသက်မြို့လမ်း၌ ပြောင်းလဲခဲ့ပြီးနောက်တွင် ထိုသို့သောအရှက်ရစရာအသက်တာကို စွန့်လွှတ်ခဲ့ပါသည်။ ယခုအခါ သူသည်အပြစ်ကိုရှုံရှာ၍ ကြိုးစားတိမ်းရှောင်ခဲ့ပါသည်။ ဤသည်ကား အပြစ်တင်ခွင့်နှင့်လွတ်သောအသက်တာ ဘုရားနှစ်သက်သောအသက်တာဖြင့် နေထိုင်ကျင့်ကြံခြင်း၌ ဆက်ကပ်မှုဖြစ်ပါ၏။ ပေါလု၏အသက်တာသည် ခရစ်တော်၏နှစ်သက်ဖွယ်သောအသက်တာကို ပေါ်လွင်စေသော ဖွင့်ထားသည့်စာအုပ်ပင်ဖြစ်ပါသည်။

ဒုတိယအချက်မူကား ပေါလုသည် နှုတ်ကပတ်တော်၏စစ်မှန်သောတရားဟောဆရာဖြစ်ပါသည်။ ဘုရားသခင်၏အကြံအစည်တော်ကို အကျွန်ုပ်အစဉ်ဟောပြောခြင်း၌ ကြိုးစားအားထုတ်၍ (တမန် ၂၀း၂၆-၂၇) ချန်လှပ်ခြင်းတစ်ခုမျှမပြုပါ။ သူသည် “ချိုသော” သွန်သင်ချက်ကိုဘဲမဟုတ်၊ “ချဉ်သော” သွန်သင်ချက်တရားများကိုလည်း ဘုရားသခင်၏အလိုတော်အတိုင်း ဟောပြောသင်ကြားပေးခဲ့ပါသည်။ မိမိကိုယ်ကျိုးအတွက်နှုတ်ကပတ်တော်ကို လှည့်စားခြင်းဖြင့် ဟောပြောသောသူတို့ကဲ့သို့ ပေါလုမပြုပါ။ သူသည် နှုတ်ကပတ်တရားတော်ကိုမှန်ကန်စွာ ခွဲခြမ်းစိတ်ဖြာသောအမှုတော်ကောင်းဖြစ်၏ (၂ တိ ၂း၁၅)။ သူသည် စစ်မှန်သောသင်းအုပ်၊ စံပြသင်းအုပ်ဖြစ်ပါ၏ (၂ တိ ၄း၁-၆) ကိုကြည့်ပါ။

တစ်ဖက်တွင် သူ့ကိုဆန့်ကျင်သောသူတို့သည် ပိုက်ဆံအတွက်အာဏာနှင့် ကျော်ကြားမှုအတွက် ဟန်ဆောင်ကြိုးစားအမှုပြုကြ၏။ ထိုသို့ဘုရားသခင်၏နှုတ်ကပတ်တရားကို ကြိုက်သလိုကိုင်တွယ်သောသူတို့သည် ပြစ်ဒဏ်စီရင်ခြင်းမခံဘဲ မနေရကြပါ (နှိုင်း၊ ဗျာ ၂၂း၁၈-၁၉)။

ဘုရားရှေ့လူရှေ့၌ပွင့်လင်းမြင်သာစွာအမှုတော်ဆောင်ရွက်ကြပါစို့။ ဟန်ဆောင်ခြင်းမပြုကြပါနှင့်။ ဘုရားသခင်ကိုလှည့်စား၍မရပါ။

**ဆင်ခြင်ရန်** - ဘယ်အရာမှ ဖုံးကွယ်၍မရပါ။
**ဆုတောင်းချက်** - အဖဘုရား၊ ဟန်ဆောင်သောအသက်တာမရှိမည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဇန်နဝါရီ (၂၄)

**၂ ကော ၄း၃-၄**

ဟောရှာ ၆း၉-၁၀

*“ဤလောကကိုအစိုးရသောဘုရားသည်*
*သူတို့၏ဉာဏ်မျက်စိကို ကွယ်စေ၏”*

## စီရင်ခြင်းဖြင့် ဉာဏ်မျက်စိကွယ်စေခြင်း (၁)

သင့်ကိုအဘယ့်ကြောင့် ဘုရားသခင်ရွေးချယ်ကယ်တင်ခဲ့ပါသလဲဟူသော အချက်ကို သင်စဉ်းစားအံ့သြခြင်းရှိပါသလား။ အမှန်အံ့သြစရာကောင်းသည်မှာ ဘုရားသခင်က တစ်စုံတစ်ယောက်ကိုကယ်တင်ခြင်းငှါ တာဝန်ရှိသလောဟူ၍ဖြစ်၏။ ကျွန်တော်တို့အားလုံးသည် ကယ်တင်ခြင်းနှင့်မထိုက်တန်သောသူဖြစ်ကြ၏။ ကျွန်တော်တို့၌ကောင်းသောအရာတစ်ခုမျှ မရှိပါ။ ကောင်းမှုတစ်စုံတစ်ခုပြုသောသူလုံးဝမရှိပါ (ရောမ ၃း၁၂)။ သို့သော်လည်း သမ္မာကျမ်းစာထဲတွင် ကယ်တင်ခြင်းခံရစေခြင်းငှါ ကျွန်ုပ်တို့အား ကမ္ဘာမတည်မရှိမီအချိန်မှစ၍ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမိမိအလိုတော်အတိုင်း ချစ်တော်မူပြီး ရွေးကောက်တော်မူခဲ့ကြောင်း ဖော်ပြထားပါသည် (ဧဖက် ၁း၄-၆)။ ဤသည်ကား သန့်ရှင်းသူတို့၏အကြောင်းပြချက်မရှိသောဘုရားသခင်၏ ရွေးကောက်တော်မူခြင်းတရားပင်ဖြစ်ပါသည်။ ဤတရားကိုမှန်ကန်စွာ သဘောပေါက်လျှင်၊ ကျွန်တော်တို့သည် မိမိပြုသောအမှုကြောင့်မဟုတ်ဘဲ၊ ခရစ်တော်ပြုတော်မူသောအမှုအားဖြင့် ကယ်တင်ခြင်းခံရကြသော ကြောင့် နှိမ့်ချခြင်းစိတ်သဘောရှိကြရပါမည် (နှိုင်း၊ ဧဖက် ၂း၈-၁၀)။ ကယ်တင်ခြင်းသည် ဘုရားသခင်ကိုယ်တိုင် ရွေးကောက်တော်မူခြင်းဖြင့် ဖြစ်၏။ ကယ်တင်ခြင်းသည် ဘုရားသခင်အပိုင် ဖြစ်တော်မူ၏ (ယောန ၂း၉)။

တစ်ဖက်တွင်၊ ပျောက်ဆုံးသောသူတို့သည် ရွေးကောက်ခြင်းမခံသောသူတို့ဖြစ်ကြ၏။ ဤတရားကို အငယ် ၃ ထဲတွင် ဖော်ပြထားပါသည်။ သတင်းကောင်းသည် ဆုံးရှုံးသောသူတို့ထံ ဖုံးအုပ်လျက်ရှိခဲ့၏။ သို့သော်လည်း၊ ကျွန်တော်တို့သိထားဖို့လိုအပ်သည်မှာ အပြစ်သားဆုံးရှုံးခြင်းသည် မိမိကိုယ်တိုင်၏အလိုတာဝန်ဝတ္တရားသာလျှင် ဖြစ်ပါသည်။ ဘုရားသခင်ကိုသူဆန့်ကျင်ခဲ့ပြီး၊ ဘုရားသခင်၏အမျက်တော်နှင့် ထိုက်တန်မှုရှိပါသည်။ Buswell က “ဆုံးရှုံးသူ၏ဆုံးရှုံးခြင်းအကြောင်းရင်းသည် ဆုံးရှုံးသူကိုယ်တိုင်၌ တည်၏” ဟုဆိုခဲ့ပါသည်။

ယနေ့ကျမ်းပိုဒ်ထဲတွင်၊ ပေါလုက မိမိကိုဆန့်ကျင်သောသူတို့သည် စာတန်တည်းဟူသော ဤလောကီကိုအစိုးရသောမင်း (နှိုင်း၊ ဧဖက် ၂း၂)၏ မျက်စိကွယ်စေခြင်းကိုခံရသောသူများဖြစ်ကြောင်းရှင်းပြခဲ့ပါသည်။ ဤသည်ကား ဘုရားသခင်၏စီရင်ခြင်းနှင့်ဆိုင်သော ဉာဏ်အလင်းကွယ်စေခြင်းပင်ဖြစ်၏။ ပေါလုကိုစွပ်စွဲသောသူတို့သည် သူတို့၏စိတ်နှလုံးကိုခိုင်မာစေကြသောကြောင့်၊ စာတန်အား သူတို့၏အသိဉာဏ်အလင်းကို ဝိညာဉ်ရေးရာ၌ကွယ်စေခြင်းငှါ ဘုရားသခင်ခွင့်ပြုတော်မူခဲ့၏။ ဤအချက်ကို ဘုရားသခင်က ဟောရှာယထံ ဤသို့မိန့်တော်မူခဲ့၏။ “ထာဝရဘုရားကလည်း ထိုလူမျိုးရှိရာသို့သွားပြီးလျှင် သင်တို့သည်ကြားလျက်ပင် အနက်ကိုနားမလည်ဘဲ ကြားကြလိမ့်မည်။ မြင်လျက်ပင် အာရုံမပြုဘဲမြင်ကြလိမ့်မည်ဟု ပြောလော့။ ထိုသို့ မျက်စိမမြင်၊ နားမကြား၊ စိတ်နှလုံးမသိ၊ အကျင့်မပြောင်းလဲ၊ သူတို့အနာရောဂါကိုငါမငြိမ်းစေရသည်တိုင်အောင် သူတို့စိတ်နှလုံးကိုမိုက်စေလော့။ သူတို့နားကိုလည်း ထိုင်းစေလော့။ သူတို့မျက်စိကိုလည်း ပိတ်လော့ဟု မိန့်တော်မူ၏” (ဟောရှာ ၆း၉-၁၀)။

ကျွန်တော်တို့သည်ခရစ်တော်နှင့်နှုတ်ကပတ်တရားတော်ကို ဆန့်ကျင်၍ စိတ်နှလုံးခိုင်မာစေခြင်းမပြုကြရန် သတိပြုကြပါစို့။

**ဆင်ခြင်ရန်** - “အကျွန်ုပ်၌ကောင်းသောအချက်ရှိသောကြောင့် ရွေးချယ်ခြင်းမဟုတ်ပါ” (M'Cheyne)။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော့်ကိုအရာခပ်သိမ်း ကျွန်တော်အကြွေးတင်ပါ၏။

စနေ၊ ဇန်နဝါရီ (၂၅)

**၂ ကော ၄း၃-၄**

ယုဒ ၄

*“ဤလောကကိုအစိုးရသောဘုရားသည် သူတို့၏ဉာဏ်မျက်စိကို ကွယ်စေ၏”*

# စီရင်ခြင်းဖြင့် ဉာဏ်မျက်စိကွယ်စေခြင်း(၂)

ဒဏ်ခတ်စီရင်ခြင်းဖြင့် ဉာဏ်မျက်စိကွယ်စေခြင်းတရားကို ယုဒ(၄) ထဲ၌လည်း ဤသို့ဖော်ပြခဲ့ပါသည် - “အဘယ်ကြောင့်နည်းဟူမူကား ငါတို့ဘုရားသခင်၏ကျေးဇူးတော်ကို ကိလေသာ၏ညစ်ညူးခြင်းအလို့ငှါ မှောက်လှန်လျက်တစ်ပါးတည်းအစိုးရတော်မူသောအရှင် ငါတို့သခင်ယေရှုခရစ်ကို ငြင်းပယ်လျက် အပြစ်ခံစေခြင်းငှါ ရှေးကစီရင်မှတ်သားနှင့်သော အဓမ္မလူအချို့တို့သည် ပရိယာယ်နှင့် အမှတ်တမဲ့ဝင်ကြပြီ”။ သူတို့သည် ပျက်စီးခြင်းအမှု၌ ဘုရားသခင်ခွဲခန့်ထားခြင်းခံရကြသော်လည်း ထိုပျက်စီးခြင်းအတွက် ခြေလှမ်းတိုင်း၌သူတို့ကိုယ်တိုင်သည် တရားခံဖြစ်ကြ၏။ ဘုရားသခင်နှင့်သမ္မာတရားကို စိတ်နှလုံးထဲမှ အစဉ်ဆန့်ကျင်ခဲ့ကြ၏။ မနေ့ကဖော်ပြသည်အတိုင်း - “ဆုံးရှုံးသူ၏ဆုံးရှုံးခြင်းအကြောင်းရင်းသည် ဆုံးရှုံးသူကိုယ်တိုင်၌ တည်၏” (Buswell)။

Rev Timothy Tow ကဤအကြောင်းကို ဤသို့ရှင်းပြခဲ့ပါသည် - “ဘုရားသခင်ချမှတ်ထားသောအစီအစဉ်၌ ဘုရားသခင်၏အဆုံးစွန်အာဏာရှိတော်မူခြင်းနှင့် လူ့တာဝန်တို့သည် အံ့ဖွယ်ပါဝင်ကြ၏။ ဤအချက်ကိုတရားဥပဒေအရ ဤသို့ဖော်ပြကြပါစို့။ ကွန်ပ်ပါတီပွဲ၌ သင့်ကိုကျွန်တော်ဖိတ်ထားသည်ဆိုပါစို့။ လမ်း၌သင်သည် ငှက်ပျောခွံနင်းမိ၍သင့်ဒူးဆစ်ကျိုးခဲ့၏။ အဘယ်သူကိုအပြစ်တင်ရမည်နည်း။ သင်လော၊ ကျွန်တော်လော။ ဥပဒေအရကျွန်ုပ်ကိုသင်တရားစွဲနိုင်မည်လော”။

ထို့ကြောင့် အထက်အကြောင်းအရာမှ ကျွန်တော်တို့မြင်တွေ့ရသောအချက်မှုကား ပြစ်တင်ခြင်းခံရမည့်သူသည် ဖိတ်ခေါ်သောသူမဟုတ်ဘဲ ဒူးဆစ်ကျိုးသောသူကိုယ်တိုင်သာလျှင် ဖြစ်ပါသည်။

သို့ဆိုလျှင် ဤဘုရားသခင်ချမှတ်ထားတော်မူသောအစီအစဉ်၏ အံ့ဖွယ်အမှုနှင့်ပတ်သတ်၍ မည်သို့ရှင်းပြရပါမည်နည်း။ တရား ၂၉း၂၉ သည် အဖြေဖြစ်ပါ၏ - “မထင်ရှားသောအရာတို့သည် ငါတို့ဘုရားသခင် ထာဝရဘုရား၏အငန်းအတာဖြစ်ကြ၏။ ဖော်ပြတော်မူသောအရာတို့သည် ကာလအစဉ်မပြတ် ငါတို့နှင့်ငါတို့သားသမီးများတို့၏ အငန်းအတာဖြစ်၍ ဤပညတ်တရားအလုံးစုံတို့ကို စောင့်ရှောက်ရမည်အကြောင်းတည်း”။ ခရစ်တော်၏သတင်းကောင်းကို ကျွန်တော်တို့ဟောပြောသောအခါ အချို့သည်ယုံကြည်၍ အချို့သည်ငြင်းပယ်ကြပါလိမ့်မည်။ ထာဝရအသက်ရခြင်းငှါ ဘုရားသခင်ခန့်အပ်ခြင်းခံရသော သူတို့ ကို ဘုရားသခင်ကယ်တင်တော်မူလိမ့်မည် (တမန် ၁၃း၄၈)။ ကျွန်တော်တို့ဂရုစိုက်ရမည်မှာ မည်သူ သည် ရွေးကောက်ခြင်းခံ၍ မည်သူမခံသနည်းဟူသောအချက်မဟုတ်ပါ။ ဤအမှုသည် ဘုရားသခင်၏လျှို့ဝှက်ချက်ဖြစ်တော်မူ၏။ ကျွန်တော်တို့ဂရုစိုက်ရမည့်အရာဟူမူကား ဘုရားသခင်၏နှုတ်ကပတ် တော်ကိုနာခံလျက် မဟာခိုင်းစေချက်ကိုကြိုးစားဆောင်ရွက်ခြင်းသာဖြစ်ပါသည်။ လုပ်ဆောင်ရမည့်အရာကို လုပ်ဆောင်လျက် နောက်ဆက်အကျိုးကိုဘုရားလက်ထဲ၌အပ်ပါလေ့။

**ဆင်ခြင်ရန်** - ဤဘဝ၌ အကျွန်ုပ်၏တာဝန်တို့သည်အဘယ်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏တာဝန်ကို ကျေပွန်စွာဆောင်ရွက်နိုင်မည်အကြောင်း မစတော်မူပါ။

# ဟောပြောသောတရားသည် ခရစ်တော်ပေတည်း

ဗတ္တိဇံဆရာယောဟန်ကဲ့သို့ ပေါလုသည်မိမိ၏အကျင့်နှင့်တရားဟောခြင်းတို့တွင် ခရစ်တော်၏ဘုန်းတော်ထင်ရှားစေခြင်းကိုသာ အဓိကထား၏။ "ထိုသခင်သည် တိုးပွားခြင်းရှိရမည်။ ငါမူကား ဆုတ်ယုတ်ခြင်းရှိရမည်" (ယောဟန် ၃း၃၀)။

ပေါလု၏တရားဟောခြင်းသည် ဘယ်သောအခါမျှ မိမိ၏အပြောကောင်းခြင်းနှင့် အတွေးအခေါ်ပြသခြင်းမဟုတ်ပါ။ ၁ ကော ၂း၁-၅ ထဲတွင် ဤသို့ဖော်ပြခဲ့ပါသည် - "ညီအစ်ကိုတို့ ငါသည် သင်တို့ရှိရာသို့ရောက်လာသောအခါ ဘုရားသခင်၏သက်သေချက်ကို ထူးမြွတ်သောစကားနှင့် ထူးမြွတ်သောပညာအားဖြင့် သင်တို့အားပြသ၍ရောက်လာသည်မဟုတ်။ အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာအသေခံတော်မူသော သခင်မှတပါး အဘယ်အရာကိုမျှ သင်တို့တွင် ငါမသိမမှတ်ဟု စိတ်ပြဋ္ဌာန်းခြင်းရှိ၏။ သင်တို့နှင့်အတူ ငါရှိနေသောအခါ အားနည်းခြင်း၊ အလွန်ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့်တကွ ငါရှိနေ၏။ သင်တို့၏ယုံကြည်ခြင်းသည် လူပညာအားဖြင့် မတည်။ ဘုရားသခင်၏တန်ခိုးတော်အားဖြင့် တည်စေခြင်းငှါ ငါ့စကား၊ ငါ့ဒေသနာသည် လူပညာနှင့်ယှဉ်သော၊ ဖြားယောင်းသောစကားနှင့်တကွ ရှိသည်မဟုတ်။ ဝိညာဉ်တော်၏နိမိတ်လက္ခဏာ၊ တန်ခိုးတော်နှင့်တကွ ရှိ၏"။

အဓိက ပေါလုဖော်ပြလိုသောအချက်မှာ သတင်းကောင်းယုံကြည်လက်ခံခြင်းအစွမ်းတန်ခိုးသည် မိမိထံမှမဟုတ်ဘဲ ဘုရားသခင်ထံမှဖြစ်ကြောင်းဟူ၍ ဖြစ်၏ (၂ကော ၄း၆)။ ဘုရားသခင်က မိမိ၏နှုတ်တန်ခိုးတော်အားဖြင့် အလင်းဖန်ဆင်းခြင်းဖြစ်သော ကမ္ဘာ ၁း၃ ကိုလည်း ဖော်ပြထားပါသည်- "ဘုရားသခင်ကလည်း အလင်းဖြစ်စေဖို့ အမိန့်တော်ရှိ၍အလင်းဖြစ်လေ၏"။ ဘုရားသခင်သည် ဤလောကအလင်းကို ပေးတော်မူသောသူဖြစ်ကဲ့သို့ လူ၏စိတ်နှလုံးအသိဉာဏ်ကို လင်းစေသောဝိညာဉ်အသိဉာဏ်အလင်းပေးတော်မူသော သူလည်းဖြစ် ၏။ ပေါလုသည် ဘုရားသခင်လက်တော်ထဲမှ တန်ဆာပလာတစ်ခုသာလျှင်ဖြစ်ပါသည်။ ခရစ်တော် ၏အစေခံကျွန်ဖြစ်သည်နည်းတူ ခရစ်တော်၏ဘုန်းတော်ထင်ရှားစေခြင်းငှါ လူတို့၏အမှုကို စိတ်ပါလက်ပါ ဆောင်ရွက်ခဲ့ပါသည်။

တစ်ဖက်တွင် ပေါလုကိုဆန့်ကျင်သောသူတို့သည် မိမိတို့အကြောင်းကို ဟောပြောတတ်ကြ၏။ လူတို့၏နှစ်သက်ချီးမွမ်းခြင်းခံရန် တရားဟောကြ၏။ သူတစ်ပါးအပေါ် အမြတ်ထုတ်ခြင်းငှါ သူတစ်ပါးကို မည်သို့ခြယ်လှယ်မည်အကြောင်း သိကြ၏။ သူတို့၌အစေခံ၏စိတ်သဘောထား လုံးဝမရှိပါ။ "ထိုသူတို့သည် မြည်တမ်း၍အပြစ်တင်တတ်သောသူ၊ ကိုယ်တပ်မက်ခြင်းအတိုင်း ကျင့်တတ်သောသူ၊ ထောင်လွှားသောစကားကိုပြောတတ်သောသူ၊ ကိုယ်အကျိုးစီးပွားကြောင့် သူ့မျက်နှာကို ထောက်ထား ခံ့ညားတတ်သောသူဖြစ်ကြ၏" (ယုဒ ၁၆)။

ခရစ်တော်၏အမှုတော်၌ သင်မည်သို့နေထိုင်ကျင့်ကြံပြုမူသနည်း။ ပေါလုကဲ့သို့လော။ ဆန့်ကျင်သူများကဲ့သို့လော။ ခရစ်တော်၏အမှုတော်မြတ်၌ ဘယ်တော့မှမိမိကိုယ်ကျိုးကိုမရှာပါနှင့်။

**ဆင်ခြင်ရန်** - ခရစ်တော်သည် တိုးပွားခြင်းရှိ၍ ကျွန်တော်သည်ဆုတ်ယုတ်ခြင်းရှိရမည်။
**ဆုတောင်းချက်** - အဘဘုရား၊ အစေခံစိတ်နှလုံးကို အကျွန်ုပ်အားပေးတော်မူပါ။

တနင်္လာ၊ ဇန်နဝါရီ (၂၇)

**၂ ကော ၄း၇-၁၂**

၂ ကော ၁၂း၉

*"ထိုဘဏ္ဍာသည် မြေအိုးထဲမှာထည့်ထားလျက် ငါတို့၌ရှိ၏"*

## မြေအိုးထဲရှိဘဏ္ဍာ

မြေအိုးထဲရှိအကျွန်ုပ်တို့၏ ဘဏ္ဍာသည်အဘယ်နည်း (၂ ကော ၄း၇)။ အဖြေကို အပိုဒ်ငယ် ၆ ထဲတွင်တွေ့ရပါသည်။ ထိုအရာကား "ယေရှုခရစ်၏မျက်နှာ၌ထွန်းလင်းသော ဘုရားသခင်၏ဘုန်းတော်ကိုသိသော ဉာဏ်၏အလင်းရောင်" (ဆိုလိုသည်မှာ ကယ်တင်ခြင်းသတင်းကောင်း သိမြင်ခြင်းဖြစ်၏) ပင်ဖြစ်ပါသည်။ ယခုကျွန်တော်တို့၌ ထိုအသိဉာဏ်ရှိကြပြီဖြစ်သော ကြောင့် ကျွန်ုပ်တို့၏မြေအိုးတည်းဟူသော ခန္ဓာကိုယ်နှင့်စိတ်နှလုံးအားဖြင့် ဤမှောင်မိုက်သော ကမ္ဘာ လောက၌ ခရစ်တော်အတွက် သက်သေခံကြရပါမည်။

ပေါလုခေတ်၌ ပစ္စည်းများသိုထားဖို့ရန် မြေအိုးများအသုံးပြုခဲ့ကြပါသည်။ သို့သော်လည်း ထိုမြေအိုးတို့သည် ထိခိုက်မိလျှင် ကွဲလွယ် ပျက်စီးလွယ်ကြ၏။ ထိုနည်းတူ ကျွန်ုပ်တို့၏ခန္ဓာကိုယ်နှင့် စိတ်နှလုံးသည် အားနည်း၍ ဘဝအခက်အခဲ၌ လဲကျလွယ်လှပါသည်။

သို့ဆိုလျှင် အဘယ့်ကြောင့် ဘုရားသခင်က သတင်းကောင်းဘဏ္ဍာကိုမြေအိုးထဲ၌ သိုထားပါသနည်း။ အကြောင်းမှာ ဘုရားသခင်ဘုန်းတော်နှင့်တန်ခိုးတော်သည် အားနည်းသောလူ၌ ထင်ရှားစွာပေါ်လွင်စေရန်ဖြစ်ပါသည် (နှိုင်း၊ ၂ ကော ၁၂း၉)။ ကွဲလွယ်ပျက်လွယ်သော ဤ"မြေအိုး"တို့သည် ခရစ်တော်၏အမှုတော် ကြိုးစားဆောင်ရွက်ခြင်း၌ ကြံ့ကြံ့ခံရှေ့ဆက်နိုင်ခြင်းသည် ခရစ်တော်၏ တန်ခိုးတော်သက်သက်ကြောင့်ဖြစ်ပါသည်။ "ကွဲလွယ်အားနည်းသောအမှုတော်ဆောင်လူသားတို့ကို အသုံးပြုခြင်းအားဖြင့် လူတို့၏အသက်တာပြောင်းလဲစေခြင်းတန်ခိုးသည် တရားဟောဆရာကြောင့် မဟုတ်ဘဲ ဘုရားသခင်ကိုယ်တိုင်ထံမှဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေခဲ့ပါသည်"(Kent)။

ထို့ကြောင့် ပေါလုက မိမိ၏အဓိကပစ်မှတ်ကို ပေါ်လွင်စေရန်ဆန့်ကျင်ဘက် တရားလေးခုကိုဖော်ပြခဲ့ပါသည် (၂ ကော ၄း၈-၉)၊ "နှောင့်ယှက်ခြင်းကိုခံရသော်လည်း အကျုံးနည်းခြင်းသို့မရောက်၊ မကြံစည်နိုင်အောင် ရှိသော်လည်း စိတ်မပျက်။ ညှဉ်းဆဲခြင်းကိုခံရသော်လည်း ဆုံးခြင်းမရှိ။ အောက်သို့လှဲခြင်းကိုခံရသော်လည်း ဆုံးရာသို့မရောက်"။ ဤအချက်တို့သည် လူတို့ကယ်တင်ခြင်းခံရ၍ သန့်ရှင်းသူတို့တည်ဆောက်စရာအကြောင်းအဘို့ သတင်းကောင်းအမှုတော်ဆောင်ခြင်း၌ ပေါလုနှင့်အပေါင်းအဖော်တို့ ကြုံတွေ့ရသောအခက်အခဲ၊ ဒုက္ခဆင်းရဲများဖြစ်ပါသည်။ ဤသို့ပေါလုက ထပ်၍ဆိုခဲ့ပါသည်။ " သို့ဖြစ်၍ သေခြင်းတရားသည်ငါတို့၌ပြုပြင်တတ်၏။ သင်တို့၌ကား အသက်ရှင်ခြင်းတရားသည် ပြုပြင်တတ်၏" (၂ ကော ၄း၁၂)။

ယနေ့လေ့လာသောအကြောင်းအရာကို "အစဉ်ယုံကြည်ကိုးစားခြင်းရှိလော့" ဟူသော ဓမ္မသီချင်းထဲ၌ ဤသို့ကောင်းမွန်လှပစွာသီကုံးထားပါသည် - "အရာရာတိုင်းလွယ်ကူနေလျှင်၊ အရာရာတိုင်းအဆင်ပြေတောက်ပနေပါလျှင် ကားတိုင်ဘယ်မှာရှိခဲ့လိမ့်မည်နည်း။ တိုက်ပွဲသည် အဘယ်မှာနည်း။ ထိုဘုရားသခင်စစ်ကြောခြင်းအရပ်၌ ဘုရားသခင်ပြုတော်မူမည့်အမှုအတွက် သက်သေခံခြင်းငှါ အခွင့်ရှိတော်မူ၏"။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အားနည်းခြင်း၌ မိမိဘုန်းတော်ကို ထင်ရှားစေတတ်၏။

**ဆင်ခြင်ရန်** - ကားတိုင်ထမ်းရွက်ခြင်းဆိုသည်မှာအဘယ်နည်း။

**ဆုတောင်းချက်** - အဖဘုရား၊ မိမိကိုယ်ကိုငြင်းပယ်လျက် ကားတိုင်ကိုထမ်းရွက်မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဇန်နဝါရီ (၂၈)

**၂ ကော ၄း၁၃-၁၈**

၁ ကော ၁၅း၅၈

*“. . . အတွင်းလူမူကား တစ်နေ့ထက်တစ်နေ့ ပြုပြင်ခြင်းကိုခံရ၏”*

## ဖွဲ၊ လုံ့လမလျော့သောခရစ်ယာန်

သတင်းကောင်းဟောပြောခြင်းအမှုတော်၌ ပေါလုကိုမယိုင်မလဲရပ်တည်စေသောအရာက အဘယ်နည်း။ ပေါလုက “ယုံကြည်ခြင်းစိတ်” ဟုဖြေခဲ့ပါသည်။ ထို့နောက် ဆာလံ ၁၁၆း၁၀ ကိုကိုးကားခဲ့၏ - “ငါသည် အလွန်ညှိုးငယ်ခြင်းကိုခံရ၏ဟု မြွက်ဆိုသော်လည်း ယုံကြည်သောစိတ်သေး၏”။ ပေါလုသည်တရားဟောသောအခါ သမ္မာကျမ်းစာကို စိတ်နှလုံးမှယုံကြည်ခြင်းဖြင့် သစ္စာရှိစွာဟောပြောခဲ့၏။ ဟန်ဆောင်၍မဟောပါ။ သမ္မာတရားကို အမှန်ယုံကြည်သောကြောင့် အဘယ်ဆန့်ကျင်ခြင်းဘဲရှိလာရှိလာ သမ္မာတရားကို ဟောပြောခဲ့၏။ “ငါတို့သည် သမ္မာတရားကို ဆီးတားခြင်းငှါ ငါတို့အလျှင်းမတတ်နိုင်ကြ။ သမ္မာတရားဘက်၌နေ၍သာတတ်နိုင်ကြ၏” (၂ ကော ၁၃း၈)။

တစ်ဖက်တွင် ပေါလုကိုဆန့်ကျင်သောသူတို့သည် သမ္မာတရားကိုအမှန်ယုံကြည်ခြင်းမရှိဘဲ ဟန်ဆောင်ဟောပြောကြ၏။ သမ္မာတရားကို မိမိတို့အလိုအတိုင်း မှားယွင်းစွာဟောပြောကြ၏။ ထို့ကြောင့် သူတို့သည် သူငှားသိုးထိန်းဖြစ်ကြသည်နှင့်အညီ အခက်အခဲကြုံလာသောအခါ ထွက်ပြေးတတ်ကြ၏။ အစကတည်းက သမ္မာတရားကိုယုံကြည်မှုမရှိကြသောကြောင့် ထိုသမ္မာတရားအတွက် အခက်အခဲကိုမခံနိုင်ကြပါ။

ယနေ့တရားဟောဆရာတို့အတွက် သင်ခန်းစာဖြစ်ပါသည်။ တရားဟောခြင်းအမှုကို သမ္မာတရားအား စိတ်နှလုံးအထဲမှအမှန်ယုံကြည်ခြင်းအားဖြင့် ပြုကြရပါမည်။ ဝိညာဉ်တော်ကိုကိုးစားပြီး ဟောပြောရပါမည်။ ထိုသို့သောတရားဟောခြင်းကို ဘုရားသခင်နှစ်သက်၍ ကောင်းကြီးပေးတော်မူမည်။ ဘုရားသခင်ကတိတော်ဟူမူကား ဟောပြောသောနှုတ်ကပတ်တရားသည် မိမိထံအချည်းနှီး ပြန်မလာတတ်ဟူ၍ဖြစ်သတည်း (ဟေရှာ ၅၅း၁၁)။

ထို့ပြင် ပေါလုကရှင်ပြန်ထမြောက်ခြင်းမျှော်လင့်ခြင်းရှိသောကြောင့် ထိုသို့သောဆင်းရဲဒုက္ခကို ဖြတ်ကျော်နိုင်ကြောင်း ဖော်ပြခဲ့ပါသည်။ ခရစ်တော်၏နေ့ရက်တွင် ဤယာယီပျက်စီးနိုင်သောကိုယ်သည် မပျက်စီးနိုင်သောခန္ဓာကိုယ်အားဖြင့် ထမြောက်ပါလိမ့်မည် (၁ ကော ၁၅း၅၁-၅၈ ကိုကြည့်ပါ)။ ထို့ကြောင့် ပေါလုသည် ရဲရင့်စွာတရားဟော၍ ကြုံတွေ့ရသောအခက်အခဲဒုက္ခသည် ယာယီခဏသာဖြစ်ကြောင်း သိခဲ့ပါသည်။ မကြာမီ ဘုရားသခင်နှင့်အတူ ထာဝရနေရမည်ကို သိခဲ့၏။

ဤသည်ကား ဤအမှောင်လောကီကမ္ဘာ၌ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်စဉ် ကျွန်ုပ်တို့အတွက်လည်း ယနေ့ခွန်အားဖြစ်ပါသည်။ ထို့ကြောင့် စိတ်ပျက်အားလျော့ခြင်းမရှိဘဲ ရှေ့ဆက်ကြိုးစားကြပါစို့။ ခရစ်တော်၌ယုံကြည်ကိုးစားမျှော်လင့်ခြင်းဖြင့် ဖွဲလုံ့လမလျော့သော ခရစ်ယာန်ဖြစ်ကြပါစို့။

**ဆင်ခြင်ရန်** - ကားတိုင်ကိုကျွန်တော်ထမ်းရွက်လိုပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ထိုဘုန်းတော်ခံရမည့်နေ့ကို ကျွန်တော်မျှော်လင့်လျက် နေလိုပါ၏။

ဗုဒ္ဓဟူး၊ ဇန်နဝါရီ (၂၉)
**၂ ကော ၅း၁-၈**
ဟေဗြဲ ၉း၁၁

*“. . . ယာယီတဲဖြစ်သောငါတို့မြေအိမ်. . . ”*

## ယာယီတဲမြေအိမ်

ယနေ့ကျမ်းပိုဒ်တွင် စကားလုံးနှစ်ခုဖြစ်သော “အိမ်” နှင့် “တဲ” ကို တွေ့ရပါသည်။ “တဲ” ဆိုသည်မှာ ယာယီတခဏနေရသောနေရာဖြစ်ပြီး တစ်ဖက်တွင် “အိမ်” သည် သာမန်အားဖြင့် အတည်တကျနေရသောနေရာကို ရည်ညွှန်းပါသည်။

ဤကမ္ဘာလောက၌ ကျွန်ုပ်တို့၏ခန္ဓာကိုယ် ဤမြေအိမ်ကို တဲ ဟုရည်ညွှန်းထားပါသည်။ ဆိုလိုသည်မှာ ဤကျွန်ုပ်တို့၏ခန္ဓာကိုယ်သည် ယာယီတစ်ခဏသာလျှင်ဖြစ်၏။ ပျက်စီးမည့်ကိုယ်၊ ကျွန်တော်တို့ထားခဲ့ရမည့်အရာဖြစ်ပါသည်။ တစ်ဖက်တွင် လူလက်ဖြင့်မတည်မဆောက်သော ထာဝရအိမ်တော်က ကျွန်ုပ်တို့ကိုစောင့်လျက်နေ၏။ ထိုအစဉ်တည်မြဲသောအိမ်သည် ကျွန်တော်တို့ ပိုင်ဆိုင်ကြလိမ့်မည့် မပျက်စီးနိုင်သောခန္ဓာကိုယ်ပင်ဖြစ်ပါသည်။

သင်သည် ထိုမပျက်စီးနိုင်သောခန္ဓာကိုယ် ပိုင်ဆိုင်ပါမည်လော။ သင့်အပြစ်များကို နောင်တရပြီး ခရစ်တော်ကိုယုံကြည်မှသာလျှင် ပိုင်ဆိုင်ရမည်ဖြစ်၏။

ဝမ်းနည်းစရာကောင်းသည်မှာ ဤလောကလူသားတို့သည် မတည်မြဲသောဤခန္ဓာကိုယ်နှင့် လောကီအရာတို့ကို အလွန်တန်ဖိုးထားကြခြင်းပင်ဖြစ်ပါသည်။ ဤအချက်ကို Dr S H Tow က မိမိ၏အတ္ထုပတ္တိစာအုပ်ဖြစ်သော Footprints in the Sands of Tine ထဲတွင် ဤသို့ငြီးငြူးလျက် ပုံဖော်ပြသထားပါသည်။

“မိမိချစ်သူကောင်လေးထံမှ တန်ဖိုးအလွန်ကြီးမားသောစိန်လက်စွပ်ကို ရရှိသော မိန်းကလေးတစ်ဦးက လက်ဆောင်ပေးသောချစ်သူအား “အချစ်၊ ဤချစ်စရာကောင်းသောဘူးလေးကို ကျွန်မ မပျက်စီးအောင် ကောင်းကောင်းသိမ်းထားပါမည်ဟု ဂတိပေးပါသည်။ ဘူးလေးအတွက် ကျေးဇူးတင်ပါတယ်” ဟုဆိုခဲ့၏။ ရိုးအလိုက်တာဟုသင်ဆိုခဲ့၏။ ကျွန်တော်တို့အားလုံး ထိုသို့သဘော တူကြပါတယ်။ ဤသည်ကား အချိန်၏အစေခံကျွန်လူတို့၏ ပုံရိပ်ပင်ဖြစ်ပါသည်။ လူတို့သည် မိမိတို့၌ရှိသောတန်ဖိုးမဖြတ်နိုင်သောဝိညာဉ်ကို လျစ်လျူရှုလျက် ပျက်စီးသွားမည့်ဤခန္ဓာကိုယ်ကို အလှဆင်ခြယ်သကြပါသည်။ အသိတရားမဝင်မီ စီရင်ခြင်းနေ့ရက်သည် ရောင်နီသန်းလာခဲ့လိမ့် မည်”။

ချစ်သော စာဖတ်သူ၊ ဤကျွန်ုပ်တို့၏ခန္ဓာကိုယ်သည် တစ်နေ့ပျက်စီးပါလိမ့်မည်။ တစ်ဖက်တွင် လူ၏အသက်ဝိညာဉ် ထာဝရတည်မည်ဖြစ်၏။ နာမည်ခေါ်သောအခါ သင်အဘယ်မှာရှိပါမည်နည်း။ ဘုရားသခင်နှင့်ထာဝရကင်းကွာသောနေရာ ငရဲမီးအိုင်၌မဟုတ်ဘဲ ဘယ်တော့မှမပျက်စီးတော့မည့်အိမ်တည်းဟူသော ကိုယ် ကိုဆောင်လျက် ဘုရားသခင်နှင့်အတူ ထာဝရနေရမည့်အကြောင်း ဆုတောင်းပေးပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ဤမြေအိမ်သည် တစ်နေ့ပြီးတစ်နေ့ ပျက်စီးခြင်းရှိပါ၏။
**ဆုတောင်းချက်** - အဘဘုရား၊ ထာဝရနှင့်ဆိုင်သောအရာတို့ကို စိတ်စွဲလန်းမည်အကြောင်း မစတော်မူပါ။

**၂ ကော ၅း၁-၈**

ဟေဗြဲ ၉း၁၁

*"... ရဲရင့်သောစိတ်နှင့်ပြည့်စုံကြ၏"*

## ဘုရားသခင်နှင့်ဆိုင်သောရဲရင့်သောစိတ်

၂ ကော ၄ထဲတွင် ပေါလုကသစ္စာရှိသောခရစ်ယာန်တို့သည် သတင်းကောင်းအမှုတော်မြတ်ကြောင့် ဤလောက၌အခက်အခဲကြုံတွေ့ကြရမည့်အကြောင်း ဖော်ပြခဲ့ပါသည်။ သို့သော်လည်း ဤအမှောင်လောကထဲတွင် ဖွဲ့မလျော့ဘဲ ဘုရားသခင်နှင့်ဆိုင်သော ရဲရင့်စိတ်အားဖြင့် နေထိုင်လျှောက်လှမ်းနိုင်ကြပါသည်။

အဘယ်ကြောင့် ဘုရားသခင်နှင့်ဆိုင်သော ရဲရင့်စိတ်ချမှုနှင့်ကျွန်တော်တို့နေထိုင်နိုင်ကြပါသနည်း။

၁။ ကောင်းကင်အိမ် (၂ ကော ၅း၁-၄)။ မနေ့၌ ဖော်ပြထားသည့်အတိုင်း အိမ်သည်မပျက်စီးနိုင်သော ဘုန်းတော်ဝင်စားသောခန္ဓာကိုယ်ကို ရည်ညွှန်းခြင်းဖြစ်၏။ ဤခန္ဓာကိုယ်သည် အသား၊ အရိုးနှင့်ဖွဲ့စည်းထားသော ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းခန္ဓာကိုယ်ကဲ့သို့ ဖြစ်ပါလိမ့်မည် (၁ ယော ၃း၂၊ လုကာ ၂၄း၂၉)။

၂ ကော ၅း၂ ထဲတွင် ပေါလုက ယုံကြည်သူတို့သည် ဤကောင်းကင်အိမ်တော်ကို လိုချင်တောင့်တလျက်ညည်းတွားမြည်တမ်းကြကြောင်း ဖော်ပြခဲ့ပါသည်။ ဤ "ညည်းတွားမြည်တမ်းခြင်း" သည် မျှော်လင့်ခြင်းကင်းမဲ့လျက် ဝမ်းနည်းခြင်းကိုမဆိုလိုပါ။ အကြောင်းမှာ ပေါလုကကျွန်တော်တို့သည် ထောင်ထဲ၌ပင် ဝမ်းမြောက်ခြင်းရှိနိုင်ကြောင်း ဖိလိပ္ပိဩဝါဒစာစောင်ထဲတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဆိုလိုသည်မှာ ယခုယာယီတဖြစ်သော ခန္ဓာကိုယ်ထက် အပြစ်၏နှောင့်ယှက်ခြင်းနှင့် အစဉ်ကင်းလွတ်မည့်ဘုန်းတော်ဝင်စားသောခန္ဓာကိုယ် ကောင်းကင်အိမ်တော်ကိုအလွန်တောင့်တခြင်းရှိခြင်းကို ဖော်ပြခြင်းဖြစ်ပါသည်။

ထိုကောင်းကင်ခန္ဓာကိုယ်ကို ကျွန်တော်တို့မျှော်လင့်ခြင်းရှိပါသလား။ သို့မဟုတ် ဤလောကီအရာတို့၌ ကျွန်တော်တို့မျက်စိကျရောက်နေသေးသလား။

၂။ ဝိညာဉ်တော်တည်းဟူသောစားရန် (၂ကော ၅း၅-၆)။ "စားရန်" ဟူသောစကားလုံးသည် သဘောတူစာချုပ်နှင့်ဆိုင်သော အသုံးအနှုန်းဖြစ်၍ ဂတိပြုခြင်းဖြင့် ကြိုတင်ပေးထားသော "စရံ"ဖြစ်ပါသည်။ ဤစကားလုံး ဤနေရာ၌ သန့်ရှင်းသောဝိညာဉ်တော်ကိုရည်ညွှန်းပြီး ယုံကြည်သူတိုင်းခံစားရရှိမည့် ဘုန်းတော်အတွက် ဂတိတော်စရံအဖြစ် ယုံကြည်သူ၌ကျိန်းဝပ်တော်မူခြင်းဖြစ်ပါသည်။ ဤလောက၌ကျွန်တော်တို့ အသက်ရှင်နေထိုင်စဉ် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့လိုအပ်သောအရာကို ဖြည့်ဆည်းထောက်ပံ့လျက် နောက်ခံစားရရှိအံ့မည့်အရာတို့ကို ကြိုတင်ခံစားရသော အခွင့်ပေးတော်မူ၏။

ဤအရာတို့ကို စိတ်ထဲမှမှတ်သားလျက် ဤဘဝ၌ကျွန်တော်တို့သည် စိတ်ချရဲရင့်စွာနေထိုင်သွားလာနိုင်ခြင်းဖြစ်ပါသည်။ ထိုအရာတို့ကို ယုံကြည်ခြင်းဖြင့် တောင့်တမျှော်ကြည့်ရင်း ခရီးဆက်နေကြရ၏။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းစုံလင်သောအချိန်တွင် ထိုအရာတို့ကိုမျက်မြင်ကိုယ်တွေ့ ကျွန်တော်တို့ခံစားရရှိမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်စိတ်နှလုံးသည် ဤလောကီအရာကိုစွဲလန်းသလော၊ (သို့) ကောင်းကင်အရာကိုစွဲလန်းသလော။

**ဆုတောင်းချက်** - အဘဘုရား၊ ခရစ်တော်နှင့်အတူ ထာဝရနေရမည့်အချိန်ကို ကျွန်တော်မျှော်လင့်တောင့်တခြင်းရှိပါ၏။

**၂ ကော ၅:၆-၁၀**

၁ ကော ၃:၁၂-၁၅

*"...  သခင်ဘုရားနှစ်သက်တော်မူသောသူဖြစ်ခြင်းငှါ စေတနာစိတ်ရှိ၍ကြိုးစားအားထုတ်ကြ၏"*

## ခရစ်ယာန်တို့သည် စီရင်ခြင်းခံရကြမည်

ယနေ့ ခရစ်ယာန်လောကတွင် မှားယွင်းပေါ့ဆမှုကြီးတစ်ခုရှိပါသည်။ ထိုအရာမှာ အမည်ခံခရစ်ယာန်တို့သည် ခရစ်တော်၌အစဉ်ခွင့်လွတ်ခြင်းရှိသည်ဟု ဆိုလျက် မိမိတို့ပြုလိုသောအရာတိုင်းကို ပြုကြခြင်းပင်ဖြစ်၏။ ခရစ်တော်အတွက် ကောင်းသောသက်သေဖြစ်ရမည်ကို ဂရုမစိုက်ကြ။ ယခုခန္ဓာကိုယ်၌ပြုသော အမှုတိုင်းအတွက် စီရင်ခြင်းခံရအုံးမည်ကို အလေးမထားဘဲနေကြ၏။

သမ္မာကျမ်းစာသွန်သင်ချက်မူကား ၂ ကော ၅:၁၀ ထဲတွင် - "အကြောင်းမူကား ငါတို့ရှိသမျှသည် ကိုယ်ခန္ဓာ၌ကျင့်သောအကျင့် ကောင်းမကောင်းရှိသည်အတိုင်း အကျိုးအပြစ်ကိုအသီးအသီးခံခြင်းငှါ ခရစ်တော်၏တရားပလ္လင်ရှေ့၌ ပေါ်လာရကြမည်" ဟု ဖော်ပြထားပါသည်။ တရားပလ္လင်ဟူသောစကားလုံး၏ ဂရိစကားလုံးသည် Bematos ဖြစ်ပါသည်။ ဤစကားလုံးကို တရားသူကြီးတို့ထိုင်သောထိုင်ခုံပလ္လင်ကို ရည်ညွှန်း၍အသုံးပြုတတ်ကြ ၏။

ဤခန္ဓာကိုယ်၌ ယုံကြည်သူပြုသမျှသောအမှုအလုံးစုံကို စီရင်မည့်တရားသူကြီးသည် ခရစ်တော်ပင်ဖြစ်ပါသည်။ ဤစီရင်ခြင်းသည် ကယ်တင်ခြင်းနှင့်ပတ်သတ်မှုမရှိပါ။ မည်သို့အမှုတော်ဆောင်သနည်းဟူသော အချက်ပင်ဖြစ်ပါသည်။ ပြုသမျှသောအမှု ကောင်းမကောင်းအလုံးစုံသည် ခရစ်တော်ရှေ့၌ပေါ်လွင်စီရင်ခြင်းခံရမည်ဖြစ်၏။ ခရစ်တော်ရှေ့၌ အကုန်ပေါ်လွင်ကြမည်ဖြစ်ပါသည်။

ဤယုံကြည်သူစီရင်ခြင်းအကြောင်းကို ၁ ကော ၃:၁၂-၁၅ထဲတွင် ဤသို့ပို၍ ရှင်းလင်းစွာဖော်ပြခဲ့ပါသည် - "ထိုတိုက်မြစ်အပေါ်၌ ရွှေ၊ ငွေ၊ကျောက်ကောင်း၊ သစ်သား၊ မြက်ပင် ကောက်ရိုးများကိုထပ်ဆင့်၍တည်ဆောက်သောသူရှိသမျှ အသီးအသီးလုပ်သောအလုပ်သည် ထင်ရှားလိမ့်မည်။ အဘယ်သို့နည်းဟူမူကား ဖော်ပြချိန်နေ့ရက်သည် မီးအားဖြင့်ထင်ရှားစေလိမ့်မည်။ လူတိုင်းလုပ်သောအလုပ်သည် အဘယ်သို့သောအလုပ်ဖြစ်သည်ကို မီးသည်စစ်ကြောစုံစမ်းလိမ့်မည်။ ထိုတိုက်မြစ်အပေါ်၌ ထပ်ဆင့်၍တည်ဆောက်သောအကြွင်းသူ၏အလုပ်သည် မြဲ၏။ ထိုသူသည် အကျိုးကိုခံရလိမ့်မည်။ အကြွင်းသူ၏အလုပ်သည် ကျွမ်းလောင်၏။ ထိုသူသည်အရှုံးခံရလိမ့်မည်။ သို့သော်လည်း မီးနှင့်လွတ်သကဲ့သို့ သူသည်ကယ်တင်ခြင်းသို့ရောက်လိမ့်မည်"။

သခင်ထံမှ ကျွန်တော်တို့ယုံကြည်သူများကြားလိုသောစကားဟူမူကား - "သာဓု၊ သစ္စာရှိသောငယ်သားကောင်း. . . သင်၏သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့" (မသဲ ၂၅:၂၁) ဟူသောစကားပင်ဖြစ်ပါသည်။ ထို့ကြောင့် အကျွန်ုပ်တို့၏သခင်ထံမှ ချီးမွမ်းစကားကြားရခြင်းငှါ ကြိုးစားအားထုတ်ကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်သခင်အတွက် ကျွန်တော်အကောင်းဆုံး ကြိုးစားလုပ်ဆောင်ပြီးပြီလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်အတွက် အကောင်းဆုံးပေးဆပ်မည်အကြောင်း မစတော်မူပါ။

စနေ၊ ဖေဖော်ဝါရီ (၁)

**၂ ကော ၅း၁၁-၁၃**

ဟေဗြဲ ၁၂း၂၈-၂၉

*"သို့ဖြစ်၍ သခင်ဘုရားနှင့်ဆိုင်သော ကြောက်မက်ဘွယ်သော အကြောင်းအရာတို့ကို ငါတို့သည် သိလျှင်၊ လူများတို့ကိုနှိုးဆော်သွေးဆောင်ရသည်ဖြစ်၍"*

## ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောနှင့်အမှုတော်ဆောင်ခြင်း

၂ ကော ၅း၁၁ တွင်တွေ့ရသော သခင်ဘုရားနှင့်ဆိုင်သော "ကြောက်မက်ဘွယ်သောအကြောင်းအရာ"ဆိုသည်မှာ ဘုရားသခင်၏အကြောင်းသိကျွမ်းခြင်းဖြင့် ဘုရားသခင်ကိုကြောက်ရွံ့ရိုသေခြင်းကိုရည်ညွှန်းခြင်းဖြစ်ပါသည်။ ဤကြောက်ရွံ့ခြင်းသည် နတ်ဆိုးတို့၏ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့်မတူညီပါ (ယာကုပ် ၂း၁၉)။ သူတို့သည် ထိုသို့ကြောက်ရွံ့သော်လည်း ဆက်လက်ဆန့်ကျင်ခြင်းပြုပါသည်။ ထိုနည်းတူ၊ ဘုရားသခင်နှင့်မဆိုင်သော ကြောက်ရွံ့ခြင်းသည် ကျရောက်လာမည့်တရားစီရင်ခြင်းကို ကြောက်ရွံ့တုန်လှုပ်ခြင်းရှိသော်လည်း စိတ်နှလုံးခိုင်မာခြင်းအားဖြင့် ဆိုးသွမ်းသောလမ်းသို့နောင်တမရဘဲ ဆက်လက်ခေါ်ဆောင်သွားပါသည်။

တဖက်တွင်၊ ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောသည် ထိုဘုရားသခင်အားရိုသေလေးစားခြင်းရှိ၍ ချစ်ခြင်းနှင့်ဆိုင်သော နာခံခြင်းရှိ၏။ တနေ့တွင် မိမိ၏အရှင်သခင်ဖြစ်သော ဘုရားထံမိမိပြုသောအမှုတိုင်းအတွက် ဖြေရှင်းချက်ပေးရမည်အကြောင်း သတိပြုလျက်ရှိ၏။ "ထို့ကြောင့် ငါတို့သည် မလှုပ်နိုင်သောနိုင်ငံကိုရသည်ဖြစ်၍ ခံ့ညားကြောက်ရွံ့သောသဘောနှင့် ဘုရားသခင်ကို လျောက်ပတ်စွာ ဝတ်ပြုနိုင်မည်အကြောင်း ကျေးဇူးတော်ကိုစွဲလန်းကြကုန်အံ့။ ငါတို့ဘုရားသခင်သည် လောင်သောမီးဖြစ်တော်မူ၏" (ဟေဗြဲ ၁၂း၂၈-၂၉)။

ဤအချက်ကို သတိပြုလျက်ပေါလုသည် "လူများကိုနှိုးဆော်သွေးဆောင်၏"။ ပေါလုနှိုးဆော်သွေးဆောင်သောအရာကား အဘယ်နည်း။ အချို့ကသတင်းကောင်းတရားဟု ဆိုကြ၏ (Barnes)။ သို့သော်လည်း၊ ရှေ့နောက်အကြောင်းကို ကြည့်ခြင်းဖြင့်အမှုတော်မြတ်၌ ပေါလု၏ရိုးသားဖြူစင်ခြင်းအမှုဖြစ်မည်ဟု ယူဆရပါသည်။ ထို့ကြောင့် ပေါလုသည်ဘုရားသခင်က စီရင်လိမ့်မည်အကြောင်း သိသောစိတ်ဖြင့် အရာရာတိုင်း၌ ကြိုးစားအားထုတ်ခဲ့ကြောင်း ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

အချို့သောသူတို့က ပေါလုသည်အမှုတော်ဆောင်ခြင်း၌ ရူးသွပ်သွားပြီဟုဆိုကြ၏။ ဤသည်ကား ဘုရားသခင်၏နှုတ်ကပတ်တော်သစ္စာရှိစွာ ဟောပြောခြင်း၌ မိမိ၏အပြစ်ဖော်ထုတ်ခံရသော၊ နောင်တမရသောသူတို့၏ စွပ်စွဲမှုပင်ဖြစ်ပါသည်။ ယေရှုက "ပရောဖက်သည် မိမိနေရင်းပြည်၌ အသရေမရှိ" (ယောဟန် ၄း၄၄) ဟုဆိုခဲ့ပါသည်။

သို့သော်လည်း၊ ပေါလုသည်စိတ်နှလုံးဖြူစင်သန့်ရှင်းခြင်းဖြင့် (နှိုင်း၊ ဆာလံ ၇၈း၇၂) မိမိပြုသောအမှုအလုံးစုံတို့သည် ဘုရားသခင်၏ဘုန်းတော်နှင့်သန့်ရှင်းသူတို့၏ ကောင်းကျိုးအတွက်ပြုခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင်ကိုကြောက်ရွံ့သောသူတို့သည် အထင်လွဲခြင်းခံရတတ်၏။ ကျွန်ုပ်တို့၏စိတ်နှလုံးဖြူစင်ခြင်းရှိနေသရွေ့ စိတ်ပျက်အားလျော့ခြင်းရှိစရာမလိုပါ။ လူကိုမကြောက်နှင့် ဘုရားသခင်ကိုသာကြောက်လော့။

**ဆင်ခြင်ရန်** - လူကိုမကြောက်ဘဲ၊ ဘုရားကိုသာ ကြောက်ရွံ့ခြင်းရှိလော့။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ကိုကြောက်ရွံ့ရိုသေခြင်းသဘောနှင့် အမှုတော်ဆောင်ရွက်မည်အကြောင်း မစတော်မူပါ။

**၂ ကော ၅း၁၄-၁၇**
၁ ယော ၄း၁၉

*“ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်သည်
ငါတို့ကိုအနိုင်အထက်သွေးဆောင်၏”*

## ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်၏ အနိုင်အထက်သွေးဆောင်ခြင်း

ဤကျမ်းပိုဒ်၌တွေ့ရသော “ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်”ဆိုသည်မှာ လူတို့အပေါ်ထားရှိသောခရစ်တော်၏ ချစ်ခြင်းမေတ္တာကိုရည်ညွှန်းခြင်းဖြစ်ပါသည်။ ဤချစ်ခြင်းမေတ္တာတော်သည် ကျွန်ုပ်တို့၏အပြစ်များအတွက် အသေခံခြင်းငှါ ဤလောကသို့ခရစ်တော်ကြွလာတော်မူခြင်း၌ ထင်ရှားခဲ့ပါသည်။ လူသည်သေခြင်းနှင့်ထိုက်တန်ကြသောကြောင့်၊ ခရစ်တော်ထိုသို့ပြုရန် မလိုအပ်ခဲ့ပါ။ သို့သော်လည်း၊ ချစ်ခြင်းမေတ္တာအားဖြင့် ခမည်းတော်၏အလိုတော်သို့ မိမိကိုယ်ကိုဆက်ကပ်ခဲ့ပါ သည်။ ကာရနီကားတိုင်ပေါ်၌ အသေခံခြင်းငှါ ဤလောကသို့ဆင်းကြွတော်မူခဲ့ပါသည်။ ဤချစ်ခြင်းမေတ္တာသည် သန့်ရှင်းသော၊ အံ့ဘွယ်ချစ်ခြင်းမေတ္တာပေတည်း။

ခရစ်တော်သည် ဘုရားသခင်၏အပြစ်ကင်းသောသိုးသငယ်၊ ဒုတိယအာဒံဖြစ်တော်မူသောကြောင့် ကားတိုင်ပေါ်၌ မိမိအသေခံခြင်းသည် လူသားအပေါင်းတို့၏အပြစ်ကြွေးအတွက် လုံလောက်ခြင်းရှိပါသည်။ ထို့ကြောင့် ခရစ်တော်ကိုယုံကြည်သောသူသည် ခရစ်တော်သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌ အတူပါဝင်ကြကြောင်း သတ်မှတ်ထားပါသည်။ ယခုအခါ ခရစ်တော်၌ အသစ်သောအသက်တာပိုင်ဆိုင်ရကြ၏ (နှိုင်း၊ ရောမ ၆း၁-၁၁)။

ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းခံရသောကြောင့်၊ ပေါလုသည် ခရစ်တော်ချစ်ခြင်းမေတ္တာတော်၏အနိုင်အထက်သွေးဆောင်ခြင်းကို ခံခဲ့ရပါသည်။ ဤချစ်ခြင်းမေတ္တာက ပေါလုအားခရစ်တော်ထံ လုံးလုံးဆက်ကပ်သောအသက်တာဖြင့် အသက်ရှင်ခြင်းငှါ အုပ်စိုးထိန်းချုပ်ပဲ့ပြင်ခဲ့ပါသည်။ ဤခရစ်တော်၏ချစ်ခြင်းမေတ္တာတော်က ပေါလုကိုအမှုတော်မြတ်၌ နှိုးဆော်သည်ဖြစ်၍ ကျွန်တော်တို့လည်း ထိုသို့ဖြစ်ရပါမည်။ “ဘုရားသခင်သည် ငါတို့ကိုရှေ့ဦးစွာချစ်တော်မူသောကြောင့်ငါတို့သည် ဘုရားသခင်ကိုချစ်ကြ၏” (၁ ယော ၄း၁၉)။

Spurgeon က ဤသို့ရှင်းပြခဲ့ပါသည် - “ကယ်တင်ခြင်းခံရသောသူ၏ အသက်တာသည် မိမိအဖို့အသက်ရှင်ရမည်မဟုတ်၊ ထိုသို့ပြုလျှင် မှားယွင်းသောအမှုပြုခြင်းဖြစ်ပါသည်။ မပြောင်းလဲမှီ မိမိအတွက် ကြိုးစားရုန်းကန်အသက်ရှင်သကဲ့သို့၊ ယခုအခါ မိမိအပိုင်မဟုတ်သော ဘုရားသခင်ပေးသနားတော်မူသောအသက်၊ အသွေးတော်မြတ်အား ရွေးဝယ်ကယ်နုတ်ခဲ့သောအသက်သည် ဘုရားသခင်အပိုင်ဖြစ်သောကြောင့် ထိုဘုရားသခင်အတွက်၊ အလိုတော်အတွက် ကြိုးစားနေထိုင်ရမည်ဖြစ်ပါသည်”။

ခရစ်တော်အတွက် အမှုတော်ဆောင်ခြင်း၌ မည်သည့်အရာက ကျွန်ုပ်တို့ကိုနှိုးဆော်အားပေးခြင်းပြုပါသနည်း။ ကျော်ကြားလိုစိတ်၊ အာဏာရလိုစိတ် (သို့) ကိုယ်ကျိုးရှာလိုစိတ်လော။ ဤအရာတို့သည် ပေါလုကိုဆန့်ကျင်သောသူတို့ကို နှိုးဆော်သောအရာများဖြစ်ပါသည်။ ကျွန်တော်တို့သည် ထိုသို့မဟုတ်ရပါ။ ကျွန်ုပ်တို့၏အမှုတော်ဆောင်ခြင်းသည် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကြောင့်သာဖြစ်ရပါမည်။ သို့မှသာ၊ ပြုသောအရာတိုင်းသည် ဘုရားသခင်၏ဘုန်းတော်အတွက် ပြုနိုင်မည်ဖြစ်၏။

“အံ့ဘွယ်ချစ်ခြင်းမေတ္တာတော်၊ အကျွန်ုပ်၏အသက်၊ စိတ်ဝိညာဉ်၊ အရာအားလုံးတောင်းလျှောက်ပါ၏” (Isaac Watts)။

**ဆင်ခြင်ရန်** - အမှုတော်ဆောင်ခြင်း၌ အကျွန်ုပ်ကိုနှိုးဆော်သောအရာကား အဘယ်နည်း။
**ဆုတောင်းချက်** - အဖဘုရား၊ ခရစ်တော်သည် အကျွန်ုပ်ကိုရှေးဦးစွာ ချစ်တော်မူသောကြောင့် ကိုယ်တော့်ကိုအကျွန်ုပ်အလုံးစုံဖြင့် ချစ်မည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ ဖေဖော်ဝါရီ (၃)

**၂ ကော ၅း၁၇**
ဂလာတိ ၂း၂၀

*"လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏"*

## အသစ်ပြုပြင်သောသတ္တဝါ(၁)

၂ ကော ၅း၁၇ ကစစ်မှန်သောခရစ်ယာန်၏သဘောသဘာဝကို ဖော်ပြလျက်ရှိ၏။ စစ်မှန်သောခရစ်ယာန်သည် "ခရစ်တော်၌တည်" သောသူဖြစ်ပါသည်။ မိမိအပြစ်ကိုနောင်တရလျက်၊ ခရစ်တော်အား မိမိ၏သခင်နှင့်ကယ်တင်ရှင်အဖြစ် ယုံကြည်ကိုးစားသောသူဖြစ်၏။ ထိုသူသည် ခရစ်တော်နှင့်ပေါင်းစည်းခြင်းရှိ၍ ခရစ်တော်၏ကိုယ်၌ပါဝင်သောသူဖြစ်လာ၏( ၁ ကော ၁၂း၁၇)။

ထို့ပြင် ပေါလုက ခရစ်ယာန်သည် "အသစ်ပြုပြင်သောသတ္တဝါ" ဟု ဆက်လက်ဖော်ပြခဲ့၏။ "အသစ်" ဟုဆိုခြင်းသည် အရင်နှင့်မတူညီသော၊ ခရစ်ယာန်ပိုင်ဆိုင်သည့် အသစ်သောသဘောသဘာဝကိုရည်ညွှန်းခြင်းဖြစ်ပါသည်။ တစ်ဖက်တွင်၊ "သတ္တဝါ" ဟု ဆိုခြင်းသည် ယုံကြည်သူ၌ ဘုရားသခင်အသစ်ဖန်ဆင်းသောအသက်တာကို ရည်ညွှန်းခြင်းဖြစ်ပါသည်။

ခရစ်တော်ကိုယုံကြည်ခြင်းမရှိမီ လူသည်ဝိညာဉ်ရေးရာအမှု၌ အပြစ်ဒုစရိုက်ထဲ၌ သေသောသူဖြစ်ပါသည်။ ဘုရားသခင်ကိုဆန့်ကျင်ခြင်းပြု၏။ ပြုသောအမှုသည် ဘုရားသခင်ရှေ့၌ အဝတ်စုတ်ကဲ့သို့ ဖြစ်၏(ဟေရှာ ၆၄း၆)။ လောကီနှင့်ဆိုင်သော၊ မျက်စိတပ်မက်ခြင်း၊ ကိုယ်ကာယတပ်မက်ခြင်း၊ ဝါကြွားခြင်းစသည်တို့ကို တပ်မက်ခဲ့ပါသည် (၁ ယော ၂း၁၅-၁၇)။ ဤအပြစ်များသန့်ရှင်းဆေးကြောခြင်းမရှိခဲ့လျှင်၊ သူကြုံတွေ့ရမည့်အရာကား ထာဝရပြစ်ဒဏ်စီရင်ခြင်းဖြစ်သော ငရဲမီးအိုင်ပင်ဖြစ်ပါသည်။ ဤအရာကိုသမ္မာကျမ်းစာက "ဒုတိယသေခြင်း"ဟု ဖော်ပြထားပါသည် (ဗျာ ၂၀း၁၄)။

သို့သော်လည်း၊ ကျေးဇူးတော်ကြောင့် ခရစ်တော်ယေရှုယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းခံရသောယုံကြည်သူသည် လူဟောင်းမဟုတ်တော့ဘဲ၊ "မှန်သောဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းပါရမီအားဖြင့် ဘုရားသခင်နှင့်အတူ အမျှဖန်ဆင်းသောလူသစ်" (ဧဖက် ၄း၂၄) ဖြစ်လာခဲ့၏။ ဤခရစ်တော်၌ တည်သောအသက်တာသစ်သည် အပြစ်၏အမှုကိုမဆောင်ဘဲ၊ ဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းခြင်း၏အမှုကို ဆောင်မည်ဖြစ်ပါသည် (ရောမ ၆)။ "ဟောင်းသောအရာ" တည်းဟူသော အပြစ်နှင့်ဆိုးညစ်ခြင်းအကျင့်တို့သည် ကွယ်ပျောက်ခဲ့ကြပါပြီ။ ယခုအသက်တာသည် သန့်ရှင်းခြင်း၊ ဘုရားသခင်၏ အလိုတော်လိုက်ခြင်း၌ ကြိုးစားအားထုတ်ခြင်းဖြစ်၏။ မိမိကိုယ်ကျိုးအတွက်မဟုတ်ဘဲ၊ ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းငှါ အသက်ရှင်လာ၏။ သိသာထင်ရှားသောအသက်တာပြောင်းလဲမှုအကြောင်းကို ပေါလုကဤသို့ ဖော်ပြခဲ့ပါသည် - "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည်ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကိုယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ငါ့အဖို့ ကိုယ်ကိုကိုယ်စွန့်တော်မူ၏" (ဂလာတိ ၂း၂၀)။

**ဆင်ခြင်ရန်** - ခရစ်တော်၌ အသစ်သောအသက်တာပိုင်ဆိုင်ခြင်းဆိုသည်မှာ အဘယ်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ယေရှုအတွက် နေ့စဉ်အသက်ရှင်မည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၄)

**၂ ကော ၅း၁၇**
ရောမ ၆း၁-၁၁

*“လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သော သတ္တဝါဖြစ်၏”*

## အသစ်ပြုပြင်သောသတ္တဝါ(၂)

ဝမ်းနည်းစရာကောင်းသည်မှာ များစွာသောလူတို့သည် မိမိကိုယ်ကိုခရစ်ယာန်ဟု ဆိုကြသော်လည်း လောကီလူတို့နှင့်ခြားနားခြင်းမရှိကြပါ။ ဇာတိအလိုကိုလိုက်၍ လောကီဆန်ဆန်နေကြ၏။ လောကီအရာတို့နှင့်တပ်မက်ခြင်းတို့ကို လိုက်ကြ၏။ ထိုအခါ ဆင်ခြေအဖြစ် - “ကျေးဇူးတော်များပြားမည်အကြောင်း ဆက်လက်အပြစ်ပြုကြစို့” ဟု ဆိုကြ၏(နှိုင်း၊ ရောမ ၆း၁)။ စစ်မှန်သော ဒုတိယမွေးခြင်းခံရသောသူ၏ ပြောင်းလဲခြင်းအသက်တာလက္ခဏာ၊ သက်သေမတွေ့ရပါ။

တဖက်တွင်၊ မိမိ၏ကယ်တင်ရှင်ခရစ်တော်ကိုမသိသေးမီ အချိန်က ပေါ့ပျက်ပျက်နေထိုင်ကျင်လည်ခဲ့သော အောဂတ်စတင်း၏အသက်တာပြောင်းလဲမှုကို သာဓကယူအောက်မေ့ကြပါစို့။ တနေ့တွင်၊ မိမိတွဲခဲ့ဖူးသော မိန်းခလေးတစ်ဦးက သူ့ကိုအဝေးမှသတိပြုမိပြီး ဤသို့လှမ်းခေါ်ခဲ့ပါသည် - “အောဂတ်စတင်း၊ အောဂတ်စတင်း၊ ဒီမှာ ကျွန်မလေ” ဟုဆိုသောအခါ၊ သူက လျင်မြန်စွာ ရှောင်ထွက်လျက် “ကျွန်တော်မဟုတ်ဘူး၊ ကျွန်တော်မဟုတ်ဘူး” ဟုဆိုခဲ့၏။ အရင်ဘဝဟောင်းဖြင့် လုံးဝနေလိုချင်စိတ်မရှိတော့ပါ။

နောက်ထပ် သက်သေခံချက်တခုမှုကား Dr John Sung ၏အမှုတော်ဆောင်ခြင်း၌ တွေ့ရ၏။ လူတို့သည် သတင်းကောင်းကြားသိ၍ ယုံကြည်ခြင်းရှိကြသောအခါ သူတို့၏အရက်ပုလင်းတို့ကို ခွဲခဲ့ကြပါ၏၊ ဆေးလိပ်မသောက်တော့ဘဲ ဖြတ်ခဲ့ကြပြီး၊ လောင်းကစားလုပ်သောပစ္စည်းများလို ဖျက်ဆီးခဲ့ကြပါသည်။ ခိုးခဲ့သောပိုက်ဆံကို ပြန်၍ပေးဆပ်ကြ၏။ ထိုအချိန်အခါက အဖြစ်အပျက်ကို Rev Timothy Tow က ဤသို့သက်သေခံခဲ့ပါသည် -

“အဖေအပါအဝင် ဆေးလိပ်ဖြတ်သောသူတို့ကို ကျွန်တော်မှတ်မိသေးပါတယ်။ ဆေးလိပ်တစ်ခုတည်းမဟုတ်၊ ဘိန်းရှူခြင်းကိုလည်း ဖြတ်ခဲ့ကြတယ်။ ဘိန်းရှူခြင်းဟာ တရုတ်လူမျိုး၌ အလွန်အဖြစ်များသောအကျင့်ဆိုးဖြစ်ပါတယ်။ ဤသို့ဆိုခဲ့ပါတယ် - ထမင်းဖြူထက် ၊ “ထမင်းမဲ” ကိုကျွန်တော်စားချင်တယ်။ လူတို့၏ ယိုယွင်းသောစိတ်နှလုံးကိုပြသခြင်းဖြစ်ပါတယ်။ ထိုသို့ ဘိန်းစွဲသောသူတဦးက ကြည်လင်သောမျက်နှာဖြင့် ဘုရားသခင်၏ကယ်တင်ခြင်းတန်ခိုးကို သက်သေခံခဲ့တာကို ကျွန်တော်မြင်ခဲ့ရပါတယ်၊ ဘုရားသခင်၏နာမတော် ဘုန်းကြီးပါစေ။”

ယေရှုခရစ်တော်၌ အသစ်ပြုပြင်သောသတ္တဝါဖြစ်ကြသောကြောင့်၊ အပြစ်၏အဆိပ်သင့်ခြင်းခံရသော ကျွန်ုပ်တို့၏အသက်တာဟောင်းနှင့် ကျွန်တော်တို့လုံးဝမသက်ဆိုင်ကြတော့ပါ။ အသက်တာသစ်ကို ယူတင်ဝတ်ဆင်လျက်၊ ဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းခြင်းတရားကို နှစ်သက်လျက် သန့်ရှင်းသောအသက်တာဖြင့် နေထိုင်ကြရမည်ဖြစ်ပါသည်။ သင့်အသက်တာသည် ခရစ်တော်၌ တည်သောစစ်မှန်သောအသက်တာသစ်ဖြစ်ပါစေသော်။

**ဆင်ခြင်ရန်** - “ခရစ်တော်၌တည်သောအသက်တာသစ်သည် ကြွယ်ဝသော၊ လွတ်လပ်သော အသက်တာဖြစ်ပါသည်”။

**ဆုတောင်းချက်** - အို အဘဘုရား၊ အပြစ်မဟုတ်ဘဲ ဖြောင့်မတ်ခြင်းအမှုကို ဆောင်ရွက်ခြင်းငှါ မစတော်မူပါ။

*"သင်တို့သည် ရန်ငြိမ်း၍ဘုရားသခင်နှင့်မိဿဟာယဖွဲ့ကြလော့ဟု . . . ငါတို့သည် ခရစ်တော်၏ကိုယ်စား ဖြစ်၍ သင်တို့ကိုတောင်းပန်သွေးဆောင်ကြ၏"*

## ပြန်လည်သင့်မြတ်စေခြင်းအမှုတော်

၂ ကော ၄ ထဲတွင်၊ တမန်တော်ပေါလုက မိမိပြုသောအမှုတော်သည် ဓမ္မသစ်ဟုခေါ်သော၊ ပဋိညာဉ်သစ်၏ မြတ်သောအမှုတော်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ယနေ့ကျမ်းပိုဒ်တွင် ထိုအမှုတော်ကိုပြန်လည်သင့်မြတ်စေခြင်းအမှုတော်ဟု ဖော်ပြခဲ့၏။

"ပြန်လည်သင့်မြတ်ခြင်း" ဟူသောစကားလုံးသည် ဘုရားသခင်ရှေ့မှောက်၌ လူတစ်ဦး၏ ပြောင်းလဲသောအသက်တာ(သို့) ဆက်နွယ်မှုကိုရည်ညွှန်း၏။ ခရစ်တော်ပြင်ပ၌ရှိသော သူတိုင်းသည် မိမိအပြစ်၌ရှိနေသေး၏။ ထို့ကြောင့်၊ ဘုရားသခင်၏အမျက်တော်သည် သူ့အပေါ်၌တည်သော ကြောင့် ဘုရားသခင်၏ရန်သူဖြစ်ပါသည်။ သို့သော်လည်း၊ ဒုတိယမွေးခြင်းခံရသောအခါ သိုးသငယ် ၏ အသွေးတော်အားဖြင့် အပြစ်သန့်ရှင်းစင်ကြယ်စေခြင်းကို ခံရ၏။ သူ့အပေါ်၌ ဘုရားသခင်၏ အမျက်တော်တည်မနေတော့ပါ။ ရန်သူမဟုတ်တော့ဘဲ၊ ယေရှုခရစ်တော်၌ ဘုရားသခင်၏သားဖြစ်လာခဲ့ပါသည် (နှိုင်း၊ ဇဖက် ၁း၅၊ ၂း၁-၇)။

ကျွန်ုပ်တို့ကို ခရစ်တော်က ဘုရားသခင်ထံမည်သို့သင့်မြတ်စေနိုင်ခဲ့သနည်း။ ပထမအချက်မှာ၊ ကျွန်ုပ်တို့ကိုယ်စား ရပ်တည်ပေးခြင်းငှါ သူသည်တရာမှတရာလူသားဖြစ်၏။ ဒုတိယအချက်မှာ၊ သူသည် တရာမှာတရာ ဘုရားဖြစ်ပြီး၊ အပြစ်လုံးဝကင်းစင်တော်မူ၏။ အပြစ်ကင်းလျက် မွေးဖွားခဲ့ပြီး ဤလောက၌အပြစ်ကင်းလျက်နေထိုင်ခဲ့က၊ အပြစ်ကင်းလျက်အသေခံခဲ့၏ (နှိုင်း၊ ဟေဗြဲ ၄း၁၅၊ ၁ ပေ ၂း၂၁-၂၂)။ ထို့ကြောင့် ခရစ်တော်သည်ကျွန်ုပ်တို့အပြစ်များအတွက် ကာရနီ၌စုံလင်သော ပူဇော်သက္ကာဖြစ်တော်မူခဲ့၏။ သူသည် ဤလောကအပြစ်ကိုယူဆောင်ခဲ့သော၊ ဘုရားသခင်၏အပြစ်ကင်းစင်သောသိုးသငယ်ဖြစ်ပါသည်။ "အဘယ်ကြောင့်နည်းဟူမူကား ဘုရားသခင်သည်အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း" (၂ ကော ၅း၂၁)။ သူသည် ဘုရားသခင်၏တရားမျှတခြင်းအမှုကို စုံလင်စေလျက်၊ အပြစ်ဒဏ်ငြိမ်းစေတော်မူပြီး၊ ဘုရားသခင်၏ အမျက်တော်ကိုငြိမ်းစေခဲ့ပါသည်။ ထို့ကြောင့် မိမိအပြစ်ကိုနောင်တရလျက်၊ ယေရှုခရစ်တော်ကို ယုံကြည်သောသူတိုင်းသည် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခြင်းရှိ၍ ရန်ငြိမ်းခြင်းကိုခံစားရ မည်ဖြစ်ပါသည်။

ခရစ်ယာန်ဖြစ်သောကျွန်တော်တို့သည် ဤပြန်လည်သင့်မြတ်စေခြင်းတရားကို ယူဆောင်ဟောပြောခြင်းငှါ "သံတမန်" အဖြစ် ခန့်ထားခြင်းခံရသောသူဖြစ်ကြ၏။ သံတမန်ဆိုသည်မှာ ရှင်ဘုရင်က ကိုယ်စားစေလွှတ်သောထူးခြားသည့်ပုဂ္ဂိုလ်ဖြစ်ပါသည်။ ထို့ကြောင့်၊ "ခရစ်တော်၏သံတမန်" ဖြစ်သော ကျွန်တော်တို့သည် သတင်းကောင်းကို သယ်ဆောင်ရသော အခွင့်ထူးခံစားရသောသူဖြစ်ကြပါသည်။ ထို့ကြောင့် ခရစ်တော်အကြောင်းကို သူတပါးထံအစွမ်းကုန်ပြောကြားကြပါစို့။ ပေါလုကဲ့သို့၊ ကျွန်တော်တို့ဟောရမည့်တရားဟူမူကား "သင်တို့သည် ရန်ငြိမ်း၍ ဘုရားသခင်နှင့် မိဿဟာယဖွဲ့ကြလော့" (၂ ကော ၅း၂၀) ဟူ၍ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်အတွက် သက်သေခံခြင်းသည်အခွင့်ထူးတရပ်ဖြစ်ပါသည်။
**ဆုတောင်းချက်** - အဘဘုရား၊ သူတပါးထံခရစ်တော်အကြောင်း ဟောပြောခြင်းငှါ အကျွန်ုပ်အား မစတော်မူပါ။

ကြာသပတေး၊ ဖေဖော်ဝါရီ (၆)

**၂ ကော ၆း၁-၂**

ဟေရှာ ၄၉း၈

*“သင်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို အကျိုးမဲ့မခံကြနှင့်”*

# အမှုတော်ဆောင်ခြင်း

ခရစ်ယာန်များကြုံတွေ့ရသော အခက်အခဲတစ်ခုမှာ အမှုတော်မြတ်၌စိတ်အားငယ်မှုများ ကြုံတွေ့သောအခါ မည်သို့ရင်ဆိုင်ကျော်လွှားရမည်နည်းဟူသော အချက်ဖြစ်ပါသည်။ မှန်သော အရာဟူမူကား သစ္စာရှိသောဘုရားသခင်၏အမှုတော်ဆောင်တစ်ခုသည် တပြိုင်တည်းမှာဘဲ မိမိအသင်းသူအသင်းသားတို့၏ ချစ်ခြင်းနှင့်မုန်းခြင်းကို ခံရနိုင်ပါသည်။ ဘုရားသခင်ကိုချစ်သော သူသည် ထိုအမှုတော်ဆောင်ခြင်းကို နှစ်သက်ချီးကျူးတတ်၏။ သို့သော်လည်း အပြစ်၌ကျင်လည် သောသူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုဆန့်ကျင်သောသူသည် ထိုအမှုတော်ဆောင်ကို ဆူးကဲ့သို့ ၎င်း၊ နှောင့်ယှက်သောသူကဲ့သို့၎င်း သဘောထားတတ်၏ (၂ ကော ၆း၃)။ ဤအရာတို့ကိုဘုရားသခင် အမှုတော်ဆောင်တို့ကြုံတွေ့နေရကြ၏။

ပေါလုက ၂ ကော ၅း၂၀ထဲတွင်၊ ခရစ်ယာန်တို့သည် သူတပါးထံပြန်လည်သင့်မြတ်ခြင်း တရားဟောပြောကြမည့် “ခရစ်တော်၏သံတမန်များ” ဟုဖော်ပြခဲ့ပါသည်။ ထိုသို့ ဤကမ္ဘာလောက၌ သတင်းကောင်းဟောပြောခြင်းငှါ ဘုရားသခင်ခေါ်ခြင်းခံရသောသူသည် အလွန်မင်္ဂလာရှိသောသူ ဖြစ်ပါသည်။ ထိုခေါ်ခြင်းကို မြတ်သော၊ လေးစားကြည်ညိုစရာကောင်းသောခေါ်ခြင်းဖြစ်ပါသည် (၂ ကော ၆း၁)။ ထို့ကြောင့် ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်း၌ ကျွန်တော်တို့အခက်အခဲကြုံ တွေ့ရလျှင်လည်း ရှေ့ဆက်ကြိုးစားကြရပါမည်။

ထို့ကြောင့် ပေါလုက ကျွန်တော်တို့ခံစားရသော ကျေးဇူးတော်သည် အချည်းနှီးခံစားရသည် မဟုတ်ဟုဆိုခြင်းဖြစ်ပါသည် (၂ ကော ၆း၁၆)။ ခရစ်ယာန်တို့သည် ကယ်တင်ခြင်းကျေးဇူးတော်ခံရ ကြပြီး၊ ထိုဘုရားသခင်၏ကယ်တင်ခြင်းကျေးဇူးခံရခြင်း၏ ရည်ရွယ်ချက်မှာ ဤကမ္ဘာလောကအတွက် ဆားနှင့်အလင်းဖြစ်ခြင်းငှါ ဖြစ်ပါသည် (မသဲ ၅း၁၃-၁၆)။ ထို့ကြောင့် ကျေးဇူးတော်အားဖြင့် ကျွန်တော်တို့ကယ်တင်ခြင်းခံရ၏ဟု ဝန်ခံပြီးနောက်၊ ပေါလုက ဧဖက် ၂း၁၀ ထဲတွင် ဤသို့ဖော်ပြခဲ့ ပါသည် - “အဘယ်ကြောင့်နည်းဟူမူကား ငါတို့သည် ကောင်းသောအကျင့်တို့ကို ကျင့်ရမည် အကြောင်း ယေရှုခရစ်၌ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်ကြ၏။ ထိုကောင်းသောအကျင့်တို့၌ ငါတို့ သည်ကျင်လည်ရမည်အကြောင်း ဘုရားသခင်သည် ငါတို့ကိုပြင်ဆင်တော်မူနှင့်ပြီ” ။ ထို့ပြင် ခရစ်ယာန်တို့သည် ခရစ်တော်၏ကိုယ်တည်ဆောက် ခြင်း၌အသုံးပြုရန် ဝိညာဉ်ဆုကျေးဇူးအနည်းဆုံး တခုတော့ ခံစားကြရ၏ (၁ ကော ၁၂၊ ဧဖက် ၄း၇-၁၂)။ ထို့ကြောင့် ဘုရားသခင်ထံမှခံစားရသော ကျေးဇူးတော်သည် အချည်းနှီး မဖြစ်မည် အကြောင်း၊ ခရစ်ယာန်တိုင်းသည် မိမိသခင်အတွက် အကောင်းဆုံးကြိုးစားအားထုတ်ကြရပါမည်။

ထို့ပြင် ပေါလုက ဟေရှာယ ၄၉း၈ ကိုကိုးကားပြီး ထိုအမှုကိုယခုကြိုးစားပြုကြရန် အထူး တိုက်တွန်းထားပါသည်။ “ယခုနှစ်သက်ဘွယ်သောအချိန်ဟူသော စကားလုံးတို့ကို အသုံးပြုထားပါ သည်။ ခရစ်တော်ကြွလာတော်မူခဲ့ပြီး ကယ်တင်ခြင်းကြေငြာတော်မူခဲ့ပြီဖြစ်၏။ ယခု သူသည် ကောင်းကင်ဘုံသို့ ကြွတော်မူပြီဖြစ်သောကြောင့်၊ ကျွန်ုပ်တို့အား ထိုအမှုကိုဆောင်ရွက်ရန် သံတမန် အဖြစ်ခန့်အပ်ထားခြင်း ဖြစ်၏။ ထိုအမှုအတွက် လိုအပ်သောခွန်အားကိုလည်း ပေးတော်မူလိမ့်မည်။ ထို့ကြောင့် အမှုတော်မြတ်၌ ကြုံတွေ့ရသော အခက်အခဲဒုက္ခများကို ကြိုးစားရင်ဆိုင်ကျော်ဖြတ်ကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကျေးဇူးတော်ကို ကျွန်တော်အလွဲသုံးစားပြုခဲ့ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်ခေါ်တော်မူသည်အတိုင်း၊ အမှုတော်မြတ်၌ ကျွန်တော့်ကိုမစ ကူညီတော်မူပါ။

## အမှုတော်ဆောင်ခြင်း၏စက်ခဲမှုများ

ပေါလုက ဘုရားသခင်၏အမှုတော်ဆောင်ခြင်း၌ အပြစ်ပြောစရာမရှိအောင် ကြိုးစားအားထုတ်ခြင်း၏အရေးပါမှုကို ထပ်၍ဖော်ပြခဲ့ပါသည်။ အမှုတော်ဆောင်၏ အသက်တာသည် ခရစ်တော်၏သတင်းကောင်းနှင့် လိုက်လျောကိုက်ညီမှုရှိရပါမည်။ သို့မှသာ သတင်းကောင်းကိုလူတို့က ကဲ့ရဲ့ဝေဖန်၍မရဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ပေါလုသည် တရားစီရင်ရာနေ့၌ ဘုရားသခင်၏ အသိအမှတ်ပြုခြင်းခံရခြင်းငှါ၊ များစွာသောအခက်အခဲကြုံတွေ့ရသော်လည်း ခရစ်တော်၏ သတင်းကောင်းကိုသစ္စာရှိစွာ သက်သေခံလျက်ဟောပြောခဲ့ပါသည်။

ထို့နောက် ပေါလုက အမှုတော်မြတ်၌ မိမိကြိုးစားသည်ခံကျော်ဖြတ်ရမည့် အခက်အခဲအချို့ကိုဖော်ပြခဲ့ပါသည် -

* "ညှင်းဆဲခံခြင်း" က ပေါလုခံစားခဲ့သော စိတ်ပိုင်းဆိုင်ရာ၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ နှိပ်စက်ခြင်းနှင့် အခက်အခဲအမျိုးမျိုးကိုဖော်ပြခဲ့ပါသည်။
* "ဆင်းရဲခြင်း" က အမှုတော်မြတ်၌ ကြုံတွေ့ရသောဖိအားနှင့် စိတ်ဆင်းရဲခြင်းတို့ကို ဖော်ပြလျက်ရှိ၏။
* "ဘေးဥပဒ်" ဆိုသည်မှာ လွတ်လမ်းမရှိအောင်၊ ကျဉ်းမြောင်းသောအရပ်၌ တွန်းဖိလျက် ချုပ်နှောင်ခြင်းကိုရည်ညွှန်းပါ၏။
* "အရိုက်အပုတ်ခံခြင်း" သည် လက်(သို့)အရာဝတ္ထုတစ်ခုခုဖြင့် ရိုက်နှက်ခြင်းကိုဆိုလို၏။
* "ထောင်ထဲ၌နေခြင်း" သည် မိမိယုံကြည်ခြင်းကြောင့် ပေါလုထောင်ချခံရခြင်းကို ရည်ညွှန်းပါ သည်။
* "ရုန်းရင်းခတ်ပြုခြင်း" သည် ပေါလု၏တရားဟောခြင်းကြောင့် ဖြစ်ပွားခဲ့သောဆူပူခြင်းအမျိုးမျိုးဖြစ်ပါသည်။
* "လုပ်ဆောင်ခြင်း" ဆိုသည်မှာ ခရစ်တော်၏အမှုတော်မြတ်အတွက် မရပ်မနားပေါလုကြိုးစားရုန်းကန်ခြင်းကိုဆိုလို၏။
* "မအိပ်ဘဲစောင့်နေခြင်း" ဆိုသည်မှာ အိပ်မပျော်သောညများကို ဆိုလိုပါသည်။
* "မွတ်သိပ်ခြင်း"ဆိုသည်မှာ အစားအစာပြတ်လပ်သောအချိန်ကိုရည်ညွှန်းခြင်းဖြစ်ပါသည်။

ဘုရားတရားနှင့်နေသောသူသည် ခရစ်တော်အကြောင်းကြောင့် ညှင်းပန်းနှိပ်စက်ခြင်းခံရလိမ့်မည်။ သင်အသင့်ရှိပါသလား။

**ဆင်ခြင်ရန်** - အမှုတော်ဆောင်ခြင်းငှါ အသင့်ရှိလော့၊ အခက်အခဲကြုံတွေ့ခြင်းငှါ အသင့်ရှိပါလော့။

**ဆုတောင်းချက်** - အဘဘုရား၊ ခရစ်တော်အတွက် အခက်အခဲဒုက္ခကို ကြံ့ကြံ့ခံနိုင်ခြင်းငှါ ကျေးဇူးတော်ခွန်အားချပေးသနားတော်မူပါ။

## အစက်အစဲကိုရင်ဆိုင်ကျော်လွှားခြင်း

အမှုတော်မြတ်၌ ပေါလုသည်အခက်အခဲမျိုးစုံကြုံတွေ့ရသော်လည်း၊ ခရစ်တော်အတွက် သက်သေခံခြင်းအမှု၌ ဘယ်သောအခါမျှ ရောနှောခြင်းသဘောမရှိခဲ့ပါ။ ၂ ကော ၆း၆-၇ ထဲတွင် ပေါလုက အခြေအနေအရပ်ရပ်ကိုမည်သို့ ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောနှင့် ကိုင်တွယ်ဖြေရှင်းခဲ့သည်ကို ဖော်ပြလျက်ရှိ၏ -

* "စိတ်နှလုံးစင်ကြယ်ခြင်းဖြင့်" - ဤစကားလုံးက ပေါလု၏စိတ်သဘော၊ ရည်ရွယ်ချက်၊ အပြောအဆိုနှင့် အပြုအမူတို့၌ ဟန်ဆောင်ခြင်း၊ မုသာ၊ အပြစ်တင်ခွင့်လုံးဝမပါကြောင်း ဖော်ပြလျက်ရှိ၏။
* "ပညာရှိခြင်းဖြင့်" - အသိဉာဏ်တခုတည်းမဟုတ်၊ လက်တွေ့ကျကျသိမြင်လုပ်ဆောင်ခြင်းဖြစ်၏။ ပေါလုသည် သမ္မာကျမ်းစာ၏သွန်သင်ချက်ကို လိုက်လျှောက်သောတပည့်ကောင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တရားကို စိတ်နှလုံးအတွင်းမှဲ့ရှာသောသူဖြစ်ပါသည်။
* "စိတ်ရှည်ခြင်း" - ဒုက္ခပေးသောလူတို့ကို သည်းခံခြင်းဖြစ်ပါသည်။
* "ကျေးဇူးပြုခြင်း" - ဤသည်ကား ကောင်းသောအမှုပြုခြင်းဖြစ်၏။ ပေါလုသည် မကောင်းမှုကို မကောင်းမှုဖြင့်မတုန့်ပြန်ဘဲ၊ ကောင်းမှုဖြင့်တုန့်ပြန်တတ်၏။
* "သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်" - ဝိညာဉ်တော်၌ ကျွန်တော်တို့ကျင်လည်သောအခါ၊ ဤ ခက်ခဲသောလောကကြီးထဲ၌ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေသောအသီးများ သီးနိုင်ခြင်းငှါ ဝိညာဉ်တော်က ကျွန်ုပ်တို့ကိုမစတော်မူလိမ့်မည်။
* "စစ်မှန်သောချစ်ခြင်း" - ဤသည်ကား ဟန်ဆောင်မှုကင်းသော အချစ်စစ်ကိုဆိုလိုပါသည်။ ထို့ကြောင့် သူတပါးအပေါ် ကောင်းသောအမှုပြုခြင်း၌ ဟန်ဆောင်ခြင်း၊ မကောင်းသောရည်ရွယ်ချက်မရှိခဲ့ပါ။
* "သမ္မာတရားကိုဟောပြောခြင်း" - သမ္မာကျမ်းစာသည် ယုံကြည်ခြင်းနှင့်အသက်တာအပေါ်၌ ကျွန်ုပ်တို့၏တစ်ခုတည်း အဓိကတရားသူကြီး၊ စီရင်ပိုင်သောတန်ခိုးရှင်ဖြစ်ပါသည်။ ထို့ကြောင့် ဤသမ္မာကျမ်းစာကို ကျွန်တော်တို့လိုက်လျှောက်၍ ဟောပြောကြရပါမည်။
* "ဘုရားသခင်၏တန်ခိုးတော်" - ပေါလုသည် ဇာတိခွန်အားကို ကိုးစား၍အမှုတော်ဆောင်သည် မဟုတ်၊ ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။
* "ဖြောင့်မတ်ခြင်းလက်နက်အားဖြင့်" - ဤအချက်က ပေါလုသည် ဤဝိညာဉ်စစ်ပွဲ၌ မိမိကိုယ်ကို ကွယ်ကာခြင်းငှါ ဘုရားသခင်၏စစ်လက်နက်စုံ ဝတ်ဆင်ခြင်းရှိကြောင်း ဖော်ပြလျက်ရှိ၏။ ကျွန်ုပ်တို့၏ လက်နက်တို့သည် ဇာတိနှင့်ဆိုင်သောလက်နကမဟုတ်၊ ဝိညာဉ်နှင့်ဆိုင်သော လက်နက်များဖြစ်ကြပါသည် (၂ ကော ၁၀း၄-၅)။

**ဆင်ခြင်ရန်** - ကျဆုံးခဲ့သော ဤကမ္ဘာလောက၌ ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောနှင့် နေထိုင်အသက်ရှင်ခြင်း။

**ဆုတောင်းချက်** - အဘဘုရား၊ အခက်အခဲဒုက္ခကြား၌ သည်းခံခြင်းစိတ်သဘောရှိမည်အကြောင်း သွန်သင်ပေးတော်မူပါ။

တနင်္ဂနွေ၊ ဖေဖော်ဝါရီ (၉)
**၂ ကော ၆:၃-၁၀**
၂ တိ ၃:၁၂

*"အသရေထင်ရှားခြင်းနှင့်ရှုတ်ချခြင်း၊ ချီးမွမ်းခြင်းနှင့် ကဲ့ရဲ့ခြင်းကိုခံသဖြင့်ငှင်း"*

## အမှုတော်ဆောင်ခြင်း၌ကြုံတွေ့ရသောဆန့်ကျင်ဘက်အရာများ

ဖော်ပြခဲ့သည်အတိုင်း၊ သစ္စာရှိသောသင်းအုပ်ဆရာသည် အသင်းတော်ထဲ၌ ချစ်ခြင်းခံရသောသူဖြစ်သကဲ့သို့ မုန်းခြင်းခံရသောသူဖြစ်နိုင်ပါသည်။ ဤဆန့်ကျင်ဘက်အရာများဟု ထင်ရသောအချက်တို့ကိုပေါလုက ၂ ကော ၆:၈-၁၀ ထဲတွင် လှပစွာဖော်ပြထားပါသည်။

အငယ် ၈၊ "အသရေထင်ရှားခြင်းနှင့်ရှုတ်ချခြင်း" - ဘုရားသခင်ကိုကြောက်ရွံ့သောသူသည် မိမိအားသစ္စာရှိစွာတရားဟောကြားလျက် စောင့်ရှောက်သော၊ ဘုရားသခင်ခန့်အပ်သည့်သစ္စာရှိသောအမှုတော်ဆောင်တို့ကို ရိုသေလေးစားခြင်းရှိ၏။ တဖက်တွင်၊ ဘုရားသခင်ကိုနှုတ်ကပတ်တော်ကို အလေးမထားသော၊ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းမရှိသောသူသည် သစ္စာရှိသောသင်းအုပ်ဆရာတို့ကိုမထီမဲ့မြင်ပြုတတ်ကြ၏။ ထိုနည်းတူ၊ ပေါလု၏အမှုတော်မြတ်ကိုချီးကျူးသောသူတို့သည် ထိုအမှုတော်အားဖြင့် ခံစားရသောဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဘုရားသခင်ကိုချီးမွမ်းတတ်ကြ၏။ တဖက်တွင် ဆန့်ကျင်သောသူတို့သည် ပေါလုကိုစွပ်စွဲခြင်းပြု၍ မကောင်းသတင်းလွှင့်ခဲ့ကြပါသည်။ ပေါလုသည် အပြောအဆို၊ အကျင့်နှင့်အနေအထိုင်တို့တွင် မှန်ကန်စွာသစ္စာရှိစွာနေထိုင်သော်လည်း၊ ထိုသို့ပြုကြ၏။

အငယ် ၉၊ "မသိသောသူကဲ့သို့ ဖြစ်သော်လည်း ကျော်စောသောသူ" - လူတို့တွင် အထင်အမြင်သေးခြင်းခံရသောသူဖြစ်သောအချိန်ရှိတတ်သော်လည်း၊ ပေါလုသည် ကျော်စောသောသူဖြစ်ပါသည်။ သူ၏အသက်သည် အန္တရာယ်ရှိသည်ဟု ထင်ရသောအချိန်ရှိသော်လည်း၊ အချိန်တိုင်း ဘုရားသခင်ကစောင့်ရှောက်တော်မူ၏။

အငယ် ၁၀၊ "ဝမ်းနည်းသောသူကဲ့သို့ ဖြစ်သော်လည်း၊ အစဉ်ဝမ်းမြောက်သောသူ" - သင်းအုပ်ဆရာ၏စိတ်နှလုံးဝမ်းနည်းစေနိုင်သောအရာများစွာ ရှိပါသည်။ ကောရိန္သုအသင်းတော်၌ ပေါလုကြုံတွေ့ရသောအမှုမှာ ယုံကြည်သူတို့သည် ဝိညာဉ်အရာသို့မလိုက်ဘဲ၊ ဇာတိပကတိအလိုနောက်သို့ လိုက်ကြခြင်းဟူသော ဝမ်းနည်းမှုဖြစ်ပါသည်။ သို့သော်လည်း လူတို့သည် သမ္မာတရားဖက်သို့ပြန်လှည့်ကြသောအခါ ပေါလုသည်ဝမ်းမြောက်ခြင်းရှိ၏။ ထို့ပြင် ခရစ်တော်သည်မိမိလူတို့ကိုဘယ်တော့မှစွန့်ပစ်မည်မဟုတ်ကြောင်း သိခြင်းသည်လည်း ဝမ်းမြောက်စရာကောင်းလှပါသည်။ ထို့ကြောင့်၊ လူ့အမြင်၌ ဆင်းရဲသည်ဟုထင်ရသောအချိန်၌ပင် ပေါလုသည်ခရစ်တော်၌ လုံလောက်ခြင်းရှိကြောင်း သိသဖြင့် ဘုရားသခင်ကိုချီးမွမ်းခဲ့ရပါသည်။ ခရစ်တော်က ဤ"ဆင်းရဲသောသူ" ကို အခြားသောသူများ "ကြွယ်ဝခြင်း" ရှိစေခြင်းငှါ အသုံးပြုတော်မူခဲ့၏။ ကျွန်ုပ်တို့ဘုရားသခင်ပြုသောအမှုသည် အံ့သြစရာကောင်းလှပါသည်တကား။

**ဆင်ခြင်ရန်** - သခင်၏ချီးမွမ်းစကားသည်သာ အဓိကကျပါ၏။

**ဆုတောင်းချက်** - အဘဘုရား၊ အမှုတော်မြတ်၌ ကြုံတွေ့ရသောစိန်ခေါ်မှုများကို မည်သို့ကိုင်တွယ်ဖြေရှင်းရမည်အကြောင်း အကျွန်ုပ်အားသင်ပေးတော်မူပါ။

တနင်္လာ၊ ဖေဖော်ဝါရီ (၁၀)

**၂ ကော ၆း၁၁-၁၃**

၂ ကော ၇း၃

*“ငါတို့နှုတ်သည် သင်တို့အားဖွင့်လျက်ရှိ၏။ စိတ်နှလုံးသည်လည်းကျယ်ဝန်း၏”*

## သင်းအုပ်ဆရာ၏သနားကြင်နာမှုစိတ်သဘော

“အချင်းကောရိန္သုလူတို့၊ ငါတို့နှုတ်သည် သင်တို့အားဖွင့်လျက်ရှိ၏။ စိတ်နှလုံးသည်လည်း ကျယ်ဝန်း၏” (၂ ကော ၆း၁၁)။ ဤအပိုဒ်သည် ဤစာစောင်၏ အဓိကအချက်ဟုသတ်မှတ်၍ရပါ၏။ အကြောင်းမှာ ပေါလုကဤကျမ်းပိုဒ်၌ မိမိစိတ်နှလုံးကို လူတို့ အားလုံးပြင်ခြင်းငှါ ပြသခဲ့ပါသည်။ သူသည်ယိမ်းယိုင်ခြင်းမရှိသော၊ ကြံ့ခိုင်တိကျသော ဓမ္မဆရာဖြစ် သော်လည်း၊ ဘုရားသခင်၏သိုးစုကို အလွန်မြတ်နိုးသောဂရုစိုက်တတ်သော တမန်တော်လည်းဖြစ်ပါ သည်။

ပထမအချက်အနေဖြင့်၊ ပေါလုသနားကြင်နာသောအရာကို စဉ်းစားကြပါစို့။ အခြားမဟုတ်ဘဲ ကောရိန္သုခရစ်ယာန်များဖြစ်ပါသည်။ ကောရိန္သုမြို့သည် မတရားသောမေထုန်မှီဝဲခြင်းနှင့် အကျင့်ပျက်ခြင်း၌ နာမည်ကြီးသောမြို့ဖြစ်ပါသည်။ သို့သော်လည်း၊ ဘုရားသခင်သည်အချို့သောသူတို့ကို အမှောင်ထဲမှ မိမိ၏အံ့ဘွယ်အလင်းထဲသို့ခေါ်လျက်၊ ကယ်တင်ခဲ့ပါသည်။

ဝမ်းနည်းစရာကောင်းသည်မှာ အသင်းတော်သည် လူဦးရေကြီးထွားလာစဉ်၊ ဝိညာဉ်အရေး၌ ပြဿနာကြုံတွေ့ရ၏။ အသင်းတော်၌ ဇာတိနှင့်ဆိုင်သောသင်းကွဲခြင်းပေါ် ပေါက်လာခဲ့ပါသည်။ ထို့ကြောင့် ပေါလုကအချို့ပြဿနာတို့ကို ပြင်ဆင်ဆုံးမသောအခါ၊ သူတို့က ပေါလုကိုမလေးမစား ဆက်ဆံကြ၏။

ထိုသို့ ရင်နာစရာငြင်းပယ်ခြင်းခံခဲ့သောကြောင့် ပေါလုသည်ငြိမ်သက်စွာနေ၍ ဘာမှမပြောတော့ဘဲ နေခဲ့နိုင်ပါသည်။ သို့သော်လည်း ပေါလုသည် ထိုကောရိန္သုခရစ်ယာန်တို့ကို မစွန့်ပစ်ခဲ့ပါ။ ခရစ်တော်ကိုချစ်သောချစ်ခြင်းမေတ္တာ၏ နှိုးဆော်မှုကြောင့် ပေါလုသည်ကောရိန္သုခရစ်ယာန်တို့ထံ ဆက်လက်အမှုတော်ဆောင်ခဲ့၏။ ထို့ကြောင့် ပေါလုသည် ကောရိန္သုခရစ်ယာန်တို့ထံ မိမိစိတ်နှလုံးကိုဖွင့်ပြလျက် သနားကြင်နာသောစိတ်ဖြင့် ဆက်လက်တရားဟောပြောခဲ့ပါသည်။

တဖက်တွင်၊ ကောရိန္သုလူတို့သည် ပေါလုနည်းတူ တုန့်ပြန်ပြုမူခြင်း၌ နှေးကွေးခဲ့ကြ၏။ ထို့ကြောင့်၊ ပေါလုက သူတို့အားမိမိနှင့်အပေါင်းအဘော်တို့အပေါ် ကျဉ်းမြောင်းခြင်းမရှိရန် ဆိုခဲ့ပါသည်။ “ကျဉ်းမြောင်း” ဟူသောစကားလုံးသည်၊ စိတ်သဘောထားသေးခြင်း၊ “ကျယ်ဝန်း” ၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ပေါလုက ကောရိန္သုလူတို့အား မိမိပြဿနာကဲ့သို့၊ သနားကြင်နာခြင်း စိတ်သဘောကိုမိမိအား ပြသကြရန် တိုက်တွန်းခြင်းဖြစ်၏။ ဘုရားသခင်၏လူတို့အကြား၌ ဟန်ဆောင်မှုကင်းသော၊ ရိုးသားဖြူစင်သော မိဿဟာယဖွဲ့ခြင်းရှိခြင်းသည် နှစ်သက်စရာကောင်းသောအမှုဖြစ်၏။ ထို့ကြောင့် သင်နှင့်သင်းအုပ်ဆရာ၏ဆက်ဆံရေးသည် မည်သို့ရှိသနည်း။ သင်းအုပ်ဆရာနှင့် ဘုရားသခင်၏သိုးစုအကြား၌ စစ်မှန်သောချစ်ခြင်းမေတ္တာ၊ သနားကြင်နာခြင်းမိဿဟာယဖွဲ့ခြင်းနှင့်ဆက်ဆံမှုရှိဖို့လိုပါသည်။

**ဆင်ခြင်ရန်** - သစ္စာရှိသောသင်းအုပ်ဆရာတိုင်း၏ ဝမ်းမြောက်ခြင်းသည် အဘယ်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ အသင်းတော်ဦးဆောင်သူများနှင့် ကိုယ်တော်၏လူတို့ကို ချစ်နိုင်မည်အကြောင်း အကျွန်ုပ်အားသွန်သင်မစတော်မူပါ။

**၂ ကော ၆:၁၄-၇:၁**
၂ သက် ၃:၆-၁၅

*"မယုံကြည်သောသူတို့နှင့်တွဲဘက်၍*
*ဆန့်ကျင်ဘက်ဖြစ်သော ထမ်းဘိုးကိုမထမ်းကြနှင့်"*

## သမ္မာကျမ်းစာသင်ပေးသောတသီးတခြားနေခြင်းသည် အဘယ်နည်း

သမ္မာကျမ်းစာသင်ပေးသော တသီးတခြားနေခြင်းဆိုသည်မှာ ခရစ်ယာန်တို့အားမယုံကြည်သူတို့နှင့်မတူညီသော တံပိုးမထမ်းရန် (၂ ကော ၆:၁၄-၇:၁)၊ မှားယွင်းသော၊ ဆိုးသွမ်းသော၊ အပြစ်ပြုသော သူတို့အပေါင်းနှင့်ရောနှောခြင်းမပြုရန် ဘုရားသခင်စေခိုင်းမိန့်တော်မူချက်ဖြစ်ပါသည်။ ဤသွန်သင်ချက်သည် ဘုရားသခင်စေခိုင်းမိန့်တော်မူချက်ဖြစ်ပါသည်။ ဤသွန်သင်ချက်သည် ဘုရားသခင်၏သန့်ရှင်းခြင်း၌၎င်း၊ အသင်းတော်ရည်ရွယ်ချက်၌၎င်း အခြေခံခြင်းဖြစ်ပါသည်။ ခရစ်ယာန်သည် မယုံကြည်ခြင်းနှင့်အပြစ်မှတသီးတခြားနေရပါမည်။ အကြောင်းမှာ ထိုသို့ပြုခြင်းသည် ဘုရားသခင်၏သဘောသဘာဝပေတည်း။ ဤလောကီအမှောင်ထဲမှ သီးခြားခေါ်ခြင်းခံရသောသူဖြစ်၍၊ သန့်ရှင်းသောသူဟု ကင်ပွန်းတပ်ခြင်းခံရသောသူဖြစ်ကြသောကြောင့်၊ ဤလောကီအရာတို့၏ အညစ်စွန်းထင်းစေခြင်းမှကင်းလွတ်ခြင်းငှါ ကျွန်တော်တို့၌တာဝန်ရှိပါသည်။

သမ္မာကျမ်းစာသင်ပေးသောတသီးတခြားနေခြင်းတွင် အချက်နှစ်ချက်ပါဝင်ပါသည် -

<u>(၁) တဦးနှင့်ဆိုင်သော တသီးတခြားနေခြင်း</u> မသန့်ရှင်းခြင်းနှင့်အပြစ်အလုံးစုံမှ မိမိကိုယ်ကို သီးခြားနေခြင်းကိုဆိုလို၏။ ဤလောကအရာတို့ကို မချစ်မနှစ်သက်ဘဲ (၁ ယော ၂:၁၅-၁၇)၊ အပြစ်နှင့်၎င်း၊ အပြစ်ဟုထင်ရသောအရာနှင့်၎င်း (၁ သက် ၅:၂၂)၊ ကင်းရှင်း၍ ထိုအရာတို့ကို ရှောင်ကြဉ်ခြင်းငှါ ကြိုးစားအားထုတ်ရပါမည်။ တဖက်တွင်၊ ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းကို ရှေးဦးစွာ ရှာခြင်းပေတည်း (မသဲ ၆:၃၃)။ ထိုသူ၏စိတ်စွဲလမ်းမှုသည် ဤလောကီအရာ၌မဟုတ်ဘဲ၊ အထက်အရာတို့၌သာ တည်ရပါမည် (ကောလော ၃:၁-၂)။

<u>(၂) အများနှင့်ဆိုင်သောတသီးတခြားနေခြင်း။</u>

(a) ဓမ္မဟောင်းကျမ်းထဲတွင်၊ ဘုရားသခင်က ဣသရေလလူမျိုးကို ရုပ်တုဆင်းတုကိုးကွယ်ခြင်းနှင့် ဘုရားကိုမသိသောအခြားလူမျိုးတို့မှ တသီးတခြားနေခြင်းငှါ မိန့်တော်မူ၏ (တရား ၇:၁-၁၁)။ အခြားလူမျိုးတို့ထံ ယေဟောဝါဘုရားသခင်အတွက် သက်သေခံခြင်းငှါ ရွေးကောက်ထားသောလူမျိုးဖြစ်ကြ၏။ "သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုးဖြစ်ရကြလိမ့်မည်" (ထွက် ၁၉:၆)။

(b)ဤအချက်တွင် အသင်းတော်အနေဖြင့် အမည်ခံယုံကြည်သူအား ဆုံးမအရေးယူခြင်းပါဝင်နိုင်ပါ၏။ ၂ သက် ၃:၆၊ ၁၄-၁၅၊ ၁ ကော ၅ တို့ကိုကြည့်ပါ။

ထို့ပြင် ခရစ်ယာန်တဦး(သို့) အသင်းတော်တပါးအနေဖြင့် အခြားအသင်းတော်နှင့် ပူးပေါင်းခြင်းမပြုခြင်းလည်းဖြစ်ပါသည်။ ဥပမာအားဖြင့်၊ တကမ္ဘာတဘာသာလှုပ်ရှားမှု၌ အသင်းဝင်အဖြစ်ပါဝင်သောအသင်းတော်တို့နှင့် ပူးပေါင်းခြင်းမပြုခြင်းမျိုးဖြစ်ပါသည်။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာသင်ပေးသော တသီးတခြားနေခြင်းသည် ရွေးချယ်ရန်မဟုတ်၊ အမိန့်တော်ဖြစ်၏။

**ဆုတောင်းချက်** - အဘဘုရား၊ ဤလောကီအပြစ်တို့နှင့် မစွန်းထင်းမည်အကြောင်း အကျွန်ုပ်ကို စောင့်ရှောက်တော်မူပါ။

## တသီးတခြားနေခြင်း၌ အမိန့်ပေးခြင်း

တသီးတခြားနေခြင်းသည် ရွေးချယ်ရန်မဟုတ်၊ အမိန့်တော်ဖြစ်၏။ ဤအချက်ကို ၂ ကော ၆း၁၄-၇း၁ ထဲတွင် တွေ့ရသောအမိန့်တော်ငါးချက်က သက်သေထူလျက်ရှိ၏ -
(၁) "ဆန့်ကျင်ဘက်ဖြစ်သော ထမ်းဘိုးကိုမထမ်းကြနှင့်" (၆း၁၄)။
(၂) "ထိုသူတို့အထဲမှထွက်၍" (၆း၁၇)
(၃) "အသီးအခြားနေကြလော့" (၆း၁၇)။
(၄) "မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်" (၆း၁၇)
(၅) "အညစ်အကြေးရှိသမျှတို့နှင့် ကိုယ်ကိုကိုယ်ကင်းစင်စေလျက်" (၇း၁)။

ဤဆန့်ကျင်ဘက်ဖြစ်သောထမ်းဘိုးမထမ်းခြင်း၌ အမိန့်တော်သည် ဓမ္မဟောင်းထဲမှ ပညတ်ချက်၌အခြေခံခြင်းဖြစ်ပါသည်။ "စပျစ်ဥယျာဉ်၌ ခြားနားသောမျိုးစေ့တို့ကုရောနှော၍မကြဲရ။ ထိုသို့ကြဲလျှင်၊ မျိုးစေ့အသီး၊ စပျစ်ပင်အသီးနှစ်ပါးစလုံးပျက်လိမ့်မည်။ နွားနှင့်မြည်းကိုဘက်၍ လယ်မထွန်ရ" (တရား ၂၂း၉-၁၀)။

အဘယ့်ကြောင့် ဘုရားသခင်ကပျိုးကြဲခြင်း၌ မျိုးစေ့အမျိုးမျိုးရောနှောခြင်းနှင့်မတူညီသော တိရိစ္ဆာန်ထမ်းဘိုးတင်ခြင်းတားမြစ်ထားပါသနည်း။ သွန်သင်လိုသောအချက်ဟူမူကား၊ ဣသရေလလူတို့သည် တပါးအမျိုးသားတို့နှင့်မရောနှောဘဲ အသီးအခြားနေရန်လက်တွေ့အမြင်အားဖြင့် သင်ပေးခြင်းဖြစ်ပါသည် (နှိုင်း၊ တရား ၇း၁-၁၁)။ တပါးအမျိုးသားတို့၏ ဘုရားများကိုမကိုးကွယ်ရ၊ သူတို့၏မှားယွင်းသောအကျင့်တို့ကို လိုက်အတုမခိုးရကြပါ။

တဖက်တွင်၊ မယုံကြည်သူတို့နှင့်တသီးတခြားနေခြင်းသည် တကိုယ်တည်းလူတို့နှင့် လုံးဝမပတ်သတ်ဘဲနေခြင်းကိုမဆိုလိုပါ။ ယောဟန် ၁၇း၁၅ ထဲတွင် ယေရှုက "ဤသူတို့ကို ဤလောကမှ နှုတ်ယူတော်မူမည်အကြောင်း အကျွန်ုပ်တောင်းသည်မဟုတ်ပါ။ မကောင်းသောအမှုအရာနှင့် ကင်းလွတ်စေခြင်း၌ စောင့်မတော်မူမည်အကြောင်းကိုသာ တောင်းပါ၏" ဟုဆုတောင်းခဲ့ပါသည်။ ခရစ်တော်ဆိုလို သည့်မှာ ယုံကြည်သူတို့သည် ဤလောကီအရာ၊ အတွေးအခေါ်အမြင်တို့နှင့် မရောနှောဘဲ ကင်းရှင်း စွာနေလျက်၊ ဤလောက၌ရှိသော လူတို့ထံမည်သို့ သက်သေခံမည်ကို ဖော်ပြခြင်းဖြစ်၏။

ခွန်အားယူရမည့်အရာကား အသင်းတော်သည်မိမိ၏တာဝန်ဖြစ်သော တရားဟောခြင်းအမှုကို ပျောက်ဆုံးသောလူတို့ထံ ကြိုးစားဆောင်ရွက်ရမည်ဖြစ်၏။ တစ်ချိန်တည်းမှာဘဲ ဤလောကီအတွေးအခေါ်နှင့်အမူအကျင့်တို့ကို အသင်းတော်ထဲသို့ယူဆောင်မလာရန် သတိထားရပါမည်။ ထိုသို့ သတိမထားသောအသင်းတော်သည် အမှန်သေလိမ့်မည်။

**ဆင်ခြင်ရန်** - ယုံကြည်သူသည် မယုံကြည်သူနှင့်ထိမ်းမြားလက်ထက်ခြင်းမပြုရပါ။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်အတွက် မည်သို့အသီးအခြားနေရမည်ကို အကျွန်ုပ်အား သင်ပေးတော်မူပါ။

## တသီးတခြားနေရခြင်းအကြောင်းအရင်း

ယုံကြည်သူနှင့်မယုံကြည်သူ မရောနှောဘဲ သီးခြားနေဖို့လိုအပ်ရခြင်းအကြောင်းအရင်းကို အပိုဒ်ငယ် ၁၄-၁၆ထဲတွင် မေးခွန်းပုံစံဖြင့်ဖော်ပြခဲ့ပါသည်။ ထိုမေးခွန်းတိုင်းတွင် ထိုတူညီသော ဆန့်ကျင်ဘက်အရာနှစ်ခုကို ဖော်ပြထားပါသည် -

(၁) တရားသောအမှုနှင့်မတရားသောအမှု
(၂) အလင်းနှင့်မှောင်မိုက်
(၃) ခရစ်တော်နှင့်ဗေလျာလ
(၄) ယုံကြည်သူနှင့်မယုံကြည်သူ
(၅) ဘုရားသခင်၏ဗိမာန်တော်နှင့်ရုပ်တု

ဤဖော်ပြချက်တို့၌ တွေ့ရသောအချက်တို့၏မတူညီမှုနှင့် ဆန့်ကျင်မှုကိုသိမှတ်ပါလော့။ ဤအချက်က ယုံကြည်သူနှင့်မယုံကြည်သူ ပူးပေါင်း၍မရကြောင်းကို ထင်ရှားစေပါ၏။

ဒုတိယအကြောင်းရင်းမှုကား သန့်ရှင်းသူတို့၏သန့်ရှင်းစင်ကြယ်ခြင်းပင်ဖြစ်ပါသည်။ အပိုဒ်ငယ် ၁၆ တွင် ပေါလုက ကောရိန္သုခရစ်ယာန်တို့ကို အသက်ရှင်တော်မူသောဘုရားသခင်၏ "ဗိမာန်တော်" ဟုဖော်ပြခဲ့ပါသည် (၂ ကော ၆း၁၆)။ ဤ "ဗိမာန်တော်" ဟူသောစကားလုံးက ဘုရားသခင်၏ဘုန်းတော်ကျိန်းဝပ်တော်မူရာ အသန့်ရှင်းဆုံးအခန်းကို ရည်ညွှန်း၏။ ဤဖော်ပြချက်ကို ပေါလုက ၁ ကော ထဲတွင် အသင်းတော် (၁ ကော ၃း၁၆)နှင့် ယုံကြည်သူတစ်ဦးချင်းစီ (၁ ကော ၆း၁၉) ရည်ညွှန်းခြင်း၌ အသုံးပြုခဲ့ပါသည်။ အဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ၊ ခရစ်ယာန်တို့သည် ဘုရားသခင်၏ဘုန်းတော်နှင့် သန့်ရှင်းခြင်းကို ထင်ရှားစေကြရပါမည်။ အပြစ်နှင့်လောကီအရာ ကိန်းအောင်းနေလျှင် မည်သို့ဘုရားသခင်၏ဘုန်းတော် ထင်ရှားနိုင်မည်နည်း။

ပေါလုက ဤအချက်ကိုရှင်းပြခြင်းငှါ ဝတ်ပြု ၂၆း၁၂ နှင့် ဇေယေ ၃၇း၂၇ ကိုကိုးကားခဲ့ပါသည်။ "သင်တို့တွင်လည်း လှည့်လည်၍သင်တို့၏ဘုရားသခင်ဖြစ်မည်၊ သင်တို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်"။ ဘုရားသခင်၏ဗိမာန်တော်ဖြစ်သည့်အလျောက် ဘုရားသခင်သည် မိမိလူတို့၌ ကျိန်းဝပ်တော်မူ၍ သူတို့ပြုသောအမှု၌ ထင်ရှားခြင်းရှိ၏။ ထို့ကြောင့် ဘုရားသခင်၏လူတို့သည် မိမိတို့၏အပြုအမူကိုသတိထား၍ အပြစ်မဝင်လာခြင်းငှါ အထူးသတိပြုရပါမည်။ ထိုနည်းတူ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူတိုင်း၌ကျိန်းဝပ်တော်မူ၏။ ထို့ကြောင့် ကျွန်တော်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေခြင်းငှါ အထူးသတိပြုကြရပါမည် (ဧဖက် ၄း၃၀)။ ထို့ကြောင့် ကျွန်တော်တို့သည် ဤလောကီအရာတို့၏ ရောနှောစွန်းထင်းစေခြင်းမခံရအောင် မိမိကိုယ်ကို ကွယ်ကာစောင့်ရှောက်ကြရပါမည် (ယာကုပ် ၁း၂၇)။

**ဆင်ခြင်ရန်** - အကျွန်ုပ်ကိုယ်သည် အသက်ရှင်တော်မူသောဘုရားသခင်၏ ဗိမာန်တော်ဖြစ်ပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ သန့်ရှင်းခြင်းအသက်တာရှိမည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၁၄)

**၂ ကော ၆း၁၄-၇း၁**

၆ ရာ ၁၉း၂

*"မစင်ကြယ်သောအရာတို့ကို လက်နှင့်မျှမတို့ကြနှင့်။ ထိုသို့ပြုလျှင် သင်တို့ကို ငါသည် လက်ခံမည်"*

# တသီးတခြားနေခြင်း၏အသီးအပွင့်

အပြစ်နှင့်မယှဉ်ကြည်ခြင်းမှ တသီးတခြားနေခြင်းမပြုခြင်းက ဘုရားသခင်၏အမြတ်တော်ကို ထွက်စေတတ်၏။ ယောရှဖတ်သည် ဘုရားကိုကြောက်ရွံ့ခြင်းမရှိသော အာဟပ်နှင့်ပူးပေါင်းသော အခါ ဘုရားသခင်က ဟာနန်၏သား ယေဟု ကို စေလွှတ်ပြီး - "မင်းကြီးသည် မတရားသောသူကို မစသင့်သလော၊ ထာဝရဘုရားကိုမုန်းသောသူတို့ကို ချစ်သင့်သလော။ ယခုပြုသောအမှုကြောင့် ထာဝရဘုရား၏အမြတ်တော်သည် မင်းကြီးအပေါ် သို့သက်ရောက်လေပြီ" (၆ ရာ ၁၉း၂)ဟု သတိပေး ခဲ့၏။ ယောရှဖတ်၏ အာဟပ်နှင့်ပူးပေါင်းခြင်းအမှုကြောင့် သူ့သားယောရံနှင့်အာဟပ်၏သမီး အာသလိတို့သည် ထိမ်းမြားလက်ထပ်ခဲ့ကြ၏။ ဤအာသလိသည် မိမိ၏သား အာခဇိ ကွယ်လွန်ပြီး နောက် ဒါဝိဒ်၏မျိုးဆက်ကို သုတ်သင်ဖယ်ရှားခြင်းငှါ ကြိုးစားခဲ့သောသူဖြစ်ပါသည် (၄ ရာ ၁၁း၁)။ ဤသည်ကား ရောနှောခြင်း၏ဝမ်းနည်းစရာရလဒ်ဖြစ်ပါသည်။ ရောနှောခြင်း၌ ကောင်းကျိုးလုံးဝမရှိပါ။

တဖက်တွင်၊ သမ္မာကျမ်းစာသင်ပေးသော အသီးအခြားနေခြင်းကို လက်တွေ့ကျင့်သုံးသူ တို့သည် ကြီးစွာသောကောင်းကြီးမင်္ဂလာခံစားရကြ၏။ ထိုမင်္ဂလာနှစ်ပါးကို အောက်၌ဖော်ပြထားပါ သည် -

(၁) မိသားဟာယဖွဲ့ခြင်းမင်္ဂလာ - "သင်တို့ကိုငါလက်ခံမည်" (၂ ကော ၆း၁၇)။ ဤ "လက်ခံ" ဟူ သောစကားလုံးသည် ဧည့်သည်(သို့) မိတ်ဆွေကိုကြိုဆိုခြင်းပုံရိပ်ကို ထင်ရှားစေပါသည်။ ဘုရားသခင် က ကျွန်ုပ်တို့အား မိမိနှင့်မိသားဟာယဖွဲ့ခြင်းမင်္ဂလာထဲသို့ ကြိုဆိုလက်ခံခြင်းဖြစ်ပါသည်။

(၂) သားဖြစ်ရခြင်းမင်္ဂလာ - "သင်တို့၏အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီးဖြစ်ကြလိမ့် မည်ဟု အနန္တတန်ခိုးနှင့်ပြည့်စုံသောထာဝရဘုရားမိန့်တော်မူ၏" (၂ ကော ၆း၁၈)။ ကျွန်တော်တို့ သည် တသီးတခြားနေခြင်းတရားကို ယုံကြည် ခြင်းဖြင့် နာခံလိုက်လျှောက်သောအခါ ကောင်းကင် ဘုံရှိအဘဘုရားသခင်နှင့် စုံလင်စွာမိသားဟာယ ဖွဲ့ခြင်းကို ခံစားရကြ၏။ ကျွန်ုပ်တို့၏ လိုအပ်ချက်တို့ကို ဘုရားသိတော်မူ၍ တာဝန်ယူတော်မူလိမ့်မည်။ ရှင်ဘုရင်အစားအစာဖြင့် မိမိကိုယ်ကိုမညစ်ညူးစေလိုသော ဒံယေလနှင့်သူ၏သူငယ်ချင်းသုံးယောက် တို့သည် ဘုရားသခင်၏ ချီးမြှောက်ခြင်း ကောင်းကြီးမင်္ဂလာခံစားကြသကဲ့သို့ (ဒံ ၁)၊ ဘုရားသခင် အတွက် သန့်ရှင်းစင်ကြယ် စွာ နေထိုင်သောယုံကြည်သူတို့သည် ထိုသို့သောမင်္ဂလာကို ခံစားရကြလိမ့် မည်။

"ဤတသီးတခြားနေခြင်းတရားသည် ကွယ်ကာစောင့်ရှောက်ခြင်းတရားဖြစ်၏။ ကျွန်ုပ်တို့ ကိုယ်၌ရှိသောသွေးဖြူဥတို့သည် ဝင်ရောက်လာသောဘက်တီးရီးယားပိုးတို့ကို တိုက်ခိုက်ပျက်စီးသကဲ့ သို့ တသီးတခြားနေခြင်းက အသင်းတော်အား မှားယွင်းသောဆရာများနှင့် သူ့နှင့်သင်ချက်မှ သန့်ရှင်း စင်ကြယ်စွာကွယ်ကာစောင့်ရှောက်လျက် ရှိ၏" (Tow and Khoo)။ ထို့ကြောင့် ဘုရားသခင်အတွက် ကျွန်တော်တို့သန့်ရှင်းစွာ မိမိကိုယ်ကိုစောင့်ရှောက်ကြပါစို့။ ထိုသို့ပြုသောသူတို့အဖို့ ဝိညာဉ်ဆုကျေးဇူး ကောင်းကြီးမင်္ဂလာရှိပါ၏။

**ဆင်ခြင်ရန်** - ရောနှောနေခြင်း၌ ကောင်းကျိုးလုံးဝမရှိပါ။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏လမ်းထဲ၌ ကျင်လည်လိုက်လျှောက်မည်အကြောင်း မစတော်မူပါ။

စနေ၊ ဖေဖော်ဝါရီ (၁၅)

**၂ ကော ၇း၁**
ယာကုပ် ၁း၂၇

*“. . . အညစ်အကြေးရှိသမျှတို့နှင့် ကိုယ်ကိုကိုယ်ကင်းစင်စေလျက်”*

## မိမိကိုယ်ကို စင်ကြယ်စွာစောင့်ရှောက်လော့

ပေါလုသည် တသီးတခြားနေခြင်းတရားကိုဖော်ပြခြင်း၌ အလွန်ကိုက်ညီလျက် အကျိုးရှိသောနိဂုံးဖြင့်အဆုံးသတ်ခဲ့ပါသည်။ ပထမတွင်၊ ထိုတသီးတခြားနေခြင်းတရားကို လိုက်လျှောက်သောသူတို့ခံစားရမည့်ဝိညာဉ်ကောင်းချီးမင်္ဂလာများကို ဖော်ပြခဲ့၏။ ဘုရားသခင်၏စကားကို နာခံသောသူသည် ခရစ်တော်နှင့်ပျော်ရွှင်ဖွယ်မိဿဟာယဖွဲ့ခြင်းကို ခံစားရကြလိမ့်မည်။ ထို့ပြင် ဘုရားသခင်၏ ကွယ်ကာစောင့်ရှောက်ခြင်းနှင့် လမ်းပြပို့ဆောင်ခြင်းခံရမည်ဖြစ်၏။ တသီးတခြားနေခြင်းအကြောင်းရင်းနှင့်ခံစားရမည့်ကောင်းကြီးမင်္ဂလာတို့သည် ဘုရားသခင်၏သားသမီးတို့အား သန့်ရှင်းစွာနေထိုင်ခြင်းငှါ ခွန်အားပေးမည်မှာ အမှန်ပင်ဖြစ်၏။

ထို့နောက် ပေါလုကကောရိန္တုလူတို့အား “ကိုယ်ခန္ဓာ၏အညစ်အကြေး၊ စိတ်ဝိညာဉ်၏ အညစ်အကြေးရှိသမျှတို့နှင့် ကိုယ်ကိုကိုယ်ကင်းစင်စေ” ခြင်းငှါ တိုက်တွန်းအားပေးခဲ့ပါသည်။ ဤစင်ကြယ်သန့်ရှင်းစေခြင်းစေခြင်းအမှုကို သတိရအောက်မေ့စေပါသည်။ ဘုရားသခင်၏လူတို့သည် တရားကိုမလိုက်လျှောက်ဘဲ သန့်ရှင်းခြင်းမရှိသောအခါ၊ မိမိတို့၏အပြစ်များကို ဝန်ခံ၍ဘုရားသခင်ထံ ချဉ်းကပ်ခြင်းငှါ သန့်ရှင်းစေခြင်းခံရကြ၏။ “ခန္ဓာကိုယ်နှင့်စိတ်” ဟူ၍ ဖော်ပြခြင်းက ဓမ္မဟောင်းရှိဝတ်ပြုကိုးကွယ်သောသူတို့သည် ထိုသို့အပြင်ပန်းသဏ္ဍာန်ဝတ်ပြုခြင်းသာလျှင်မဟုတ်ဘဲ စိတ်နှလုံးနှင့်အကျင့်အားဖြင့် အမှန်ပြုခဲ့ဖို့လိုအပ်ကြောင်းကို ဖော်ပြလျက်ရှိ၏။ ထို့ကြောင့် ဘုရားသခင်ထံသို့ နှိမ့်ချသောစိတ်နှင့်အပြစ်များကို ဝန်ခံကြရပါမည်။ ထိုသို့သန့်ရှင်းခြင်းရှိမှသာ ဘုရားသခင်ထံ တိုးဝင်နိုင်ကြ၏။ ထိုနည်းတူ၊ ခရစ်ယာန်တို့သည်လည်း ဘုရားသခင်ထံတိုးဝင်ချဉ်းကပ်မည်ဆိုလျှင် စင်ကြယ်သောလက်နှင့် ဖြူစင်သောစိတ်နှလုံးရှိဖို့လိုပါသည်။

ထို့နောက် ပေါလုကခရစ်ယာန်တိုင်းသည် “ဘုရားသခင်ကို ကြောက်ရွံ့၍သန့်ရှင်းခြင်းပါရမီနှင့် ပြည့်စုံကြ” ရမည်ဟုနိဂုံးချုပ်ခဲ့ပါသည်။ “ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောက ကျွန်ုပ်တို့ကို လွှမ်းမိုးခဲ့ပါလျှင်၊ ကျွန်တော်တို့သည် ကောရိန္တုလူတို့ကဲ့သို့ ဇာတိအလိုသို့လိုက်၍ ပျော်ပါးခြင်းအမှုပြုကြမည်မဟုတ်ပါ။ ထိုသို့ ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောမရှိသောကြောင့်၊ များစွာသော လူတို့သည် အပြစ်ထဲ၌ကျင်လည်ကြပြီး၊ ဘုရားသခင်ကိုအမျက်ထွက်စေကြ၏။ ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောက သူတို့ကိုလွှမ်းမိုးခဲ့ပါလျှင်၊ သူတို့သည် ချက်ချင်းထိုအပြစ်တို့ကို စွန့်ပစ်၍၊ ဤသို့ဆုံးမတိုက်တွန်းနေစရာလိုလိမ့်မည်မဟုတ်ပါ” (Calvin)။ “ငါသည် သန့်ရှင်းတော်မူသောကြောင့်၊ သင်တို့သည်လည်း သန့်ရှင်းခြင်းရှိကြလော့” (၁ ပေ ၁း၁၆) ဟု ဘုရားသခင်မိန့်တော်မူသည်အတိုင်း၊ ကျွန်တော်တို့သည် သန့်ရှင်းခြင်းအသက်တာရှိခြင်းငှါ ကြိုးစားဆက်ကပ်ကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်အသက်တာသည် မည်မျှလောက်သန့်ရှင်းပါသနည်း။
**ဆုတောင်းချက်** - အဘဘုရား၊ သန့်ရှင်းသောအသက်တာရှိမည်အကြောင်း ကြိုးစားအားထုတ်ခြင်းငှါ မစတော်မူပါ။

**၂ ကော ၇း၂-၄**
၂ ကော ၆း၁၁-၁၃

*"ငါတို့ကို လက်ခံကြလော့။ ငါတို့သည် အဘယ်သူကိုမျှ မပြစ်မှား"*

## သနားကြင်နာခြင်းကိုပြသခြင်း

၂ ကော ၆း၁၁-၁၃ ထဲမှ မိမိဖော်ပြသောအဓိကအကြောင်းတရားကို ယခုပေါလုပြန်၍ ဖော်ပြခဲ့ပါသည်။ ကောရိန္သုခရစ်ယာန်တို့အပေါ် မိမိထားရှိသောချစ်ခြင်းမေတ္တာနှင့် ဂရုစိုက်မှုကို ပေါလုဖော်ပြခဲ့၏။ ယခုတစ်ခေါက်တွင် ပေါလုကကောရိန္သုလူတို့အား "အတူအသက်ရှင်ခြင်းငှါလည်း၊ သေခြင်းငှါလည်း၊ အလိုရှိသည်တိုင်အောင်၊ ငါတို့သည် သင်တို့ကိုချစ်ကြ၏" (၂ ကော ၇း၃)ဟုဆိုခဲ့ပါသည်။ ပေါလုက မိမိအသက်ရှင်မည်ဖြစ်စေ၊ သေသည်ဖြစ်စေ ကောရိန္သုလူတို့၏ အကျိုးအတွက်ဖြစ်သည်ဟုဆိုခြင်းဖြစ်ပါသည်။

ပေါလု၏စိတ်နှလုံးသည် စစ်မှန်သောသင်းအုပ်၏စိတ်သဘောပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အံ့ဘွယ်သိုးထိန်းဖြစ်တော်မူသော ယေရှုခရစ်တော်သည် မိမိသိုးစုအတွက် မိမိအသက်ကိုစတေးလိုသကဲ့သို့ (ယောဟန် ၁၀း၁၅)၊ ပေါလုသည် ဘုရားသခင်၏သိုးစုတို့အတွက် မိမိအသက်ကိုစတေးခြင်းငှါ ဆန္ဒရှိပါ၏။ "ကိုယ်အဆွေတို့အဘို့အလိုငှါ ကိုယ်အသက်ကိုစွန့်ခြင်းမေတ္တာထက်သာ၍ မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ" (ယောဟန် ၁၅း၁၃)။

တဖက်တွင်၊ ကောရိန္သုခရစ်ယာန်တို့သည် တမန်တော်ပေါလုကသူတို့အပေါ် အမှားမပြုခဲ့သော်လည်း သူ့အပေါ်၌အမြင်ကျဉ်းခဲ့ကြပါသည်။ ပေါလုပြောဆိုပြုခဲ့သောအရာကို သူတို့မနှစ်သက်ခဲ့သောကြောင့် ဖြစ်နိုင်ပါသည်။ သို့သော်လည်း ပေါလုပြုခဲ့သောအမှုသည် ဘုရားသခင်၊ လူရှေ့၌ တရားသဖြင့်ပြုခဲ့ခြင်းဖြစ်၏။ ကောရိန္သုခရစ်ယာန်တို့၏ဝိညာဉ်ရေးရာကောင်းကျိုးကို ရည်ရွယ်၍ ပေါလုပြုခဲ့ခြင်းဖြစ်ပါသည်။

ဤပေါလုကြုံတွေ့ရသောအရာသည် သင်းအုပ်ဆရာများကြုံတွေ့ရသော အရာဖြစ်ပါ သည်။ သတိပေးဆုံးမခြင်းလိုအပ်သောအခြေအနေပေါ် လာတတ်ပါသည်။ ထိုသို့သောအချိန်၌သစ္စာရှိသောတရားဟောခြင်းကို လက်မခံကြ၊ သင်းအုပ်ဆရာသည် ကဲ့ရဲ့ခြင်း၊ ငြင်းဆန်ခြင်းခံရနိုင်ပါသည်။ ထိုသို့ဆန့်ကျင်သောသူတို့သည် သူတို့၏စိတ်နှလုံးပို၍ဖွင့်ခဲ့လျှင်၊ ကျယ်ဝန်းစေခဲ့လျှင် ဘယ်လောက်ကောင်းလိမ့်မလဲ။

သစ္စာရှိသော သင်းအုပ်ဆရာတို့၏ဝမ်းနည်းခြင်းမဟုတ်ဘဲ၊ ဝမ်းမြောက်ခြင်းကိုယူဆောင်သောသူဖြစ်ဖို့ ကြိုးစားကြပါစို့။ ဝမ်းမြောက်စရာကောင်းသည်မှာ ကောရိန္သုခရစ်ယာန်တို့သည် တမန်တော်ပေါလု၏ဝမ်းမြောက်ခြင်းအဖို့ နောင်တရခဲ့ကြပါသည်။ ဟေဗြဲ ၁၃း၁၇မှ သွန်သင်ချက်ကို သတိပြုကြပါစို့။ "သင်တို့ကို အုပ်သောသူတို့၏စကားကို နားထောင်၍နိမ့်ချလျက် နေကြလော့၊ သူတို့သည် ကိုယ်တိုင်စစ်ကြောခြင်းကိုခံရသောသူကဲ့သို့၊ သင်တို့စိတ်ဝိညာဉ်၏အကျိုးအလိုငှါ စောင့်နေကြ၏။ သင်တို့အကျိုးကိုမဖြစ်စေတတ်သောဝမ်းနည်းခြင်းမရှိ၊ ဝမ်းမြောက်ခြင်းရှိ၍၊ သူတို့သည် စစ်ကြောခြင်းကိုခံရမည်အကြောင်း သတိပြုလျက်နေကြလော့"။

**ဆင်ခြင်ရန်** - ညီအစ်ကိုအကြား၌ သန့်ရှင်းသောကြင်နာခြင်းရှိပါစေသော်။

**ဆုတောင်းချက်** - အဘဘုရား၊ ညီအစ်ကိုတို့အပေါ်၌ ထားရှိမည့်သန့်ရှင်းသောသနားကြင်နာခြင်းကို အကျွန်ုပ်အားပေးသနားတော်မူပါ။

**၂ ကော ၇း၅-၇**
၂ ကော ၁း၃-၅

*"နှိမ့်ချလျက်ရှိသောသူတို့ကို သက်သာစေတော်မူတတ်သောဘုရားသခင်. . . "*

## အမှုတော်ဆောင်ခြင်း၌စိတ်သက်သာရာရခြင်း

ကျွန်တော်တို့ဖတ်ခဲ့ပြီးသော ခွန်အားယူချက်တို့၌ ဘုရားသခင်အမှုတော်မြတ်ဆောင်ရွက်ခြင်းတွင် စိတ်ကြေကွဲခြင်း၊ ဝမ်းနည်းခြင်းနှင့်ပင်ပန်းခြင်းများကြုံတွေ့ရသော အချိန်ရှိကြောင်းတွေ့ခဲ့ရပါသည်။ ဤအချက်ကို ပေါလုကအပိုဒ်ငယ် ၅ ထဲတွင် ဤသို့ဖော်ပြခဲ့၏ - "ငါတို့သည် မာကေဒေါနိပြည်သို့ရောက်သောအခါ၊ ကိုယ်ကာယငြိမ်ဝပ်ခြင်းအလျှင်းမရှိ။ အရာရာ၌ညှင်းဆဲခြင်းကိုခံရကြ၏။ ပြင်၌ကား တိုက်လှန်ခြင်းရှိ၏။ အတွင်း၌ကား စိုးရိမ်ခြင်းရှိ၏" (၂ ကော ၇း၅)။ ကောရိန္သုမြို့သို့ ပေါလုစေလွှတ်ခဲ့သောတိတုမရောက်လာသေးခြင်းကို ပေါလု စိုးရိမ်လျက်ရှိ၏။ အဘယ့်ကြောင့် မရောက်လာသနည်း။ ကောရိန္သုမြို့၌ အခြေအနေပိုဆိုးလာ၍ သူတို့က တိတုကိုကောင်းကောင်းမဆက်ဆံ၊ ငြင်းပယ်ခဲ့ကြသောကြောင့်လော။ သို့မဟုတ် လမ်းခရီး၌ အန္တရာယ်ကြုံတွေ့ခဲ့လို့လား။ ဤအချက်နှင့်အခြားအကြောင်းတို့က ပေါလု၏စိတ်ထဲ၌ "စိုးရိမ်ခြင်း" ဖြစ်ပွားစေခဲ့ပါသည်။

ထို့ပြင်၊ ပေါလုသည် တိုက်လှန်ခြင်းနှင့်ညှင်းဆဲခြင်းတို့ကို ကြုံတွေ့ခဲ့ရ၏။ သူသည် အရင်တုန်း၌ ရှေ့အနာဂတ်အကြောင်း ဟောသောနတ်ဆိုးကို မိန်းကလေးထံမှမောင်းထုတ်ခဲ့ခြင်းဖြင့် ပြဿနာတတ်ခဲ့သောမြို့၊ မာဂေဒေါနိမြို့သို့ရှိနေခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ပြုခဲ့သောကြောင့် ပေါလုနှင့်သိလသည် ထောင်ထဲသို့ချုပ်နှောင်ခြင်းခံခဲ့ရကြ၏ (တမန် ၁၆း၁၆-၂၄)။ ထို့ကြောင့် တမန်တော်ပေါလုကို လက်မခံသော၊ သတ်လိုသောသူများရှိသေးသည်ဟု ထင်ရပါသည်။

သို့သော်လည်း၊ "သက်သာခြင်းအပေါင်း၏အရှင်" ဘုရားသည် ကျွန်ုပ်တို့၏ စိတ်နှလုံးကို မည်သို့နှိမ့်သိမ့်ရမည်ကို သိတော်မူ၏။ ဘုရားသခင်၏သက်သာနှိမ့်သိမ့်စေခြင်းသည် အစဉ်နောက်ကျခြင်းမရှိ အချိန်မှီရောက်ရှိလာတတ်၏။ ပေါလု၏စိုးရိမ်မှုတို့သည် တိတုရောက်လာသောအခါ ပျောက်ကွယ်သွားခဲ့လိမ့်မည်။ ပေါလုသည် မိမိ၏အပေါင်းအဘော်ကောင်းမွန်စွာ ရောက်ရှိလာသောအခါ ပျော်ရွှင်ခြင်းရှိ၍၊ ဝမ်းမြောက်စွာမိဿဟာယဖွဲ့ခဲ့ကြ၏။

ထို့ပြင်၊ တိတုက သတင်းကောင်းယူဆောင်လာခဲ့၏။ ပေါလုရေးသားသောဆုံးမခြင်းစာစောင်ကို ကောရိန္သုမြို့ရှိ ခရစ်ယာန်တို့သည် နာခံလက်ခံခဲ့ကြ၏။ ပထမအချက်ဟူမူကား၊ အမှားကိုပြင်လိုသော "စိတ်တောင့်တခြင်း" ရှိကြပြီး၊ ပေါလုနှင့်ပြန်၍ မိဿဟာယဖွဲ့လိုခြင်းရှိကြ၏။ ဒုတိယအချက်မှာ သူတို့၏အပြစ်ကြောင့် ဘုရားသခင်ရှေ့၌ "ညည်းတွားဝမ်းနည်းခြင်း" ရှိကြ၏။ တတိယအချက်မူကား၊ ပေါလုဘက်၌ စေတနာစိတ်အားကြီးခြင်းရှိ၍ မြင်တွေ့လိုခြင်းရှိကြ၏။ ထို့ကြောင့် ပေါလုသည်ဝမ်းမြောက်ခြင်းရှိပြီး၊ အမှုတော်၌သည်းခံခြင်းစိတ်ရှိခြင်းသည် အချည်းနှီးမဟုတ်ကြောင်း တွေ့ရ၏။ "ဝေးသောပြည်မှ ရောက်လာသော ဝမ်းမြောက်စရာသတင်းစကားသည် ရေငတ်သောသူ၌ ချမ်းဧသောရေကဲ့သို့ဖြစ်၏' (သုတ္တံ ၂၅း၂၅)။ ဘုရားသခင်၏နှိမ့်သိမ့်ခြင်းသည် အချိန်မှီ ရောက်ရှိလာတတ် ၏။

**ဆင်ခြင်ရန်** - စစ်မှန်သော သင်းအုပ်ဆရာသည် ဘုရားသခင်လူတို့၏ဝိညာဉ်ကြီးထွားခြင်းကို တောင့်တတတ်ကြ၏။

**ဆုတောင်းချက်** - အဘဘုရား၊ အမှုတော်ဆောင်ခြင်းအခက်အခဲဒုက္ခအလယ်၌ အကျွန်ုပ်ကို နှိမ့်သိမ့်အားပေး၍ သက်သာခြင်းရှိစေတော်မူပါ။

အင်္ဂါ၊ ဖေဖော်ဝါရီ (၁၈)

**၂ ကော ၇း၈-၁၃**

မသဲ ၂၇း၃-၅

*“လောကီဝမ်းနည်းခြင်းမူကား၊ သေခြင်းကိုပြုပြင်တတ်၏”*

## ဘုရားသခင်၏အလိုတော်နှင့်ညီသောဝမ်းနည်းခြင်း(၁)

ပေါလုက ၂ ကော ၇း၈ ထဲတွင် ကောရိန္သုခရစ်ယာန်တို့အား ဆုံးမခြင်းစာစောင်ရေးသားခြင်း၌ မိမိဝမ်းမြောက်ခြင်းမရှိခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ထိုသို့ဆုံးမစီရင်ခြင်းကို ဖျက်ဆီးခြင်းလက်နက် သဖွယ်အသုံးပြုလိုခြင်းမရှိခဲ့ပါ။ မိမိသားကိုဆိုဆုံးမသော ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသော ဖခင်သဖွယ် ပြုခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ ဤဆုံးမခြင်းစာစောင်သည် ကောရိန္သုခရစ်ယာန်တို့အား တခဏဝမ်း နည်းစေမည်ဆိုလျှင်လည်း၊ သူတို့၏ဝိညာဉ်ရေးရာကောင်းကျိုးအတွက် ဖြစ်သောကြောင့် ထိုစာရေးရ ခြင်း၌ နောင်တမရခဲ့ပါ။ ပေါလု၏ဆုံးဖြတ်ချက်မှန်ပါ၏။ ဘုရားသခင်က ကောရိန္သုလူတို့ကို သူတို့ အပြစ်ကြောင့်ဝမ်းနည်း၍ နောင်တရခြင်းသို့ပို့ဆောင်ခဲ့ပါသည်။ ဤဝမ်းနည်းခြင်းသည် နောင်တရ ခြင်းနှင့်ဆိုင်သော စစ်မှန်သောဝမ်းနည်းခြင်းဖြစ်ပါသည်။

တဖက်တွင်၊ သမ္မာကျမ်းစာထဲ၌အပြစ်ကြောင့် ဝမ်းနည်းလျက်သေခြင်းသို့ ပို့ဆောင်ကာ လောကီဝမ်းနည်းခြင်းရှိကြောင်း ဖော်ပြခဲ့ပါသည်။ ဥပမာတခုမှာ ယုဒရှင်ကာရုတ်ဖြစ်ပါသည်။ “ထို အခါ ကိုယ်တော်ကိုအပ်နှံသောယုဒရှကာရုတ်သည် ကိုယ်တော်၌သေပြစ်ကိုစီရင်ကြသည်ကို သိမြင် လျှင်၊ နောင်တရ၍ ငွေသုံးဆယ်ကိုယဇ်ပုရောဟိတ်အကြီး၊ လူအကြီးအကဲတို့၌ ပြန်ပေး၍၊ အကျွန်ုပ် ပြစ်မှားပါပြီ။ အပြစ်မရှိသောသူ၏ အသွေးကိုအပ်မိပါပြီဟု ဆို၏။ ထိုသူတို့ကလည်း ငါတို့နှင့် အဘယ်သို့ဆိုင်သနည်း။ ကိုယ်အမှုကိုကိုယ်ကြည့်လော့ဟု ဆိုကြသော်၊ သူသည် ထိုငွေကို ဗိမာန်တော် ၌ ပစ်ချခဲ့၍ အခြားသို့သွားပြီးလျှင် လည်ကြိုးတပ်၍သေလေ၏” (မသဲ ၂၇း၃-၅)။ ယုဒသည် မိမိအပြစ်ကြောင့် ဝမ်းနည်းပူဆွေးခဲ့သော်လည်း၊ အပြစ်ဆေးကြောသန့်ရှင်းစေခြင်းငှါ ယေရှုထံသို့မသွားခဲ့ပါ။ စိတ်ပျက်လျက်၊ မိမိကိုယ်ကိုသက်သေခဲ့ ပါသည်။ ဤဝမ်းနည်းခြင်းက ကယ်တင်ခြင်းနှင့်ဆိုင်သောဝမ်းနည်းခြင်း၊ စစ်မှန်သောနောင်တရခြင်း သို့မခေါ်ဆောင်ဘဲ၊ သေခြင်းသို့ပို့ဆောင်ခဲ့၏။

ဒုတိယဥပမာသည်ကား ရှောလုမင်းဖြစ်ပါသည်။ ရှောလုမင်းသည် အဒေါရမြို့မှ နတ်ဝင် မိန်းမထံသွားခဲ့ပြီး၊ တိုက်ပွဲ၌သေမည်အကြောင်း သိခဲ့ပါသည် (၁ ရာ ၂၈)။ တိုက်ပွဲ၌ သူသည် လေးသမား၏မြှားမှန်သဖြင့် ဒဏ်ရာပြင်းထန်စွာရခဲ့၏။ မိမိအပြစ်နောင်တရမည့်အစား၊ မိမိ၏ဓား ပေါ်သို့ တိုးဝင်ပြီးမိမိကိုယ်ကို အဆုံးစီရင်ခဲ့ပါသည်။ ရှောလုမင်းသည် မိမိအပြစ်မှနောင်တရမည့် အစား၊ မိမိ၏မာနကိုစွဲကိုင်လျက် မိမိကိုယ်ကိုသတ်သေခဲ့ပါသည်။ ဘုရားသခင်၏သားသမီးတို့သည် ဘုရားသခင်ရှေ့၌ ထိုသို့သောမိုက်ရူးဆန်သော စိတ်သဘောဘယ်တော့မှမရှိရပါ။

**ဆင်ခြင်ရန်** - ကျွန်ုပ်အပြစ်မှအမှန်တကယ် ကျွန်တော်နောင်တရပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အပြစ်ကို ခွင့်လွှတ်တော်မူပြီး၊ အသစ်ပြုပြင်တော်မူပါ။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၁၉)
**၂ ကော ၇း၈-၁၃**
ဆာလံ ၅၁

*"ဘုရားသခင်၏အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်းသည် ကယ်တင်ခြင်းနှင့်ယှဉ်သော နောင်တစိတ်ကို . . . ဖြစ်ပြင်တတ်၏"*

## ဘုရားသခင်၏အလိုတော်နှင့်ညီသောဝမ်းနည်းခြင်း(၂)

မိမိကိုယ်ကို သတ်သေခြင်းသို့ပို့ဆောင်သော၊ ယုဒရှင်ကာရုတ်နှင့် ရှောလုမင်းတို့၏ လောကီဆန်သောအပြစ်ကြောင့် ဝမ်းနည်းပူဆွေးခြင်းအကြောင်းကို မနေ့ကျွန်တော်တို့တွေ့ခဲ့ပါသည်။ ထိုဝမ်းနည်းခြင်းသည် ဆာလံ ၅၁ ၌တွေ့ရသော ဒါဝိဒ်၏ဝမ်းနည်းကြေကွဲခြင်းနှင့်ဆန့်ကျင်လျက် ရှိပါ၏။ ဒါဝိဒ်သည် ဥရိယ၏မိန်းမ၊ ဗာသရှေဘကိုပြစ်မှားခဲ့ပါသည်။ ထိုအပြစ်ကို ဖုံးအုပ်ခြင်းငှါ၊ ဥရိယကိုလည်း စစ်ပွဲပြင်းထန်သောနေရာသို့ ပို့၍သေစေခဲ့ပါသည်။ သို့သော်လည်း ပရောဖက်နာသန်က သူ့အပြစ်ကို ဖော်ထုတ်သောအခါ မိမိအပြစ်ကိုဝန်ခံခဲ့ပါသည်။ ဆာလံ ၅၁ ထဲတွင်သူ၏စစ်မှန်သောဝမ်းနည်းခြင်းနှင့်အပြစ်မှ နောင်တရခြင်းအကြောင်းကို မှတ်တမ်းတင်ထားပါသည်။

"အိုဘုရားသခင်၊ကျေးဇူးပြုချင်သောစေတနာစိတ်တော်ရှိသည်အတိုင်း အကျွန်ုပ်ကိုသနားတော်မူပါ။ စုံမက်တော်မူခြင်းဂရုဏာများပြားသည်နှင့်အညီ အကျွန်ုပ်လွန်ကျူးခြင်းအပြစ်ကို ဖြေတော်မူပါ။ ဒုစရိုက်အညစ်အကြေးကို အကုန်အစင်ဆေးကြော၍ အကျွန်ုပ်ကိုသန့်ရှင်းစေတော်မူပါ။ အကျွန်ုပ်လွန်ကျူးပါပြီဟု ဝန်ချလျက် ကိုယ်အပြစ်ကိုအစဉ်မပြတ် အောက်မေ့လျက်နေပါ၏။ ကိုယ်တော်ကိုပြစ်မှားပါပြီ။ ကိုယ်တော်ကိုသာပြစ်မှား၍ မျက်မှောက်တော်၌ပင် မတရားသောအမှုကို ပြုပါပြီ။ သို့ဖြစ်၍မိန့်တော်မူချက်သည် ဖြောင့်ပါ၏။ တရားစီရင်တော်မူချက်သည် အပြစ်လွတ်ပါ၏" (ဆာလံ ၅၁း၁-၄)။

ကောရိန္သုခရစ်ယာန်တို့သည်လည်း ပေါလု၏ဆုံးမခြင်းစာစောင်လက်ခံရရှိကြသောအခါ ထိုနည်းတူ တုန့်ပြန်ခေါ်ခဲ့ကြပါသည်။ "ဘုရားသခင်၏အလိုတော်နှင့်ညီသော သင်တို့၏ဝမ်းနည်းခြင်းသည် သင်တို့၌အဘယ်သို့သောသတိပြုခြင်း၊ကိုယ်အပြစ်ကိုဖြေခြင်း၊ အမျက်ထွက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ အလွန်တောင့်တခြင်း၊ ငါ၏အကျိုးအလိုငှါ စိတ်အားကြီးခြင်း၊ တရားသဖြင့် ဒဏ်စီရင်ခြင်းတို့ကို ပြုပြင်သည်ကိုကြည့်ရှုကြလော့။ သင်တို့သည်ဤအမှု၌ အပြစ်ကင်းသည်ကို အရာရာအားဖြင့်ထင်ရှားပြကြပြီ" (၂ ကော ၇း၁၁)။ ထိုဆုံးမစာထဲ၌ ပေါလုဖော်ပြ သောဝိညာဉ်အရေးပြဿနာတို့ကိုဖြေရှင်းခြင်းငှါ စိတ်အားထက်သန်၍ သေချာစွာဖြေရှင်းခဲ့ကြ၏။ သူတို့သည် ယုဒရှင်ကာရုတ် (သို့) ရှောလုမင်းကဲ့သို့မဟုတ်ကြပါ။ ဘုရားသခင်နှင့်၎င်း၊ သန့်ရှင်းသူတို့ နှင့်၎င်း၊ ပြန်၍မိဿဟာယ ဖွဲ့ခြင်းငှါ ပြဿနာကိုဖြေရှင်းတည့်မတ်ရန် ကြိုးစားခဲ့ကြပါသည်။

သင်နောင်တမရသေးသောအပြစ်များ ရှိပါသေးသလား။ သင့်အပြစ်ကိုဝန်ခံ၍ အမှန်နောင်တရပါလော့။ ဘုရားသခင်က ခွင့်လွှတ်ခြင်းငှါ အစဉ်စောင့်တော်မူ၏။ ဒါဝိဒ်ကဲ့သို့ပြုလော့။ ယုဒရှင်ကာရုတ်ကဲ့သို့ မပြုပါနှင့်။

**ဆင်ခြင်ရန်** - အကျွန်ုပ်အပြစ်များကို ကျွန်တော်အမှန်နောင်တရပြီးပြီလား။
**ဆုတောင်းချက်** - (ဆာလံ ၁၃၉း၂၃ ကိုအသုံးပြုပါ)။

**၂ ကော ၇း၁၃-၁၆**
ဖိလိ ၂း၁၂

*“ငါသည် အရာရာ၌သင်တို့ကို ယုံနိုင်သောကြောင့် ဝမ်းမြောက်ခြင်းရှိ၏”*

## စစ်မှန်သောယုံကြည်စိတ်ချမှု

ကောရိန္သုခရစ်ယာန်တို့သည် တမန်တော်ပေါလုအား အမြင်မကြည်သော်လည်း ပေါလု သည် ကောရိန္သုမြို့သို့ တိတုမစေလွှတ်မီ ကောရိန္သုလူတို့အကြောင်းကြောင့် “ဝါကြွားခြင်း” ပြုခဲ့ပါ သည်။ ထိုသို့ပြုခြင်းသည် ကောရိန္သုအသင်းတော်သို့သွားရောက်မည့်တိတုအား စိတ်သက်သာရစေ ခြင်းငှါ ဖြစ်နိုင်ပါသည်။ သို့သော်လည်း ထိုသို့ပေါလုကတိတုထံ ကောရိန္သုလူတို့၏ ကောင်းကြောင်း ပြောကြားခြင်းသည် မုသားမဟုတ်၊ အမှန်ဖြစ်၏။ အကြောင်းမှာ ကောရိန္သုအသင်းတော်၌စစ်မှန်သော ယုံကြည်သူများရှိကြောင်း ပေါလုသိခဲ့ပါသည်။ ဤအချက်ကို ၁ ကော အစ၌ ကောရိန္သုအသင်းတော် အား “ဘုရားသခင်၏အသင်းတော်” ဟုပေါလုဖော်ပြခြင်း၌ထင်ရှားလှပါသည်။ ထို့ကြောင့် ခရစ်တော် ၌စစ်မှန်သောယုံကြည်သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ အမှုပြုခြင်းဖြင့် ဝိညာဉ်ရေးရာအမှု၌ ရင့်ကျက်ခြင်းရှိကြမည်အကြောင်း ပေါလုယုံကြည်ခဲ့ပါသည်။ ကောရိန္သုခရစ်ယာန်တို့သည် တိတုအား နွေးထွေးစွာလက်ခံခဲ့ကြပြီး၊ ကောင်းမွန်စွာပြုစုခဲ့ကြကြောင်း ပေါလုသိသောအခါ အလွန်ဝမ်းမြောက် ခြင်းရှိခဲ့၏။ ထိုသို့ ကောရိန္သုခရစ်ယာန်တို့ပြုကြခြင်းက ပေါလု“ဝါကြွားခြင်း” သည် အပြောသက်သက် မဟုတ်ကြောင်း အမှန်ဖြစ်ကြောင်း သက်သေထူလျက်ရှိ၏။

တိတု၏စိတ်နှလုံးသက်သာဝမ်းမြောက်စေသောအရာကား ကောရိန္သုခရစ်ယာန်တို့၏ တုန့်ပြန်မှုနှင့်အားပေးမှုပင်ဖြစ်ပါသည်။ ပထမအချက်သည် တိတုအားမထီမဲ့မြင်မပြုဘဲ “ကြောက်ရွံ့ တုန်လှုပ်ခြင်း”ဖြင့် လက်ခံကြိုဆိုခဲ့ကြခြင်းဖြစ်၏။ ဤတုန်လှုပ်ခြင်းသည် တိတုအားဘုရားသခင်၏ အမှုတော်ဆောင်အဖြစ်၎င်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်ဟောပြောမည့်သူအဖြစ်၎င်း၊ လက်ခံ အသိအမှတ်ပြုကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် တိတု၏တရားဟောချက်ကိုနာခံခြင်းငှါ အဆင်သင့် ရှိခဲ့ကြပါသည်။ ဤသည်ကား ပေါလုထံပြုခဲ့သော ကောရိန္သုခရစ်ယာန်တို့၏ အပြုအမူဘယ်လောက် ပြောင်းလဲခဲ့ကြောင်း ထင်ရှားစေပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်တရား၌ သူတို့၏ပြောင်းလဲ မှုက သူ၏စိတ်နှလုံးကို သက်သာရာရစေ၍ သူတို့သည်အပြစ်မှနောင်တရ၍ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေခြင်းငှါ ကြိုးစားကြကြောင်း သိသဖြင့် ဝမ်းမြောက်ခြင်းရှိခဲ့ကြောင်း ဖြစ်ပါသည်။

သစ္စာရှိသောတရားပြောဆရာများကို မည်သို့ဆက်ဆံသနည်းဟူသောအချက်အားဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ဘက်၌ အသင်းတော်၏စိတ်သဘော မည်သို့ရှိသည်ကို ထင်ရှားစွာ မြင်နိုင်ပါသည်။ သင်မည်သို့ပြုပါသနည်း။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော်နာခံရန်အသင့်ရှိပါသလား။

**ဆုတောင်းချက်** - အို အဘဘုရား၊ ကိုယ်တော်ကိုနာခံခြင်းငှါ အသင့်ရှိနေသောစိတ်နှလုံးကို အကျွန်ုပ်အားပေးသနားတော်မူပါ။

သောကြာ၊ ဖေဖော်ဝါရီ (၂၁)
**၂ ကော ၈း၁-၇**
မာကု ၁၂း၄၁-၄၄

*"ဥစ္စာပြုန်းတီးသောဆင်းရဲခြင်းအကြောင်းသည် သူတို့၏စွန့်ကြဲပေးကမ်းခြင်းစည်းစိမ်ကို ဖြစ်စေ၍ ကြွယ်ဝပြည့်စုံ၏"*

## ပေးကမ်းခြင်းအမှု၌စံနမူနာ(၁)

၂ ကော ၈ တွင်အကြောင်းအရာသစ်ဖြစ်သော ပေးကမ်းခြင်းအကြောင်းကိုတွေ့ရ၏။ ၁ ကော ၁၆း၁-၃ ထဲတွင်တမန်တော်ပေါလုက ယေရုရှလင်မြို့၌ရှိသောသန့်ရှင်းသူ၊ ဆင်းရဲသားတို့ ထောက်ပံ့ရန် ရန်ပုံငွေရှာဖွေခဲ့ကြောင်း တွေ့ခဲ့ရပါသည်။ သို့သော်လည်း ကောရိန္သုအသင်းတော် သည် အမျိုးမျိုးသောပြဿနာကြုံတွေ့သောကြောင့် ပေးလှူဖို့နောက်ကျခဲ့ပါသည်။ ထို့ကြောင့် ပေါလု က ကောရိန္သုခရစ်ယာန်တို့အား သူတို့စတင်ပေးကမ်းခဲ့သော ဤထောက်ပံ့ခြင်းအလှူကို အဆုံးသတ် ပေးကမ်းခြင်းငှါ တိုက်တွန်းခဲ့ပါသည်။

ထိုသို့ပေးကမ်းခြင်းအမှုကို ပြုကြရန်ကောရိန္သုခရစ်ယာန်တို့အား ပေါလုတိုက်တွန်းသော အခါ မာကေဒေါနိပြည်၌ရှိသော ဖိလိပ္ပိ၊ သက်သာလောနိတ်နှင့် ဗေရိအသင်းတော်တို့၏ ပေးကမ်း ခြင်းကို သာဓကပြဖော်ပြခဲ့ပါသည်။

သမိုင်းတွင် မာကေဒေါနိပြည်သည် စစ်ပွဲများစွာကြာရှည်ကြုံတွေ့ခဲ့ရသော ပြည်ဖြစ် ကြောင်း တွေ့ရ၏။ ထိုစစ်ပွဲကြောင့်၊ မာကေဒေါနိပြည်သည် အိမ်နီးချင်းပြည်တို့ထက် ပို၍ဆင်းရဲ ကျပ်တည်းခြင်းရှိ၏။ ထို့ပြင် မာကေဒေါနိပြည်သည် သတင်းကောင်းကြောင့် များစွာသောညှဉ်းဆဲ ခြင်းလည်း ခံစားရပါသည်။ ဤအကြောင်းကို အခြားဩဝါဒစာစောင်ထဲ၌ တွေ့မြင်ရပါသည်။ ဥပမာ အားဖြင့်၊ ၁ သက် ၁း၆ ထဲတွင်ပေါလုက ဤသို့ရေးသားထားပါသည် - "သင်တို့သည် ကြီးစွာသော ဆင်းရဲခြင်းကိုခံရသော်လည်းသန့်ရှင်းသောဝိညာဉ်တော်နှင့်ဆိုင်သော ဝမ်းမြောက်ခြင်းနှင့်တကွ နှုတ်ကပတ်တရားတော်ကိုခံယူပြီး ငါတို့ကဲ့သို့သောသူ၊ သခင်ဘုရားကဲ့သို့သောသူ ဖြစ်ကြ၏"။ ထို့ပြင် ၁ သက် ၂း၁၄-၁၅ ထဲတွင်လည်း ဤသို့ထပ်၍ ရေးသားထားပါသည် - "အဘယ်သို့နည်းဟူမူကား ယုဒပြည်၌ ယေရှုခရစ်၏ဘာသာကိုခံယူသော ဘုရားသခင်၏သင်းဝင်သူတို့သည် ယုဒလူတို့လက်မှ ဆင်းရဲခံရသကဲ့သို့ ညီအစ်ကိုတို့ သင်တို့သည် မိမိတို့အမျိုးသားချင်းတို့လက်မှ ထိုနည်းတူခံရသော အားဖြင့် ယုဒပြည်၌ရှိသော တပည့်တော်ကဲ့သို့သောသူဖြစ်ကြ၏။ ယုဒလူတို့သည် သခင်ယေရှုမှ စ၍ ပရောဖက်များကိုအသေသတ်ကြပြီ၊ ငါတို့ကိုလည်း ညှင်းဆဲကြပြီ။ ဘုရားသခင်၏အလိုတော်သို့ မလိုက်၊ ခပ်သိမ်းသောလူတို့နှင့်ဆန့်ကျင်ဘက်ဖြစ်ကြ၏"။

သို့သော်လည်း၊ မာကေဒေါနိပြည်ရှိ ခရစ်ယာန်တို့သည် ယေရုရှလင်မြို့၌ရှိသော သန့်ရှင်း သူဆင်းရဲသားတို့အား ထောက်ပံ့ရန်အလှူငွေကို များစွာပေးလှူခဲ့ကြပါသည်။ မိမိတို့၏လိုအပ်သော အရာကို မစဉ်းစားဘဲယေရုရှလင်မြို့ရှိ ညီအစ်ကိုတို့အတွက် ရက်ရက်ရောရောပေးလှူကြပါသည်။ ဤသည်ကား သူတို့စိတ်နှလုံးထဲ၌ ဘုရားသခင်၏ကျေးဇူးတော်အမှုပြုတော်မူခြင်း ထင်ရှားခြင်းဖြစ်ပါ သည်။ သူတို့၏စိတ်သဘောသည် မိမိ၌ရှိသော အရာအားလုံး၊ ဒင်္ဂါးနှစ်ပြားကို ပေးလှူခဲ့သော မုဆိုးမ ၏ စိတ်သဘောထားနှင့် အတူတူပင်ဖြစ်ပါသည် (မာကု ၁၂း၄၁-၄၄)။ ကျွန်တော်တို့ပိုင်ဆိုင်သမျှ သည် ဘုရားသခင်အပိုင်ဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - ဤဘဝ၌ ပိုင်ဆိုင်သောအရာကိုမည်သို့ မှန်ကန်စွာအသုံးပြုရပါမည်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်တော်ပိုင်ဆိုင်သမျှအရာအားလုံးသည် ကိုယ်တော်အတွက် ဖြစ်ပါ၏။

စနေ၊ ဖေဖော်ဝါရီ (၂၂)

**၂ ကော ၈း၁-၇**

ရောမ ၁၂း၈

*"ဥစ္စာပြုန်းတီးသောဆင်းရဲခြင်းအကြောင်းသည် သူတို့၏စွန့်ကြဲပေးကမ်းခြင်းစည်းစိမ်ကို ဖြစ်စေ၍ ကြွယ်ဝပြည့်စုံ၏"*

## ပေးကမ်းခြင်းအမှု၌စံနမူနာ(၂)

မာကေဒေါနိပြည်သားတို့၏ ပေးကမ်းခြင်းနှင့်သူတို့၏ စိတ်သဘောနှင့်ပတ်သတ်၍ ပေါလုက "သူတို့သည် တတ်နိုင်သမျှထက်မက၊ အလိုအလျောက်စွန့်ကြဲချင်သောစေတနာစိတ်ရှိကြသည်" (၂ ကော ၈း၃) ဟုရေးသားထားပါသည်။ ကျန်းမာမယ်၊ ချမ်းသာမယ် ဟူသော သတင်းကောင်း ဟောပြောသည့်အသင်းတော်တစ်ချို့က ဘုရားသခင်ထံမှ ကောင်းကြီးမင်္ဂလာခံစားလိုလျှင် များများ ပေးလှူရမည်ဟု ဆိုကြ၏။ ဤသွန်သင်ချက်သည် ယနေ့ဖတ်ရသောကျမ်းပိုဒ်၏မှန်ကန်သော သွန်သင်ချက်ကို မှားယွင်းစွာသင်ပေးခြင်းဖြစ်ပါသည်။ ပေါလုက ခရစ်ယာန်တို့အား မိမိမတတ်နိုင်သော အရာပေးကမ်းခြင်းငှါ တောင်းဆိုခြင်းမဟုတ်ပါ။ မာကေဒေါနိပြည်သားတို့သည် မိမိတို့၌ ရှိသမျှသောအရာတို့ကို ဘုရားသခင်အတွက် ဆက်ကပ်လိုသောသူတို့၏ဆန္ဒကို ဖော်ပြခြင်းဖြစ်ပါသည်။ သူတို့များများပိုင်ဆိုင်လျှင်လည်း ဘုရားသခင်ဘုန်းတော်အတွက် သူတို့အသုံးပြုကြလိမ့်မည်ကိုဖော်ညွှန်းခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ ၂ ကော ၈း၃ သည် ဘုရားသခင်၏ကောင်းသောဘဏ္ဍာစိုး၏ စိတ်သဘောကိုသက်သေခံခြင်းဖြစ်ပါသည်။

မာကေဒေါနိပြည်ရှိ ခရစ်ယာန်တို့၏ ရက်ရောခြင်းစိတ်သဘောက ကောရိန္သုခရစ်ယာန်တို့အား ထိုနည်းတူပြုခြင်းငှါ နိုးဆော်ခြင်းပြုလျက်ရှိပါလိမ့်မည်။ ကောရိန္သုခရစ်ယာန်တို့သည် မာကေဒေါနိပြည်သားတို့ထက်ပို၍ စီးပွားရေးအခြေအနေကောင်းမည်ဟု ထင်ရပါသည်။ သို့သော်လည်း၊ သူတို့ကြုံတွေ့ရသောပြဿနာများကြောင့် လိုအပ်ခြင်းရှိသောညီအစ်ကိုတို့ကို ထောက်ပံ့ခြင်းငှါ မေ့လျော့ခဲ့ကြခြင်းဖြစ်ပါသည်။

သတိထားရမည့်အရာဟူမူကား ကျွန်ုပ်တို့ဘဝ၌ လောကီအမှုပင်ရောက်လာသောအခါ၊ ဘုရားသခင်ထံမှကျွန်တော်တို့ကို လမ်းလွဲစေတတ်ပြီး၊ ဘုရားသခင်၏အမှုတော်အတွက် ကျွန်ုပ်တို့၏ ပေးကမ်းခြင်းအမှုကိုလည်း ထိခိုက်နိုင်ပါသည်။ ထို့ပြင်၊ ဤပေးကမ်းခြင်းကိုပြန်၍ပေးအပ်ခြင်းဟု ယူဆရပါမည်။ အကြောင်းမှာ ကျွန်တော်တို့သည် ဘုရားသခင်အပိုင်ဖြစ်ကြပါ၏။ အရာခပ်သိမ်းကို ဘုရားသခင်ပိုင်တော်မူသည်မဟုတ်လော (ဆာလံ ၅၀း၁၀)။ ကျွန်တော်တို့သည် ဘဏ္ဍာစိုးများသာ ဖြစ်ကြပါသည်။ သို့သော်လည်း၊ ကျွန်တော်တို့ကြွယ်ဝချမ်းသာလာသောအခါ၊ ဤချမ်းသာမှုကိုပေးတော်မူသော ဘုရားသခင်မေ့လျော့တတ်ကြ၏ (တရား ၈း၁၇)။ "သင်၏ဘုရားသခင်ထာဝရဘုရားကိုသာအောက်မေ့ရမည်။ . . . စည်းစိမ်ရတတ်သောအစွမ်းသတ္တိကို ဘုရားသခင်ပေးတော်မူ၏" (တရား ၈း၁၈)။

ဘုရားသခင်ထံ ကျွန်ုပ်တို့၏အရာအားလုံးဆက်ကပ်သောအခါ၊ သူတပါးကိုစာနာသနားခြင်း စိတ်သဘောကိုဘုရားသခင်ပေးတော်မူလိမ့်မည်။ ထိုအခါ ဘုရားသခင်မိန့်တော်မူသည်အတိုင်း ရိုးသားဖြူစင်သောစိတ်သဘောဖြင့် ကျွန်တော်တို့ပေးကမ်းနိုင်မည်ဖြစ်ပါသည် (ရောမ ၁၂း၈)။

**ဆင်ခြင်ရန်** - ရိုးသားဖြူစင်သောစိတ်ဖြင့် ဝမ်းမြောက်စွာကျွန်တော်မည်သို့ပေးကမ်းနိုင်ပါမည်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ပေးကမ်းခြင်းအမှု၌ ကြွယ်ဝခြင်းရှိမည်အကြောင်း သွန်သင်ပေးတော်မူပါ။

တနင်္ဂနွေ နံနက်၊ ဖေဖော်ဝါရီ (၂၃)
**၂ ကော ၈း၈-၉**
ဖိလိ ၂း၅-၈

*“ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည်စည်းစိမ်ရှိစေခြင်းငှါ၊ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကို ခံတော်မူ၏”*

## ပေးကမ်းခြင်း၏အရှင်သခင်ဖြစ်တော်မူသောယေရှု

ပေါလုသည် ကောရိန္သုခရစ်ယာန်တို့အား ဤထောက်ပံ့ခြင်းရန်ပုံငွေအတွက် ပါဝင်ပေးလှူကြရန် အမိန့်ပေး၍ရသော်လည်း၊ သူတို့စိတ်နှလုံးထဲမှ စေတနာစိတ်နှင့်ပေးလှူကြစေရန် ပို၍အလိုရှိခဲ့ပါသည်။ ထို့ကြောင့် မာကေဒေါနိပြည်သားတို့၏ ပေးကမ်းခြင်းကိုသာဓကဖော်ပြလျက်၊ သန့်ရှင်းသူတို့အပေါ် ထားရှိသောသူတို့၏ချစ်ခြင်းမေတ္တာကိုလက်တွေ့ပြကြစေခြင်းငှါ မျှော်လင့်ခဲ့ခြင်းဖြစ်ပါသည်။

သို့သော်လည်း၊ အကောင်းဆုံးသောသာဓကဟူမူကား သခင်ယေရှုခရစ်တော်ကိုယ်တိုင်ပင်ဖြစ်ပါသည်။ “အကြောင်းမူကား ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှါ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကိုခံတော်မူသောကျေးဇူးတော်ကိုသင်တို့သိကြ၏” (၂ ကော ၈း၉)။ ဤအချက်က ခရစ်တော်၏လူ့ဇာတိခံခြင်း၌တွေ့ရသောနှိမ့်ချခြင်းစိတ်သဘောကို ဖော်ပြခြင်းဖြစ်ပါသည်။ ခရစ်တော်သည် ဘုရားသခင်ဖြစ်၍ကြွယ်ဝခြင်းရှိသော်လည်း၊ လူတို့သည် ကယ်တင်ခြင်းခံရခြင်းငှါ မိမိကိုယ်ကိုနှိမ့်ချလျက် ဤလောကသို့ လူ့ဇာတိခံကြွလာတော်မူခဲ့၏။ “ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကိုသင်တို့၌လည်း ရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍မထင်မမှတ်လျက်ပင် မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကိုယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဖွားမြင်ခြင်းကိုခံတော်မူ၏။ ထိုသို့ သူ၏လူ၏ဂုဏ်အင်္ဂါ လက္ခဏာနှင့်ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်။ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏” (ဖိလိပ္ပိ ၂း၅-၈)။ ခရစ်တော်၏မိမိကိုယ်ကိုပူဇော်ပေးကမ်းခြင်း ကြောင့် ယုံကြည်သောသူတို့သည် ဝိညာဉ်အရာ၌ ကြွယ်ဝသောသူဖြစ်၍၊ “ကောင်းကင်ဘုံနှင့်ဆိုင် သောအရာတို့၌ ခပ်သိမ်းသောမင်္ဂလာတို့ကို ခရစ်တော်အားဖြင့်” (ဧဖက် ၁း၃) ပေးသနားတော် မူ၏။ ခရစ်တော်၏ဆင်းရဲဒုက္ခခံခြင်းအားဖြင့် ကျွန်တော်တို့သည် ကြွယ်ဝခြင်းရှိကြ၏။ ထို့ကြောင့် Calvin က - “လူတို့သည် ဘုရားသခင်၏သားဖြစ်ခြင်းငှါ၊ ဘုရားသခင်၏သားတော်သည် လူသားဖြစ် လာခဲ့ပါသည်” ဟုဆိုခဲ့၏။

ခရစ်တော်သည် ကျွန်တော်တို့ကယ်တင်ခြင်းဆုကျေးဇူးခံရခြင်းငှါ မိမိကိုယ်ကို စတေးပေးဆပ်တော်မူသကဲ့သို့၊ ကောရိန္သုခရစ်ယာန်တို့သည်လည်း ယေရုရှလင်မြို့ရှိ အကူအညီလိုနေသောသန့်ရှင်းသူဆင်းရဲသားတို့အား ကူညီထောက်ပံ့ပေးရမည်ဖြစ်ပါသည်။ ထို့ကြောင့်၊ တမန်တော်ပေါလုက သူတို့အတွက် ခရစ်တော်ပြုတော်မူသောအမှုကို အောက်မေ့ကြခြင်းငှါ တိုက်တွန်းလျက်၊ ခရစ်တော်၏ စတေးခြင်းစိတ်သဘောအတိုင်း မိမိတို့၏ချစ်ခြင်းကို လက်တွေ့ပြခြင်းငှါ နိုးဆော်ခဲ့ပါသည်။ မိမိတို့၏လိုအပ်မှုထက် သူတပါး၏လိုအပ်မှုကိုပို၍အလေးထားပေးသင့်ပါသည်။

ပေးကမ်းခြင်းအမှု၌ ခရစ်တော်ကသာဓကထားခဲ့ပြီးပြီ။ သင်လိုက်လျှောက်ပါမည်လော။

**ဆင်ခြင်ရန်** - ခရစ်တော်သည် အကျွန်ုပ်အတွက်မိမိ၌ရှိသော အလုံးစုံကိုစတေးပေးဆပ်တော်မူ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ခရစ်တော်၏စိတ်သဘောကို အကျွန်ုပ်အားပေးသနားတော်မူပါ။

တနင်္ဂနွေ ညနေ၊ ဖေဖော်ဝါရီ (၂၃)

**၂ ကော ၈း၁၀-၁၅**

ထွက် ၁၆း၁၉-၂၁

*"သင်တို့၏စည်းစိမ်သည် သူတို့၏ဆင်းရဲကို မစသဖြင့်ငင်း"*

## အသင်းတော်တို့သည် အချင်းချင်းမစကူညီကြရပါမည်

ပေါလုက ကောရိန္သုခရစ်ယာန်တို့အား သူတို့၌မရှိသောအရာကိုပင် ချေးယူပေးကမ်ခြင်းငှါ မိမိမဆိုလိုခဲ့ကြောင်း ထပ်၍ဖော်ပြခဲ့ပါသည်။ ကြွယ်ဝချမ်းသာခြင်းသတင်းကောင်းဟောသော သူတို့သည် မိမိ၌မရှိသောအရာပင်လျှင် ပေးလှူခြင်းငှါ တိုက်တွန်းတတ်ကြ၏။ ဘုရားသခင်၏ စိတ်သဘောသည် ကျွန်ုပ်တို့၌အပ်ထားသောအရာတို့ကို ကောင်းသောဘဏ္ဍာစိုးကဲ့သို့ စောင့်ရှောက်ဖို့ရန် ဖြစ်ပါသည်။ ဘုရားသခင်ချပေးသနားတော်မူသော ကောင်းကြီးမင်္ဂလာတို့ကို စိတ်စေတနာအပြည့်ဖြင့် ဝမ်းမြောက်စွာပေးကမ်းအသုံးပြုပါလျှင် ကျွန်တော်တို့သည် သူတပါးအတွက် ကောင်းကြီးမင်္ဂလာယူဆောင်ပေးသောသူအဖြစ် ဘုရားသခင်အသုံးပြုတော်မူလိမ့်မည်။ မည်မျှပေးသည်ဟူသော အချက်ထက်၊ ပေးကမ်းခြင်းစိတ်သဘောထားကပို၍ အရေးကြီးပါ၏။

ပေါလုက ကောရိန္သုခရစ်ယာန်တို့အား ယေရုရှလင်မြို့ရှိ ခရစ်ယာန်တို့သည် ကြွယ်ဝခြင်းရှိမည်အကြောင်း မိမိတို့ဆင်းရဲခြင်းခံကြပါဟု တိုက်တွန်းခြင်းမဟုတ်ပါ (၂ ကော ၈း၁၃)။ သူတို့ပိုင်ဆိုင်သောအရာများမှ ယေရုရှလင်မြို့ရှိသန့်ရှင်းသူဆင်းရဲသားတို့အား ခရစ်ယာန်ချစ်ခြင်းမေတ္တာဖြင့် ပေးကမ်းထောက်ပံ့ကြရန် သူတို့၌အခွင့်ကောင်းရှိကြောင်းကို သိစေခြင်းသာဖြစ်ပါသည်။ ပေါလုက ထပ်၍ပင် ပင်တေကုတ္တေနေ့နောက်ပိုင်း သန့်ရှင်းသူတို့ပြသခဲ့သော သာဓကကိုဖော်ပြခဲ့ပါသည်။ "ယုံကြည်သောသူအပေါင်းတို့သည် တစုတဝေးတည်းနေကြသဖြင့် မိမိတို့၌ရှိသမျှကို ဆက်ဆံ၍ သုံးဆောင်ကြ၏။ မိမိတို့ဥစ္စာပစ္စည်းများကိုရောင်းပြီးလျှင် လူများဆင်းရဲသည့်အတိုင်း အသီးအသီးတို့အား ဝေငှခြင်းကိုပြုကြ၏" (တမန် ၂း၄၄-၄၅)။ ဤသွန်သင်ချက်သည် ကွန်မြူနစ်ဝါဒကို ထောက်ခံခြင်းမဟုတ်၊ သူတပါး၏လိုအပ်ချက်ကို ကိုယ်ချင်းစာစိတ်ရှိခြင်းငှါ သွန်သင်ခြင်းဖြစ်ပါသည်။ သန့်ရှင်းသူတို့ ပိုင် ဆိုင်သောအရာသည် သူတပါးအားကူညီထောက်ပံ့ရန်နှင့် ခရစ်တော်၏နိုင်ငံတော်အတွက် အသုံးပြု ရန် ဖြစ်၏။ ထို့ကြောင့်၊ ညီအစ်ကိုလိုအပ်ဆင်းရဲသောသူကို ဝေငှပေးကမ်းခဲ့ကြခြင်းဖြစ်၏။ ကောရိန္သု လူတို့သည် ဤအမှုကိုအောက်မေ့လျက်၊ ထိုသို့ပြုကြရပါမည်။

ထို့နောက် ပေါလုကဤအတူတကွ ဝေမျှခြင်းတရားကိုဖော်ပြလျက် ထွက် ၁၆း၁၈ ကိုကိုးကားခဲ့ပါသည်။ ဤသမိုင်းကြောင်း၌ မန္နမုန့်ကောက်ယူခြင်းအကြောင်း ပါဝင်ပါသည်။ လူတိုင်း မိမိလိုအပ်သလောက်ကောက်ကြရ၏။ လိုသည်ထက် ကောက်ပါလျှင်၊ ပိုသောမန္နမုန့်သည် ပုပ်သိုးခဲ့ပါသည် (ထွက် ၁၆း၂၀)။ ကျွန်တော်တို့သည် ဘုရားသခင်ပေးသနားတော်မူသော အရာတို့ကို အကောင်းဆုံးထိန်းသိမ်းစောင့်ရှောက်အသုံးပြုတတ်ကြရပါမည်။ ထိုအရာတို့ကိုပညာနှင့်ယှဉ်၍ ကောင်းမွန်စွာအသုံးမပြုခဲ့လျှင် အချည်းနှီးဖြစ်ခဲ့ကြပါလိမ့်မည်။ ထို့ပြင် ဘုရားသခင်၏ဘုန်းတော်အတွက် ကျွန်တော်တို့အသုံးမပြုလျှင်၊ ဘုရားသခင်က ကျွန်ုပ်တို့ထံမှ ပြန်၍ရုတ်သိမ်းတော်မူလိမ့်မည်။ ထိုအရာတို့သည် ပုပ်သွားသောမန္နမုန့်ကဲ့သို့ ဖြစ်ကြပါလိမ့်မည်။ ကျွန်တော်တို့သည် ဘုရားသခင်ရှေ့၌ ကောင်းသောဘဏ္ဍာစိုးဖြစ်ကြပါစို့။

**ဆင်ခြင်ရန်** - ကျွန်တော်ပိုင်ဆိုင်သောအရာကို ဘုရားသခင်အတွက်မှန်ကန်စွာ ကျွန်တော်အသုံးပြုပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကောင်းသောဘဏ္ဍာစိုးဖြစ်ခြင်းငှါ ဉာဏ်ပညာပေးသနားတော်မူပါ။

တနလင်္ာ၊ ဖေဖော်ဝါရီ (၂၄)

**၂ ကော ၈း၁၆-၂၄**

၂ ကော ၁း၁၂

*"လူတို့ရှေ့၌ တင့်တယ်လျောက်ပတ်သောအကျင့် ကို ကြံစည်ကြ၏"*

## အသင်းတော်ဘဏ္ဍာနှင့်ဆိုင်သောတာဝန်ကျေပွန်မှု (၁)

အသင်းတော်တိုင်းသည် မိမိဘဏ္ဍာငွေကိုသတိကြီးစွာကိုင်တွယ်ကြရပါမည်။ ပထမအချက်အနေဖြင့်၊ ဤဘဏ္ဍာငွေသည် ဘုရားသခင်၏နိုင်ငံတော်အတွက် အသုံးပြုကြမည်ဟုယုံကြည်သောစိတ်ဖြင့် ဘုရားသခင်လူတို့က ပေးလှူကြခြင်းဖြစ်၏။ ဒုတိယအချက်မှာ၊ ဤဘဏ္ဍာငွေသည် ဘုရားသခင်ပိုင်တော်မူ၏။ ထို့ကြောင့် အသင်းတော်ဘဏ္ဍာငွေကို ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အညီ အသုံးပြုကြရမည်ဖြစ်ပါသည်။ အလွဲသုံးစားမပြုရ၊ မဖြုန်းတီးရ၊ မတရားသောအမှု၌ အသုံးမပြုရပါ။

ယနေ့ကျမ်းပိုဒ်က ယေရုရှလင်မြို့ရှိ သန့်ရှင်းသူဆင်းရဲသားတို့အတွက် ကောရိန္သုခရစ်ယာန်များ၏ပေးလှူသောငွေကို ကိုင်တွယ်ခြင်း၌ပေါလု၏ သတိကြီးမှုကိုဖော်ပြလျက်ရှိ၏။ လူထုဘဏ္ဍာငွေကိုင်တွယ်ခြင်းနှင့် ဆိုင်သောတရားကိုပေါလုက ၂ ကော ၈း၂၀-၂၁ ထဲတွင် ဤသို့ဖော်ပြထားပါသည် - "ငါတို့သည် ထိုများစွာသောအလှူကျေးဇူးကိုပြုစုရာတွင် အပြစ်တင်စရာအကြောင်း အလျှင်းမရှိစေခြင်းငှါ သတိပြုကြ၏။ သခင်ဘုရားရှေ့တော်၌မက လူတို့ရှေ့၌တင့်တယ်လျောက်ပတ်သောအကျင့်ကို ကြံစည်ကြ၏"။

ပေါလုသည် အသင်းတော်ဘဏ္ဍာငွေနှင့်ပတ်သတ်လျှင် အပြစ်တင်ခွင့်နှင့်ကင်းလွတ်ရန်၊ ပွင့်လင်းမြင်သာမှုရှိရန် အထူးသတိပြုခဲ့ပါသည်။ ထိုသို့ပြစ်တင်ဝေဖန်စရာမရှိအောင် နေထိုင်ကျင့်ကြံခဲ့ပါသည်။ ဝေဖန်မှု၊ မယုံသင်္ကာရှိခြင်းရှိခဲ့ပါလျှင် နောင်အခါရန်ပုံငွေရှာခြင်း၌ အခက်အခဲဖြစ်စေပါသည်။ "ပေါလုကဲ့သို့၊ ထင်ရှားသောပုဂ္ဂိုလ်တို့သည် အထူးသဖြင့်ငွေရေးကြေးရေး၌ လူတို့၏ ဝေဖန်မှုကို အလွယ်တကူခံရနိုင်ပါသည် " (Kent)။ ထို့ပြင်၊ ကောရိန္သုအသင်းတော်၌ပေါလုကို ဆန့်ကျင်သောသူများစွာရှိခဲ့ကြပါသည်။ ထို့ကြောင့် ဤရန်ပုံငွေကောက်ခံခြင်းသည် ပေါလုအပေါ် စွပ်စွဲခြင်းပြုရန်၊ မှားယွင်းသောဝါဒဖြန့်ခြင်းငှါ လွယ်ကူလှပါသည်။ ထို့ကြောင့် ပေါလုကနားလည်မှုမလွဲကြခြင်းငှါ လွယ်ကူလှပါသည်။ ထို့ကြောင့် ပေါလုကနားလည်မှုမလွဲကြခြင်းငှါ အထူးသတိပြု၍ ကြိုတင်သတိပေးခြင်းဖြစ်ပါသည်။ ငွေရေးကြေးရေး၌ မှန်ကန်ဖြောင့်မတ်ခြင်းသည် အထူးအဓိကကျလှပါသည်။

ထို့ကြောင့် ပွင့်လင်းခြင်းမြင်သာမှုရှိ၍ ယုံကြည်စိတ်ချမှုရှိခြင်းငှါ ပေါလုက ဤအလှူငွေကောက်ခံခြင်းကို တာဝန်ယူရန်လူသုံးဦးစေလွှတ်ခဲ့ပါသည်။ သူတို့သည် အသင်းတော်ကယုံကြည်စိတ်ချသောသူများဖြစ်ကြ၏။ ဤပုဂ္ဂိုလ်သုံးဦး၏ အကျင့်စာရိတ္တအကြောင်းကို နက်ဖြန်လေ့လာကြရပါမည်။

**ဆင်ခြင်ရန်** - အသင်းတော်ဘဏ္ဍာငွေသည် ဘုရားသခင်အပိုင်ဖြစ်၏။

**ဆုတောင်းချက်** - အဘဘုရား၊ ငွေရေးကြေးရေးကိုင်တွယ်ခြင်း၌ သတိပြုမည်အကြောင်း မစတော်မူပါ။

**၂ ကော ၈း၁၆-၂၄**

၂ ကော ၁း၁၂

*"လူတို့ရှေ့၌ တင့်တယ်လျောက်ပတ်သောအကျင့် ကို ကြံစည်ကြ၏"*

## အသင်းတော်ဘဏ္ဍာနှင့်ဆိုင်သော တာဝန်ကျေပွန်မှု(၂)

ဤအလှူငွေကောက်ခံခြင်း၌ တာဝန်ယူခြင်းငှါ ရွေးချယ်ခဲ့သောပုဂ္ဂိုလ်သုံးဦးတို့မှာ - *တိတု (၂ ကော ၈း၁၆-၁၇)။ ဤပုဂ္ဂိုလ်သည် ကောရိန္သုလူတို့အပေါ် စိတ်အားထက်သန်လှသော၊ ဘုရားသခင်တာဝန်ပေးထားသောသူဖြစ်ပါသည်။ တိတုသည် ခရီးထွက်ခြင်းငှါ အသင့်ရှိသောသူဖြစ်၍၊ ယေရုရှလင်မြို့ရှိသန့်ရှင်းသူဆင်းရဲသားတို့အား ထောက်ပံ့ကူညီခြင်းငှါ ကောရိန္သုခရစ်ယာန်တို့ကို နှိုးဆော်ရန်အထူးသင့်တော်သောပုဂ္ဂိုလ်ဖြစ်ပါသည်။

*ညီကို(၂ကော ၈း၁၈-၂၁)။ ဤညီကိုသည် သူ၏သစ္စာရှိခြင်းနှင့်ယုံကြည်စိတ်ချမှုရှိခြင်းကြောင့် အသင်းတော်၌လူသိများသောပုဂ္ဂိုလ်ဖြစ်ပါသည်။ သူ၏ဘုရားသခင်ကြောက်ရွံ့ခြင်းစိတ်သဘောက ဤဘဏ္ဍာငွေကောက်ယူခြင်း၌ သင့်တော်ကြောင်း သက်သေခံလျက်ရှိ၏။ သူသည် ဤအမှုအတွက် အသင်းတော်များက ရွေးချယ်ခန့်အပ်ခြင်းဖြစ်ပါသည်။ အသင်းတော်များ၏ ရွေးချယ်ခြင်းဖြစ်သောကြောင့် ပေါလုကိုဤဘဏ္ဍာငွေနှင့် ပတ်သက်၍မယုံသင်္ကာရှိစရာမလိုတော့ပါ။

*ကျွန်ုပ်တို့၏ညီကို (၂ ကော ၈း၂၂)။ သူသည်လည်း အသင်းတော်များက ရွေးချယ်ခြင်းဖြစ်ပါသည်။ သူသည်များစွာသောအမှု၌ ကြိုးစားအားထုတ်၍ စိတ်အားထက်သန်သောသူဖြစ်ကြောင်း သက်သေရှိ၏။ ဆိုလိုသည်မှာ မိမိသည်သစ္စာရှိသောသူဖြစ်ကြောင်း အကြိမ်ကြိမ်ပြသခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် သူသည်လည်း ကောရိန္သုလူတို့ထံမှဤထောက်ပံ့ခြင်းဘဏ္ဍာငွေသွားယူခြင်းအမှု၌ သင့်တော်သောသူဖြစ်ပါသည်။

ဤလူတို့သည် အမှုမဲ့အမှတ်မဲ့ရွေးချယ်ခြင်းခံကြသည်မဟုတ်ဘဲ၊ သူတို့၏ဝိညာဉ်ရေးရာရင့်ကျက်မှုနှင့်စိတ်သဘောဖြောင့်မတ်ခြင်းရှိကြသည်ဖြစ်သောကြောင့် အသိအမှတ်ပြုရွေးချယ်ကြခြင်းဖြစ်ပါသည်။ ဝိညာဉ်ရေးရာ၌ မရင့်ကျက်သောသူသည် အသင်းတော်ဘဏ္ဍာငွေကို မကိုင်တွယ်သင့်ပါ။

ယနေ့ အသင်းတော်ခေါင်းဆောင်တို့သည် အသင်းတော်ဘဏ္ဍာငွေနှင့် ပတ်သက်၍ မှားယွင်းစွာအသုံးပြုခြင်း၊ သံသယဝင်ခြင်းတို့မခံရအောင် အထူးသတိပြုဖို့လိုပါသည်။ အသင်းတော်ဘဏ္ဍာငွေကိုတရားဥပဒေနှင့်အညီ အသုံးပြုဖို့လိုပါသည်။ ငွေရေးကြေးရေးအမှု၌ အသင်းတော်ခေါင်းဆောင်တို့သည် အပြစ်တင်ခြင်းအခွင့်နှင့် ကင်းလွတ်ဖို့ လိုအပ်လှပါသည်။

**ဆင်ခြင်ရန်** - ဝိညာဉ်ရေးရာရင့်ကျက်သောသူသာလျှင် အသင်းတော်ဘဏ္ဍာငွေကို ကိုင်တွယ်ရပါမည်။ အဘယ့်ကြောင့်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အသင်းတော်အား ဘဏ္ဍာငွေကိုင်တွယ်ခြင်း၌ သတိပြုလျက်ဉာဏ်ပညာရှိမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဖေဖော်ဝါရီ (၂၆)
**၂ ကော ၈း၁၆-၂၄** *"လူတို့ရှေ့၌ တင့်တယ်လျောက်ပတ်သောအကျင့် ကို ကြံစည်ကြ၏"*
၂ ကော ၁း၁၂

## အသင်းတော်ဘဏ္ဍာမှန်ကန်စွာအသုံးပြုခြင်း

အသင်းတော်ဘဏ္ဍာငွေမှန်ကန်စွာ အသုံးပြုခြင်းဆိုသည်မှာ အဘယ်နည်း။ သမ္မာကျမ်းစာက ဘုရားသခင်လူတို့ပေးလှူသော ငွေကိုအောက်ပါအတိုင်း အသုံးပြုရန်သွန်သင်ထားပါသည် -
* သာသနာပြုသောသူထောက်ပံ့ရန်၊ သတင်းကောင်းအမှုတော်ထောက်ပံ့ရန်နှင့် သန့်ရှင်းသူတို့တည်ဆောက်စရာအတွက်ဖြစ်ပါသည် (ဖိလိ ၄း၁၅-၁၆၊ ၁ ကော ၉း၄-၁၁)။
* မရှိချို့တဲ့သောသူနှင့်ဆင်းရဲသားများ ထောက်ပံ့ရန် (၂ ကော ၈-၉၊ ရောမ ၁၅း၂၆)။
* အသင်းတော်၌အမှုတော်ဆောင်သောသူနှင့် သင်းအုပ်ဆရာများထောက်ပံ့ရန်ဖြစ်ပါသည် (၁ တိ ၅း၁၇-၁၈၊ ၁ ကော ၉း၁၁-၁၄)။

အသင်းတော်သည် ငွေရေးကြေးရေး၌မှန်ကန်ဖြောင့်မတ်ခြင်းကို အထူးအလေးထားရပါမည်။ ဘုရားသခင်၏ပိုက်ဆံကို ခရစ်တော်၏တရားကျယ်ပြန့်ခြင်းအတွက် မှန်ကန်စွာအသုံးပြုရပါမည်။ ထိုသို့ပွင့်လင်းမြင်သာမှုနှင့် တာဝန်ကျေပွန်မှုရှိခြင်းငှါ ကောက်ခံရသောငွေကိုအသေးစိတ်ရေးမှတ်သားပြီး၊ ပြန်လည်လေ့လာခြင်းပြုရပါမည်။ မည်သို့ အသုံးပြုသည်ကိုလည်း အသင်းသူအသင်းသားတို့ထံ ပွင့်လင်းစွာ၊ ရိုးသားစွာဖော်ပြရပါမည်။ အသင်းတော်ခေါင်းဆောင်တို့သည် ဤဘဏ္ဍာငွေနှင့်ပတ်သတ်၍ ဘုရားသခင်၏နှုတ်ကပတ်အတိုင်း ရှင်းပြခြင်းငှါ အသင့်ရှိနေရပါမည်။

အသင်းတော်ဘဏ္ဍာကိုင်တွယ်ခြင်းသည် သေးငယ်သောအမှုမဟုတ်ပါ။ ဘဏ္ဍာထိန်းသည်လည်း ဤဘုရားသခင်ပိုင်သောငွေကို အမှုမဲ့အမှတ်မဲ့မကိုင်တွယ်ရပါ။ အသင်းတော်ဘဏ္ဍာကိုသန့်ရှင်းစွာ၊ တာဝန်ကျေပွန်စွာ၊ ပွင့်လင်းမြင်သာစွာနှင့် သမ္မာကျမ်းစာအတိုင်း ကိုင်တွယ်ခြင်းငှါ အသင့်မရှိသောအသင်းတော်သည် ဝိညာဉ်ရေးရာအမှု၌အရည်အချင်းမပြည့်မှီဟု သတ်မှတ်ရပါ မည်။ အသင်းတော်ခေါင်းဆောင်တို့သည် ငွေရေးကြေးရေးတို့၌ စိတ်ချ၍မရလျှင်၊ လူတို့၏ဝိညာဉ်အသက်တာကိုမည်သို့စောင့်ရှောက်နိုင်ကြမည်နည်း။ ကျွန်ုပ်တို့၏အသင်းတော်သည် မိမိဘဏ္ဍာငွေကို ဘုရားသခင်ကြောက်ရွံ့ခြင်းသဘောနှင့် ကိုင်တွယ်ကြပါစေသော်။

ဤအချက်ကို Kent က ဤသို့အချုပ်အားဖြင့် ဆိုခဲ့ပါသည် - "ဤအလှူငွေကောက်ခံခြင်းမှ . . . ယနေ့စာဖတ်သူက ငွေရေးကြေးရေးအပေါ် ထားရှိရမည့်မှန်ကန်သော စိတ်သဘောထားအရေးကြီးမှုကို သင်ယူခဲ့ရ၏။ ခရစ်တော်သည် ဘုရားသခင်၏ဘဏ္ဍာထိန်းများဖြစ်ကြပါသည်။ ထို့ကြောင့် မိမိလက်ထဲ၌ အပ်ထားသောအရာကို အသုံးပြုခြင်း၌ အထူးသတိပြုရပါမည်၊ ခရစ်တော်၏ကိုယ်၌ အခြားသောပုဂ္ဂိုလ်တို့၏ လိုအပ်မှုကိုလည်း လေ့လာသိမှတ်ရမည်ဖြစ်ပါသည်။"

**ဆင်ခြင်ရန်** - အကျွန်ုပ်၌ရှိသောအရာတို့ကို သူတပါးအကျိုးအတွက် မည်သို့အသုံးပြုရပါမည်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏ငွေကြေးကိုမှန်ကန်စွာအသုံးပြုမည်အကြောင်း သွန်သင်ညွှန်ပြတော်မူပါ။

ကြာသပတေး၊ ဖေဖော်ဝါရီ (၂၇)

**၂ ကော ၉း၁-၅**

၂ ကော ၉း၁၅

*“သင်တို့သည် အသင့်ရှိစေခြင်းငှါ . . . ”*

## ပေးကမ်းခြင်းငှါ အသင့်ရှိနေကြလော့

ကောရိန္သုခရစ်ယာန်တို့ထံ ယေရုရှလင်မြို့ရှိ သန့်ရှင်းသူဆင်းရဲသားတို့အား ထောက်ပံ့ပေးလှူခြင်းအကြောင်း ရေးသားခြင်းသည်လိုအပ်သောအမှုဟု ပေါလုထင်မှတ်ထားပါသည်။ အကြောင်းမှာ သူတို့ကိုယ်တိုင်က ပေးလှူလိုကြကြောင်း သိမှတ်ခဲ့ပါ၏။ သို့သော်လည်း၊ အတွင်းရေးပြဿနာများကြောင့် ဤပေးကမ်းခြင်းအမှု၌ နှောင့်နှေးခြင်းရှိခဲ့ပါသည်။ ထို့ကြောင့် ပေါလုက ထိုပေးကမ်းခြင်းကို ပြီးစီးဆောင်ရွက်ကြရန် ယခုတိုက်တွန်းခြင်းဖြစ်ပါသည်။

ထိုအမှုကိုပြီးစီးဆောင်ရွက်ကြရန် တိုက်တွန်းခြင်းဖြင့် ကောရိန္သုလူတို့၏ ပေးကမ်းခြင်း၌ ရက်ရောသောစိတ်သဘောကို မာကေဒေါနိပြည်သားတို့ထံ မိမိဝါကြွားခဲ့ကြောင်း ပေါလုဖော်ပြခဲ့ပါသည်။ ထိုအခါ ကောရိန္သုလူတို့ကို သာဓကပြု၍မာကေဒေါနိပြည်သားတို့သည် ယေရုရှလင်မြို့ သန့်ရှင်းသူတို့အတွက် ချက်ချင်းစိတ်အားထက်သန်စွာ ပေးလှူခဲ့ကြ၏။ အမှန်မှာ၊ မာကေဒေါနိပြည်သားတို့သည် အလွန်တက်ကြွခြင်းရှိ၍ ပေးကမ်းခြင်း၌ ကောရိန္သုလူတို့ထက်ပို၍ အာရုံစိုက် ကြိုးပမ်းခဲ့ကြ၏။

ထိုသို့ ကောရိန္သုလူတို့ကို သာဓကအနေဖြင့် ပေါလုအသုံးပြုခဲ့သည်ဖြစ်သောကြောင့်၊ ယခု ဤအလှူငွေပေးခြင်းအမှု၌ ကောရိန္သုအသင်းတော်သည် ပြီးစီးဆောင်ရွက်ခြင်းမပြုလျှင် ရှက်စရာအကြောင်းဖြစ်နိုင်ပါသည်။ ထို့ကြောင့် ကောရိန္သုခရစ်ယာန်တို့သည် ပေးကမ်းခြင်းငှါ အသင့်ရှိနေကြဖို့ လိုအပ်ပါသည်။ နှုတ်အားဖြင့်သာမဟုတ်၊ လက်တွေ့အနေဖြင့်အဆင်သင့်ရှိကြဖို့လိုအပ်ပါ၏။

ထိုနည်းတူ၊ ဘုရားသခင်၏အမှုတော်အတွက် ပေးလှူရန်တိုက်တွန်းခံရသောအခါ၊ သင်ပေးလှူခြင်းငှါ အသင့်ရှိပါသလား။ နှုတ်အားဖြင့်သာမဟုတ်၊ လက်တွေ့ပေးကမ်းခြင်းငှါ အသင့်ရှိပါလော့။ ဘုရားသခင်၏အမှုတော်မြတ်၌ ပါဝင်ခွင့်ရခြင်းအခွင့်ထူးကို သင်စဉ်းစားသတိရပါလော့။ ထိုအမှုဆောင်ရွက်ပြီးစီးသောအချိန်တွင်၊ ထိုပေးလှူရသောအခွင့်တံခါးပိတ်ပါလိမ့်မည်။ ထိုအချိန်၌ သင်ပေးလိုလျှင်လည်း၊ နောက်ကျသွားပြီဖြစ်ပါသည်။ တဲတော်တည်ဆောက်ခြင်းအချိန်အခါကို ပြန်၍စဉ်းစားအောက်မေ့ကြပါစို့။ “မောရှေထံသို့လာ၍ထာဝရဘုရားမှာထားတော်မူသောအလုပ် ပြီးလောက်ရုံမျှမက ပို၍ဆောင်ခဲ့ကြပါပြီဟု ကြားပြောလျှင် မောရှေကသန့်ရှင်းရာဌာနတော်အဖို့ လှူခြင်းငှါ အဘယ်ယောကျာ်းမိန်းမမျှ ထပ်မံ၍မလုပ်စေနှင့်ဟု စီရင်၍ တတပ်လုံး၌ ကြော်ငြာစေသဖြင့် လူများအလှူဆောင်ခြင်းအမှုကိုဆီးတား၏” (ထွက် ၃၆း၅-၆)။ ထို့ကြောင့်၊ ပေးလှူရသောအချိန်၌ လျင်မြန်စွာ ပေးကမ်းကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်မိန့်တော်မူသောအချိန်၌ ကျွန်တော်ပေးလှူခြင်းငှါ အသင့်ရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အမှုတော်အတွက် ပါဝင်ပေးလှူခြင်းငှါ ကျွန်တော်အသင့်ရှိလိုပါ၏။

သောကြာ၊ ဖေဖော်ဝါရီ (၂၈)

**၂ ကော ၉း၅** *"... အနိုင်အထက်လျှုရသော ဥစ္စာကဲ့သို့မဟုတ်၊*

တရား ၅း၂၁ *အလှူကျေးဇူးကဲ့သို့ အသင့်ရှိစေခြင်းငှါ..."*

## ပေးကမ်းခြင်းကိုဆီးတားသောအရာ–တပ်မက်ခြင်း

ဤပေးကမ်းခြင်းအမှုပြီးစီးဆောင်ရွက်ခြင်းမပြုနိုင်ရန် ဆီးတားနိုင်သောအပြစ်တခုမှာ တပ်မက်ခြင်းဖြစ်ကြောင်း ပေါလုကယခုသတိပေးခဲ့ပါသည်။ "တပ်မက်ခြင်း" ဆိုသည်မှာ အလွန်အကျွံပိုလျှံစွာ ပိုင်ဆိုင်လိုခြင်းနှင့် ပေးကမ်းခြင်းအမှု၌ ရက်ရောခြင်းမရှိဘဲ ကပ်စေးနည်းခြင်းဖြစ်ပါသည်။ ဘယ်လောက်ပေးကမ်းသည်ဟူသောအချက်က အဓိကမဟုတ်သောကြောင့်၊ ကောရိန္သုခရစ်ယာန်တို့သည် ထိုသို့ပေးလှူသောအခါ စင်ကြယ်သောစိတ်သဘောဖြင့် ပြုကြဖို့လိုအပ်ပါသည်။

ဘုရားသခင်ထက် ကျွန်တော်တို့ပိုင်ဆိုင်သောအရာကို ပို၍နှစ်သက်သောအခါ ကျွန်တော်တို့သည် တပ်မက်သောသူဖြစ်ကြပါသည်။ အချို့သောသူတို့သည် တချိန်တည်း၌ဘုရားသခင်ကိုချစ်ပြီး၊ ဤလောကီအရာကိုလည်း ချစ်နိုင်သည်ဟုထင်ကြ၏။ သို့သော်လည်း၊ သမ္မာကျမ်းစာကသခင်နှစ်ပါး၏အစေကို မခံနိုင်၊ တဦးကိုချစ်၍တဦးကိုမုန်းရမည်ဟု ဆိုခဲ့ပါသည်။ ဘုရားသခင်နှင့်ငွေကြေး၏အစေကိုလူတဦးက တချိန်တည်း၌မခံနိုင်ပါ (မသဲ ၆း၂၄)။ ဤလောကကမ္ဘာ၌ ငွေကြေးချမ်းသာကြွယ်ဝမှုကို အဓိကထားလာကြသောကြောင့်၊ ထိုပျောက်ကွယ်ပျက်စီးနိုင်သောအရာကို ကျွန်တော်တို့ကိုးစားမိမှာကို စိုးရိမ်ရပါသသည်။ ထိုအခါ ဘုရားသခင်အပေါ်ထားသော ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာမေးမှိန်လာတတ်၏။ ထိုသို့ဘုရားသခင်ကိုမချစ်သောအခါ၊ ပစ္စည်းဥစ္စာကိုချစ်နှစ်သက်၍ မခွဲနိုင်မခွာနိုင်ဖြစ်တတ်၏။ ထိုအခါ ဘုရားသခင်အမှုအတွက် ကျွန်တော်တို့၏ပေးကမ်းခြင်းမပြုဘဲ နေတတ်ကြ၏။

သမ္မာကျမ်းစာက ငွေကြေးတပ်မက်ခြင်းသည် အပြစ်အလုံးစုံ၏မူလအရင်းအမြစ်ဖြစ်သည်ဟု ဆိုပြန်၏ (၁ တိ ၆း၁၀)။ ဤမကောင်းမှုသည် လိုအပ်သောသူမစထောက်ပံ့ခြင်းမပြုလိုခြင်း၌ မြင်သာစွာပေါ်လွင်တတ်မြင်တွေ့ရပါသည်။ "ထို့ကြောင့် ကောင်းသောအကျင့်ကိုသိလျက် မကျင့်ဘဲနေသောသူသည် အပြစ်ရှိ၏" (ယာကုပ် ၄း၁၇)။ ကောရိန္သုခရစ်ယာန်တို့ သည်လည်း ယေရုရှလင်မြို့ရှိသန့်ရှင်းသူဆင်းရဲသားတို့အား ထောက်ပံ့ပေးကမ်းလိုခြင်းမရှိလျှင် တပ်မက်ခြင်းရှိကြသည်ဟုဆိုနိုင်ပါသည်။ ထိုသို့သော စိတ်သဘောမရှိအောင် သတိပြုကြပါစို့။

သို့ဆိုလျှင် ဤတပ်မက်ခြင်းကိုကုစားသောအရာကား အဘယ်နည်း။ ၁ တိ ၆း၆ သည် အဖြေဖြစ်ပါသည် - "ရောင့်ရဲသောစိတ်ပါလျှင်၊ ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ကြီးစွာသောအကျိုးစီးပွားမှန်၏"။ ဘုရားဝတ်၌မွေ့လျော်ခြင်းဆိုသည်မှာ ခရစ်တော်နည်းတူ ကျင့်ကြံနေထိုင်ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်နှင့်နီးကပ်စွာအသက်ရှင်လျှောက်လှမ်းသောအခါ၊ ဤလောကီအရာတို့၏အရောင်သည် မေးမှိန်လာကြမည်ဖြစ်ပါသည်။ ဤလောကီပစ္စည်းဥစ္စာတို့ကို သမ္မာကျမ်းစာအတိုင်း မှန်ကန်စွာသိမြင်ကြရမည်ဖြစ်၏။ ထိုအရာတို့ကို ဘုရားသခင်၏အမှုတော်မြတ်အတွက် အသုံးပြုမှသာအမှန်တကယ်အသုံးဝင်ခြင်းရှိပါ၏။ ထို့ကြောင့်၊ ဤကျမ်းပိုဒ်က တပ်မက်ခြင်းသဘောမရှိအောင် ကျွန်ုပ်တို့စိတ်နှလုံးကို စောင့်ရှောက်ထိန်းသိမ်းလျက်ရှိပါသည်။ ထို့ကြောင့် ပေးကမ်းခြင်း၌ ရက်ရောသောစိတ်သဘောရှိခြင်းငှါ ကျွန်တော်တို့သင်ယူရပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၌တပ်မက်ခြင်းစိတ်သဘောရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ တပ်မက်ခြင်းအမှုမှ အကျွန်ုပ်စိတ်နှလုံးကို စောင့်ရှောက်ပေးတော်မူပါ။

စနေ၊ ဖေဖော်ဝါရီ (၂၉)

**၂ ကော ၉း၆-၁၁**

တမန် ၂၀း၃၅

*“အစွန့်အကြဲခံခြင်းအရာထက် စွန့်ကြဲခြင်းအရာသည် သာ၍မင်္ဂလာရှိသည်”*

## ပေးကမ်းခြင်းမင်္ဂလာ(၁)

ထို့နောက် တမန်တော်ပေါလုသည် ပေးကမ်းခြင်းမင်္ဂလာအကြောင်းကို ဖော်ပြခဲ့ပါသည်။ ပထမအချက်မှာ၊ ကောရိန္သုခရစ်ယာန်တို့ရင်းနှီးသောစိုက်ပျိုးခြင်းပုံရိပ်ကို ပေါလုဖော်ပြခဲ့၏။ မျိုးစေ့အနည်းငယ်ထဲသောလယ်သမားသည် ပုံမှန်အားဖြင့်အနည်းငယ်သာရိတ်ရလိမ့်မည်။ တဖက်တွင်၊ များစွာသောမျိုးစေ့ကြဲ၍ကြိုးစားအားထုတ်သောလယ်သမားသည် များစွာရိတ်ရလိမ့်မည်။ ထိုနည်းတူ၊ မပေးကမ်းလိုသောသူသည် အနည်းငယ်သောကောင်းကြီးမင်္ဂလာကိုသာခံရလိမ့်မည်။ သို့သော်လည်း၊ များစွာပေးကမ်းသောသူသည် များစွာသောကောင်းကြီးမင်္ဂလာခံစားရမည်ဖြစ်ပါသည်။

ဒုတိယအချက်တွင်၊ တမန်တော်ပေါလုက ပေးကမ်းခြင်း၌ထားရမည့်စိတ်သဘောထားကို ဖော်ပြခဲ့၏။ ကျွန်တော်တို့သည် စေတနာစိတ်နှင့်ပေးလှူသောသူဖြစ်ကြရပါမည်။ ဤ“စေတနာစိတ်” ဟူသော ဂရိစကားလုံး၏အဓိပ္ပာယ်မှာ ဝမ်းမြောက်ရွှင်လန်းခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဝမ်းမြောက်သောစိတ်နှင့်ပေးလှူကြရမည်။ ယုံကြည်သူသည် အဘယ့်ကြောင့် ပေးလှူခြင်း၌ဝမ်းမြောက်ခြင်းရှိရမည်နည်း။ အကြောင်းမှာ၊ သူပိုင်ဆိုင်သမျှသည် ဘုရားသခင်အပိုင်ဖြစ်တော်မူကြောင်း နားလည်သဖြင့်၊ ထိုအရာကို ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေခြင်း၌ အသုံးပြုရန်ဖြစ်သောကြောင့် ဝမ်းမြောက်ခြင်းရှိရခြင်းဖြစ်ပါသည်။ အရာခပ်သိမ်းဘုရားသခင်ပိုင်တော်မူကြောင်း သိသဖြင့် ဘုရားသခင်ထံပြန်လည်ပေးဆပ်ခွင့်ရသောကြောင့် သူသည်ပျော်ရွှင်ခြင်းရှိ၏။ တဖက်တွင်၊ ဝမ်းမြောက်ခြင်းမရှိခြင်းသည် နှမြောသောစိတ်၊ တပ်မက်သောစိတ်ရှိကြောင်း ပြသလျက်ရှိ၏။

ကျွန်ုပ်တို့၏အကျင့်၊ အပြုအမူသည် ကျွန်ုပ်တို့၏စိတ်နှလုံးကိုပြသလျက်ရှိ၏။ ဘုရားသခင်ထံ ဆယ်ဘို့တစ်ဘို့နှင့် အလှူတော်ငွေ သင်ယူဆောင်လာသောအခါ သင်မည်သို့ခံစားရပါသနည်း။

တတိယအချက်မှုကား၊ ဘုရားသခင်သည် လူသားအပေါ်၌အဘယ်အကြွေးမျှ တင်တော်မမူ။ “ကျွန်တော်တို့ပေးလှူသောအခါ၊ ဘုရားသခင်သိမှတ်တော်မူ၏။ ကျွန်ုပ်တို့အပေါ် ဘုရားသခင်လုံးဝအကြွေးတင်တော်မမူ။ ကျွန်ုပ်တို့လိုအပ်သောအရာများကို ထောက်ပံ့ပေးခြင်းငှါ၊ ဘုရားသခင်ဂတိတော်ရှိ၏။ ဤလိုအပ်သောအရာ၌ ခန္ဓာကိုယ်နှင့်ဝိညာဉ်အရေးပါဝင်ပါသည်”(Khoo)။

ယနေ့ကျမ်းပိုဒ်အကြောင်းကို တမန်တော် ၂၀း၃၅ ထဲတွင် ဤသို့ဖော်ပြခဲ့ပါသည် - “ထိုသို့သင်တို့သည်လည်း အလုပ်လုပ်၍အားနည်းသောသူတို့ကို မစရမည်ကိုင်း၊ အစွန့်အကြဲခံခြင်းအရာထက် စွန့်ကြဲခြင်းအရာသည် သာ၍မင်္ဂလာရှိသည်ဟု သခင်ယေရှုမိန့်တော်မူသောစကားတော်ကို အောက်မေ့ရမည်ကိုင်း၊ အရာရာ၌သင်တို့အား ငါပြသပြီ”။ လူ့အဖွဲ့အစည်း၌ ဆန့်ကျင်ဘက်အရာသင်ပေးပါသည်။ လူတဦးသည် ပေးလှူ ခြင်းထက် ရယူစုဆောင်းခြင်းကို ပြုရမည်ဟုဆို၏။ တဖက်တွင် သမ္မာကျမ်းစာက၊ ယေရှုခရစ်တော် နည်းတူ သူတပါးကိုမိမိထက်အရင်ဦးစားပေးရမည်ဟု သွန်သင်တော်မူ၏။ ထိုသို့ သခင်ဘုရား၌ ကျွန်တော်တို့ပြုကြသောအခါ၊ ဝိညာဉ်ရေးရာကောင်းကြီးမင်္ဂလာကိုကျွန်တော်တို့ ကြွယ်ဝစွာခံစားကြ ရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ရယူခြင်းထက် ပေးကမ်းခြင်း၌မင်္ဂလာသာ၍ပိုရှိ၏။

**ဆုတောင်းချက်** - အဘဘုရား၊ စေတနာစိတ်နှင့်ဝမ်းမြောက်စွာပေးလှူမည်အကြောင်း အကျွန်ုပ်ကို သွန်သင်မစတော်မူပါ။

တနင်္ဂနွေ၊ မတ် (၁)

**၂ ကော ၉း၁၂-၁၅**

ရောမ ၁၅း၂၆-၂၇

*"ပြော၍မကုန်နိုင်သောဘုရားသခင်၏ ကျေးဇူးတော်ကို အောက်မေ့၍ချီးမွမ်းခြင်းရှိစေသတည်း"*

## ပေးကမ်းခြင်းမင်္ဂလာ(၂)

ဖြူစင်ရိုးသားသောပေးကမ်းခြင်းအမှု၌ ပေးကမ်းသောသူသာမက လက်ခံရရှိသောသူသည်လည်း မင်္ဂလာရှိပြီး အကျိုးခံစားရပါသည်။ ယေရုရှလင်မြို့သန့်ရှင်းသူတို့အမှု၌လည်း သူတို့သည် မာကေဒေါနိပြည်သားတို့နှင့် ကောရိန္တုအသင်းတော်တို့၏ မစထောက်ပံ့မှုရရှိကြသောအခါ ဝမ်းမြောက်ခြင်းရှိခဲ့ကြ၏။ ချစ်ခြင်းမေတ္တာအားဖြင့် သန့်ရှင်းသူတို့ပေးလှူကြသော ထောက်ပံ့မစခြင်းကြောင့် သူတို့သည်ဆင်းရဲဒုက္ခခံခြင်းမှ အလွန်သက်သာရာရခဲ့ကြပါသည်။ "အကြောင်းမူကား မာကေဒေါနိပြည်သားတို့နှင့် အခါယပြည်သားတို့သည် ယေရုရှလင်မြို့၌ဆင်းရဲသောသန့်ရှင်းသူတို့အား ဥစ္စာကိုဝေမျှ၍စေတနာစိတ်နှင့်လှူကြပြီ၊ စေတနာစိတ်ရှိပြီဟုဆိုသော် ထိုသူတို့သည် ကျေးဇူးတင်သောသူဖြစ်ကြ၏။ အကြောင်းမူကား တစ်ပါးအမျိုးသားတို့သည် ဓမ္မဥစ္စာကို ယုဒအမျိုးသားတို့နှင့်စပ်ဆိုင်၍ ခံရသည်နှင့်အညီ လောကဥစ္စာကိုယူ၍လုပ်ကျွေးအပ်၏" (ရောမ ၁၅း၂၆-၂၇)။

သို့သော်လည်း၊ ပေါလုသည် ခန္ဓာကိုယ်သက်သာခြင်းကို ကျော်လွန်၍ ဝိညာဉ်အရေးကိုကြည့်မြင်၏။ ယေရုရှလင်မြို့ရှိသန့်ရှင်းသူတို့သည် ဤထောက်ပံ့ခြင်းကိုရရှိကြသောအခါ၊ ဤအမှုအတွက် တပါးအမျိုးသားတို့ကို ဘုရားသခင်အသုံးပြုတော်မူသောကြောင့် ကျေးဇူးတော်ကိုချီးမွမ်းခဲ့ကြ၏။ ဤသည်ကား ခရစ်တော်၏သတင်းကောင်းက မိမိအကျိုးကိုသာရှာသောလူကို ကိုယ်ကျိုးစွန့်သန့်ရှင်းသူအဖြစ် ပြောင်းလဲစေသောကြောင့် ဖြစ်ပါသည်။ ဤသို့တပါးအမျိုးသားအသင်းတော်တို့၏ စေတနာစိတ်နှင့်ပေးကမ်းမှုက ဘုရားသခင်ချီးမွမ်းခြင်းကို ဖြစ်ပွားစေခဲ့ပါသည်။ ဘုန်းတော်အပေါင်း ဘုရားသခင်၏နာမတော်၌ တည်ပါစေသော်။

ထို့နောက် ပေါလုသည် "ပြော၍မကုန်နိုင်သောဆုကျေးဇူးတော်" ကြောင့် ဘုရားသခင်ကို ချီးမွမ်းခဲ့ပါသည်။ ဤဆုကျေးဇူးကား အဘယ်နည်း။ အချို့သောသူက ယေရုရှလင်မြို့သန့်ရှင်းသူတို့ လက်ခံရရှိခဲ့သော ထောက်ပံ့ခြင်းဟုယုံကြည်ကြ၏။ သို့သော်လည်း၊ အချို့သည် ခရစ်တော်ယေရှု၌ တည်သောထူးမြတ်သောကျေးဇူးတော်ဟု ယုံကြည်ကြပါသည် (၂ ကော ၉း၁၄)။ ၂ ကော ၉း၁၃၌ "ခရစ်တော်၏သတင်းကောင်း" ဖော်ပြချက်က ဤဒုတိယယုံကြည်ချက်ပို၍မှန်မည်ဟု ဖော်ပြလျက်ရှိ၏။ "ဤဆုကျေးဇူးကိုနှုတ်ဖြင့် ဖော်ပြ၍မရဟုပေါလုဆိုသောကြောင့်၊ နှုတ်ဖြင့်ဖော်ပြ၍မရသော ဘုရားသခင်၏ကျေးဇူးတော်အပြင် အခြားမဖြစ်နိုင်ဟုထင်ရပါသည်" (Kent)။

ကောရိန္တုခရစ်ယာန်တို့သည် ပေါလု၏တိုက်တွန်းခြင်းကို အလေးထားကြပြီး၊ ရောမ ၁၅း၂၆-၂၇ ထဲတွင်တွေ့ရသည်အတိုင်း ယေရုရှလင်မြို့ သန့်ရှင်းသူတို့အတွက် ရက်ရောစွာပေးလှူခဲ့ကြသောကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းပါ၏။ မာကေဒေါနိပြည်နှင့် ကောရိန္တုမြို့ရှိ ခရစ်ယာန်တို့ကို သာကေပြု၍ ကျွန်တော်တို့သည်လည်း ပေးကမ်းခြင်းဖြင့် သူတပါးအတွက် ကောင်းကြီးမင်္ဂလာဖြစ်ကြပါစို့။

**ဆင်ခြင်ရန်** - "ယေရှုအတွက် ကောင်းမှုတခုခုနေ့စဉ်ပြုပါ" (Timothy Tow)။

**ဆုတောင်းချက်** - အို အဘဘုရား၊ အကျွန်ုပ်အား သူတပါးထံကောင်းကြီးမင်္ဂလာယူဆောင်သောသူ ဖြစ်စေတော်မူပါ။

တနင်္လာ၊ မတ် (၂)

**၂ ကော ၁၀း၁-၂**
၂ တိ ၂း၂၄-၁၆

*“ခရစ်တော်၏နူးညံ့သိမ်မွေ့ဖြည်းညှင်းတော်မူခြင်းကို အကြောင်းပြု၍ . . . ”*

## နူးညံ့သိမ်မွေ့ခြင်းစိတ်သဘောဖြင့် အမှုတော်ဆောင်ခြင်း

ကောရိန္သုအသင်းတော်မှ များစွာသောသူတို့သည် ဤပေါလု၏ဆုံးမစာစောင်ကို ကောင်းမွန်စွာ လက်ခံကြသော်လည်း၊ ပေါလု၏စိတ်သဘောကိုဆက်လက်ဆန့်ကျင်သော အမှုရှိသေး၏။ ထိုသူတို့က ပေါလုသည်ကောရိန္သုခရစ်ယာန်တို့ရှေ့၌ နူးညံ့သိမ်မွေ့ခြင်းရှိသော်လည်း၊ အဝေးမှ စာအားဖြင့် အလွန်သတ္တိရှိကြောင်း၊ ရှေ့၌တမျိုး နောက်၌တမျိုးဖြစ်သည်ဟု စွပ်စွဲကြပါသည်။

ထိုသို့သော စွပ်စွဲချက်သည် ခရစ်တော်ခံရသောသာဓကကို အောက်မေ့သောသူအတွက် အရာမရောက်ပါ။ ခရစ်တော်သည် ဤလောက၌ အမှုတော်ဆောင်စဉ် လူတို့အား နူးညံ့သိမ်မွေ့သောစိတ်ဖြင့် သင်ကြားခဲ့ပါသည် (နှိုင်း၊ မသဲ ၁၁း၂၉၊ ၂၁း၅)။ ထိုသို့သော စိတ်သဘောဖြင့်ပေါလုက သင်းအုပ်ဆရာတို့အား ၂ တိ ၂း၂၄-၂၆ ထဲတွင် ဤသို့ခွန်အားပေးခဲ့၏ - “သခင်ဘုရား၏ကျွန်သည် ရန်မတွေ့ရ။ ခပ်သိမ်းသောသူတို့အား ဖြည်းညှင်းစွာပြုသောသူ၊ ဆုံးမသြဝါဒပေးခြင်းအမှု၌ လိမ္မာသောသူ၊ သည်းခံနိုင်သောသူဖြစ်ရမည်။ ဆီးတားငြင်းခုံသောသူတို့ကို နူးညံ့သိမ်မွေ့စွာဆုံးမရမည်။ သမ္မာတရားကိုဝန်ခံခြင်းအလို့ငှါ နောင်တကိုဘုရားသခင်ပေးကောင်းပေးတော်မူ၍ မာရ်နတ်၏ အလိုအတိုင်း ဘမ်းမိသောထိုလူတို့သည်သတိရ၍ ထိုဘမ်းမိရာမှလွတ်ခြင်းသို့ရောက်ကောင်းရောက်ကြလိမ့်မည်”။ ပေါလုသည် ကယ်တင်ရှင်ယေရှုခရစ်တော်ပြခဲ့သော သာဓကကို လိုက်လျှောက်ခြင်းဖြစ်ပါသည်။

သို့သော်လည်း ပေါလုကိုဆန့်ကျင်သောသူတို့က ပြောင်းပြန်စွပ်စွဲတိုက်ခိုက်ခဲ့ကြ၏။ ထိုသို့ပြုခြင်းအားဖြင့် သူတို့၏စိတ်နှလုံးသည် နူးညံ့သိမ်မွေ့ခြင်းမရှိကြောင်း၊ မုသာနှင့်ပြည့်နေကြောင်း ထင်ရှားလှပါသည်။

အမှန်မှာ ယေရှုကပြင်းထန်စွာ၊ တည့်တည့်ပြော ဆုံးမစီရင်ခဲ့သောသူတို့သည် သမ္မာကျမ်းစာကို ကောင်းကောင်းသိသင့်သော ဘာသာရေးဆရာများဖြစ်ကြပါသည်။ ထိုသူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လိုက်လျှောက်ခြင်းငှါ လူတို့အားသင်ကြားပေးမည့်အစား၊ ဘုရားသခင်၏ ပညတ်တရားကိုထုံးတမ်းစဉ်လာတရားအားဖြင့် ကျူးလွန်ဖောက်ဖျက်စေကြ၏ (မသဲ ၁၅း၃)။ ထို့ကြောင့်၊ ယေရှုက ကျမ်းပြုဆရာများနှင့် ဖာရိရှဲတို့ကို (၇)ကြိမ်တိုင်တိုင် အမင်္ဂလာမိန့်ဆိုခဲ့၏ (မသဲ ၂၃း၁၃-၂၉)။ သို့သော်လည်း၊ နိကောဒင်ကဲ့သို့ ခရစ်တော်ကိုနှိမ့်ချစွာ ရှာဖွေသောသူတို့အား၊ ခရစ်တော်က စိတ်ရှည်စွာသမ္မာတရားသို့ ခေါ်ဆောင်ခဲ့ပါသည်။

သူတပါးအပေါ် သင်မည်သို့အမှုတော်ဆောင်သနည်း။ ပေါလုကဲ့သို့သော၊ ဆန့်ကျင်သောသူတို့ကဲ့သို့လော။

**ဆင်ခြင်ရန်** - ဘုရားသခင်၏အမှုတော်ဆောင်ခြင်း၌ နှိမ့်ချခြင်းစိတ်သဘောသည် အလွန်အရေးကြီးသောအချက်တခုဖြစ်ပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏ကယ်တင်ရှင်ခရစ်တော်ယေရှုကဲ့သို့ နူးညံ့ခြင်းရှိသည်အကြောင်း ပြုပြင်တော်မူပါ။

**၂ ကော ၁၀း၁-၆**
ဧဖက် ၆း၁၀-၂၀

*“ငါတို့စစ်တိုက်၍ သုံးစွဲသောလက်နက်သည် ဇာတိပကတိ လက်နက်မဟုတ်”*

## ဇာတိပကတိလက်နက်လော၊ ဝိညာဉ်လက်နက်လော

ဤလောကကမ္ဘာ၌ ခန္ဓာကိုယ်အားဖြင့် ကျွန်တော်တို့နေထိုင်အသက်ရှင်ကြသော်လည်း၊ ခရစ်ယာန်အနေဖြင့် ကျွန်တော်တို့တိုက်သော စစ်ပွဲသည် ခန္ဓာကိုယ်နှင့်ထိုင်သော စစ်မဟုတ်ဘဲ၊ ဝိညာဉ်စစ်ပွဲပင်ဖြစ်ပါသည်။ “အကြောင်းမူကား ငါတို့သည်အသွေးအသားရှိသောရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့်၎င်း၊ အာဏာစက်တို့နှင့်၎င်း လောကီမှောင်မိုက်၌အစိုးတရပြုလုပ်သော မင်းတို့နှင့်၎င်း မိုးကောင်းကင်၌နေသောနတ်ဆိုးတို့နှင့် ၎င်း ဆိုင်ပြိုင်တိုက်လှန်ရကြ၏” (ဧဖက် ၆း၁၂)။ ကျွန်ုပ်တို့၏လက်နက် သည်လည်း ဇာတိနှင့်ဆိုင်သော လက်နက်မဟုတ်၊ ဝိညာဉ်လက်နက်ဖြစ်ကြ၏။ ဧဖက် ၆း၁၀-၂၀ ကိုဖတ်ပါ။

သို့သော်လည်း၊ ဆန့်ကျင်သောသူတို့က ပေါလုသည်ကောရိန္သုခရစ်ယာန်တို့ထံ အမှုတော်ဆောင်စဉ် ဇာတိနှင့်ဆိုင်သောနည်းလမ်းကို အသုံးပြုခဲ့သည်ဟု စွပ်စွဲခဲ့ကြ၏။ ဆိုလိုသည်မှာ ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးဖြင့်မဟုတ်ဘဲ၊ မိမိအလိုဆန္ဒနှင့်ဉာဏ်ကို အသုံးပြု၍ အမှုတော်ဆောင်သည်ဟု ဆိုကြခြင်းပင်ဖြစ်ပါသည်။ သူတို့သည် ပေါလုအား “အာဏာအလွဲသုံးစားပြုသောသူ၊ ရှေ့နောက်မညီသောသူ၊ မာနထောင်လွှားသောသူ” ဟု စွပ်စွဲကြခြင်းဖြစ်၏ (Kent)။

ထို့ကြောင့် အမှုတော်မြတ်၌သစ္စာရှိသောသူများကို ထိုသို့သောစွပ်စွဲချက်များဖြင့် လူတို့စွပ်စွဲကြသည်မှာ အံ့သြစရာမကောင်းပါ။ ဤခေါင်းဆောင်တို့သည် သမ္မာတရားကိုကွယ်ကာလျက်၊ အသင်းတော်အား အပြစ်နှင့်ရောနှောခြင်းမှလွတ်မြောက်ရန် ကြိုးစားဦးဆောင်သောအခါ၊ နူးညံ့သိမ်မွေ့ခြင်း၊ နှိမ့်ချခြင်းဖြင့် အမှုတော်ဆောင်လျက်ပင်၊ “မှားယွင်းသောသူ”၊ “အာဏာအလွဲသုံးစားပြုသော” ဟု စွပ်စွဲကင်ပွန်းတပ်ခြင်းခံရကြ၏ (၂ ကော ၁၀း၁)။ ထိုသို့စွပ်စွဲသောသူတို့ကို ကျွန်တော်တို့မည်သို့တုန့်ပြန်ရပါမည်နည်း။ “ငါတို့သည် သမ္မာတရားကိုဆီးတားခြင်းငှါ ငါတို့အလျှင်းမတတ်နိုင်ကြ။ သမ္မာတရားဘက်၌နေ၍သာတတ်နိုင်ကြ၏” (၂ ကော ၁၃း၈)။

ပေါလုက မိမိအသုံးပြုသောလက်နက်သည် ဇာတိလက်နက်မဟုတ်ဘဲ၊ ဝိညာဉ်လက်နက်သာဖြစ်ကြောင်း တုန့်ပြန်ခဲ့ပါသည်။ ဘုရားသခင်ကသာလျှင် အပြစ်သားကိုပြောင်းစေနိုင်၏။ ဘုရားသခင်ကသာလျှင် အသင်းတော်ကိုတည်ထောင်နိုင်၏။ ဤတရားကိုကျွန်တော်တို့အစဉ်အောက်မေ့ကြရပါမည်။ ဇာတိခွန်အားကို အားကိုးသောဝါကြွားသောသူသည် အောင်မြင်ခြင်းသို့ ဘယ်တော့မှ မရောက်နိုင်ပါ။

တဖက်တွင်၊ ဆန့်ကျင်သူတို့ကသာလျှင် ထိုသို့ပေါလုအား စွပ်စွဲသောအခါ ဇာတိလက်နက်တို့ကို အသုံးပြုကြ၏။ ပေါလုသည် ထိုသူတို့ကိုသည်းခံလျက်၊ သမ္မာတရားအဆုံးအမခံကြသောအခါ နာခံခြင်းရှိကြမည်အကြောင်း ဆုတောင်းပေးခဲ့ပါသည်။ သို့သော်လည်း၊ မှားယွင်းဆန့်ကျင်သောသူတို့ကိုပြင်းထန်စွာ ဆုံးမအရေးယူရပါမည်။

**ဆင်ခြင်ရန်** - တမန်တော်ပေါလုထားခဲ့သော သာဓကအားဖြင့် အမှုတော်မြတ်၌ကျွန်တော်သည်းခံခြင်း၊ စိတ်ရှည်ခြင်းရှိရန် သင်ယူရပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ ဆုတောင်းခြင်းနှင့်တကွ ဘုရားသခင်၏စုံလင်သော လက်နက်စုံကို ယူတင်ဝတ်ဆင်ခြင်းငှါ မစတော်မူပါ။

*"မျက်နှာကိုသာ ကြည့်မှတ်ကြသလော"*

## လောကီပေတံလော၊ ဝိညာဉ်ပေတံလော

ပေါလုကို စွပ်စွဲသောအချက်တချက်မှာ ခန္ဓာကိုယ်ပိုင်းသန်မာခြင်းမရှိ အားနည်းသည်ဟူသော အချက်ဖြစ်ပါသည်။ ပေါလုပို့လိုက်သော စာစောင်အရေးအသွေးနှင့် သူ၏သတ္တိရှိမှုကို လက်ခံကြသော်လည်း၊ သူသည် ခန္ဓာကိုယ်အားနည်းသည်ဟူ၍၎င်း၊ ထိုခေတ်၌ရှိသောတရားဟောကောင်းသော သူတို့နှင့်နှိုင်းယှဉ်စရာမရှိဟု ဆိုကြ၏ (၂ ကော ၁၀း၁၀)။

ဤစွပ်စွဲချက်တို့သည် မှန်သလော။ သမိုင်းမှတ်တမ်းအရ ပေါလုသည်အရပ်ပုသည်ဟုဆိုသော်လည်း၊ သူသည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် သန်မာသောသူ၊ စိတ်ဓါတ်ကြံ့ခိုင်သောသူဖြစ်ကြောင်းကို သူ၏ကြမ်းတမ်းသောသာသနာခရီးစဉ်တို့အားဖြင့် ကျွန်တော်တို့သိမြင်ရပါသည်။ တရားဟောခြင်း၌ဆိုလျှင်လည်း ပေါလုသည် လုတ္တရမြို့သူမြို့သားတို့က နတ်ဘုရား၏တမန်တော် ဟေရမေ (Menurius) ကဲ့သို့ဖြစ်ကြောင်း ဆိုကြ၏ (တမန် ၁၄း၁၂)။ ထို့ကြောင့် ပေါလုသည် တရားဟောတော်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။

ဆန့်ကျင်သောသူတို့၏ပေါလုအပေါ် မားယွင်းသောစွပ်စွဲချက်တို့သည် ပေါလု၏တမန်တော်ဖြစ်ခြင်းကို ဆန့်ကျင်ရှုတ်ချရန်နှင့် သူပို့လိုက်သောစာတို့ကို ကောရိန္သုလူတို့အလေးမထားရန်ဟူသော ရည်ရွယ်ချက်ဖြင့်ပြောဆိုကြခြင်းဖြစ်၏။ ထိုသို့ပြုခြင်းသည်အမှန်မှာ ကောရိန္သုလူတို့အား ခရစ်တော်နှင့်ဘုရားသခင်၏နှုတ်ကပတ်တော်မှ အဝေးသို့ဆွဲပို့ခြင်းဖြစ်ပါသည်။

တမန်တော်ပေါလုက ဤသို့တိုက်ရိုက်မေးခွန်းထုတ်ခဲ့၏ - "မျက်နှာကိုသာ ကြည့်မှတ်ကြသလော"။ အချို့ဆန့်ကျင်သူတို့က မိမိကိုယ်ကိုခရစ်တော်နောက်လိုက်ဟု ဆိုကြပြီး (နိုင်း ၁ ကော ၁း၁၂)၊ လူထုပရိသတ်အထက်၌ မိမိကိုယ်ကိုချီးမြှောက်ကြ၏။ ပေါလုက ထိုသူတို့သည် မိမိကိုယ်ကို ခရစ်တော်အသင်းဝင်ဟု ထင်မှတ်ကြလျှင်၊ ကျွန်တော်သည်လည်း ခရစ်တော်၏အသင်းဝင်မဟုတ်သလောဟုဆိုခဲ့၏။ ပေါလုသည် ခရစ်တော်၏အသင်းဝင်ဖြစ်သောကြောင့် သူတို့လက်ခံခဲ့သင့်ပါ သည်။

ပေါလုခံရသောဆန့်ကျင်ခြင်းသည် ခရစ်တော်ခံခဲ့သော ဆန့်ကျင်ခြင်းနှင့်တူညီမှုရှိပါသည်။ များစွာသောလူတို့က ခရစ်တော်အား လက်သမား၏သားဟုကဲ့ရဲ့ကြ၏။ အချို့က နတ်ဆိုးကိုနတ်ဆိုးဘုရင်၏နာမဖြင့် နှင်ထုတ်၏ဟုဆိုကြပါသည်။ ခရစ်တော်က "မျက်နှာကိုသာကြည့်၍မစီရင်ကြနှင့်။ တရားသဖြင့်စီရင်ကြလော့ဟု မိန့်တော်မူ၏" (ယောဟန် ၇း၂၄) ဟု တုန့်ပြန်တော်မူ၏။ လောကီပေတံဖြင့်မဟုတ်၊ ဝိညာဉ်ပေတံဖြင့် တိုင်းတာစီရင်စစ်ကြောရပါမည်။

**ဆင်ခြင်ရန်** - အသင်းတော်ခေါင်းဆောင်များကို ဝိညာဉ်နှင့်ဆိုင်သော အရည်အချင်းများဖြင့် ရွေးချယ်ရပါမည်။

**ဆုတောင်းချက်** - အရာခပ်သိမ်းကို ဝိညာဉ်မျက်စိဖြင့်ကြည့်မြင်မည်အကြောင်း သွန်သင်တော်မူပါ။

ကြာသပတေး၊ မတ် (၅)

**၂ ကော ၁၀း၁၂-၁၈**

တော ၁၆

*“ငါတို့သည် ကိုယ်ငန်းကိုယ်တာကိုလွန်ကျူး၍ . . . ဝါကြွားလေ့ရှိကြသည်မဟုတ်”*

## အာဏာအလွဲသုံးစားပြုခြင်း

၂ ကော ၁၀ ထဲတွင် တွေ့ရသောပေါလုအပေါ် အခြားစွပ်စွဲချက်မှုကား အာဏာအလွဲသုံးစားပြုသည်ဟူ၍ ဖြစ်ပါသည်။ အာဏာလိုချင်သောဤပုဂ္ဂိုလ်တို့က မိမိတို့အကြိုက်စံနှုန်းကို ရေးဆွဲကြပြီး (၂ ကော ၁၀း၁၂)၊ ထိုစံနှုန်းဖြင့် အခြားသူတို့ကိုတိုင်းတာကြ၏။ ဤပေတံသည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေရန်မရည်ရွယ်ဘဲ လူ့ဇာတိအလိုလိုက်၍ ပြုလုပ်ထားသောပေတံဖြစ်ပါသည်။

ပေါလုသည် ထိုဇာတိစံနှုန်းဖြင့်စွပ်စွဲခြင်းကို ခံရပြီး၊ အမှုတော်မြတ်၌ အာဏာအလွဲသုံးစားပြုသည်ဟု ဆိုကြ၏။ ဤအချက်ကို ပေါလုကငြင်းဆန်ခဲ့ပြီး၊ မိမိသည်ဘုရားသခင်စေခိုင်းသော၊ သတ်မှတ်သောအရပ်ဒေသ၌သာ အမှုတော်ဆောင်ကြောင်း ဖော်ပြခဲ့ပါသည်။ တပါးအမျိုးသားတို့ထံ တရားဟောခြင်းငှါ ဘုရားသခင်ခန့်ထားတော်မူသည်ဖြစ်သောကြောင့်၊ အခြားလူတို့၏ အမှုတော်၌ ပေါလုဆက်လက်တည်ဆောက်သည်မဟုတ် (၂ ကော ၁၀း၁၅)၊ ခရစ်တော်၏နာမတော်မကြားကြသေးသောအရပ်၌ ခရစ်တော်အကြောင်း ဟောပြောခြင်းဖြစ်၏ (၂ ကော ၁၀း၁၄၊ နှိုင်း ရောမ ၁၅း၂၀)။ ပေါလုသည် မိမိပြုရမည့်ဝတ္တရား၌ ကျေပွန်ခြင်းရှိ၏။

ထိုသို့ ပေါလုထက်သူတို့သည် ပို၍ကြီးမြတ်ကြောင်း၊ အာဏာရှိကြောင်း မိမိကိုယ်ကို ထင်မှတ်သောသူတို့ကိုယ်တိုင်သည် အာဏာအလွဲသုံးစားလုပ်သောသူဖြစ်ကြ၏။ သူတို့သည် မောရှေခေတ်၌ မောရှေနှင့်အာရုန်ကိုဆန့်ကျင်ခဲ့ကြသော ဒါသန်၊ အဘိရံ၊ ကောရတို့ကဲ့သို့ ပြုကြ၏ - “မောရှေနှင့် အာရုန်တစ်ဖက်၌စုဝေးလျက် သင်တို့သည် အမှုတော်ကိုစောင့်လွန်း၏။ ပရိသတ်ရှိသမျှအပေါင်းတို့သည် သန့်ရှင်းကြ၏။ ထာဝရဘုရားသည် သူတို့တွင်ရှိတော်မူ၏။ သို့ဖြစ်၍သင်တို့သည် ထာဝရဘုရား၏ပရိသတ်အပေါ်မှာ အဘယ်ကြောင့်ကိုယ်ကိုကိုယ် ချီးမြှောက်ရသနည်းဟု ဆိုလေ၏” (တော ၁၆း၃)။ ထိုအခါ မောရှေက ဤသို့တုန့်ပြန်ခဲ့ပါသည် - “သင်တို့သည် ထာဝရဘုရား၏တဲတော်အမှုကို ဆောင်ရွက်၍ပရိသတ်ရှေ့မှာရပ်လျက် သူတို့အမှုကိုလည်း စောင့်စေမည် အကြံရှိတော်မူသည်နှင့် ဣသရေလအမျိုး၏ဘုရားသခင်သည် သင်တို့ကိုအနီးအပါးသို့ခေါ်၍ နေရာချခြင်းငှါ ဣသရေလအမျိုးပရိသတ်နှင့်ခွဲထား၍” (တော ၁၆း၉-၁၀)။ မောရှေသည် မိမိကိုယ်ကို ချီးမြှောက်သည်မဟုတ်၊ ကောရ၏ သားတို့သည် ထိုသို့မိမိကိုယ်ကို အလွန်ချီးမြှောက်ခဲ့ကြ၏ (တော ၁၆း၇)။

ထို့ကြောင့် လူတိုင်းသည် မိမိတာဝန်၌ခရစ်တော်၏အမှုကို နှိမ့်ချသောစိတ်နှင့် ဆောင်ရွက်ကြရပါမည်။ မိမိကိုယ်ကို ထင်သင့်သည်ထက်ပို၍ မထင်မှတ်သင့်ပါ (ရောမ ၁၂း၃)။

**ဆင်ခြင်ရန်** - ရောမ ၁၂း၃ ကိုဖတ်ပါ။

**ဆုတောင်းချက်** - အဘဘုရား၊ အာဏာရှိသောသူကို လေးစားခြင်းရှိ၍၊ မိမိကျရာအရပ်၌သစ္စာရှိစွာ အမှုတော်ဆောင်မည်အကြောင်း သွန်သင်တော်မူပါ။

သောကြာ၊ မတ် (၆)

**၂ ကော ၁၀း၁၂-၁၈**

ယေ ၉း၂၃-၂၄

*“သို့ဖြစ်၍ ဝါကြွားသောသူမည်သည်ကား၊ သခင်ဘုရား၌သာ ဝါကြွားစေ”*

## လောကီဝါကြွားခြင်းလော၊ သခင်ဘုရား၌ဝါကြွားခြင်းလော

ပေါလုကို စွပ်စွဲသောသူတို့သည် မိမိကိုယ်ကိုစံနှုန်းအဖြစ် သတ်မှတ်ကြပြီးထိုစံနှုန်းဖြင့် သူတပါးကိုတိုင်းတာကြ၏။ ထိုသို့ပြုခြင်းသည် လူတို့၏ချီးမွမ်းခြင်းကို ခံရရန်ဟူသောရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကိုချီးမြှောက်ကြခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေရန်ထက်၊ မိမိတို့၏နာမည်ကျော်စောခြင်းကိုရှာကြ၏။ ထိုသို့သောဝါကြွားခြင်းသည် ခရစ်တော်ရှုတ်ချခဲ့သော လောကီဝါကြွားခြင်းဖြစ်ပါသည်။ ဤလောကီလူတို့သည် မိမိတို့၏အတတ်ပညာနှင့်ရရှိသောဘွဲ့တို့ကို ဖော်ထုတ်၍ မိမိကိုယ်ကိုချီးမြှောက်တတ်ကြသည်မဟုတ်လော။ သို့သော်လည်း ဤသို့သောမိမိကိုယ်ကို ချီးမြှောက်ခြင်းသည် ကမ္ဘာကြီးပျက်စီးခြင်းနှင့်အတူ အကုန်လုံးပျောက်ကွယ်သွားပါလိမ့်မည်။ အကျိုးလုံးဝမရှိပါ။

ဝမ်းနည်းစရာကောင်းသည်မှာ များစွာသောအသင်းတော်တို့သည် ထိုလောကီနှင့်ဆိုင်သော ဝါကြွားခြင်းကိုပြုကြ၏။ ဇာတိအရာတို့ကိုပစ်မှတ်ထားခြင်းကြောင့်၊ ဘုရားသခင်၏နှုတ်ကပတ်တော်၌ သစ္စာရှိခြင်းသည်အဓိကကျကြောင်းကို မေ့လျော့ပြီး၊ အသင်းဝင်များပြားခြင်း၊ များများအမှုတော်ဆောင်နိုင်ခြင်း၌ ဝါကြွားတတ်ကြ၏။ သူတို့ပြုသောအချည်းနှီးသောဝါကြွားခြင်းတို့၌ ဘုရားသခင်ဝမ်းမြောက်ခြင်းမရှိလျက်ပင်၊ သူတို့ကိုယ်သူတို့ ကြီးမြတ်သောအသင်းတော်ဟု ချီးကျူးဝမ်းမြောက်ကြပါသည်။

တဖက်တွင်၊ ခရစ်ယာန်အားလုံးပါဝင်သင့်သော၊ သမ္မာကျမ်းစာဖော်ပြသော၊ စစ်မှန်သော ဝါကြွားခြင်းရှိပါသည်။ “သို့ဖြစ်၍ ဝါကြွားသောသူမည်သည်ကား သခင်ဘုရား၌သာ ဝါကြွားစေ” (၂ ကော ၁၀း၁၇)။ ဤဝါကြွားခြင်းတွင်၊ ဘုရားသခင်ရှေ့မှောက်၌ မိမိကိုယ်ကိုဘာမှမဟုတ်ကြောင်း သိမှတ်ခြင်းနှင့် အောင်မြင်မှုတိုင်းသည် ခရစ်တော်၏မစတော်မူခြင်းမပါလျှင် မဖြစ်နိုင်ကြောင်း သိမှတ်ခြင်းတို့ပါဝင်ကြ၏။ “ဤဝါကြွားခြင်းသည် ကျွန်ုပ်တို့ခံစားရသော ချီးမွမ်းခြင်းကိုဘုရားသခင်ထံ ဆက်ကပ်ခြင်းနှင့် ထိုဘုရားသခင်၏ ဘုန်းတော်ထင်ရှားမှုကိုသာ အဓိကထားခြင်းဖြစ်ပါသည်။ အချို့လူတို့သည် မိမိ ကိုယ်ကို သူတပါး၏တိုင်းတာခြင်း၌ အခြေခံကြပြီး၊ ထိမှားယွင်းသောလူထု၏ ခံယူချက်ကို အလေးထား ကြသော်လည်း၊ ပေါလုသည် ဤလောကီဝါကြွားခြင်းကိုမလိုက်ဘဲ၊ လူတိုင်းကိုအမှန်စီရင်တော်မူသော ဘုရားသခင်ကိုသာ ပျော်ရွှင်ကျေနပ်စေခြင်းငှါ ကြိုးစားအားထုတ်ရန်ကျွန်ုပ်တို့ကို တိုက်တွန်းထားပါ သည်” (Calvin)။

ဘုရားသခင်၏အမှုတော်ကို ကျွန်တော်တို့ဆောင်ရွက်နေစဉ်၊ မိမိ၏ဘုန်းထင်ရှားကျော်စောခြင်းကို အလွန်ရှာလွယ်ကြောင်း ကျွန်တော်တို့သတိပြုကြရပါမည်။ အမှုတော်၌ အောင်မြင်ခြင်းရှိလာသောအခါ၊ ကျွန်ုပ်တို့ကြိုးစားအားထုတ်မှုကြောင့်ဟူ၍ မိမိကိုယ်ကိုချီးမြှောက်လျက်၊ လူတို့၏ချီးကျူးခြင်းကို ခံလိုနိုင်ပါသည်။ ခရစ်တော်၏နာမတော်သာလျှင် ဘုန်းကြီးပါစေ။

**ဆင်ခြင်ရန်** - အကျွန်ုပ်အတွက် ချီးမွမ်းခြင်းကိုရှာမည်လော။ မရှာပါနှင့်။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏တခုတည်းသောအဓိကရည်မှန်းချက်သည် ခရစ်တော်၌ ဝါကြွားခြင်းသာဖြစ်စေတော်မူပါ။

စနေ၊ မတ် (၇)
**၂ ကော ၁၁း၁-၂**
ထွက် ၃၄း၁၄

*“. . . ဘုရားသခင်၏အလိုတော်အတိုင်း စိုးရိမ်သောစိတ်နှင့်သင်တို့ကို စောင့်ရှောက် လျက် နေ၏”*

# ဘုရားသခင်၏အလိုတော်နှင့်ညီသော သဝန်တိုခြင်း(၁)

ယနေ့ ခေတ်အသုံးအနှုန်းတွင် သဝန်တိုခြင်းသည် မကောင်းသောအဓိပ္ပာယ်ကို ဆောင်လေ့ရှိပါသည်။ သဝန်တိုခြင်းကိုမနာလိုခြင်းနှင့် အဓိပ္ပာယ်တူသည်ဟု သတ်မှတ်တတ်ကြ၏။

သို့သော်လည်း၊ မူလအသုံးအနှုန်း(သို့)အဓိပ္ပာယ်တွင် သဝန်တိုခြင်းဆိုသည်မှာ မိမိပိုင်ဆိုင်သောအရာကိုဘယ်သူမှ မနှောင့်ယှက်နိုင်အောင် အတင်းကွယ်ကာစောင့်ရှောက်ခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာက ဘုရားသခင်အား သဝန်တိုတက်သောဘုရားဟု ဖော်ပြထားပါသည်။ “အခြားသောဘုရားကို သင်သည်မကိုးကွယ်ရ။ အပြစ်ရှိယုံလွယ်အမည်ရှိသော ထာဝရဘုရားသည် အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရားသခင်ဖြစ်တော်မူ၏” (ထွက် ၃၄း၁၄)။ ဤလောကရှိမှားယွင်းသောဘုရားအပေါင်းတို့သည် စစ်မှန်၍အသက် ရှင်တော်မူသောဘုရားသခင်နှင့် လုံးဝနှိုင်းယှဉ်၍မရပါ။ ထို့ကြောင့် လူတို့သည်အခြားသော ဘုရားများကို ကိုးကွယ်ကြသောအခါ၊ ဖန်ဆင်းရှင်ထက် ဖန်ဆင်းထားသောအရာကို ချီးမြှောက်ကြ သည်ဖြစ်၍ငင်း၊ ဘုရားသခင်၏ဘုန်းတော်ကို လုယူကြသည်ဖြစ်သောကြောင့် ဘုရားသခင်သည် မှန်ကန်စွာသဝန်တိုခြင်းရှိတော်မူ၏။

ဘုရားသခင်၏သဝန်တိုခြင်းနှင့်လူ၏သဝန်တိုခြင်းခြားနားမှုမှာ လူ၏သဝန်တိုခြင်းသည် အပြစ်နှင့်ဆက်နွယ်လျက် ရှိခြင်းဖြစ်ပါသည်။ ထိုသို့သောလူ၏သဝန်တိုခြင်းကြောင့် ကောရိန္ထုအသင်းတော်၌ သင်းကွဲခြင်းသဘောရှိခြင်းဖြစ်ပါသည် (နှိုင်း၊ ၁ ကော ၃း၄)။ ထို့ပြင် တမန်တော်ပေါလုတိုက်ခိုက်ခံရခြင်းအကြောင်းရင်းလည်း ဖြစ်ပါသည်။ မှားယွင်းသောသဝန်တိုခြင်းသည် မာနထောင်လွှားခြင်းနှင့်တပ်မက်ခြင်း၌ အမြစ်တွယ်လျက်ရှိပြီး၊ မိမိမပိုင်ဆိုင်သောအရာကို လိုခြင်းတပ်မက်ခြင်းဖြစ်ပါသည်။ တဖက်တွင်၊ ဘုရားသခင်၏သဝန်တိုခြင်းသည် သန့်ရှင်းစင်ကြယ်၍အပြစ်တရားနှင့်ကင်းလွတ်ခြင်းရှိ၏။ အကြောင်းမှာ ထိုဘုရားသခင်၏ ဇာတိသဘောနှင့်အကျင့်၌ အမြစ်တွယ်သောကြောင့်တည်း။

ထိုသို့ ဘုရားသခင်၏စစ်မှန်သောသဝန်တိုခြင်းကြောင့် ကျွန်တော်တို့သည် ရုပ်တုကိုးကွယ်ခြင်းကိုရှောင်ကြဉ်ကြရပါမည် (ထွက် ၂၀း၄-၅)။ ဘုရားသခင်ကိုသာ ကိုးကွယ်ခြင်းပြုရပါမည်။ ဘယ်သူမှသခင်နှစ်ပါး၏အစေကို မခံနိုင်။ ဘုရားသခင်၏အစေကိုသာ ခံရပါမည်။ ဘုရားသခင်၏ပဋိညာဉ်လူတို့ဖြစ်သောကျွန်တော်တို့သည် ဘုရားသခင်၏ဘုန်းတော်အကြောင်းနှင့် ဘုရားသခင်လူတို့၏သစ္စာရှိခြင်းအကြောင်း၌ သဝန်တိုခြင်းရှိကြရပါမည်။ ဘုရားသခင်၏ဘုန်းတော်ထင်ရှားဘို့အတွက်မဟုတ်ဘဲ၊ မိမိ၏နာမည်ကျော်စောခြင်းအတွက် ကျွန်တော်တို့အမှုပြုလျှင်၊ ဘုရားသခင်၏သဝန်တိုခြင်းအကြောင်းကို မေ့လျော့သောကြောင့်ပင်ဖြစ်ပါသည်။ ပေါလုအား မှားယွင်းစွာစွပ်စွဲသောသူတို့က ဤအကြောင်းကိုမေ့လျော့ခဲ့ကြ၏။ မာနထောင်လွှားခြင်းကြောင့် ဘုရားသခင်၏သိုးစုကိုမေ့လျော့ကြပြီး၊ မိမိတို့၏အကျိုးကိုသာရှာကြ၏။ ဘုရားသခင်လူတို့၏ ဝိညာဉ်အကျိုးကိုဂရုမစိုက်ခဲ့ကြပါ။ တဖက်တွင်၊ ပေါလုသည် ဘုရားသခင်၏အသင်းတော်အပေါ်၌ မှန်ကန်သော သဝန်တိုခြင်းရှိ၏။

**ဆင်ခြင်ရန်** - မှားယွင်းသောသဝန်တိုခြင်းနှင့် ဘုရားသခင်၏အလိုတော်နှင့်ဆိုင်သောသဝန်တိုခြင်း၏ ခြားနားမှုကား အဘယ်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သည် သဝန်တိုတတ်သောဘုရားဖြစ်ကြောင်းကို ကျွန်တော်အစဉ်အောက်မေ့မည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ မတ် (၈)
**၂ ကော ၁၁း၁-၂**
ဇဖက် ၅း၁၅-၂၇

*"အသင်းတော်သည်စင်ကြယ်သန့်ရှင်းရပါမည်"*

## ဘုရားသခင်၏အလိုတော်နှင့်ညီသော သဝန်တိုခြင်း(၂)

၂ ကော ၁၁း၂ ထဲတွင်၊ ပေါလုကမိမိကိုယ်ကို သတို့သားနှင့်စေ့စပ်ထားသော သတို့သမီး၏ဖခင်ကဲ့သို့ ပုံဖော်ထားပါသည်။ ထိုခေတ်ကာလ၌ စေ့စပ်ခြင်းနှင့်မင်္ဂလာဆောင်ခြင်းအကြား၌ အချိန်ကာလတခုပိုင်းခြားထားပါသည်။ သတို့သားနှင့်သတို့သမီးနှစ်ဘက်စလုံးက မင်္ဂလာဆောင်ပွဲမတိုင်မီ အချိန်၌ ထိုသို့စေ့စပ်ထားမှုကို လေးစားကြရမည်ဖြစ်ပါသည်။ ဖခင်၏တာဝန်ကား ထိုသို့မင်္ဂလာဆောင်သည့်အချိန်ထိ မိမိသမီးကို သန့်ရှင်းစွာစောင့်ရှောက်ရန်ဖြစ်ပါသည်။

ဘုရားသခင်၏အသင်းတော်ဖြစ်သော (၁ ကော ၁း၂၊ ၂ ကော ၁း၁) ကောရိန္တုအသင်းတော်သည်လည်း ခရစ်တော်၏သတို့သမီးဖြစ်ပါသည်။ ဤအသင်းတော်ကို တည်ထောင်သောပေါလုသည် ကောရိန္တုအသင်းတော်၏ ဖခင်သဖွယ်ဖြစ်ပါသည်။ ပေါလု၏တာဝန်မှာ ခရစ်တော်လာ၍မိမိ၏သတို့သမီးခေါ် ဆောင်သည့်အချိန်အထိ ဤအသင်းတော်ကိုသန့်ရှင်းစွာ စောင့်ရှောက်ရန်ဖြစ်ပါသည်။

ကောရိန္တုလူတို့၏ ဝိညာဉ်ဖခင်ဖြစ်သောပေါလုသည် သူတို့အပေါ်၌ သဝန်တိုခြင်းရှိခွင့်ရှိပါသည်။ ဤသဝန်တိုခြင်းသည် မိမိထံမှလူတို့အားဆန့်ကျင်သောသူတို့လာဆွဲခေါ်သောကြောင့် ပေါလုသဝန်တိုခြင်းမဟုတ်ပါ။ ခရစ်တော်ထံမှသတို့သမီးကို အဘယ်သူမျှမလုမယူခြင်းငှါ တမန်တော်ပေါလုက သေချာစောင့်ကြည့်လျက် ကာကွယ်ခြင်းသာဖြစ်ပါသည်။ ခရစ်တော်သည် မိမိ၏သတို့သမီးအပေါ် သဝန်တိုသကဲ့သို့၊ တမန်တော်ဖြစ်သောပေါလုသည်လည်း မှားယွင်းသောသွန်သင်ခြင်းနှင့်ဆိုးသွမ်းခြင်း၏လွှမ်းမိုးခြင်းမခံရအောင် ထိုအသင်းတော်ကွယ်ကာခြင်း၌ သဝန်တိုခြင်းရှိခြင်းဖြစ်ပါသည်။

အသင်းတော်အပေါ် ထားရှိသောပေါလု၏ စိတ်သဘောထားသည် ယနေ့ခရစ်ယာန်တိုင်း၏ စိတ်သဘောထားဖြစ်ရပါမည်။ အသင်းတော်၌ မှားယွင်းမှုနှင့် အပြစ်ကိုလက်ခံသောစိတ်သဘောလုံးဝမရှိရပါ။ အသင်းတော်သန့်ရှင်းခြင်းအတွက် ကြိုးစားဆုတောင်းခြင်းငှါ သင်စိတ်အားထက်သန်မှုရှိပါသလား။ အသင်းတော်၌ သန့်ရှင်းခြင်းကိုအလေးထားသောစိတ်သဘောမရှိဘဲ လျော့နည်းလာသည်ဟု ထင်ရပါသည်။ မိမိသတို့သမီးအပေါ်၌ ခရစ်တော်သဝန်တိုခြင်းရှိသည်ကို မေ့လျော့ကြသလော။

ဘုရားသခင်သည် သဝန်တိုခြင်းရှိတော်မူသောကြောင့် ကျွန်တော်တို့သည်လည်း ဘုရားသခင်လူတို့၏ သစ္စာရှိခြင်းအတွက် သဝန်တိုခြင်းရှိလျက် ကြိုးစားအားထုတ်ကြရပါမည်။ ဘုရားသခင်၏လူဖြစ်သော ကျွန်တော်တို့သည်ဘုရားသခင်၏ နာမတော်နှင့်သမ္မာတရားကိုကွယ်ကာခြင်းငှါ အသင့်ရှိကြပါစို့။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နိုင်ငံတော်အတွက် ကျွန်တော်သဝန်တိုခြင်းရှိ၍ ကြိုးစားအားထုတ်ဖို့လိုပါသည်။

**ဆုတောင်းချက်** - အို အဘဘုရား၊ ကိုယ်တော်၏နာမတော်ကို ကွယ်ကာခြင်းငှါ စစ်မှန်သောသဝန်တိုခြင်းရှိမည်အကြောင်း မစတော်မူပါ။

**၂ ကော ၁၁း၃-၄**
ကမ္ဘာ ၃း၁-၇

*“မြွေသည် မိမိပရိယာယ်အားဖြင့် ဧဝကို လှည့်စားသကဲ့သို့. . .”*

# လှည့်စားခြင်းကိုသတိပြုပါလော့

ပေါလု၏ အကျင့်နှင့်အပြုအမူကို ဆန့်ကျင်ကြခြင်းအမှုက ကောရိန္တုအသင်းတော်၌ ခရစ်တော်ထံမှ လူတို့ကိုသွေဖယ်စေခြင်းငှါ ကြိုးစားနေကြသောမှားယွင်းသောဆရာများနှင့် အသင်းသူအသင်းသားများရှိကြောင်း ဖော်ပြလျက်ရှိ၏။ ဤလူတို့၏လှည့်စားခြင်းကို ကောရိန္တုလူတို့သည် အစဉ်ခံနေကြသည်ဖြစ်သောကြောင့် ပေါလုအလေးထားခြင်းဖြစ်၏။ ထို့ကြောင့်၊ ပေါလုက ထိုသို့သော လှည့်စားခြင်းကို သတိပြုကြခြင်းငှါ ကောရိန္တုလူတို့အား သတိပေးခဲ့ပါသည်။

ပေါလုက ဤလူတို့၏လှည့်ဖြားခြင်းကို ဧဝအားဖြင့်လှည့်ဖြားခဲ့သောစာတန်၏ လှည့်စားခြင်းနှင့် ခိုင်းနှိုင်းခဲ့ပါသည် (နှိုင်း၊ ကမ္ဘာ ၃း၁-၇)။ ပထမတွင်၊ ရိုးရိုးသားသားမေးခွန်းဖြင့် ဧဝကိုချဉ်းကပ်ခဲ့သော်လည်း၊ အမှန်မှာ ဘုရားသခင်စကား၌ သံသယဝင်စေလိုသောအတွေးဖြင့် “ဧကန်စင်စစ် ဘုရားသခင်မိန့်တော်မူသလော” ဟုဆို၏။ ဧဝ၏တုန့်ပြန်မှုတွင် ဘုရားသခင်၏စကား၌ မကျေနပ်မှုနှင့် ဆန့်ကျင်မှုကိုပြသခဲ့ပါသည် -

* ဥယျာဉ်၌ရှိသောအသီးတိုင်းကို လွတ်လပ်စွာစားသုံးခွင့်ရှိသည်ဟု ဖြေမည့်အစား (ကမ္ဘာ ၂း၁၆)၊ ဧဝက “ဥယျာဉ်၌ရှိသောအပင်တို့၏ အသီးကိုစားရသောအခွင့်ရှိ၏” ဟုဆိုခဲ့ပါသည်။ ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို အလေးမထားခြင်းဖြစ်၏။

* ဧဝက ကောင်းမကောင်းသိကျွမ်းရာအပင်၏အသီးကို ဘုရားသခင်မထိမကိုင်ရဟု မိန့်တော်မူကြောင်းဆို၏။ သို့သော်လည်း၊ ကမ္ဘာ ၂း၁၆-၁၇ ကိုကြည့်လျှင် ဘုရားသခင်ကထိုသို့ မိန့်တော်မမူ။ ဧဝကဘုရားသခင်၏စကား၌ ထပ်၍ပေါင်းထည့်ခဲ့ပါသည်။

* ဘုရားသခင်က ထိုတားမြစ်ထားသောအသီးကိုစားလျှင် “ဧကန်အမှန်သေရမည်” ဟုမိန့်တော်မူ၏။ သို့သော်လည်း၊ ဧဝက ဘုရားသခင်၏စီရင်ခြင်းအပြစ်ဒဏ်သတိပေးချက်ကို အားလျော့စေခြင်းဖြင့် “သို့မဟုတ်သေမည်” ဟုဆိုခဲ့၏။

အောင်မြင်နိုင်ချေရှိသည်ကို စာတန်သိသဖြင့် “သင်တို့သည် ဧကန်အမှန်သေရမည် မဟုတ်”ဟု ဘုရားသခင်၏ပြစ်ဒဏ်စီရင်ခြင်းဂတိတော်ကို လုံးလုံးငြင်းပယ်ခဲ့ပါသည်။ ထိုသို့ ထိုအသီးကို “စားဘွယ်ကောင်းခြင်း” (ခန္ဓာကိုယ်တပ်မက်ခြင်း)၊ အဆင်းလည်းလှခြင်း (မျက်စိတပ်မက်ခြင်း)၊ ပညာတိုးပွားစေလိုသောငှါ နှစ်သက်ဘွယ်သောအသီး (မာနထောင်လွှားကြွားဝါခြင်း) ဟုဧဝကမြင်သောအခါ၊ ထိုလှည့်ဖြားခြင်း၌ လဲကျခဲ့ပါသည်။

ဤလှည့်စားသောသူသည် ယခု၌လည်း အလွန်တက်ကြွခြင်းရှိလျက် ရှိ၏။ သူ၏လှည့်စားခြင်းတို့ကို သတိပြုကြလော့။

**ဆင်ခြင်ရန်** - (၁ ယော ၂း၁၅-၁၇)။
**ဆုတောင်းချက်** - အို အဘဘုရား၊ စာတန်၏လှည့်ဖြားခြင်း၌ မလဲကျမည်အကြောင်း ကွယ်ကာစောင့်ရှောက်တော်မူပါ။

အင်္ဂါ၊ မတ် (၁၀)

**၂ ကော ၁၁း၃-၄**

သုတ္တံ ၁၉း၂၇

*"သင်တို့ရှိရာသို့ ရောက်လာသောသူသည် ငါတို့မဟော မပြောသေးသော ယေရှုတပါးကိုဟောပြောသော်ငှင်း . . . "*

## သတိကြီးစွာနားထောင်ကြလော့

အဘယ့်ကြောင့် ပေါလုသည်ကောရိန္သုလူတို့လှည့်စားခြင်းခံရနိုင်သည်ဟု စိုးရိမ်စိတ်ရှိပါသနည်း။ အကြောင်းမှာ ကောရိန္သုလူတို့သည် မှားယွင်းသောတရားကို နှစ်သက်နားထောင်လိုခြင်းရှိကြောင်း သိခဲ့သောကြောင့်ဖြစ်ပါသည်။ သူတို့သည် ယုဒဘာသာဝင်တို့၏မှားယွင်းသော သတင်းကောင်း၏ဆွဲခေါ်ခြင်းကိုခံရသော ဂလာတိပြည်ခရစ်ယာန်များနှင့် ခြားနားမှုမရှိခဲ့ပါ။ ပေါလုက ဂလာတိ ၁း၆ ထဲတွင် ဤသို့ဆိုခဲ့၏ - "ခရစ်တော်၏ကျေးဇူးအားဖြင့် သင်တို့ကိုခေါ်တော်မူသောသူနှင့်ဤမျှလောက် မြန်မြန်ခွာ၍သင်တို့သည် အခြားသောဧဝံဂေလိတရားကို ခံယူကြသောကြောင့် ငါသည်အံ့သြခြင်းရှိ၏" (ဂလာတိ ၁း၆)။

အပြစ်သားသည် သမ္မာတရားထက် မှားယွင်းသော၊ ဆိုးသွမ်းသောအရာကိုပို၍ နှစ်သက်ကြားနာလိုခြင်းရှိ၏။ ထို့ကြောင့် ပရောဖက်ယေရှာယက ဣသရေလလူတို့အကြောင်းကို ဤသို့ရေးသားထားပါသည် - "ဤလူမျိုးသည် ပုန်ကန်တတ်၏။ ဖောက်ပြန်သောအမျိုးသား၊ ထာဝရဘုရား၏တရားတော်ကိုနာယူခြင်းငှါ အလိုမရှိသောအမျိုးသားဖြစ်ကြ၏။ သူတို့ကလည်း ဗျာဒိတ်တော်ကို မခံပါနှင့်ဟု ဗျာဒိတ်ခံသောသူတို့အားငှင်း၊ မှန်သောစကားကိုငါတို့အား မဟောပါနှင့်။ ချော့မော့သောစကားကိုပြောကြပါ၊ လှည့်စားသောစကားကို ဟောကြပါ . . . ဟုပရောဖက်တို့အားဆိုတတ်ကြ၏" (ဟေရှာ ၃၀း၉-၁၀)။

သုတ္တံ ၁၉း၂၇ က ကျွန်ုပ်တို့အား သတိကြီးစွာ နားထောင်ကြရန် ဤသို့အကြံပေးခဲ့ပါသည် - "ငါ့သား၊ ပညာတရားကိုပယ်စေခြင်းငှါ သွန်သင်သောသူ၏စကားကို နားမထောင်နှင့်"။ အဓိကအချက်သည် အဆိုးအကောင်းခွဲခြားတတ်သော ဉာဏ်ရှိရန်ဖြစ်ပါသည်။ တရားဟောဆရာတဦးက ဘုရားသခင်၏ နှုတ်ကပတ်တော်မှကျွန်ုပ်တို့ကို သွေဖယ်စေနိုင်သော အကြောင်းအရာကိုဟောသောအခါ၊ သူသည် မည်မျှပင်တရားဟောကောင်းပါ စေ၊ သူ၏တရားဟောချက်ကို နားမထောင်ဘဲချက်ချင်းထွက်သွားကြရပါမည်။ ကြားနာခြင်းနှင့်ပတ်သတ်၍ ဤနေရာ၌ သမ္မာကျမ်းစာသင်ပေးသော တသီးတခြားနေခြင်းကို လက်တွေ့အသုံးပြုကြရပါ မည်။

သတိကြီးစွာ နားထောင်ခြင်းအမှု၌ဗေရိလူတို့သည် စံနမူနာဖြစ်ကြပါသည်။ ပေါလုသွန်သင်ချက်တို့ကို သူတို့ကဘုရားသခင်၏သမ္မာတရားနှင့် ကိုက်ညီမှုရှိမရှိကို ကျမ်းစာအားဖြင့် နေ့စဉ်ခိုင်းနှိုင်းလေ့လာခဲ့ကြ၏။ ဘုရားသခင်၏နှုတ်ကပတ်တရားဖြစ်သည်ဟု သိကြသောအခါ ဝမ်းမြောက်သောစိတ်နှင့်လက်ခံခဲ့ကြ၏။

ယနေ့တွင် အမျိုးမျိုးသောတရားဟောဆရာတို့ကို ဖိတ်ခေါ်ရှာဖွေ၍ မိမိတို့၏ ယားယံလျက်ရှိသောနားကိုတင်းတိမ်စေရန်ငှင်း၊ ဇာတိအလိုကိုကျေနပ်စေရန်ငှင်း ကြိုးစားသောသူများစွာ ရှိကြ၏။ သစ္စာရှိသောတရားဟောဆရာက သူတို့၏အပြစ်ကိုဖော်ပြသောအခါ၊ အမျက်ထွက်ကြပြီး၊ သူတို့စိတ်ကြိုက်တရားဟောဆရာကို ရှာကြ၏။ ဤလူတို့သည် လှည့်စားခြင်းကိုခံရ၍ သွေဖယ်တတ်ကြ၏။

**ဆင်ခြင်ရန်** - ဗေရိခရစ်ယာန်ကဲ့သို့ဖြစ်ခြင်းဆိုသည်မှာ အဘယ်နည်း။

**ဆုတောင်းချက်** - အိုအဘဘုရား၊ ကြားနာသောတရားကို အဆိုးအကောင်းမှန်မမှန် ခွဲခြားတတ်သော ဉာဏ်အကျွန်ုပ်အားပေးသနားတော်မူပါ။

ဗုဒ္ဓဟူး၊ မတ် (၁၁)
**၂ ကော ၁၁း၅-၁၂**
၁ ကော ၉း၃-၁၈

*"တစ်စုံတစ်ခုကိုလိုသောအခါ အဘယ်သူကိုမျှ ငါမနှောင့်ယှက်"*

## ကိုယ်ကျိုးအတွက်တရားမဟောနှင့်

၂ ကော ၁၀ ထဲတွင် ပေါလုကိုဆန့်ကျင်သောသူတို့သည် သူတပါးတို့အား မိမိတို့ချမှတ်သောစံနှုန်းဖြင့်တိုင်းတာကြပြီး မိမိကိုယ်ကိုချီးမြှောက်ခဲ့ကြကြောင်း တွေ့ခဲ့ပြီဖြစ်ပါသည်။ တဖက်တွင် ပေါလု၏ဘုရားသခင်ကြောက်ရွံ့ခြင်းအကျင့်တို့သည် သူတို့၏မှားယွင်းသောအကျင့်ကို ဖော်ထုတ်သောအလင်းကဲ့သို့ဖြစ်ပါ၏။ သူတို့သည် မိမိကိုယ်ကိုချီးမြှောက်၍ လူတို့၏လက်ခံချီးမွမ်းခြင်းကို ရရှိကြခြင်းငှါ ပေါလုကိုအကျင့်ကိုရှုတ်ချကြဖို့လိုပါသည်။ ထို့ပြင် တမန်တော်ပေါလုထက် မိမိကိုယ်ကို ချီးမြှောက်ကြပြီး "အကြီးဆုံးသောတမန်တော်များ" ဟု ဆိုခဲ့ကြ၏(နှိုင်း၊ ၂ ကော ၁၁း၅)။

ပေါလုသည် ဘယ်တော့မှမိမိကိုယ်ကျိုးအတွက် တရားဟောခြင်းမပြုပါ။ ၂ ကော ၉း၁၈ ထဲ တွင် ဤသို့ဆိုခဲ့ပါသည် "သို့ဖြစ်၍ ငါ၏အကျိုးအဘယ်သို့နည်းဟူမူကား ဧဝံဂေလိတရားကို ဟောသောအခါ ဟောခြင်းနှင့်စပ်ဆိုင်သောအခွင့်ကို မသုံးဘဲလျက် ခရစ်တော်၏ဧဝံဂေလိတရားကို နာသောသူတို့သည် အဘယ်စရိတ်ကိုမျှမကုန်ဘဲနေစေချင်ငှါ ပြုလျှင်ငါ၌အကျိုးရှိ၏"။ သို့သော်လည်း ပေါလုကိုဆန့်ကျင်သောသူတို့သည် ဘာသာရေးကို မိမိတို့ကိုယ်ကျိုးအတွက် အသုံးပြုကြ၏။ သူတို့သည် လူတို့၏အသက်ဝိညာဉ်ကိုအလေးမထားဘဲ မိမိတို့၏ဝမ်းဗိုက်ကိုသာ စိတ်ဝင်စားကြ၏။ ပေါလု၏အကျိုးအမြတ်မရှိခြင်းက သူတို့၏အဖြစ်မှန်ကို ဖော်ထုတ်ပြသခဲ့ပါသည်။ ထို့ကြောင့် သူတို့၏ဂုဏ်သိက္ခာကိုအဖက်ဆယ်ရန်အတွက် ပေါလု၏အပြု အမူအကျင့်ကို အပုတ်ချစွပ်စွဲခြင်း ပြုကြလေ၏။ ထို့ပြင် ဆန့်ကျင်သူတို့က စစ်မှန်သောတမန်တော် သည် အခကြေးငွေအကျိုးအမြတ်ကို ယူရမည်ဟူ၍ငင်း၊ ထိုသို့ပေါလုမယူခြင်းသည် ဟန်ဆောင်မှု သက်သက်ဖြစ်၍ တိတ်တဆိတ်ယူခဲ့သောကြောင့် ဖြစ်သည်ဟုစွပ်စွဲကြပြန်၏။

ပေါလုသည် မိမိ၏တရားဟောခြင်းအမှုနှင့်ပတ်သက်၍ မိမိခံယူချက်ကို ၁ ကော ၉ ထဲတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ ဤအချက်နှင့် ယနေ့ကျမ်းပိုဒ်ကို အခြေခံပြီးပြောရလျှင် ပေါလု သည် ကောရိန္သုလူတို့ထံမှ အဘယ်ငွေကြေးကိုမျှ မရယူပါ။ ကောရိန္သုအသင်းတော်အတွက် ဝန်ထုပ် မဖြစ်လိုခဲ့ကြောင်း တွေ့ရပါသည်။ ထို့ပြင် ငွေကြေးအမြတ်အတွက် တရားဟောသည်ဟူသော အတွေးကိုအဘယ်သူထံ၌မျှ မရှိစေလိုပါ။ သူအဓိကအလေးထားသောအရာသည် ကားတိုင်၌တင် သတ်ခြင်းခံရသော ခရစ်တော်အကြောင်းကို ကောရိန္သုခရစ်ယာန်တို့ သိရှိကြရန်သာဖြစ်သည်။ ထို့ပြင် မိမိအား ထောက်ပံ့ခြင်းငှါ တာဝန်မရှိသောမာကေဒေါနိပြည်ရှိ အသင်းတော်တို့ကို မိမိလုယူခဲ့သည်ဟု အတိသယဝုတ္တိအလင်္ကာအသုံးပြု၍ ဆိုခဲ့ပါသည်။ ဆန့်ကျင်သောသူတို့၏စွပ်စွဲချက်သည် အခြေ အမြစ်မရှိပါ။ လုပ်ခအကျိုးအမြတ်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပေါလုသည် စစ်မှန်သောတရား ဟောဆရာဖြစ်သောကြောင့် သတင်းကောင်းကိုအစဉ်ဟောပြောခဲ့ပါသည်။

**ဆင်ခြင်ရန်** - စစ်မှန်သောတရားဟောဆရာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အဘယ်အရာမျှ မမျှော်လင့်ဘဲ သစ္စာရှိစွာဟောပြောတတ်၏။

**ဆုတောင်းချက်** - အို အဘဘုရား၊ ကိုယ်တော်၏လူတို့ကို ပြုစုကျွေးမွေးခြင်းငှါ သစ္စာရှိသောတရား ဟောဆရာများ ပေါ်ထွက်စေတော်မူပါ။

ကြာသပတေး၊ မတ် (၁၂)

**၂ ကော ၁၁း၁၃-၁၅**

ဟေရှာ ၁၄း၁၂-၁၅

*"စာတန်ပင်လျှင် လင်းသောကောင်းကင်တမန်ဖြစ် ယောင်ဆောင်တတ်၏"*

## လှည့်စားခြင်းအမှုပြုသောသူများ(၁)

မတ်လ (၅) ရက်နေ့ခွန်အားယူခြင်းစာထဲ၌ ဆန့်ကျင်သောသူတို့က ပေါလုသည်အမှုတော်ဆောင်ရန်အခွင့်ကို မိမိတို့အားမပေးဟု စွပ်စွဲခဲ့ကြောင်း တွေ့ရပါသည်။ အဘယ်ကြောင့် ပေါလုထိုသို့ပြုရသနည်း။ ၂ ကော ၁၁း၁၃-၁၅ တွင် အကြောင်းရင်းတွေ့ရ၏ - ထိုသို့အခွင့်အရေးရှာသောသူတို့သည် အစကတည်းမှခရစ်တော်၏အမှုတော်ဆောင်အစစ် မဟုတ်ခဲ့ကြပါ။ ထို့ကြောင့် တမန်တော်ပေါလုသည် ထိုသို့သောလူတို့အကြားမှ အသင်းတော်ကိုကာကွယ်ရန် တာဝန်ရှိပါ၏။ ထိုနည်းတူ သစ္စာရှိသောသင်းအုပ်ဆရာတိုင်းသည် ပေါလု၏ခြေရာကို လိုက်လျှောက်ကြရပါမည်။ ထိုသို့သောလူတို့ကို ဘုရားကျောင်းထဲသို့ဝင်ခွင့်မပြုသင့်ပါ။

ပေါလုက ထိုဆန့်ကျင်သောသူတို့ကို မှားယွင်းသောတမန်တော်များဟု ဆိုခဲ့၏။ သူတို့ကို ဘုရားသခင်ခေါ်တော်မမူ၊ ခန့်ထားတော်မမူသောကြောင့် မှားယွင်းသောသူဖြစ်ကြ၏။ သို့သော်လည်း ဟန်ဆောင်ခဲ့ကြပြီး၊ ဘုရားသခင်၏သိုးစုအပေါ်၌ အာဏာပြုကြ၏။ သူတို့ဟောသောတရားသည်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်ဆန့်ကျင်လျက်ရှိပါသည်။ သူတို့သည် "အကြီးဆုံးသောတမန်တော်များ" မဟုတ်၊ မှားယွင်းသောတမန်တော်များဖြစ်ကြ၏။

ထို့ပြင် ပေါလုကဆန့်ကျင်သောသူတို့ကို လှည့်ဖြားတတ်သောအမှုတော်ဆောင်ဟု ဆိုခဲ့၏။ ဤအချက်က သူတို့သည်မုသာ၏အဘဖြစ်သော သူတို့၏ဝိညာဉ်ဖခင်ကြီး စာတန်ကဲ့သို့ဖြစ်ကြ ကြောင်း ပေါ်လွင်စေပါသည်။ "သင်တို့သည် သင်တို့၏အဘတည်းဟူသောမာရ်နတ်မှ ဆင်းသက်ကြ ၏။ သင်တို့အဘ၏ အလိုသို့လည်း လိုက်တတ်ကြ၏။ မာရ်နတ်သည် ရှေ့ဦးစွာမှစ၍ လူအသက်ကိုသတ်သောသူဖြစ်၏။ သူ၌သစ္စာတရားမရှိသောကြောင့် သစ္စာတရား၌မတည်မနေ။ သူသည် မုသာစကားကိုပြောသောအခါ မိမိပကတိအတိုင်း ပြော၏။ မုသာစကား၌ကျင်လည်သောသူဖြစ်၏။ မုသာ၏အဘလည်းဖြစ်၏" (ယောဟန် ၈း၄၄)။

မှားယွင်းမှုသည်အသင်းတော်ထဲသို့ ဘာသာရေးကိုင်းရှိုင်းသယောင် ဖော်ပြသောဆရာတို့အားဖြင့် လွယ်ကူစွာဝင်ရောက်တတ်ကြောင်းကို ကောရိန္သုခရစ်ယာန်တို့မအံ့ဩသင့်ပါ။ အဘယ်ကြောင့်နည်း။ အကြောင်းမှာ စာတန်ကိုယ်တိုင်ပင်လျှင် လင်းသောကောင်းကင်တမန်ကဲ့သို့အယောင်ဆောင်တတ်၏။ စာတန်သည် ကာတွန်းဝတ္ထုတို့၌တွေ့ရသကဲ့သို့ ဦးချိုနှင့်အစွယ်နှင့် မိမိကိုယ်ကိုမပြတတ်ပါ။ လှည့်စားခြင်း၌ ဆွဲဆောင်မှုရှိသောသူကဲ့သို့ ပေါ်တတ်၏။ စာတန်သည် "အပေါ်ယံဆွဲဆောင်မှုရှိသောအရာဖြင့် လူတို့ကိုလွှမ်းမိုးတတ်၏"။ သို့သော်လည်း "သူ၏စစ်မှန်သောဇာတိသည် အလင်းမဟုတ်၊ အမှောင်အတိဖြစ်ပါသည်" (Kent)။ ထိုနည်းတူ မှားယွင်းသောဆရာတို့သည် စစ်မှန်သောဝိညာဉ်သဘောမပါဘဲ မှားယွင်းသောဂုဏ်သိက္ခာနှင့် ဘွဲ့တို့လွှမ်းခြုံလျက် တိတ်တဆိတ်ဝင်လာတတ်ပါသည်။

**ဆင်ခြင်ရန်** - မှားယွင်းသောဆရာတို့၏အချို့သောလက္ခဏာတို့က အဘယ်နည်း။

**ဆုတောင်းချက်** - အိုအဘဘုရား၊ အမှားနှင့်အမှန် ခွဲခြားနိုင်ခြင်းငှါ မစတော်မူပါ။

သောကြာ၊ မတ် (၁၃)
**၂ ကော ၁၁း၁၃-၁၅**
ယုဒ ၄

*"စာတန်ပင်လျှင် လင်းသောကောင်းကင်တမန်ဖြစ်ယောင်ဆောင်တတ်၏"*

# လှည့်စားခြင်းအမှုပြုသောသူများ(၂)

Rev Timothy Tow က ဤလောကီလူတို့ကို လှည့်စားမည့်မှားယွင်းသောအရာ (၇)မျိုးနှင့်ပတ်သက်၍ သမ္မာကျမ်းစာ၏သတိပေးချက်ကို ဤသို့ဖော်ပြခဲ့ပါသည် -
(၁) မှားယွင်းသောခရစ်တော်များ (မသဲ ၂၄း၂၄)
(၂) မှားယွင်းသောပရောဖက်များ (မသဲ ၂၄း၂၄)
(၃) မှားယွင်းသောသက်သေခံများ (မသဲ ၂၆း၆၀)
(၄) မှားယွင်းသောတမန်တော်များ (၂ ကော ၁၁း၁၃)
(၅) မှားယွင်းသောညီအစ်ကိုများ (၂ ကော ၁၁း၂၆)
(၆) မှားယွင်းသောစွပ်စွဲသူများ ( ၂ တိ ၃း၃)
(၇) မှားယွင်းသောဆရာများ (၂ ပေ ၂း၁)

ဤပုဂ္ဂိုလ်တို့သည် သာမန်ဘာသာရေးပုဂ္ဂိုလ်များကဲ့သို့ ပေါ်လွင်တတ်ကြပါသည်။ ထိုသို့ဘာသာရေးကိုင်းရှိုင်းခြင်း အရေခွံကိုခြုံလျက် လူထုထဲသို့တိတ်တဆိတ်ဝင်လာတတ်ကြ၏။ ထိုသို့အထဲတွင် ကျွန်ုပ်တို့၏မိတ်ဆွေ၊ ဆွေမျိုးလည်းဖြစ်နိုင်ပါသည်။ McIntire က ဤသို့ဆိုခဲ့ပါသည် - "အလွန်လျှို့ဝှက်ယဉ်ပါးသောလှည့်ဖြားသွေးဆောင်မှုသည် ကျွန်ုပ်တို့ချစ်သောသူတို့ထံမှ ရောက်လာတတ်၏။ စာတန်သည် ကျွန်ုပ်တို့ယုံကြည်စိတ်ချတတ်သောပုဂ္ဂိုလ်၊ ရင်းနှီးသောသူငယ်ချင်းတို့အားဖြင့် ကျွန်ုပ်တို့ကိုချဉ်းကပ်တတ်၏။ ထို့ကြောင့် ဖြားယောင်းသွေးဆောင်ခြင်းသည် အလွန်ပါးနပ်၍တန်ခိုးရှိလာ၏"။

ထို့ကြောင့် တမန်တော်ပေါလုက ဧဖက်သင်းအုပ်လူကြီးတို့အား ဤသို့သတိပေးခဲ့ပါသည်- "တပည့်တော်များကို သွေးဆောင်ခြင်းငှါ မှားသောစကားကိုပြောတတ်သောလူတို့သည် သင်တို့အထဲ၌လည်း ပေါ်လာမည်ကိုငှင်း ငါသိ၏" (တမန်တော် ၂၀း၃၀)။ ယနေ့အသင်းတော်သည် သတိရှိရပါမည်။

သို့သော်လည်း၊ ဤမှားယွင်းသောပုဂ္ဂိုလ်များခံရမည့်ပြစ်ဒဏ်စီရင်ခြင်းအကြောင်းကို သမ္မာကျမ်းစာကဖော်ပြထားပါသည် (၂ ကော ၁၁း၁၅)။ စာတန်၏တန်ခိုးခွန်အားက ဘုရားသခင်၏နိုင်ငံတော်ဂိတ်တံခါးဝကို ဘယ်တော့မှအောင်နိုင်မည်မဟုတ်ပါ။

**ဆင်ခြင်ရန်** - ကျွန်တော်တို့သည် လမ်းလွဲမှားယွင်းမှုခေတ်ကြီး၌ နေထိုင်လျက်ရှိကြ၏။
**ဆုတောင်းချက်** - အို အဘဘုရား၊ စာတန်၏လှည့်စားခြင်းမှ အကျွန်ုပ်ကိုကာကွယ်စောင့်ရှောက်တော်မူပါ။

စနေ၊ မတ် (၁၄)
**၂ ကော ၁၁း၁၆-၂၁**
၂ ကော ၁၁း၁

*"သင်တို့သည် လိမ္မာသောသူဖြစ်သောကြောင့် သူရူးတို့ကို စေတနာစိတ်နှင့်သည်းခံကြ၏"*

## သူရူးကဲ့သို့"ဝါကြွားခြင်း"

တမန်တော်ပေါလုသည် မိမိ၏အောင်မြင်မှုကိုထုတ်ပြောတတ်သူမဟုတ်ပါ။ ပြောခဲ့မည်ဆိုလျှင်လည်း ထိုသို့အောင်မြင်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့်ဖြစ်ကြောင်း ချက်ချင်းဖော်ပြတတ်ပါသည်။

သို့သော်လည်း၊ တမန်တော်ပေါလုသည် မိမိ၏အောင်မြင်မှုကို ၂ ကော ၁၁ထဲတွင် လိုအပ်သောကြောင့်ဖော်ပြခဲ့ပါသည်။

(၁) ဆန့်ကျင်သူတို့သည် ခရစ်တော်ခန့်အပ်ခဲ့သောပေါလု၏တမန်တော်ဖြစ်ခြင်းကို တိုက်ခိုက်ခဲ့ကြ၏။ ထိုသို့ပြုခြင်းဖြင့် ဤမှားယွင်းသောအမှုတော်ဆောင်တို့သည် ခရစ်တော်၏အမှုတော်ကိုငြင်းပယ်လျက် ကောရိန္တုအသင်းတော်ရှိ များစွာသောလူတို့ကို လမ်းမှားသို့ခေါ်ဆောင်ခဲ့ကြပါသည်။ ဤပြဿနာသည် အလွန်အရေးကြီးပါသည်။ ပေါလုသည် တမန်တော်မှန်လျှင် သူဟောသောတရားကိုလက်ခံကြရပါမည်။ သို့သော်လည်း၊ ပေါလုသည် တမန်တော်မမှန်လျှင် သူပြုခဲ့သောအမှုတော်တစ်ခုလုံးသည် သံသယဝင်စရာဖြစ်၍ သူဟောသောတရားကိုလည်း ငြင်းပယ်ရကြလိမ့်မည်။ ထို့ကြောင့် ဤပြဿနာက အသင်းတော်၌ပို၍ကြီးမားသော ပျက်စီးခြင်းမဖြစ်ပေါ်စေမှီ အမြန်ဆုံးဖြေရှင်းဖို့လိုအပ်သောကြောင့်ဖြစ်ပါသည်။

(၂) မိမိကိုယ်ကို ချီးမြှောက်ခြင်း၌ ဆန့်ကျင်သောသူတို့သည် ပေါလု၏အကျင့်နှင့်အောင်မြင်မှုကိုကဲ့ရဲ့ရှုတ်ချကြ၏။ ထို့ကြောင့်ပေါလုသည် ဆန့်ကျင်သောသူတို့၏စွပ်စွဲချက်များကို ချေပခြင်း၌၎င်း မိမိ၏တမန်တော်ဖြစ်ခြင်းကိုကာကွယ်ခြင်း၌၎င်း၊ မိမိ၏အောင်မြင်မှုများကို ဖော်ထုတ်ခြင်းဖြစ်ပါ သည်။

"မိမိအကြောင်းကို ကိုယ်တိုင်ရှင်းပြပြောဆိုဖို့လိုအပ်သောအချိန်ရှိနိုင်ပါသည်။ မှားယွင်းသောအမြင်၊ အခြေအမြစ်မရှိသောအတင်းပြောခြင်း (သို့) စွပ်စွဲခြင်းတို့ကို ဖြေရှင်းရန်သော်၎င်း၊ သူတပါး၏ဂုဏ်သိက္ခာကာကွယ်ရန်သော်၎င်း၊ မိမိမဖော်ပြလိုသောအကြောင်းအရာကို ဖော်ပြဖို့လိုအပ်သောအချိန်ရှိနိုင်ပါသည်။ အထူးသဖြင့် ဘုရားသခင်၏အမှုတော်၌ သမ္မာတရားကာကွယ်ရန် ထိုသို့ပြောရမည့်အချိန်ရှိတတ်၏" (Kent)။

ဤကျမ်းပိုဒ်မှသင်ယူရမည့်အချက်တစ်ချက်မှာ မိမိအကြောင်း သက်သေခံခြင်းပင်ဖြစ်ပါသည်။ ထိုသို့သက်သေခံသောအခါ မိမိကိုယ်ကိုမဟုတ်ဘဲ ခရစ်တော်ကိုအစဉ်သတိပြုရန်လိုအပ်ပါသည်။ မိမိကိုယ်ကိုမဟုတ်ဘဲ၊ ခရစ်တော်၏ဘုန်းတော်ကိုချီးမွမ်းပါလော့။

**ဆင်ခြင်ရန်** - မည်သို့သက်သေခံရပါမည်နည်း။
**ဆုတောင်းချက်** - အို အဘဘုရား၊ ကိုယ်တော်၏ဘုန်းတော်ကိုသာ အစဉ်ထင်ရှားစေမည့်အကြောင်း သတိရခြင်း၌ မစတော်မူပါ။

တနင်္ဂနွေ၊ မတ် (၁၅)

**၂ ကော ၁၁း၂၂-၃၃**

၂ ကော ၁း၈-၁၁

*"ငါမနွမ်းရိဘဲ အဘယ်သူနွမ်းရိသနည်း၊ ငါသည် စိတ်မပူပန်ဘဲ အဘယ်သူဖောက်ပြန်သနည်း"*

## တမန်တော်တဦး၏မှတ်တမ်း

ထိုသို့မိမိအောင်မြင်ခြင်းကို ဖော်ထုတ် "ဝါကြွား"ရခြင်းအကြောင်းရင်း ဖော်ပြပြီးမှ တမန်တော်ပေါလုသည် မိမိရဲ့အမှုတော်ဆောင်ခြင်းအကြောင်းကို အတိုချုံးဖော်ပြခဲ့ပါသည်။ သို့သော် လည်း ပေါလုသည်မိမိအောင်မြင်မှု၌ ဝါကြွားခြင်းမပြုကြောင်း ခရစ်တော်၏အမှုတော်ဆောင်ရွက် ခြင်း၌ သူခံစားခဲ့သောအခက်အခဲနှင့်ဆင်းရဲဒုက္ခ၌သာ ဝါကြွားခြင်းပြုကြောင်းကို သိမှတ်ပါလော့။

ဆန့်ကျင်သောသူတို့သည် ယုဒလူဖြစ်ကြခြင်းကြောင့် ဝါကြွားခဲ့သည်ဟုယူဆရပါသည်။ ပေါလုသည်လည်း သူတို့ထက်မနိမ့်ပါး‌ပါ၊ သူသည်လည်း ယုဒအမျိုးမှဆင်းသက်ခဲ့ပါ၏ (၂ ကော ၁၁း၂၂)။ ထို့ပြင်၊ သူတို့သည် မိမိကိုယ်ကိုခရစ်တော်အမှုတော်ဆောင်၊ "အကြီးဆုံးသောတမန်တော်များ" ဟု ဆိုသော်လည်း၊ ထိုသူတို့ထက် ပေါလုသည်ပို၍ကြိုးစားအမှုတော်ဆောင်ပြီး၊ ပို၍ဆင်းရဲဒုက္ခခံခဲ့ပါသည်။

၂ ကော ၁၁း၂၄-၂၅ထဲတွင်၊ ပေါလုသည် မိမိတရားဟောသောနေရာ၌ ညှင်းပန်းနှိပ်စက်ခြင်းကိုခံရတတ်ကြောင်း ဖော်ပြခဲ့ပါသည်။ သူသည် ဤစာစောင်မရေးမီအချိန်၌ တရားဥပဒေခွင့်ပြုသောရိုက်ချက်အများဆုံးဖြစ်သော၊ သုံးဆယ့်ကိုးချက်ရိုက်ခြင်းကို ငါးကြိမ်ခံခဲ့ပါသည်။ သူသည် ကျောက်ခဲဖြင့်ပစ်ခြင်း၊ တုတ်ဖြင့်ရိုက်ခြင်းနှင့်သင်္ဘောပျက်ခြင်းတို့ကြုံတွေ့ခဲ့ရ၏။

၂ ကော ၁၁း၂၆-၂၇ ထဲတွင်၊ သူ၏ရှည်လျားလှသော ခရီးသွားခြင်းကိုဖော်ပြခဲ့ပါသည်။ ဤခရီးသွားခြင်းသည် ယနေ့ခရီးသွားခြင်းနှင့်လုံးဝမတူပါ။ အချိန်များစွာယူခဲ့ရ၏။ ထိုခရီးတို့တွင် ပေါလုသည် အလွန်ကြိုးစားအားထုတ်၍၊ ငတ်မွတ်ခြင်း၊ ရေငတ်ခြင်းနှင့်အအေးဒဏ်တို့ကိုလည်း ခံစားခဲ့ရ၏။ ထို့ပြင် ဓားပြတို့၏အန္တရာယ်ကိုလည်း အစဉ်ကြောက်လန့်နေခဲ့ရပါသည်။

ထို့ပြင် ပေါလုသည် လူတို့၏လက်ခံခြင်းကို အစဉ်ခံရသည်မဟုတ်ပါ။ အချို့သောတပါးအမျိုးသားတို့သည် ပေါလုကိုမုန်းတီးခဲ့ကြ၏။ အကြောင်းမှာ သူဟောသောတရားက သူတို့၏ရုပ်တုကိုးကွယ်ခြင်းကို ဖယ်ရှားမည်ဖြစ်သောကြောင့်တည်း။ များစွာသော ယုဒလူတို့ကမူ ပေါလုအား လမ်းလွဲသောသူဟု မှတ်ယူကြ၏။ ထို့ပြင် ဆန့်ကျင်မှုပြုသောမှားယွင်းသော ညီအစ်ကိုများလည်း ရှိသေး၏။ တမန်တော်ပေါလုသည် တဦးတည်းကြုံ့ကြံ့ခံနေရသော အချိန်လည်းရှိ၏။

တဖက်တွင်၊ မှားယွင်းသောတမန်တော်တို့သည် မိမိတို့၏ဝမ်းဗိုက်ကိုသာ ဂရုစိုက်ကြ၏။ ထိုသို့ပေါလုခံခဲ့သောအခက်အခဲကိုခံလိုကြပါမည်လော။ မခံလိုကြပါ။ သူတို့သည် သူငှါးသိုးထိန်းဖြစ်ကြသောကြောင့် ထိုသို့သောအခက်အခဲအရိပ်အယောင်မြင်တာနဲ့ ချက်ချင်းထွက်ပြေးသွားကြပါလိမ့်မည်။

**ဆင်ခြင်ရန်** - ခရစ်တော်ကြောင့်ခံရသော အကျွန်ုပ်၏ဆင်းရဲဒုက္ခ၌ ဝါကြွားခြင်းပြုပါမည်။

**ဆုတောင်းချက်** - အို အဘဘုရား၊ ခရစ်တော်အတွက် ဆင်းရဲဒုက္ခခံခြင်းငှါ အစဉ်အသင့်ရှိမည် အကြောင်း မစတော်မူပါ။

တနင်္လာ၊ မတ် (၁၆)

**၂ ကော ၁၁း၃၂-၃၃**

တမန် ၉း၂၃-၃၁

*“ ကိုယ်နှိမ့်ရိုသောအဖြစ်ကိုသာ အကြောင်းပြု၍ဝါကြွားမည်”*

## အားနည်းခြင်းအမှု၌ဝါကြွားခြင်း(၁)

၂ ကော ၁၁း၃၁ အဆုံးသတ်ပြီးမှ ပေါလုက ၂ ကော ၁၁း၃၂-၃၃ ဖော်ပြရေးသားခြင်းက ကျမ်းတတ်ပုဂ္ဂိုလ်တို့ကို အံ့သြရှုပ်ထွေးစေခဲ့ပါသည်။ ဒမာသက်မြို့မှတောင်းဖြင့် ချခြင်းခံလျက် မိမိ လွတ်မြောက်ခြင်းအကြောင်းကို အဘယ့်ကြောင့် လိုအပ်သည်ဟုပေါလုထင်ပါသနည်း (တမန် ၉း၂၅)။

အကောင်းဆုံးသောအဖြေသည် အပိုဒ်ငယ် ၃၃ အဆက်ဖြစ်သော ၂ ကော ၁၂း၁-၁၀ကို ဖတ်ရှုခြင်းပင်ဖြစ်ပါလိမ့်မည်။ ပေါလုသည် မကြာမှီမိမိခေတ်လူတို့မကြုံတွေ့ခဲ့ကြသော၊ မိမိအထူးကြုံတွေ့ခဲ့ရသော တတိယကောင်းကင်ဘုံသို့ချီဆောင်ခံရခြင်းအကြောင်းကို ဖော်ပြမည်ဖြစ်ပါသည်။ သို့သော်လည်း၊ ထိုအရာ၌ပေါလုက မိမိမဝါကြွားလိုကြောင်း ဖော်ပြခဲ့ပါသည်။ မိမိ၏အားနည်းခြင်းနှင့် ဒုက္ခဆင်းရဲခြင်းအမှု၌သာဝါကြွားမည်ဟု ဆိုခဲ့၏(၂ ကော ၁၂း၅)။ ထို့ကြောင့် အဓိကအချက်သည်အမှုတော်ဆောင်သောအခါ အောင်မြင်မှုကိုသာ အစဉ်တွေးမနေဘဲ၊ ထိုအမှုတော်မြတ်၌ခံရသော ဘုရားသခင်၏ကျေးဇူးတော်ကိုသာ အစဉ်အောက်မေ့လျက်နှိမ့်ချသော စိတ်နှင့်ကိုယ်တော်ကို ချီးမွမ်းရန်ဖြစ်ပါသည်။

ဤအချက်ကို သိမှတ်ခြင်းဖြင့်၊ ပေါလုက မိမိကိုယ်ကာကွယ်ခြင်းအမှု၌ ၂ ကော ၁၁း၃၂-၃၃ ဖော်ပြရေးသားခြင်း၏အဓိပ္ပာယ်ကို သိရမည်ဖြစ်ပါသည်။ ဆန့်ကျင်သူတို့က ပေါလုသည် ဒမာသက်မြို့မှထွက်ပြေးသော၊ သူရဲဘောကြောင်သူဟုစွပ်စွဲခဲ့နိုင်ပါသည်။ ထို့ပြင် ပေါလုတာရှုမြို့သို့ ရှိစဉ်အတွင်း ယုဒပြည်၊ ဂါလိလဲပြည်နှင့်ရှမာရိပြည်ရှိ အသင်းတော်တို့၌ ငြိမ်သက်ခြင်းရှိသောကြောင့်၊ သူသည် ပြဿနာရှာသောသူဖြစ်သည်ဟု စွပ်စွဲကြနိုင်ပါသည် (တမန် ၉း၃၁)။ သို့သော်လည်း၊ ပေါလုသည် ထိုအခက်အခဲကြားမှ ကယ်နှုတ်တော်မူသောဘုရားသခင်၏ကောင်းသောလက်တော်ကို မြင်တွေ့ခဲ့ပါသည်။ ဒမာသက်မြို့သို့ သွားရောက်ခြင်းသည် အချည်းနှီးမဟုတ်ဘဲ၊ သတင်းကောင်းမျိုးစေ့ထိုမြို့၌ ကြဲရကြောင်းတွေ့ရပါသည်။ ဘုရားသခင်၏ခွန်အားတန်ခိုးပေါ်လွင်စေခြင်းငှါ ပေါလုသည် အားနည်းသောသူအဖြစ် အထင်ခံလိုပါ၏။ မိမိ၏နာမသည် ယုတ်လျော့ခြင်းရှိ၍၊ ဘုရားသခင်၏ နာမတော်ဘုန်းကြီးစေလိုပါသည်။

အပိုဒ်ငယ် ၃၂ ၌တွေ့ရသော အရေတသည်မည်သူနည်း။ Kent ၏အဆိုအရ၊ အရေတသည် Nabatean လူတို့၏ဘုရင်၊ Petra ကိုမိမိ၏မြို့တော်အဖြစ် အသုံးပြုသော Aretas IV ဖြစ်နိုင်ပါသည်။ ဤဘုရင်က ဒမာသက်အပေါ်၌ဩဇာလွှမ်းမိုးခြင်းရှိသည်ဟု ထင်ရပါသည်။ ယုဒလူတို့က ပေါလုကိုသတ်ခြင်းငှါ ထိုသူ၏အကူအညီကိုတောင်းခဲ့ကြ၏။ သို့သော်လည်း ပေါလုသည်အံ့သြစရာကောင်းစွာ လွတ်မြောက်ခဲ့ပါသည်။ ပေါလုကိုဆန့်ကျင်ခဲ့ကြသော်လည်း၊ ဘုရားသခင်က လွတ်မြောက်ရာလမ်းခင်းပေးတော်မူ၏။

ဤကမ္ဘာလောက၌ ကျွန်တော်တို့ပြုရမည့်တာဝန်မပြီးဆုံးမချင်း၊ ဘုရားသခင်သည် ကျွန်တော်တို့ကို ဤလောက၌နေထိုင်စေလျက် ကွယ်ကာစောင့်ရှောက်တော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အားနည်းသောအရာတို့အားဖြင့် မိမိ၏ဘုန်းတော်ကို ထင်ရှားစေတော်မူတတ်၏။

**ဆုတောင်းချက်** - အိုအဘဘုရား၊ အကျွန်ုပ်၏အားနည်းခြင်း၌ ခရစ်တော်၏နာမတော်ဘုန်းတော် ထင်ရှားပါစေသော်။

**၂ ကော ၁၂း၁း၆**



## အားနည်းခြင်းအမှု၌ဝါကြွားခြင်း(၂)

ပေါလုကို ဆန့်ကျင်သောသူတို့သည် မိမိတို့၏အရည်အချင်းနှင့်အောင်မြင်မှုဝါကြွားခြင်း၌ နှစ်သက်ခြင်းရှိကြ၏။ ထိုသို့သောဝါကြွားခြင်းသည် အချည်းနှီးသာလျှင် ဖြစ်ကြောင်းကိုပြသခြင်းငှါ ပေါလုက မိမိခေတ်၌ ဘယ်သူမှမကြုံတွေ့မခံစားခဲ့သော၊ သူကြုံတွေ့ခံစားခဲ့သောအရာ၌ “သူရူးကဲ့သို့ ဝါကြွားခြင်း” ကိုပြုခဲ့ပါသည်။ သို့သော်လည်း၊ ထိုအတွေ့အကြုံကို ဖော်ပြခြင်း၌ သူသည်အလွန်သတိပြု၍မလိုအပ်သောချီးမွမ်းခြင်းမခံရလေအောင် တတိယပုဂ္ဂိုလ်အားဖြင့် ဖော်ပြခဲ့ပါသည် (နှိုင်း၊ ၂ ကော ၁၂း၂ “ခရစ်တော်၏ တပည့်ဖြစ်သောလူတစ်ယောက်ကို . . . ငါသိ၏”)။

တတိယကောင်းကင်ဘုံသို့ “ချီဆောင်ခြင်း” ခံရခြင်းဟူသောပေါလုကြုံတွေ့ရသောအရာသည် အလွန်ထူးခြားဆန်းကြယ်သောအမှုဖြစ်ပါသည်။ ဤ “တတိယကောင်းကင်” ကို “ပါရသိသုဘုံ” ဟု ၂ ကော ၁၂း၄ ထဲတွင်ဖော်ပြ၍၊ ဘုရားသခင်ကျိန်းဝပ်တော်မူရာနေရာဖြစ်ပါသည်။ (ပထမကောင်းကင်သည် လေထုကောင်းကင်ဖြစ်၍၊ ဒုတိယကောင်းကင်သည် နေကြယ်လတို့နှင့် ဂြိုလ်များရှိရာကောင်းကင်ကို ဆိုလိုပါသည်)။ ထိုတတိယကောင်းကင်တွင် သူသည်လူမပြောအပ်သောစကားတို့ကို ကြားသိခဲ့ကြောင်းဆိုခဲ့ပါသည် (၂ ကော ၁၂း၄)။

ဘယ်နေရာ၊ ဘယ်အချိန်၌ပေါလုသည် ဤထူးခြားသောအတွေ့အကြုံကိုမြင်တွေ့ခဲ့ပါသနည်း။ ပေါလုက ၂ ကော ၁၂း၂ထဲတွင်၊ လွန်ခဲ့သောတဆယ်လေးနှစ်တုန်းကဟု ဆိုခဲ့ပါသည်။ ၂ ကော ကို အေဒီ ၅၆ ဝန်းကျင်၌ရေးသားခဲ့သောကြောင့်၊ ဤထူးခြားသောအတွေ့အကြုံကိုပေါလုသည် အေဒီ ၄၁၊ မိမိတာရှုမြို့၌ ရှိစဉ်ကြုံတွေ့ခြင်းဖြစ်ပါလိမ့်မည်။

ဤအံ့ဘွယ်အခွင့်ထူးကို ဘုရားသခင်ကပေါလုအား ကြုံတွေ့စေခြင်းဖြစ်ပါသည်။ “အကြီးဆုံးသောတမန်တော်များ” ၌ဤသို့သော အတွေ့အကြုံရှိခဲ့ပါသလား။ ဘယ်သူမှမရှိခဲ့ကြပါ။ သို့ဆိုလျှင် တမန်တော်ပေါလုထက် သူတို့သည် ပို၍ကြီးမြတ်သည်ဟု ဆိုနိုင်ကြမည်လော။

ဤသို့သော အတွေ့အကြုံရှိသော်လည်း ပေါလုသည်ဝါကြွားခြင်းမပြုဘဲ၊ ဘုန်းတန်ခိုးအပေါင်းကို ဘုရားသခင်ထံဆက်ကပ်ခဲ့ပါသည်။ ထို့ပြင် လူတို့ကသူ့ကိုထင်သင့်သည်ထက်ပို၍အထင်မကြီးကြခြင်းငှါ ပေါလုသည် အထူးသတိပြုခဲ့ပါသည် (၂ ကော ၁၂း၆)။ ထို့ကြောင့် ၂ ကော ၁၂း၅ ထဲတွင် ပေါလုက သူသည်မိမိ၏အားနည်းခြင်းအမှု၌ ဝါကြွားမည်ဟုဆိုခဲ့ပါသည်။ သို့သော် လည်း ပေါလုသည် ခရစ်တော်အတွက် များစွာသောဆင်းရဲဒုက္ခကိုခံခဲ့ပြီး၊ ထိုအရာတို့ကို သွားလေရာ ရာ အမြဲပြော၍ ဝါကြွားခြင်းအစဉ်ပြုသည်ဟု မမှတ်ယူသင့်ပါ။ မိမိကဲ့သို့သော အားနည်းသည့်တန်ဆာပလာကို ဘုရားသခင်အသုံးပြုခြင်း၌ ဘုရားသခင်၏တန်ခိုးတော်နှင့်ကြီးမြတ်မှုပေါ်လွင်သည် ဖြစ်သောကြောင့် ပေါလုသည် ဝမ်းမြောက်ခြင်းရှိ၏။ ထို့ကြောင့် ဘုရားသခင်၌သာလျှင် ဘုန်းတန်ခိုးအာနုဘော်အပေါင်းတည်ပါစေသော်။

**ဆင်ခြင်ရန်** - (၂ ကော ၁၂း၁၀ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အမှုတော်ဆောင်ရွက်စဉ် မိမိကိုယ်ကိုငြင်းပယ်မည်အကြောင်း မစတော်မူပါ။

**၂ ကော ၁၂း၇-၁၀**

ယောဘ ၂ *“ငါသည် ထောင်လွှားသောစိတ်မရှိစေခြင်းငှါ”*

## အားနည်းခြင်းအမှုန္တ ဝါကြွားခြင်း(၃)

ဘုရားသခင်က ပေါလုကြုံတွေ့ရသော၊ တတိယကောင်းကင်ဘုံသို့ ချီဆောင်ခြင်းခံရသော ထူးခြားသည့်အမှုက ပေါလုအားမာနထောင်လွှားခြင်းရှိစေနိုင်ကြောင်း သိတော်မူ၏။ ထို့သို့ ပေါလုသည်ထိုအမှု၌ဝါကြွားခြင်းရှိခဲ့ပါလျှင် မိမိကိုယ်ကိုချီးမြှောက်ကြသော၊ သူ့ကိုစွပ်စွဲသောသူတို့နှင့် ခြားနားခြင်းရှိမည်မဟုတ်ပါ။

ထို့ကြောင့်၊ ပေါလုအား နှိမ့်ချသောစိတ်သဘောအစဉ်ရှိစေခြင်းငှါ၊ ဘုရားသခင်က ပေါလုအား “ကိုယ်၌စူးသောဆူး” ကိုခံစားစေပါသည်။ ဤကိုယ်၌စူးသောဆူးနှင့်ပတ်သက်၍ ခံယူချက်အမျိုးမျိုးရှိပါသည်။ အချို့ခံယူချက်တို့မှာ - (၁) ဆန့်ကျင်သူတို့၏အစဉ်တိုက်ခိုက်ခြင်း၊ (၂) “စာတန်၏တမန်”ဟု ခေါ်သောကြောင့် နတ်ဆိုးတို့၏နှောင့်ယှက်ခြင်း၊ (၃) ခန္ဓာကိုယ်၌ခံစားရသောအနာရောဂါ၊ ပြင်းထန်သောခေါင်းကိုက်ခြင်း၊ မျက်စိပြဿနာ(သို့) အခြားရောဂါတခုခုဖြစ်မည်ဟု ထင်မြင်ယူဆကြပါသည်။ ဤစာရေးသူက တတိယအချက်ကိုဖြစ်နိုင်ချေအရှိဆုံးဟု ယုံကြည်ထားပါသည်။ ဤ “ဆူး” က ဘယ်အရာဘဲဖြစ်ပါစေ၊ ပေါလုသည်လည်း မိမိစောင့်ရှောက်ခြင်းငှါ ဘုရားသခင်အပ်ပေးတော်မူသောလူတို့နှင့် ခြားနားခြင်းမရှိဘဲ လူစစ်စစ်ဖြစ်ကြောင်း ဤအရာကထင်ရှားစေပါသည်။ လူတိုင်းသည် ကျေးဇူးတော်လိုအပ်သောသူ (သို့) ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းခံရသောအပြစ်သားဖြစ်ကြပါသည်။

အဘယ့်ကြောင့် “ကိုယ်၌စူးသောဆူး” ကို “စာတန်၏တမန်”ဟုခေါ်ပါသနည်း။ ဤအကြောင်းကို သဘောပေါက်ဖို့ဆိုလျှင် ယောဘဝတ္ထု၌တွေ့ရသော ဘုရားသခင်၏ခွင့်ပြုခြင်းစိတ်တော်ကို ဆင်ခြင်ဖို့လိုပါသည်။ ယောဘကြုံတွေ့ခဲ့သောအရာတို့သည် ဘုရားသခင်ခွင့်ပြုသောအရာဖြစ်သော်လည်း အမှန်တကယ်ပြုသောသူမှာ စာတန်ဖြစ်ပါသည်။ ထိုနည်းတူ၊ ပေါလုကိုယ်၌စူးသောဆူးသည် စာတန်ပြုသောအမှုဖြစ်ပါသည်။ သို့သော်လည်း ဘုရားသခင်ကပေါလုအား နှိမ့်ချခြင်းစိတ်သဘောရှိစေခြင်းငှါ ထိုအမှုကိုခွင့်ပြုတော်မူ၏။

ပေါလုက အကြိမ်ကြိမ်တောင်းလျှောက်သော်လည်း၊ ဘုရားသခင်ကထိုဆူးကို ဖယ်ရှားတော်မမူခဲ့ပါ။ ဘုရားသခင်ကပေါလုအတွက် မိမိ၏ကျေးဇူးတော်လုံလောက်ခြင်းရှိ၏ဟု မိန့်တော်မူခဲ့ပါသည်။ ဤသည်ကား ခရစ်တော်နှင့်ကင်းကွာလျှင် မိမိဘယ်အမှုမှမတတ်နိုင်ကြောင်း သိခြင်းငှါပေါလုအတွက် သင်ခန်းစာဖြစ်ပါသည် (ယောဟန် ၁၅း၅)။ မိမိ၏ဉာဏ်၊ ခွန်အားဖြင့် အဘယ်သူမျှ မတတ်နိုင်ကြောင်း ပေါလုအစဉ်သိမှတ်ရပါမည်။

ထိုနည်းတူ၊ ကျွန်ုပ်တို့ကိုနှိမ့်ချခြင်းစိတ်သဘောရှိစေခြင်းငှါ ကျွန်ုပ်တို့အသက်တာ၌ အခက်အခဲဒုက္ခကြုံတွေ့ခြင်းကို ဘုရားသခင်ခွင့်ပြုတော်မူသောအချိန်ရှိနိုင်ပါသည်။ အောင်မြင်မှုရသော အခါကျွန်တော်တို့သည်မိမိတို့၏ ကောင်းမြတ်ခြင်းကြောင့်ဟု ထင်မှတ်ယူဆနိုင်ပါသည်။ အလွန်မှား ပါ၏။ ထို့ကြောင့် ဘဝ၌ကြုံတွေ့ရသောဆင်းရဲဒုက္ခတို့က ကျွန်တော်တို့ဘုရားသခင်အဘယ်မျှလောက်လိုအပ်ကြောင်းကို ကျွန်ုပ်တို့အား အောက်မေ့စေတတ်၏။ ထို့ကြောင့်၊ မိမိတို့၏ကားတိုင်ကို ဖက်လျက်၊ ရှေ့ဆက်ကြိုးစားလျှောက်လှမ်းကြပါစို့။

**ဆင်ခြင်ရန်** - ဘဝ၌ကြုံတွေ့ရသောအခက်အခဲဆင်းရဲဒုက္ခတို့ကို ကျွန်တော်မည်သို့ခံယူရပါမည်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အမှုတော်အတွက် အစဉ်နှိမ့်ချသောစိတ်သဘောရှိခြင်းငှါ မစတော်မူပါ။

ကြာသပတေး၊ မတ် (၁၉)

**၂ ကော ၁၂း၉-၁၀**

ဆာလံ ၂၃း၁

*"ငါ့ကျေးဇူးသည် သင့်အဘို့လောက်ပေ၏"*

## ဘုရားသခင်၏ကျေးဇူးတော်သည် လုံလောက်လျက်ရှိ၏

ဘုရားသခင်ကမိမိ၏ကျေးဇူးတော်ကို အမျိုးမျိုးဖော်ပြလျက်ရှိ၏။ ပထမအချက်ကား၊ ကျွန်ုပ်တို့အား အပြစ်မှကယ်တင်ရှင်ယေရှုခရစ်တော်အားဖြင့် ရွေးနှုတ်လျက်ကယ်တင်ခြင်းကျေးဇူးတော်ကိုခံစားစေတော်မူ၏ (ဧဖက် ၂း၈-၁၀)။ ဒုတိယအနေဖြင့်၊ ဘုရားသခင်ကမိမိ၏ဘုန်းတော်ထင်ရှားစေခြင်းအတွက် ကျွန်တော်တို့နေ့စဉ်အသက်ရှင်နိုင်ရန် လိုအပ်သောနေ့စဉ်အစားအစာ ကျွေးမွေးထောက်ပံ့ပြုစုတော်မူလျက်ရှိ၏ (မသဲ ၆း၁၁၊ ၃၃)။ တတိယအချက်သည်ကား၊ အသင်းတော်တည့်တည်ကြည်ခြင်းအတွက် အသုံးပြုရန်ဘုရားသခင်က မိမိ၏သားသမီးတို့ကို ဝိညာဉ်ဆုကျေးဇူးများ ပေးဝေတော်မူ၏ (ဧဖက် ၄း၈-၁၆)။

ဘုရားသခင်က ပေါလု၏ကိုယ်၌စူးသောဆူးကို မဖယ်ရှားပေးဘဲ၊ ပေါလုအတွက် မိမိ၏ကျေးဇူးတော်လုံလောက်လျက်ရှိ၏ဟုဆိုခဲ့ပါသည်။ ဤကျေးဇူးတော်သည် ယေရှုခရစ်တော်၏ တမန်တော်ဖြစ်သောပေါလုက ဘုရားသခင်၏အမှုတော်ဆောင်ခြင်း၌ တာဝန်ကျေပွန်ခြင်းငှါ လိုအပ်သောမစတော်မူခြင်းဘုရားသခင်ချပေးသနားခြင်းကို ရည်ညွှန်းပါသည်။ ဘုရားသခင်က ပေါလုအား အမှုတော်၌ အောင်မြင်ခြင်းငှါ ခရစ်တော်နှင့်နှုတ်ကပတ်တရားတော်ကို အစဉ်ယုံကြည်ကိုးစားခြင်းရှိရမည်အကြောင်း သိစေလို၏။ ယေရှုခရစ်တော်မပါဘဲ မိမိလုပ်နိုင်သည်ဟုထင်လျက်၊ မာနထောင်လွှားခြင်းစိတ်မဝင်စေရပါ။ တဖက်တွင်၊ ခရစ်တော်နှင့်အတူ အစဉ်လျှောက်လှမ်း၍ မစတော်မူခြင်းကို အစဉ်ရှာဖွေခဲ့လျှင်၊ ဤကိုယ်၌စူးသောဆူးအပါအဝင် ခံစားရသောအခက်အခဲဒုက္ခအပေါင်းကို ကျော်လွှားနိုင်ရန် ခရစ်တော်မစတော်မူလိမ့်မည်ဖြစ်ပါသည်။

၂ ကော ၁၂း၁၀ ထဲတွင် ပေါလုကမိမိအားနည်းသောအခါ ခွန်အားနှင့်ပြည့်စုံလျက်ရှိသည်ဟုဆိုခဲ့ပါသည်။ ပေါလုသည် ထိုဆူးကို ဆက်လက်ညည်းညူခြင်းမပြုဘဲ လက်ခံခဲ့ပါသည်။ မိမိ၏အားနည်းချက်(ကိုယ်၌ဆူးသောစူး)က မိမိအားဖြင့်အမှုပြုတော်မူသော ခရစ်တော်ကိုသူတပါးမြင်တွေ့စေသည်ဟူသောအချက်ကို ပေါလုနားလည်ခဲ့ပါသည်။ ပေါလု၏အားနည်းခြင်းက ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေပါလျှင် သူသည် ဝမ်းမြောက်စွာထိုအားနည်းခြင်းကို သည်းခံလိုခဲ့၏။

ယနေ့ကျမ်းပိုဒ်က ဘုရားသခင်၏အတူတကွပါရှိတော်မူခြင်းစိတ်သဘောကို ဖော်ပြလျက်ရှိ၏ (ဇန်နဝါရီ ၂၂ နေ့စဉ်ခွန်အားကိုကြည့်ပါ)။ အမှုတော်မြတ်၌ဘုရားသခင်မစတော်မူခြင်း ဂတိတော်က အခက်အခဲစိန်ခေါ်မှုများမရှိဟု မကြုံတွေ့ရဟုမဆိုလိုပါ။ သို့သော်လည်း ဤအခက်အခဲထဲ၌ ဘုရားသခင်စောင်မတော်မူလိမ့်မည်ဖြစ်၏။ ကျွန်ုပ်တော်တို့ပြုရမည့်အရာဟူမူကား ဘုရားသခင်ကို ယုံကြည်ကိုးစား၍ သန့်ရှင်းသောဝိညာဉ်၌ကျင်လည်ဖို့သာဖြစ်၏။ သို့ဆိုလျှင် မိမိအလိုတော်စုံလင်စေခြင်းငှါ လိုအပ်သောအရာများကို လိုလေသေးမရှိ ထောက်မတော်မူလိမ့်မည်။ ဘုရားသခင်၏မစတော်မူခြင်းကို နားလည်သဘောပေါက်ခြင်းသည် ဆင်းရဲဒုက္ခခံစားနေရသော သန့်ရှင်းသူတို့အဖို့ ကြီးမားသောခွန်အားကို ဖြစ်စေပါသည်။ ကောင်းသောသိုးထိန်းနောက်လိုက်သော ခရစ်ယာန်သည် လိုအပ်သောအရာ၌လိုလေသေးမရှိ စုံလင်ခြင်းရှိမည်။

**ဆင်ခြင်ရန်** - အမှုတော်မြတ်၌ ဘုရားသခင်၏အတူပါရှိမစတော်မူခြင်းက ကျွန်ုပ်ကိုမည်သည့်အကြောင်း သင်ကြားပေးပါသနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ နေ့တိုင်းကိုယ်တော်၏ကျေးဇူးတော်ကိုသာ ယုံကြည်ကိုးစားခြင်းရှိပါမည်။

သောကြာ၊ မတ် (၂၀)

**၂ ကော ၁၂:၁၁-၁၃**

ဟေဗြဲ ၂:၃-၄

*"အကယ်စင်စစ် . . . တမန်တော်၏လက္ခဏာ တို့ကို သင်တို့တွင်ထင်ရှားစွာပြပြီ"*

## အံ့ဘွယ်အမှုဆိုသည်မှာ အဘယ်နည်း

၂ ကော ၁၂:၁၁-၁၃ ကိုအတွင်းကျကျမလေ့လာမီ သမ္မာကျမ်းစာသင်ပေးသော၊ အံ့ဘွယ်သောအမှုဆိုသည်မှာ အဘယ်နည်းဟူသောအချက်ကို အရင်လေ့လာသဘောပေါက်ခြင်းသည် ပို၍အကျိုးရှိပါလိမ့်မည်။

ဟေဗြဲ ၂:၃-၄ ကစစ်မှန်သောအံ့ဘွယ်အမှု၌ အချက်သုံးချက်ကိုဖော်ပြထားပါသည်။ ပထမအချက်မှာ၊ ထူးဆန်းအံ့ဘွယ်သောအမှုဟူသောစကားက ဤစစ်မှန်သောအံ့ဘွယ်အမှုတွင် သဘာဝထက်လွန်ကဲသော၊ ထူးခြားသောတန်ခိုးပါဝင်ကြောင်း ဖော်ပြလျက်ရှိ၏။ ဒုတိယအချက်၊ "ဘုရားသခင် . . . သက်သေခံတော်မူပြီ" ဟူသောအချက်နှင့် "သန့်ရှင်းသောဝိညာဉ်တော် . . . ဆုကျေးဇူး" ဟူသောအချက်က ဤအံ့ဘွယ်အမှုကို ဘုရားသခင်ပြုသောအမှုဟု ထင်ရှားစေပါသည်။ တဖက်တွင်၊ သမ္မာကျမ်းစာက စာတန်ပြုသောအံ့ဘွယ်အမှုတို့ကို "မုသာနှင့်ဆိုင်သောထူးဆန်းသောတန်ခိုး" (၂ သက် ၂:၉) ဟုဖော်ပြထားပါသည်။ တတိယအချက်၊ "နိမိတ်လက္ခဏာ" နှင့် "သက်သေခံ" ဟူသောအသုံးအနှုန်းတို့က ဖြစ်ပျက်သောအရာထက်ပို၍ အရေးကြီးသည့်ဆိုလိုချက်ရှိကြောင်း ပေါ်လွင်စေပါသည်။ ထို့ကြောင့်၊ အံ့ဘွယ်အမှုတိုင်း၏နောက်ကွယ်၌ ဝိညာဉ်သင်ခန်းစာရှိပြီး၊ ဘုရားသခင်၏လူဟောသောတရားစစ်မှန်ကြောင်းကို သက်သေထူလျက်ရှိပါသည်။

သမ္မာကျမ်းစာသမိုင်းတွင် အံ့ဘွယ်အမှုပြုခြင်းကာလအပိုင်းအခြားသုံးပိုင်းရှိပါသည်။ ဤအံ့ဘွယ်အမှုတို့၌ ရည်ရွယ်ချက်တိတိကျကျရှိခဲ့ပါသည်။ ပထမကာလသည် ထွက်မြောက်ရာကျမ်းအချိန်အခါဖြစ်ပါသည်။ ဤအံ့ဘွယ်အမှုတို့ကို ပြုရခြင်းမှာ အဲဂုတ္တုလူတို့နှင့် ဣသရေလလူတို့က ဘုရားသခင်သည် အသက်ရှင်၍ စစ်မှန်သောဘုရားဖြစ်ကြောင်း သိကြရန်ဖြစ်ပါသည် (ထွက် ၈:၁၀၊ ၁၄:၄၊ ၁၆:၁၂)။ ဒုတိယကာလသည် ဧလိယနှင့်ဧလိရှဲတို့အချိန်ဖြစ်ပါသည်။ ထိုကာလ၌လူတို့သည် ဘုရားသခင်ကိုးကွယ်ခြင်းနှင့်တပါးအမျိုးသားတို့၏ ဘုရားဖြစ်သောမှားယွင်းသောဘုရား၊ ဗာလဘုရားကိုးကွယ်ခြင်းကို ရောနှောခဲ့ကြ၏။ ထို့ကြောင့်၊ သန့်ရှင်းသောကိုးကွယ်ခြင်းပြန်လည်ရရှိပြုပြင်ခြင်းငှါ၊ ဘုရားသခင်သည် စစ်မှန်၍အသက်ရှင်သောဘုရားဖြစ်ကြောင်း လူတို့သိကြခြင်းငှါ အံ့ဘွယ်အမှုများပြုခဲ့ပါသည် (၃ ရာ ၁၈:၃၆-၄၀)။ တတိယကာလသည် ခရစ်တော်နှင့်တမန်တော်တို့အမှုတော်ဆောင်ခဲ့သောအချိန်ဖြစ်ပါသည်။ ဤအမှုတို့ကို "ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည် ယုံကြည်မည်အကြောင်း၊ ထိုသို့ ယုံ၍နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း" (ယောဟန် ၂၀:၃၀-၃၁) ပြုရခြင်းဖြစ်ပါသည်။

သမ္မာကျမ်းစာစုံလင်စွာရေးသားပြီးနောက်တွင်၊ ဤနိမိတ်လက္ခဏာနှင့်အံ့ဘွယ်အမှုတို့သည် ပြီးဆုံးကွယ်ပျောက်ခဲ့ကြပါပြီ (၁ ကော ၁၃:၈-၁၃)။ ယခု ကျွန်ုပ်တို့၌ "သာ၍မြဲမြံသော အနာဂတ္တိစကားတော်" (၂ ပေ ၁:၁၉) ရှိ၍ ထိုနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏လမ်းပြရှင်ဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာထဲ၌တွေ့ရသော အံ့ဘွယ်အမှုတို့ကို ကျွန်တော်မည်သို့ နားလည်ရပါမည်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ သာ၍မြဲမြံသောအနာဂတ္တိစကားတော်တည်းဟူသော သမ္မာကျမ်းစာကို နှစ်သက်ခြင်းငှါသွန်သင်ပေးတော်မူပါ။

စနေ၊ မတ် (၂၁)
**၂ ကော ၁၂:၁၁-၁၃**
ရှင်မာကု ၁၆:၁၄-၁၈

*"... နိမိတ်လက္ခဏာအံ့ဖွယ်သောအမှု၊ ထူးဆန်းသော တန်ခိုးများအားဖြင့် တမန်တော်၏လက္ခဏာတို့ကို သင်တို့တွင်ထင်ရှားစွာ ပြပြီ"*

## တမန်တော်၏နိမိတ်လက္ခဏာ

သူ၏ပြိုင်ဘက်တို့က ပေါလုအားအခြားသောတမန်တော်တို့ထက် နိမ့်ကျသည်ဟုဖော်ပြခြင်းမှာ ပေါလုသည် အခြားသောတမန်တော်တို့ထက် နောက်ကျစွာတမန်တော်ဖြစ်ခြင်းကြောင့် ဖြစ်ပေလိမ့်မည်။ ကောရိန္တုအသင်းတော်သည် သူ့နောက်သို့လိုက်ကျလျှင် အခြားသောအသင်းတော်တို့ ထပ်သာ၍နိမ့်ကျကျလိမ့်မည်။

ထိုအရာကိုတုန့်ပြန်ဖို့ရန် တမန်တော်ပေါလုက သူသည်ဘုရားသခင်၏တန်ခိုးတော်အားဖြင့် တမန်တော်တို့ပြုခဲ့ကျသော နိမိတ်လက္ခဏာများကို ပြုလုပ်နိုင်ခဲ့ကြောင်းကို ညွှန်ပြခဲ့၏။ အထက်ကမြင်တွေ့ခဲ့ပြီးသည့်အတိုင်း ဤနိမိတ်လက္ခဏာများမှာ သာမန်ဖြစ်ရပ်ထက်သာ၍ ကြီးမားသော ဂယက်ရိုက်ခတ်မှုတို့ကို ညွှန်ပြဖို့ရန်ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ပြုခဲ့သောသဘာဝလွန် လုပ်ရပ်တို့ဖြစ်၏။

ရှင်မာကု ၁၆:၁၄-၁၈ တို့တွင် ယေရှုကတမန်တော်တို့အား သူ၏အမှုတော်ကိုဆောင်ရွက်ကြသောအခါတွင် နိမိတ်လက္ခဏာတို့သည် သူတို့နှင့်အတူ လိုက်ပါမည်အကြောင်းကို မိန့်ဆိုခဲ့၏။ "ယုံကြည်သောသူတို့၌ဖြစ်အံ့သော နိမိတ်လက္ခဏာမူကား ငါ၏နာမကိုအမှီပြု၍နတ်ဆိုးတို့ကို နှင်ထုတ်ကြလတံ့။ ထူးခြားသောဘာသာစကားမျိုးတို့ကို ပြောကြလတံ့။ မြွေတို့ကိုလမ်းကိုင်ကြလတံ့။ သေစေတတ်သောအဆိပ်အတောက်ကို သောက်စားလျှင် ဘေးဥပဒ်နှင့်ကင်းလွတ်ကြလတံ့။ မကျန်းမမာသောသူတို့အပေါ်မှာ လက်ကိုတင်၍ချမ်းသာပေးကြလတံ့ ဟုမိန့်တော်မူ၏" (မာကု ၁၆:၁၇-၁၈)။ ဤနိမိတ်လက္ခဏာတို့မှာ တုနှိုင်း၍ မရသောအမှုတော်ဖြင့် စစ်မှန်သောတမန်တော်ဖြစ်ကြကြောင်းကို ထင်ရှားနိုင်ရန် သခင်ဘုရားပေးခဲ့ ခြင်းဖြစ်၏။ ထို့ကြောင့် ထိုကဲ့သို့သော နိမိတ်လက္ခဏာတို့သည် တမန်တော်ပေါလုထံသို့လည်း လိုက်ပါလာကြသည်ဟု ကျွန်ုပ်တို့ဆိုနိုင်၏။

ပေါလုသည် အခြားသောတမန်တော်တို့ကဲ့သို့ပင် ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ဤအံ့ဖွယ်နိမိတ်လက္ခဏာတို့ကို ပြုလုပ်နိုင်ခဲ့သည်။ ကောင်းမွန်သောသာဓကတစ်ခုမှာ အာရှ၌ ပေါလုပြုခဲ့သောအမှုတော်၊ တုရန္နအမည်ရှိသော သူ၏စာသင်စရပ်၌ နှစ်နှစ်ပတ်လုံး သင်ကြားပေးခြင်း အကြောင်း တမန် ၁၉:၁၁-၁၂ ထဲ၌ဖော်ပြထားပါသည်။ "ဘုရားသခင်သည် ပေါလုလက်ဖြင့် အလွန်တရာထူးဆန်းသောတန်ခိုးများကို ပြတော်မူသည်ဖြစ်၍ ပေါလုသုံးသောပုဝါ၊ ခါးပန်းတခုခုကို အနာရောဂါရှိသောသူတို့ဆီသို့ ပေးလိုက်၍ သူတို့သည်အနာရောဂါနှင့်ကင်းလွတ်ကြ၏။ နတ်ဆိုးတို့လည်း ထွက်သွားကြ၏"။

ကောရိန္တုအသင်းတော်သည် တမန်တော်ပေါလု၏သစ္စာနှင့်ပြည့်ဝသော ဦးဆောင်မှုနောက်သို့ လိုက်လျှောက်ကြခြင်းမှာ နိမ့်ကျသောအရာမဟုတ်ပေ။ ထိုအရာသည် နိမ့်ကျခဲ့သည်ရှိသော်၊ အခြားသောသူတို့သည် မိမိတို့၏ထောက်ပံ့ခြင်း၌ စိတ်အားထက်သန်နေကျစဉ်တွင် ၎င်းတို့သည် ပေါလု၏သာသနာ၌ ကြီးပမ်းအားထုတ်မှုကိုထောက်ပံ့ခဲ့ကြလိမ့်မည်မဟုတ်ပေ (ပေါလုက သူတို့ထံမှ ထောက်ပံ့မှုကိုငြင်းပယ်ခဲ့၏)။ ကောရိန္တုအသင်းတော်သည် "ဖြောင့်မတ်သောစီရင်ခြင်းကိုစီရင်" ဖို့ရန် လေ့လာရပါမည် (ရှင်ယောဟန် ၇:၂၄)။

**ဆင်ခြင်ရန်** - ခေတ်ပေါ်ခါရိစ်မက်တစ်လှုပ်ရှားမှုကိုသတိပြုလော။

**ဆုတောင်းချက်** - အဖဘုရား၊ ခရစ်တော်၏စစ်မှန်သော အစေခံတို့၏ယုံကြည်ခြင်းကို လိုက်လျှောက်နိုင်မည်အကြောင်း ကူညီတော်မူပါ။

တနင်္ဂနွေ၊ မတ် (၂၂)
**၂ ကော ၁၂း၁၄-၁၈**
၁ သက် ၃း၈ *"သင်တို့ကို နှောင့်ရှက်မည်ဟု အကြံမရှိ"*

## ဝန်ထုပ်ဝန်ပိုးလား(သို့)ကောင်းကြီးမင်္ဂလာ

ချစ်တတ်၍တာဝန်သိသောမိဘတိုင်းသည် မိမိတို့၏သားသမီးတို့အား အကောင်းဆုံးသော အရာကိုပေးဖို့ရန်ရှာဖွေကြ၏။ သူတို့သည် သားသမီးတို့အသက်တာ၌ အကောင်းဆုံးကိုပေးနိုင်ပါမည့် အကြောင်း၊ သားသမီးတို့၏လိုအပ်ချက်တို့ကို ထောက်ပံ့ပေးကြ၏။ သူတို့သည် သားသမီးတို့အတွက် ဝန်ထုပ်ဝန်ပိုးမဟုတ်ဘဲ ကောင်းကြီးမင်္ဂလာဖြစ်ပါမည်အကြောင်း သူတို့၏မေတ္တာတရားက စေခိုင်းပေး၏။

ပေါလုသည် ကောရိန္သုလူတို့၏ဝိညာဉ်ရေးရာဖခင်ဖြစ်သကဲ့သို့ အသင်းတော်၏လိုအပ်ချက်တို့ကိုပထမဦးစားပေးအဖြစ် ထား၏။ ထို့ကြောင့် ၂ ကော ၁၂း၁၄ တွင် "ဤတတိယအကြိမ်သင်တို့ဆီသို့သွားခြင်းငှါ ငါသည်အသင့်ရှိ၏။ သင်တို့ကိုနှောင့်ရှက်မည်ဟုအကြံမရှိ။ သင်တို့ဥစ္စာကိုငါရှာသည်မဟုတ်၊ သင်တို့ကိုသာရှာ၏။ သားသမီးတို့သည် မိဘအတွက်ဥစ္စာကို ဆည်းဖူးရသည်မဟုတ်။ မိဘတို့သည် သားသမီးတို့အတွက် ဆည်းဖူးရ၏" ဟူ၍ မိန့်ဆိုထား၏။

ကောရိန္သုမြို့သို့ ပေါလု၏နောက်ဆုံးသွားရောက်လည်ပတ်ခြင်းမှာ စိတ်မချမ်းမြေ့စရာနှင့်ပြည့်သောလည်ပတ်ခြင်းမျိုးဖြစ်၏ (၂ ကော ၂း၁)။ ပေါလုက နောက်တဖန်သူသွားရောက်လည်ပတ်သောအခါ၌ ထိုသို့မဖြစ်ရန်အလိုရှိ၏။ အသင်းတော်အား ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အလို့ငှါ ပေါလုက မိမိအားရှုတ်ချပုတ်ခတ်သောသူတို့၏ စွပ်စွဲချက်တို့ကို တိတ်ဆိတ်စေရန် ကောရိန္သုအသင်းတော်ထံမှ ထောက်ပံ့ငွေတို့ကိုဆက်လက်မရယူခဲ့ပေ။ ပေါလုသည် ငွေကြေးအမြတ်ရရန်အတွက် အမှုတော်ထမ်းရွက်ခဲ့သည်ဟု အထင်လွဲစရာမရှိပေ။ ထို့ကြောင့် ပေါလုသည် သူ၏နောက်တဖန်သွားရောက်လည်ပတ်ခြင်းအတွက် (သုံးကြိမ်မြောက်လည်ပတ်ခြင်းဖြစ်၏) မိမိကိုယ်ကို လမ်းစရိတ်စိုက်ခဲ့လိမ့်မည်။

ဤအချက်တွင် ကျွန်ုပ်တို့အတွက်လည်း အမှုတော်ဆောင်ခြင်း၌ ကောင်းသော နည်းလမ်းသာဓက ရှိ၏။ ကျွန်ုပ်တို့သည် အဘယ်အရပ်၌အမှုတော်ထမ်းဆောင်ရသည် ဖြစ်စေ၊ သူတပါးအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်းထက် ကောင်းကြီးမင်္ဂလာဖြစ်စေရပါမည်။ ဤအချက်မှာ အခြားသောသူတို့ထံသို့ သွားရောက်လည်ပတ်သည့်အချိန်တိုင်းတွင် အထူးပင်မှန်ပေ၏။ ဤအချက်သည် သာသနာခရီးစဉ်တွင် ကျင့်သုံးရမည့်အဓိကမူလည်းဖြစ်၏။ သာသနာလုပ်ငန်း၏ရည်ရွယ်ချက်သည် အကူအညီပေးဖို့ရန်ဖြစ်သည့်အားလျော်စွာ သာသနာပြုအဖွဲ့ကို ဧည့်ခံသောအသင်းတော်သည် အလွန်လေးသောဝန်ထုပ်ဝန်ပိုးကို ခံရလျှင် ဆန့်ကျင်ဘက်သဘောသက်ရောက်နိုင်ပါသည်။ သာသနာပြုသူတို့၏လုံ့လတို့က လူအားလုံးကို ကောင်းကြီးမင်္ဂလာရရှိနိုင်ဖို့ရန်အတွက် များစွာသောဉာဏ်ပညာနှင့် ဆင်ခြင်မှုကိုတောင်းဆို၏။

ထို့နောက် ပေါလုက ဘုရားသခင်၏သိုးစုတော်တို့၏အခြေအနေကို သိရှိနိုင်ရန်ကောရိန္သုအသင်းတော်ထံသို့ သူစေလွှတ်ထားသည့်တိတု၏အမည်ကို ဖော်ပြခြင်းဖြင့် သူ၏စကားကိုအဆုံးသတ်၏။ တိတုသည် ကောရိန္သုအသင်းတော်ထံမှ အဘယ်အကျိုးအမြတ်ကိုမှ မရှာဖွေသောကြောင့် စံပြုတစ်ဦးပင်ဖြစ်၏။ ဤအချက်သည် သန့်ရှင်းသူတို့အတွက် အမှန်စဉ်းစားပေးသောသူတို့အားလုံး၏ စိတ်နေစိတ်ထားဖြစ်၏။ ဤအရာမှာ ဝိညာဉ်ရေးရာမိဘတိုင်း၏ စိတ်ထားဖြစ်၏။ ထိုကဲ့သို့ အကျိုးအမြတ်(သို့) ဆုမရှာဘဲအစေခံဖို့ စိတ်နှလုံးသားကို အကျွန်ုပ်တို့အား သခင်ဘုရားပေးပါစေသော်။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် သူတပါးတို့အတွက် ကောင်းကြီးမင်္ဂလာလော(သို့)ဝန်ထပ်ဝန်ပိုးဖြစ်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်သည်သန့်ရှင်းသူတို့အတွက် ဝန်ထုပ်ဝန်ပိုးမဟုတ်ဘဲ ကောင်းကြီးဖြစ်ပါမည်အကြောင်း ကူညီတော်မူပါ။

တနင်္လာ၊ မတ် (၂၃)

**၂ ကော ၁၂:၁၉-၂၁**

ကောလောသဲ ၁:၂၅-၂၉

*"ငါသည်လည်း သင်တို့မနှစ်သက်သောသူဖြစ်မည်ဟူ၍၎င်း၊ . . . စိုးရိမ်ခြင်းရှိ၏"*

## သင်းအုပ်တပါး၏ကြောက်ရွံ့မှုများ

ပေါလုသည် ကောရိန္သုအသင်းတော်၏တမန်တော်တစ်ပါးနှင့်ဝိညာဉ်ရေးရာ ခေါင်းဆောင်ဖြစ်သည့်အားလျော်စွာ သူ၏ထက်သန်သောဆန္ဒမှာ "ခရစ်တော်အားဖြင့် လူတိုင်းစုံလင်ခြင်းသို့ ရောက်၍ လူခပ်သိမ်းတို့ကိုဆက်သဖို့ရန်ဖြစ်၏ (ကောလော ၁:၂၈)။ အသင်းတော်သည် ခရစ်တော်အတွက် သက်သေလုပ်ဆောင်ရာတွင် ကြီးထွားမှုရှိရန်နှင့် "ကျေးဇူးတော်၌၎င်း၊ ငါတို့ကိုကယ်တင်တော်မူသောအရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌၎င်း ကြီးထွား" (၂ ပေ ၃:၁၈) ကြဖို့ရန်ပေါလုအလိုရှိ၏။ သူသည် ခရစ်တော်၏အစေခံဖြစ်သည့်အတိုင်း ဘုရားသခင်ရှေ့တော်၌ မိမိ၏တာဝန်ရှိခြင်းကို နားလည်သဘောပေါက်ထား၏။ ထို့ကြောင့် ဘုရားသခင့်လူတို့၏ဝိညာဉ်ရေးရာ ကောင်းဖို့ရန်အတွက် ခပ်သိမ်းသောအရာကို သူဆောင်ရွက်ခဲ့လိမ့်မည်။ သူအကြောက်ဆုံးအရာမှာ သန့်ရှင်းသူတို့သည် ဝိညာဉ်ရေး၌အနည်းငယ်သာတိုးတက်မှုရှိပြီး ယုံကြည်ခြင်းတွင် နို့စို့ကလေးငယ်အဆင့်၌သာ ကျန်ရစ်ကြမည့်အနေအထားဖြစ်၏။ သင်းတော်သည် လောကီသားတို့နှင့်မခြားလျှင် ၎င်းသည် အဖြစ်ဆိုးနေ၏။

ကောရိန္သုမြို့၌ရှိသောခရစ်ယာန်တို့နှင့်ပတ်သက်၍ တိတုသည်ကောင်းသတင်းကို ယူဆောင်ခဲ့သော်ငြားလည်း အရင်ခေါက်က သွားရောက်လည်ပတ်စဉ်၌ အသင်းတော်၌ အချို့သော ပြဿနာများဆက်လက်တည်ရှိခဲ့သည်ကို ပေါလုအနေဖြင့် အမှုထားစရာကိစ္စများဖြစ်စေခဲ့၏။ ကောရိန္သုယုံကြည်သူတို့က တိတုကိုနွေးထွေးစွာကြိုဆိုခဲ့ကြသော်လည်း၊ ပေါလုကိုလည်း ထိုနည်းတူ ဆက်လက်ကြိုဆိုကြမည်လော။ သူတို့ကို အချို့သောဒုစရိုက်အပြစ်တို့က ဖိစီးနေသေးမည်လော( ၂ ကော ၁၂:၂၁)။

ကောရိန္သုအသင်းတော်တွင် ဂိုဏ်းခဏာစွဲစိတ်က ပတ်ပတ်လည်တွင်ရှိခဲ့ကြောင်းကို ကောရိန္သုဩဝါဒစာပဌမစောင်တွင် မြင်တွေ့ခဲ့ပြီးဖြစ်၏။ အသင်းတော်တွင် လူဦးရေအားဖြင့် တိုးပွားခဲ့သော်လည်း ဝိညာဉ်ရေးရာ၌ကြီးထွားခြင်းရှိသည်ဟု သတ်မှတ်၍မရပေ။ များစွာသောသူတို့သည် ဝိညာဉ်ရေးရာ၌ မရင့်ကျက်ကြသေးဘဲ ဇာတိပကတိလူတို့ကဲ့သို့ စိတ်ထားနှင့်အသက်ရှင်ကြကြောင်း ထင်ရှား၏။ ပေါလုက ပရိသတ်ထဲတွင် ထိုကဲ့သို့သော ပြဿနာများရှိနေသေးသောကြောင့် စိုးရိမ်ခဲ့၏။ ထို့ကြောင့်ပေါလုက ၂ ကော ၁၂:၂၀ တွင် သူနောက်ထပ်မမြင်တွေ့ဖို့ရန် မျှော်လင့်ထားသောကိစ္စရပ်များကိုဖော်ပြဖို့ရန် စကားလုံးရှစ်လုံးကို အသုံးပြုခဲ့သည်မှာ - "ရန်တွေ့ခြင်း၊ ငုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်း၊ သူ့အသရေကိုရှုတ်ချခြင်း၊ ချောစားခြင်း၊ မာနထောင်လွှားခြင်း၊ အချင်းချင်းအမှုလုပ်ခြင်း" တို့ဖြစ်ကြသည်။ မနာလိုခြင်းကြောင့် ထိုနေရာတွင်ရန်တွေ့ခြင်းနှင့် ငြင်းခုံမှုရှိခြင်းသည်လား။ ညီအစ်ကိုအချင်းချင်းခိုင်မြဲမှုကို သူ့အသရေကိုရှုတ်ချခြင်းနှင့် ချောစားခြင်းတို့က ဖျက်ဆီးမည်လား။ သန့်ရှင်းသူတို့ကြားထဲ၌ ဤအချက်တို့ကို မရှိပါစေနှင့်။

ပေါလု၏စိုးရိမ်မှုက ကောရိန္သုအသင်းတော်၌ ဝိညာဉ်ရေးရာအခြေအနေအတွက် သူ၏ဂရုစိုက်မှုမှာ ဖြူစင်၍စစ်မှန်ကြောင်းကို ဖော်ပြ၏။ သင်သည် ညီအစ်ကိုတို့၏ ဝိညာဉ်ရေးရာဖူလုံရေးအတွက် ထိုကဲ့သို့သော ဂရုစိုက်မှုရှိပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်ရှေ့မှောက်၌ မှန်သောသူဖြစ်ခြင်းငှါ မစတော်မူပါ။

**ဆုတောင်းချက်** - အဘဘုရား၊ ဝိညာဉ်ရင့်ကျက်ခြင်းအမှု၌ ကြီးထွားမည်အကြောင်း မစတော်မူပါ။

# ရဲတင်းလွန်းသောတရားစီရင်မှုမပြုနှင့်(၁)

တမန်တော်ပေါလုက သူသည်တတိယအကြိမ်အဖြစ် ကောရိန္သုမြို့သို့ဖော်ရွေစွာ သွားရောက်လည်ပတ်မည်ကို မျှော်လင့်ကြောင်းရှင်းလင်းစွာ ဖော်ပြရာတွင်သူ၏သည်းခံတတ်ခြင်းကိုအရေးယူမှုရှိမည်မဟုတ်ဟူ၍ နားလည်မှုမလွဲသင့်ပေ။ အသင်းတော်၌ရှိသောငြိမ်သက်ခြင်းကို မိမိတို့၏ဆိုးသွမ်းသောနည်းလမ်းများနှင့်သော်၎င်း၊ အကျင့်ပျက်ပြားစေသောအယူဝါဒတို့ဖြင့်သော်၎င်း၊ ဆက်လက်ဖျက်ဆီးနေကြသော သူတို့ကိုပြစ်ဒဏ်စီရင်ခြင်းရှိလိမ့်မည်။

ကောရိန္သုအသင်းတော်၌ရှိသော မှားယွင်းသောတမန်တော်၊ ဆရာများနှင့်ညီအစ်ကိုတို့က မိမိတို့လမ်းကြောင်း၌ ဆန့်ကျင်၍ရပ်နေကြသောသူတို့ကို မှားယွင်းသောစွပ်စွဲချက်တို့နှင့် အတင်းစကားတို့ကို အသုံးချကြ၏။ ထိုသူတို့ဘက်၌သမ္မာတရားမရှိသောကြောင့် ထိုသို့ပြုခဲ့ကြခြင်းဖြစ်၏။ သို့သော်၊ သန့်ရှင်းသူတို့က ကိစ္စတစ်ခုခုကိုစီရင်သောအခါတွင် ထိုသူတို့က ပေါ့ပျက်စွာပင်နေခဲ့ကြပြီး (သို့) ရဲတင်းလွန်းသောတရားစီရင်မှုကိုလုပ်ကြ၏။ ကိစ္စတိုင်းကိုသက်သေအထောက်အထားနှင့် တိကျမှုရှိသည့်အတိုင်း စီရင်ရပါမည်။

"သက်သေခံနှစ်ဦး သုံးဦး"ဟူသောနိယာမကို ဓမ္မဟောင်းကျမ်းတွင် ဣသရေလလူတို့၏ တရားစီရင်ခြင်းနည်းလမ်း၌ အမြစ်တွယ်ခဲ့၏။ ဤနိယာမကိုသင်ကြားပေးသော စာပိုဒ်တစ်ခုမှာ တရားဟောရာကျမ်း ၁၇း၂-၁၃ ဖြစ်၏။ ဣသရေလလူတို့ထဲတွင် တစ်စုံတစ်ဦးသည် မှားယွင်းသောဘုရားတို့ကို ဝတ်ပြုကိုးကွယ်ကြောင်း စွပ်စွဲခံရသည့်အချိန်တိုင်း၊ ထိုစွပ်စွဲချက်မှာ မှန်ကန်မှုရှိသည်ကို ကြိုးစားလုပ်ဆောင်မည့်အကြောင်း ဤဉပဒေကဆုံးဖြတ်ပေး၏။ "သင်သည် သတင်းကြား၍ စေ့စေ့မေးမြန်းသောအခါ ဣသရေလအမျိုး၌ ထိုစက်ဆုပ်ရွံ့ရှာဖွယ်သောအမှုကို ပြုမိသည်မှန်လျှင်" (တရား ၁၇း၄)။ စွပ်စွဲချက်တိုင်းကို တစ်ဆင့်စကားမျှဖြင့်သာမဟုတ်ဘဲ သက်သေခံ အများထံမှယူဆောင်ရပါမည်။ စွပ်စွဲချက်ကိုအမှန်ဖြစ်ကြောင်း တည်ဆောက်ပြီးလျှင်၊ ပရိသတ်တို့က မိမိတို့၏ကမ္ဘာကိုသင့်တော်သလို စီရင်ချက်ချရပါမည်။ သက်သေခံအများနှင့်စတင်ပြီးလျှင် ထိုအရာ ကိုစီရင်ဖို့ရန်သူတို့၏လက်သည် မနှေးကွေးရပါ။ "သက်သေခံနှစ်ယောက်သုံးယောက်ရှိလျှင် သေထိုက်သောသူသည် အသေခံရမည်၊ သက်သေခံတစ်ယောက်တည်းရှိလျှင် အသေမခံရ" (တရား ၁၇း၆)။

လက်တွေ့တွင်၊ လူတို့သည် ကျွန်ုပ်တို့ထံသို့မနည်းသောသတင်းအချက်အလက်နှင့် ကောလဟာလသတင်းတို့ကို မကြာခဏယူဆောင်လာကြလိမ့်မည်။ ကျွန်ုပ်တို့သည် ဤအရာတို့ကို ကြားသိပြီးသည့်အတိုင်း၊ ရဲတင်းလွန်းသောတရားစီရင်မှုပြုလုပ်ခြင်းကို သတိထားရပါမည်။ လျှင်မြန်စွာ အဆုံးမသတ်ကြပါနှင့်။ ဆုံးဖြတ်ချက်မချမီတွင် ကိစ္စအမှန်ကိုပါးနပ်စွာ အမြဲရှာဖွေလော့။

**ဆင်ခြင်ရန်** - အတင်းစကားနှင့်ကောလဟာလစကားတို့ကို သတိထားလော့။
**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်တို့၏တရားစီရင်မှုတွင် ရဲတင်းစွာမဆောင်ရွက်ပါမည် အကြောင်း ကူညီမစတော်မူပါ။

## ရဲတင်းလွန်းသောတရားစီရင်မှုမပြုနှင့်(၂)

"သက်သေခံနှစ်ဦး၊ သုံးဦး" ဟူသောဓမ္မဟောင်းကျမ်း၏နိယာမကို ဓမ္မသစ်ကျမ်း၌ အသင်းတော်တရားစီရင်မှုနည်းလမ်းတွင်လည်း မြင်တွေ့ရ၏။ ဤနည်းလမ်းကို ရှင်မသဲ ၁၈း၁၅-၁၇ တွင် ကျွန်ုပ်တို့အတွက် အတိုချုံးပေးသည်မှာ -

* အပြစ်ကျူးလွန်သူနှင့်တစ်ဦးချင်းတွေ့၍ ဆွေးနွေးလော့။
* မအောင်မြင်လျှင်၊ သူနှင့်ဆွေးနွေးဖို့ရန် ကိုယ်နှင့်အတူအခြားသောညီအစ်ကိုတစ်ဦးဦးကို ခေါ်လော့။
* မအောင်မြင်လျှင်၊ အသင်းတော်အား ကြားပြောလော့ (သင်းအုပ်တို့အဖွဲ့ထဲသို့ဖြစ်၏)။
* အပြစ်ကျူးလွန်သောသူသည် နောင်တမရဘဲ ဆက်လက်ပုန်ကန်နေလျှင်၊ သာသနာပလူ (မယုံကြည်သူ) အဖြစ် မှတ်ယူလော့။

ဤနည်းလမ်းက အသင်းတော်တရားစီရင်ခြင်းနှင့်ပတ်သတ်၍ ပေါ့လျော့မှုမရှိရမည့်အကြောင်းကို သေချာစေ၏။ ဤအရာက အပြစ်ကျူးလွန်သောသူကိုလည်း ပြင်းထန်သောစီရင်ခြင်းမပြုမီတွင် နောင်တရဖို့ရန် အခွင့်အရေးအမြဲပေးနေ၏။

အခြားတဖက်တွင်မူ စွပ်စွဲချက်သည် မှန်ကန်ကြောင်းနှင့်၊ အပြစ်ကျူးလွန်သူသည် နောင်တမရဘဲတွေ့ရှိခဲ့လျှင် သင့်တော်သောစီရင်ခြင်းကို လုပ်ဆောင်ရပါမည်။ အထက်၌ဖော်ပြခဲ့ပြီးသည့်အတိုင်း ကောရိန္သုအသင်းတော်၏ပြဿနာမှာ မိမိ၏မိထွေးနှင့်ဖောက်ပြန် မှားယွင်းခြင်းကို စီရင်ရန်ပျက်ကွက်ကြခြင်းဖြစ်၏။ အပြစ်ပြုသောထိုသူက ထိုအမှုကိုအရှက်မဲ့စွာ ပြုမူခဲ့သောကြောင့် လူထုအများကသိရှိကြ၏။ မစစ်ကြောဘဲထားလျှင် ခရစ်တော်၏နာမတော်ကို ရှုတ်ချစေလိမ့်မည်။ အသင်းတော်၌ရှိသော အခြားသူတို့ကလည်း ထိုကဲ့သို့သောအမှုကို ပြုလုပ်ရန်ရဲတင်းလာနိုင်၏။ ထို့ကြောင့် ဤအမှုကိစ္စကို ဖုံးကွယ်လို့မရပေ။ ထိုအပြစ်သားသည် မိမိ၏အပြစ်ကိုနောင်တရသောကြောင့် (၂ ကော ၂) ဤဆုံးမစီရင်ခြင်းက ကောင်းသောအသီးကို ဖြစ်ထွန်းစေသောကြောင့် ကျွန်ုပ်တို့အတွက် အလွန်ကျေးဇူးတင်စရာဖြစ်၏။ ထို့ကြောင့် ပေါလုက အသင်းတော်၏မိသဟာယဖွဲ့ခြင်း၌ထိုလူအား ပြန်လက်ခံကြရန် တောင်းဆိုခဲ့သည်။

အသင်းတော်၏ ဆုံးမစီရင်ခြင်းကိုအလွန်သိမ်မွေ့စွာနှင့် ဉာဏ်ပညာတို့ဖြင့် အမြဲပြုမူဆောင်ရွက်ရပါမည်။ ထိုအရာကိုချစ်ခြင်းမေတ္တာဖြင့် အစဉ်အမြဲလုပ်ဆောင်ရပါမည်။ သူတပါးကို ဖျက်ဆီးဖို့ရန်မဟုတ်ပေ။ ရဲတင်းလွန်းသောတရားစီရင်ခြင်းကိုမပြုလုပ်ရပေ။

**ဆင်ခြင်ရန်** - အသင်းတော်တွင် ဆုံးမစီရင်ခြင်းမှာ အဘယ်ကြောင့်အရေးကြီးသနည်း။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏ တရားစီရင်ခြင်းနှင့်ဆုံးဖြတ်ချက်ချခြင်းတို့၌ သတိရှိဖို့ရန် ကူညီမစတော်မူပါ။

**၂ ကော ၁၃း၁-၄**

မသဲ ၁၁း၂၉ *“သင်တို့ကို မသနားရ. . . ”*

# နူးညံ့သိမ်မွေ့ခြင်းသည် အားနည်းခြင်းမဟုတ်ပေ

ကောရိန္တုမြို့သို့ ရှင်ပေါလု၏အလျင်က “မညာတာသော” လည်ပတ်ခြင်းနောက်တွင် ထိုမြို့သို့ တတိယအကြိမ်နွေးထွေး၍ ဖော်ရွေသောလည်ပတ်ခြင်းကိုအလိုရှိ၏။ သို့သော် သူ၏နူးညံ့သိမ်မွေ့ခြင်းကိုအားနည်းခြင်းအဖြစ် အနက်အဓိပ္ပာယ်မပြန်ဆိုရပါ။ ကောင်းသော အမှုတော်ဆောင်တိုင်းပြုမူသင့်သည့်အတိုင်း (၂ တိ ၂း၂၄၊ ၁ သက် ၂း၇) ပေါလုက ကောရိန္တုလူတို့ကြားတွင် သိမ်မွေ့ခြင်းကိုရှာဖွေနေစဉ်တွင် ဘုရားသခင်၏စုံလင်သော နှုတ်ကပတ်တော်ကိုနောင်တရ၍ လက်မခံသောသူတို့ထံတွင်မူ သူသည်တည်ကြည်ရလိမ့်မည်။ သံမဏိကဲ့သို့ကြံ့ခိုင်မြဲမြံသော ဆုံးဖြတ်ချက်နှင့်အတူ ပေါလုက “ငါရောက်လာလျှင် . . . မသနားရ” (၂ ကော ၁၃း၂) ဟူ၍ဖော်ပြ၏။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သောကိစ္စတို့ကို ကော်ဇောအောက်သို့လှည်းပစ်ခြင်းက ဘုရားသခင်၏အသင်းတော်ကိုဖျက်ဆီးခြင်းဖြစ်သည်။

နူးညံ့သိမ်မွေ့ခြင်းနှင့် ကြင်နာခြင်းကဒုစရိုက်အပြစ်ကို ဆန့်ကျင်ဖို့ရန် ငြင်းဆန်ခြင်းကိုဆိုလိုသည်ဟု ထင်မှတ်သောသူတို့ရှိကြ၏။ ဤစာပိုဒ်တွင်ရှိသောပေါလု၏ စကားလုံးတို့က ထိုကဲ့သို့သော အတွေးအခေါ်ကိုဆန့်ကျင်နေ၏။ သိမ်းမွေ့ခြင်းဆိုသည်မှာ ပျော့ပြောင်းခြင်းမဟုတ်ပေ။ ခရစ်ယာန်တို့သည် လူတို့အားကျေနပ်စေသော သူတွေမဟုတ်ဘဲ ဘုရားသခင်ကိုကျေနပ်စေသောသူဖြစ်ကြ၏။

သို့သော် ရှင်ပေါလု၏သိမ်မွေ့ခြင်းကို အားနည်းခြင်းအဖြစ် ယူဆသောသူတို့လည်း ရှိကြ၏။ သူတို့၏ဆန္ဒမှာ ခိုင်မာပြီး အာဏာရှင်ဆန်သောခေါင်းဆောင်ဖြစ်၏။ ထိုသူတို့အတွက် ပေါလုသည် ခရစ်တော်၏စံနမူနာကို ညွှန်ပြပေး၏။ ခရစ်တော်သည် ဤလောက၌ကျင်လည်စဉ်တွင် သူသည် ကျွန်ုပ်တို့အတွက် အသေခံဖို့သွားရာကားတိုင်လမ်းတလျှောက်တွင် ဒုက္ခဆင်းရဲခြင်းနှင့် နှိမ့်ချခြင်းကိုဆန္ဒရှိစွာနာခံခဲ့ခြင်းအားဖြင့် “အားနည်းခြင်း” ကိုပြသ၏။ ခရစ်တော်၏ ဤ“အားနည်းခြင်း”သာ မရှိခဲ့လျှင် ကျွန်ုပ်တို့အတွက် ကယ်တင်ခြင်းသည် ရှိခဲ့လိမ့်မည်မဟုတ်ပေ။ ဘုရားသခင်၏တန်ခိုးတော်သည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ထင်ရှားသောကြောင့် ကျွန်ုပ်တို့သည်ဤ“အားနည်းခြင်း” ၌ရှိကြခြင်းမှာ အလွန်ကံကောင်းကြပေ၏။ ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် အသစ်သောအသက်တာကိုပိုင်ဆိုင်ဖို့ရန်အတွက် ထိုအရာသည် ရှင်ပြန်ထမြောက်ခြင်း၌ ရှိတော်မူ၏။

ထိုနည်းတူ ခရစ်ယာန်တို့သည် တစ်ဦးနှင့်တစ်ဦး အစေခံကြသောအခါ ခရစ်တော်၏ခြေရာကိုလိုက်လျှောက်ကြပါမည်။ Kent က ဤသို့ဆိုခဲ့ပါသည် - “ဆန့်ကျင်သောသူကိုပင် ရန်တုံ့ပြန်ခြင်းအားဖြင့်မဟုတ်ဘဲ သူတို့၏အားနည်းချက်ကို ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အညီဖော်ပြဖို့လိုအပ်သောအချိန်ရှိနိုင်ပါသည်”။ ခရစ်ယာန်တို့၏ သိမ်မွေ့ခြင်းကိုအားနည်းခြင်းအဖြစ်မမှတ်ယူရပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူတိုင်းနှင့်ဆက်ဆံရာတွင် သိမ်မွေ့ကြသည့်တိုင်အောင် တည်ကြည်ခြင်းရှိကြပါစို့။

**ဆင်ခြင်ရန်** - သော့ချက်မှာ သိမ်မွေ့သော်လည်း တည်ကြည်ခြင်းဖြစ်၏။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်သည် သိမ်မွေ့သောသူဖြစ်သော်လည်း တည်ကြည်ဖို့ရန် သွန်သင်တော်မူပါ။

သောကြာ၊ မတ် (၂၇)

**၂ ကော ၁၃:၅-၁၀**

ဖိလိ ၂:၁၂-၁၆

*"သင်တို့သည် ယုံကြည်ခြင်း၌တည်သလော၊ မတည်လောဟု ကိုယ်ကိုကိုယ်စစ်ကြောကြလော့"*

# မိမိကိုယ်ကို သက်သေထူလော့

ကောရိန္သုလူတို့ထံသို့ ပေးစာအများစုမှာ ပေါလုကိုရှုတ်ချပုတ်ခတ်သူတို့၏ စွပ်စွဲချက်တို့ကို ဖြေကြားခြင်းအမှုများဖြစ်ပါသည်။ ဤဆန့်ကျင်သူတို့က ပေါလု၏တမန်တော်ဖြစ်ခြင်းအပေါ်၌ သံသယပစ်လွှတ်ကြ၏။ ဤအနှောင့်အယှက်နှင့်ပြည့်သော ဇာတ်ဝင်အလိုဟောကြားခြင်းသာသနာတွင် ပေါလုသည် ရွေးချယ်စရာအနည်းငယ်သာရှိရာတွင် သူ၏တမန်တော်ဖြစ်ခြင်းမှန်ကန်ကြောင်းကို သက်သေထူ၍ ကြိုးပမ်းမှု၌ မြှုပ်နှံထား၏။

သို့သော်၊ ကောရိန္သုလူတို့သည် ပေါလုအားဖြင့်ခရစ်တော်သည် စကားပြောကြောင်း သက်သေထူရန် ဆူဆူညံညံတောင်းဆိုနေကြစဉ်တွင် သူတို့သည်မိမိကိုယ်ကိုလည်း စစ်ကြောပြီး ခရစ်တော်သည်သူတို့အားဖြင့် အလုပ်လုပ်ကြောင်းကိုသက်သေထူသင်ခဲ့ကြ၏။ သူတို့သည် ခရစ်တော်၏အစေခံကျွန်အမှန်ဖြစ်ခဲ့ကြသလား။ ထိုသို့မှန်လျှင် သူတို့သည်ဘုရားသခင်ခေါ်ခဲ့သော အလုပ်၌သစ္စာစောင့်ခဲ့ကြသလား။

"စစ်ကြော" ဟူသောစကားနှင့် "သက်သေထူ" ဟူသောစကားတို့မှာ ဆန်းစစ်ခြင်းစကားလုံး များဖြစ်ပါသည်။ ဆန်းစစ်သောအရာ မှန်ကန်မှုရှိမရှိကို ပြင်းထန်စွာလေ့လာဆန်းစစ်ခြင်း၌ အသုံးပြု သောစကားလုံးများဖြစ်သည်။ ထို့နောက် တမန်တော်ပေါလုသည် ကောရိန္သုလူတို့အား "သင်တို့သည် ယုံကြည်ခြင်း၌ တည်သလော၊ မတည်သလော"(၂ ကော ၁၃:၅) ဟူသောစကားဖြင့် မိမိတို့၏ယုံကြည် ခြင်း၌ စစ်မှန်ကြောင်းကိုသက်သေထူရန် ခေါ်ဖိတ်ခဲ့၏။ စစ်မှန်သောယုံကြည်ခြင်းသည် အသက်ရှင် သောယုံကြည်ခြင်းဖြစ်သောကြောင့် ဝိညာဉ်တော်၏အသီးကို လက်တွေ့မြင်နိုင်ရပါမည်။ ထို့ကြောင့် ရှင်ယာကုပ်က သူ၏ဩဝါဒစာ၌ ဖော်ပြရာတွင် "လျှပ်ပေါ်သောအကျင့်နှင့်ကင်းသောယုံကြည်ခြင်း သည် အသေဖြစ်သည်ကို သိချင်သလော" (ယာကုပ် ၂:၂၀)။ ထိုနည်းတူစွာ ပေါလုကဖိလိပ္ပိ ၂:၁၂ တွင် ခရစ်ယာန်တို့သည် "ကြောက်ရွံ့ တုန်လှုပ်သောစိတ်နှင့်၊ ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်" သင့်ကြောင်းကို တိုက်ရိုက် တွန်းထား၏။

ဤကျမ်းပိုဒ်တွင်ရှိသည့် "အစစ်မခံနိုင်သော" ဟူသောစကားသည် "အတည်မပြုနိုင်သော" ဟူ၍လည်း ဖော်ပြနိုင်၏။ ရှင်ပေါလုက သူ၏သာသနာသည် ရိုးသားသောစစ်ဆေးခြင်းသာခံရလျှင် ဘုရားသခင်နှင့်လူရှေ့တွင် အတည်ပြုခြင်းခံရမည့်အကြောင်းကို စိတ်ချယုံကြည်၏။ ကောရိန္သု၌ ရှိသော ခရစ်ယာန်တို့သည် မိမိတို့၏အလုပ်နှင့်အပြုအမူတို့သည် သခင်ဘုရားရှေ့၌လည်း လက်ခံ မှုရရှိကြောင်းကို သေချာရန်လုပ်ဆောင်သင့်၏။ သူတို့သည်ဝိညာဉ်ရေးရာအားကြီးကြကြောင်းကို မိမိကိုယ်ကို သက်သေထူကြလျှင် ပေါလုသည်သူတို့ထံသို့ ပြင်းထန်သောအာဏာကို ပြသခြင်းမှရပ်စဲ ရမည်ကို ဝမ်းမြောက်ခြင်းရှိ၏ (၂ ကော ၁၃:၉)။ သူသည် ကြိမ်လုံးကိုကိုင်ခြင်းထက် ကောရိန္သုလူတို့ ရှေ့မှောက်၌ ဝမ်းမြောက်နေခဲ့လိမ့်မည်။

ခရစ်ယာန်တိုင်းသည် သခင်ဘုရားရှေ့မှောက်တော်တွင် မိမိကိုယ်ကိုသက်သေထူရန် တာဝန်ရှိကြ၏။ သင်သည်ကော အဘယ်သို့နည်း။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏အပြုအမူသည် သခင်ဘုရားရှေ့တော်၌ လက်ခံစရာဖြစ်သလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ရှင်၏ ကျေးဇူးတော်အားဖြင့် ကိုယ်တော့်ရှေ့တော်၌ မှန်သောသူဖြစ်စေတော်မူပါ။

*"ငါတို့သည် သမ္မာတရားကိုဆီးတားခြင်းငှါ အလျှင်းမတတ်နိုင်ကြ၊ သမ္မာတရားဘက်၌နေ၍သာ တတ်နိုင်ကြ၏"*

# သမ္မာတရားဘက်၌ရပ်တည်ခြင်း(၁)

ကျွန်ုပ်တို့သည် သမ္မာတရားကိုအနည်းငယ်သာ ဂရုစိုက်သောလောကတွင် အသက်ရှင်ကြ၏။ လူတို့သည် မိမိတို့၏တကိုယ်ကောင်းဆန်သော ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိဖို့ရန် လိမ်ညာမှုနှင့် မုသားကိုအသုံးပြုကြ၏။ မိမိတို့အလိုဆန္ဒကို ရောက်ရှိသည်နှင့်သမ္မာတရားကို ထိန်းသိမ်းခြင်းကို အနည်းငယ်ဂရုစိုက်ကြ၏။ "လူတို့သည် အလင်းထက်မှောင်မိုက်ကို နှစ်သက်ကြ' (ယောဟန် ၃း၁၉) ခြင်းက ကျွန်ုပ်တို့အတွက် အနည်းငယ်အံ့ဩစရာရောက်လာမည်။ သို့သော် သူတို့က သမ္မာတရားသည်သီးခြားသောအရာမဟုတ်၊ ဆက်စပ်လျက်ရှိသောအရာဖြစ်ကြောင်းကို ထုတ်ဖော်ခြင်းအားဖြင့် မိမိကိုယ်ကို ဆင်ခြေပေးကြ၏။ သင့်အတွက် စစ်မှန်၍ကောင်းမွန်သောအရာက ကျွန်ုပ်အတွက်မူ သင့်တော်နိုင်မည်မဟုတ်ပေ။

သို့သော်၊ ဘုရားသခင်၏နှုတ်ကပတ်တော်သည် လုံးဝဥဿုံသမ္မာတရားဖြစ်ကြောင်းကို ကျမ်းစာက ဖော်ပြထား၏။ အကြောင်းမူကား ခရစ်တော်ကိုယ်တိုင်က "ကိုယ်တော်၏သမ္မာတရားအားဖြင့်သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏" ဟူ၍ ရှင်ယောဟန် ၁၇း၁၇ တွင်ဖော်ပြတော်မူ၏။ ထို့ကြောင့် ခရစ်ယာန်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် အသက်ရှင်ကြသောကြောင့် သမ္မာတရား၏လူတို့ဖြစ်ကြ၏။

တမန်တော်ပေါလုကို မှားယွင်းသောတမန်တော်တို့နှင့် ခြားနားစေသောအချက်မှာ သမ္မာတရား၌ သူဆက်ကပ်အပ်နှံခြင်းအကြောင်းဖြစ်၏။ မှားယွင်းသော တမန်တော်တို့က ညစ်ပေသောအကျိုးအမြတ်ကိုရဖို့ရန် ဘာမဆိုလုပ်ဆောင်ကြလိမ့်မည်။ ဤအချက်တွင် မုသားကိုသွန်သင်ခြင်းနှင့် ပေါလု၏အကြောင်းကို အသရေပျက်အောင်မဟုတ်မမှန်ပြောဆိုခြင်းတို့ပါဝင်၏။ အခြားတစ်ဖက်တွင်မူ ပေါလုသည် ဘုရားသခင်နှင့်သမ္မာတရားအတွက် အစဉ်အမြဲရပ်တည်ခဲ့၏။ ထိုအချက်သည် ချို့သောသူတို့အတွက် တိုက်ခိုက်စရာဖြစ်နေလျှင်တောင် သူအမြဲရပ်တည်၏။ သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုဆန့်ကျင်သောအရာမှန်သမျှကို ရှောင်ရှား၍ သမ္မာကျမ်းစာအတိုင်း ပြုမူနေထိုင်ခဲ့၏။ သူသည် သမ္မာတရားအတွက် နာကျင်ဆုံးရှုံးခြင်းကို ခံစားရမည်ဆိုလျှင်ပင်၊ သူလုပ်ဆောင်ခဲ့၏။ အဘယ်ကြောင့်ဆိုသော်၊ သူ၏စိတ်သည် သမ္မာတရား၌ချည်နှောင်ထားသောကြောင့် အခြားသောအရာကိုမလုပ်ဆောင်နိုင်ပေ။

ဤစာကြောင်းတိုတိုလေးထဲ၌ ပေါလုကမှားယွင်းသောသူများနှင့် ဆန့်ကျင်လျက် မိမိအမှုတော်ဆောင်ခြင်း၏ ရည်ရွယ်ချက်နှင့်ရပ်တည်မှုကို ဖော်ပြခဲ့ပါသည်။ "အကျဉ်းဖော်ပြရလျှင် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အညီ မိမိအမှုတော်ဆောင်ခြင်းကို အလေးထားကာကွယ်ခြင်း ဖြစ်ပါသည်။ သမ္မာတရားကို ချီးမြှောက်ခြင်းငှါ ကျွန်တော်ကိုးစားသောအရာသည် မှားယွင်းသောအရာဖြစ်ခဲ့လျှင် အခြေအမြစ်မရှိသော သက်သေဖြစ်ခဲ့လျှင် အဘယ်အကျိုးရှိမည်နည်း။ ထို့ကြောင့် သမ္မာတရားအတွက် ကြိုးစားအားထုတ်သောသူ၊ တိုက်လှန်သောသူတို့ကို ရင်းနှီးကျွမ်းဝင်ခြင်းရှိပြီး ဘုရားသခင်၏ဘုန်းတော်၊ အသင်းတော်တည်ကြည်ခြင်းနှင့် စစ်မှန်သောဩဝါဒကို ဆန့်ကျင်သောသူတို့၏ကဲ့ရဲ့ခြင်းကို အလေးမထားပါ" (John Calvin)။

**ဆင်ခြင်ရန်** - သမ္မာတရားကို မဆန့်ကျင်ဘဲသမ္မာတရားအတွက် ရပ်တည်လော့။
**ဆုတောင်းချက်** - အဘဘုရား၊ သမ္မာတရား၏လူဖြစ်ဖို့ရန် အကျွန်ုပ်အားကူညီတော်မူပါ။

တနင်္ဂနွေ၊ မတ် (၂၉)
**၂ ကော** ၁၃း၈
ယုဒ ၃

*"ငါတို့သည် သမ္မာတရားကိုဆီးတားခြင်းငှါ အလျှင်းမတတ်နိုင်ကြ၊ သမ္မာတရားဘက်၌နေ၍သာ တတ်နိုင်ကြ၏"*

# သမ္မာတရားဘက်၌ရပ်တည်ခြင်း(၂)

ပေါလုသည် သမ္မာတရားအားဖြင့် အသိစိတ်ချည်နှောင်ခြင်းခံရသောသူဖြစ်၏။ ထို့ကြောင့် သူ၏သာသနာသည်လည်း သူ့အားမဟုတ်မမှန်အတင်းပြောဆိုခြင်းတွင် ပါဝင်ကြသောစွပ်စွဲသူတို့ နှင့် ဆန့်ကျင်လျှင်သမ္မာတရားဖြစ်ခဲ့၏။

ထိုကဲ့သို့သော စိတ်ဝိညာဉ်ကိုအသင်းတော်ပြန်လည်ပြုပြင်သူ မာတင်လူသာ(Martin Luther) ထံ၌ မြင်တွေ့ရ၏။ Diet of Worms ဒေသတွင် သန့်ရှင်းသောနှုတ်ကပတ်တော်၏ သမ္မာတ ရားအပေါ် သူ၏ရေးသားချက်နှင့်သွန်သင်ချက်တို့ကို ပြန်ငြင်းပယ်ရန် တောင်းဆိုခံရသောအခါ သူက "သမ္မာကျမ်းစာ၏ သက်သေအားဖြင့် (သို့) ရှင်းလင်းသောအကြောင်းပြချက်၊ ဆင်ခြင်အားဖြင့် အကျွန်ုပ်ကို လက်ခံယုံကြည်စေခြင်းမရှိလျှင် (အကြောင်းမူကား၊ ငါသည် ပုပ်ရဟန်းမင်းကြီး (သို့) ကောင်စီတို့ဖြစ်စေ မကြာခဏမှားတတ်ကြပြီး၊ သူတို့ကိုယ်ကို ဆန့်ကျင်နေတတ်ကြသည်ကို ကောင်းစွာသိရှိကတည်းက သူတို့ကို ကိုးစားမှုမရှိပေ)၊ ငါသည် ငါ၏စိတ်ကိုဆန့်ကျင်လျက်၊ ငါ့အတွက် လုံခြုံသည်ဖြစ်စေ၊ မလုံခြုံသည်ဖြစ်စေ အဘယ်အရာကိုမျှ ပြန်၍မပယ်ဖျက်နိုင်ပေ။ ပယ်ဖျက်မှာ လည်းမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ငါသည်ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကိုးကား၍ ငါ၏စိတ်ကိုထိုနှုတ်ကပတ်တော်က ချည်နှောင်ချုပ်ကိုင် ထား၏။ အကျွန်ုပ်အားကူညီပါဘုရား။ အာမင်"။ ဤသူသည် "သမ္မာတရားကိုဆီးတားခြင်းငှါ အလျှင်းမတတ်နိုင်၊ သမ္မာတရားဘက်၌ နေ၍သာတတ်နိုင်" သောသူအမှန်ဖြစ်၏။

များစွာသောယနေ့အသင်းတော်တို့တွင် မြင်တွေ့ရသောစိတ်သဘောထားသည် ရောနှောခြင်းရှိလိုသောစိတ်သဘောထားဖြစ်သည်။ အခြေအနေနှင့်ဆိုင်သော ကိုယ်ကျင့်တရားဆိုသည်မှာ အကျိုးယုတ်စေသည်ဟု ထင်ရသောအချိန်၌ သမ္မာတရားကိုပင် ဘေးဖယ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အသင်းတော်များသည် အားနည်းလာပြီး ခရစ်တော်အတွက် သက်သေခံခြင်း၌တန်ခိုး မရှိဖြစ်ကြ၏။

ကျွန်ုပ်တို့သည် နောက်ဆုံးသောကာလအဆုံးပိုင်းသို့ရောက်ရှိလာကြသည့်အတိုင်း အလွန်ကြီးမားသောလဲကျခြင်း(ယုံကြည်ခြင်းကိုစွန့်ခြင်း ၂ သက် ၂း၃)ရှိလိမ့်မည်။ မှားယွင်းသောဆရာများ၊ မှားယွင်းသောပရောဖက်များနှင့် များယွင်းသောအယူဝါဒများ တစ်ဟုန်ထိုးတိုးပွားလာကြလိမ့်မည်။ မတရားမှုတွေများပြားလာပြီး များစွာသောလူတို့၏ချစ်ခြင်းမေတ္တာသည် ခေါင်းပါးလာလိမ့်မည် (မသဲ ၂၄း၁၂)။ ယနေ့တွင် ဤအချက်တို့ကိုလောကတွင် မြင်တွေ့ရ၏။ မှားယွင်းသောလှုပ်ရှားမှုများမှာ Moderism (ခရစ်ယာန်ယုံကြည်ခြင်း၏အခြေခံအုတ်မြစ်တို့ကို ငြင်းပယ်၏)၊ Neo-evangelicalism (ပေါ့လျော့သောစိတ်နှင့် သမ္မာကျမ်းစာနှင့်ဆိုင်သော သီးခြားရပ်တည်ခြင်းကို ငြင်းဆန်၏)၊ Chorismatism (သမ္မာကျမ်းစာကို အဆုံးအဖြတ်ပေးသူအဖြစ် အတွေ့အကြုံကို ကြေညာကြ၏) နှင့် Ecumenism (အတူတကွလာကြ၍ တကမ္ဘာလုံးတွင် ဘာသာတစ်ခုသာတည်ထောင်ရန်လုပ် ဆောင်) တို့ဖြစ်သည်။ ဤကဲ့သို့သော အခြေ အနေတွင် ယုံကြည်ခြင်းအတွက် တက်ကြွစွာရင်ဆိုင်ရန် ပေါလုနှင့်ပြန်လည်ပြုပြင်သူတို့ဘက်တွင် ရပ်တည်ရန်အဆင်သင့်ဖြစ်ပါသလား (ယုဒ ၃)။

ငါတို့သည် သမ္မာတရားကိုဆီးတားခြင်းငှါ အလျှင်းမတတ်နိုင်ကြ။ သမ္မာတရားဘက်၌ နေ၍သာ တတ်နိုင်ကြ၏။

**ဆင်ခြင်ရန်** - ခရစ်ယာန်တို့သည် အခြေအနေပေါ်တွင်မူတည်သော ကိုယ်ကျင့်တရားတို့ကို ကျင့်သုံးရန်မဟုတ်ပေ။

**ဆုတောင်းချက်** - အဘဘုရား၊ သမ္မာတရားကို စွဲကိုင်ဖို့ရန် သန့်ရှင်းသောခွန်အားကို ပေးတော်မူပါ။

တနင်္လာ၊ မတ် (၃၀)

**၂ ကော** ၁၃:၁၀ *"ငါသည် ရောက်လာသောအခါ ပြင်းစွာသောဒဏ်ကို မပေးလို၍. . . "*

၂ တိ ၄:၂

# သတိပေးခြင်းအမှုတော်

သတိပေးခြင်းသာသနာကို ယနေ့ခေတ်တွင် မနှစ်သက်ကြပေ။ သမ္မာကျမ်းစာ၏ "ချဉ်သော" သွန်သင်ချက်တို့ကို မသင်ကြားတော့ဘဲ (သို့) အနည်းငယ်သာသင်ကြားသော "အကောင်းမြင်ဝါဒဟောကြားခြင်း" သည် ဆူညံနေ၏။ တရားဟောဆရာက အပြစ်ကိုကြေညာလျှင် မကြာခင်၌တရားပလ္လင်မှ သူ့အားဖယ်ရှားကြ၏။

အခြားတဖက်တွင်၊ ပေါလုသည် ကောရိန္သုယုံကြည်သူတို့အား သူ၏ပေးစာ၌သူတို့၏အပြစ်တို့ကို သတိပေးခြင်းကို ရှောင်ရှားခြင်းမရှိပေ။ သူသည်သူတို့၏ လောကီဆန်ခြင်းနှင့်ယုံကြည်ခြင်းလမ်းမှထွက်ခွာခြင်းတို့ကို တိုက်ရိုက်ဆုံးမခဲ့၏။ သူ၏စာထဲတွင် ထိုသို့ပြုခဲ့ရခြင်းမှာ သူသည် လည်ပတ်လာခဲ့သောအချိန်တွင် ခက်ထန်သောစကားတို့ကို ရှောင်လွှဲနိုင်ရန်ဖြစ်၏။ သို့သော်၊ အခြေအနေက ပေါလုအား တည်ကြည်ဖို့ရန် တောင်းဆိုလျှင်၊ ပေါလုကလည်း တွေဝေခြင်းမရှိဘဲ လုပ်ဆောင်မည့်အကြောင်းကို "ပြင်းစွာသော" ဟူသောစကားလုံးဖြင့် ရည်ညွှန်းထား၏။

ပေါလု၏ စိတ်ဝိညာဉ်မှာဘုရားသခင်က သူ့လူတို့အားဆုံးမဖို့ရန် စေလွှတ်ခဲ့သည့်ဓမ္မဟောင်းကျမ်းမှပရောဖက်တို့၏ စိတ်ဝိညာဉ်တို့နှင့်တူနေ၏။ ဤပရောဖက်တို့မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုအာဏာနှင့်တကွ ဟောကြားခဲ့ကြသော ဘုရားသခင်၏ပြောရေးဆိုခွင့်ရှိသူတွေ ဖြစ်ကြ၏။ သူတို့က "ထာဝရဘုရားမိန့်တော်မူသည်ကား" ဟူ၍ပြောခဲ့ကြ၏။ သတိပေးခြင်းသာသနာကို မရှောင်ကြဉ်ရပါ။

ထိုနည်းတူ၊ ဤသတိပေးခြင်းသာသနာသည် ဓမ္မသစ်တွင် သင်းအုပ်ဆရာတို့၏တာဝန်ဖြစ်သည်။ "နှုတ်ကပတ်တရားတော်ကို ဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အလွန်ရှည်သောစိတ်နှင့်ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့" (၂ တိ ၄:၂)။ သစ္စာရှိသော သင်းအုပ်သည်ဘုရားသခင်၏ လူတို့မှာ မှားယွင်း၍ ဆိုးသွမ်းသောလမ်းကိုမလိုက်ဘဲ သွားနိုင်ဖို့ရန်အတွက် ပလ္လင်တော်မှ အပြစ်အကြောင်းကိုဟောကြားရပါမည်။ ဘုရားသခင်၏သိုးတို့ကို ထိန်းကျောင်းဖို့ရန် ခေါ်ခြင်းခံရသောသူတို့သည် ဘုရားသခင်၏ သိုးတို့ကို ကာကွယ်ရန် အဟောင်းဆုံးလုပ်ဆောင်ရပါမည်။

သတိပေးခြင်းသာသနာသည် ပရိသတ်အားလုံး၏ ပခုံးပေါ်တွင်လည်း ကျရောက်၏။ ကောလောသဲ ၃:၁၆ က ကျွန်ုပ်တို့သည် တဦးနှင့်တဦးသင်ကြားသတိပေးဖို့ရန်အတွက် ချီးမွမ်းခြင်းသီချင်းနှင့်ဝိညာဉ်ရေးသီချင်းအမျိုးမျိုးကို သီဆိုရမည့်အကြောင်း သင်ကြားပေး၏။ ၁ သက် ၅:၁၄က လည်း ကျွန်ုပ်တို့သည် စကားနားမထောင်သောသူတို့ကို သတိပေးဖို့ရန် ညွှန်ကြား၏။ ကျွန်ုပ်တို့သည် ညီအစ်ကိုချင်းစောင့်လျှောက်ကြလျှင် သမ္မာတရားလမ်းမှမလွဲရန် တစ်ဦးနှင့်တစ်ဦးသတိပေးရပါမည်။ ကျွန်ုပ်တို့သည် ဤအရာကို တစ်ဦးနှင့်တစ်ဦးဖျက်ဆီးဖို့ရန် လုပ်ခြင်းမဟုတ်၊ ယုံကြည်ခြင်း၌တည်ဆောက်ကြဖို့ရန်ဖြစ်၏။ မှန်သောစိတ်ဖြင့် အချင်းချင်းသတိပေးကြလော့။

**ဆင်ခြင်ရန်** - မိမိကိုယ်ကိုမမြောက်ပင့်ဘဲ၊ အခြားသူတို့အား ယုံကြည်ခြင်း၌ပျိုးထောင်ဖို့ရန် သတိပေးလော့။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်တို့၏အသင်းတော်သည် သတိပေးခြင်းသာသနာကို ဆောင်ရွက်ခြင်း၌ အားကြီးဖို့ရန်မစတော်မူပါ။

အင်္ဂါ၊ မတ် (၃၁)
**၂ ကော** ၁၃း၁၁-၁၄
ဇဖက် ၆း၂၃-၂၄

*"မေတ္တာကိုငှင်း၊ အသင့်အတင့်နေခြင်းချမ်းသာကိုငှင်း၊ ပေးတော်မူသောဘုရားသခင်သည် သင်တို့နှင့်အတူ ရှိတော်မူလတံ့"*

## သင်းအုပ်ဆရာ၏မေတ္တာပို့ခြင်း

၂ ကော ၁၃း၁၀ တွင်ပေါလုက သန့်ရှင်းသူတို့အား ဖျက်ဆီးဖို့ရန်မဟုတ်ဘဲ တည်ဆောက်ဖို့ရန်ရှာဖွေကြောင်းကို ဖော်ပြခဲ့၏။ ပေါလု၏စိတ်နှလုံးကို ဤစာစောင်၏နောက်ဆုံးပိုင်းတွင် မြင်တွေ့ရ၏။ ကောရိန္သုအသင်းတော်အပေါ်တွင် ကျိန်ဆဲခြင်းကိုပြုသည်မဟုတ်ဘဲ ဘုရားသခင်၏လူတို့အပေါ်တွင် ဝိညာဉ်ရေးရာကောင်းကြီးမင်္ဂလာသက်ရောက်ရန် ဆန္ဒမွန်ကို မိန့်ဆိုခဲ့၏။ ၂ ကော ၁၃း၁၄ မှ ကောင်းကြီးမင်္ဂလာပေးခြင်းကိုကြည့်လော့။ ဤအချက်က ကောရိန္သုအသင်းတော်သည် တမန်တော်ပေါလုကိုထိခိုက်စေသော များစွာသောဖြစ်ရပ်ရှိခဲ့ကြောင်းကို မှတ်သားဆင်ခြင်နိုင်စေသော အချက်အားလုံးဖြစ်၏။ သို့သော်လည်း ပေါလုသည် ကောရိန္သုအသင်းတော်ကို အလွန်သည်းခံခဲ့၏။ ဤအချက်မှ သခင်ဘုရား၏နှိမ့်ချသော အစေခံဖြစ်ကြောင်းကို ထင်ရှားစေ၏။

ပေါလု၏ ကောရိန္သုအသင်းတော်အတွက် ကောင်းမွန်သောဆန္ဒတို့မှာအဘယ်နည်း (၂ ကော ၁၃း၁၁)။

* "စုံလင်ခြင်း" ။ ပေါလုကလုံးဝအပြစ်ကင်းစင်၍ စုံလင်ခြင်းမျိုးကိုပြောဆိုခြင်းမဟုတ်ဘဲ ကောရိန္သုအသင်းတော်သည် ဝိညာဉ်ရေးရာရင့်ကျက်ခြင်းသို့ ကြီးထွားရမည့်အကြောင်းကို ပြောဆိုခြင်းဖြစ်သည် (နှိုင်း၊ ၂ ပေ ၃း၁၈)။
* "သက်သာဝမ်းမြောက်ခြင်း"။ ကောရိန္သုခရစ်ယာန်တို့သည် အသင်းတော်နှင့်ဆိုင်သောကိစ္စအားလုံးကို ခရစ်တော်ကိုယ်တိုင်ထံမှ နှစ်သိမ့်ခွန်အားပေးခြင်းကို ရှာဖွေရမည့်အကြောင်းမှာ ပေါလု၏ဆန္ဒဖြစ်၏။

"စိတ်တညီတညွတ်တည်း"။ ကောရိန္သုခရစ်ယာန်တို့သည် ဂိုဏ်းဂဏစွဲကို ဖယ်ရှားပြီး အသင်းတော်အား ခရစ်တော်နှင့်သမ္မာတရားတွင် ပျိုးထောင်ဖို့ရန် စည်းလုံးရပါမည်။

"အချင်းချင်းအသင့်အတင့်နေခြင်း"။ ဤအချက်သည် အသင်းတော်တွင်ငြိမ်းချမ်းမှုကို ထိန်းသိမ်းရန်တိုက်တွန်းခြင်းဖြစ်၏။ ငြိမ်သက်ခြင်းမှာ သမ္မာတရားကို အဆုံးရှုံးခံလျက် တည်ဆောက်သောငြိမ်းချမ်းရေးမျိုးမဟုတ်ဘဲ သမ္မာတရားသို့ လိုက်နာခြင်းအားဖြင့် အောင်မြင့်သည့်အရာဖြစ်၏ (နှိုင်း၊ ဧဖက် ၄း၃)။

ဤပေးစာသည် ၎င်း၏ရည်ရွယ်ချက်ကို ရရှိအောင်မြင်ခဲ့သလော။ ကျမ်းစာထဲတွင် ဖော်ပြချက်အများကြီးမရှိသော်လည်း၊ ကောရိန္သုမြို့သို့ ပေါလုသွားရောက်ပြီးမှရေးခဲ့သော ရောမဩဝါဒစာစောင်၌အချက်အလက်တွင် ကောရိန္သုအသင်းတော်သည် ယေရုရှလင်၌ရှိသော သန့်ရှင်းသူတို့အ တွက် အလှူငွေကောက်ခံခြင်းပါဝင်ထည့်ဝင်ကြခြင်းက သူတို့သည်ပေါလုကို လက်ခံကြောင်းပြသ၏။ ထိုသို့ဆိုလျှင် အသင်းတော်သည်၎င်း၏ဖြစ်ရပ်တွေမှ သင်ယူ၍သခင်ဘုရား၌ ရင့်ကျက်လာခဲ့၏။ ကျွန်ုပ်တို့၏အသင်းတော်တို့တွင်လည်း ထိုသို့ဖြစ်ပါစေသော်။

**ဆင်ခြင်ရန်** - (မာကု ၁၀း၄၅ ကိုဖတ်လော့)။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အား ခရစ်တော်ကဲ့သို့သော အစေခံတစ်ဦးဖြစ်စေတော်မူပါ။